

# ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်လာမယ်ဆိုရင် နှင့်

နိုင်ငံရေးဆောင်းပါးများ

ဝင်းထွဋ်ကျော်

စပယ်ဖွင့် အမှတ်စဉ် - ၁၃

# ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်လာမယ်ဆိုရင်

နှင့်

## နိုင်ငံရေး ဆောင်းပါးများ

ဝင်းထွဋ်ဇော်

စပယ်အရှင်
အမှတ် (၁၁၀/၁၁၂)- ၃B၊ ၄၈ လမ်း (အလယ်ဘလောက်)
ဗိုလ်တထောင်မြို့နယ်၊ ဖုန်း - ၃၉၈၆၆၅၅၊ ၀၉-၅၄၁ ၃၅၂၀။
Gmail: sapeil.snow113@gmail.com
Facebook: www.facebook.com/#/pages/Sapeil

စာဖတ်သူများသို့

စာဖတ်သူများအနေဖြင့် စံပယ်စာအုပ်မှ ထုတ်ဝေဖြန့်ချိသည့် စာပေများနှင့်ပတ်သက်ပြီး ဝေဖန်အကြံပြုလိုသည်များကို စံပယ်စာအုပ်တိုက်သို့ စာဖြင့် လည်းကောင်း၊ ဖုန်းဖြင့် လည်းကောင်း၊ အီးမေးလ်ဖြင့် လည်းကောင်း၊ Facebook မှ လည်းကောင်း ဝေဖန်အကြံပြုနိုင်ပါသည်။

ဝေဖန်အကြံပြုလိုသူများအနေဖြင့် အကြံပြုသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်ရှိပါက အီးမေးလ်အကောင့်များကို ဖြည့်စွက်ရေးသားပြီး စံပယ်စာအုပ်တိုက်သို့ အကြံပြုစာလွှာများကို တိုက်ရိုက် ပေးပို့နိုင်ပါသည်။

စာဖတ်သူများ၏ အကောင်းဆုံးအကြံပြုစာလွှာ ရေးသားပေးပို့သူသုံးဦးကို စံပယ်စာအုပ်တိုက်မှ ကျေးဇူးတုံ့ပြန်သောအားဖြင့် အသစ်ထွက်ရှိသည့်စာအုပ်အား အိမ်အရောက် လက်ဆောင်အဖြစ် ပေးပို့သွားမည်ဖြစ်ပါသည်။

**စံပယ်စာအုပ်**
**အယ်ဒီတာအဖွဲ့**

| | | |
|---|---|---|
| ထုတ်ဝေသည့် အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့် ခုနှစ် | - | နိုဝင်ဘာလ၊ ၂၀၁၃ |
| အုပ်ရေ | - | ၁၀၀၀ |
| ထုတ်ဝေသူ | - | ဒေါ်စံပယ်အောင်<br>စံပယ်စာအုပ်တိုက်၊ အမှတ် ၁၁၀/၁၁၂ (၃B)၊<br>၄၈လမ်း - (အလယ်)၊ ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်တိုက် | - | ဦးခင်မောင်ကြည် GOOD WILL ပုံနှိပ်တိုက်<br>အမှတ် - ၁၂/ဘီ၊ ၂ - ရပ်ကွက်၊<br>ပုဇွန်တောင်မြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | ဇေကျိုလင်းဝဏ္ဏ |
| စာအုပ်ချုပ် | - | ကိုမောင်မောင်နိုင် |
| အတွင်းဖလင် | - | ကိုဦးနှင့်ညီများ |
| အတွင်းစာစီ | - | မွေးမွေး |
| တန်ဖိုး | - | ၂၀၀၀ - ကျပ် |

၀၀၈၈၄

ဝင်းထွဋ်ဇော်

ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်လာမယ်ဆိုရင်

နှင့် နိုင်ငံရေး ဆောင်းပါးများ/ ဝင်းထွဋ်ဇော်။ ရန်ကုန်။

စံပယ်စာအုပ်တိုက်၊ ၂၀၁၃

၂၀၀ - စာ၊ ၁၃.၅ × ၂၁ စင်တီမီတာ။

ဖြန့်ချိရေး

စံပယ်စာအုပ်

အမှတ် (၁၁၀/၁၁၂) - ၃B ၊ ၄၈ လမ်း (အလယ်ဘလောက်)

ဗိုလ်တထောင်မြို့နယ်၊ ဖုန်း - ၃၉၈၆၅၇၊ ၀၉-၅၄၁၃၇၂၀။

## မာတိကာ

ထုတ်ဝေသူ အမှာ

၁။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာမယ်ဆိုရင် ၁

၂။ NLD ပါတီကို ဤသို့မြင်သည် ၉

၃။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

ဒီမိုကရေစီခရီးကြမ်းနဲ့ ထိကပါးရိကပါးများ ၂၁

၄။ လက်ပံတောင်းတောင်ဟာ ဒီမိုကရေစီ

လမ်းခွဲဖြစ်လာမယ့် နေရာတစ်ခုလား ၂၉

၅။ ချောင်ထိုးတွေ ပြယ်စေ၊ တောင်လုံးတွေလည်း

ကွယ်စေလို့ ဆိုလေရော့သလား ၃၇

၆။ ရှစ်လေးလုံးအရေးတော်ပုံ ဘာကြောင့် ဇာတ်မျောခဲ့ရသလဲ ၄၅

၇။ ဒီမိုကရေစီအင်အားစုအားလုံး ညီညွတ်ရေးသည်

မရှိမဖြစ် လိုအပ်ချက် ၅၅

၈။ မဟာဗျူဟာ အရွေ့အပြောင်းမှာ

ဘယ်လို နည်းဗျူဟာတွေလိုမလဲ ၆၁

၉။ နောက်ဆုံးပေါ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်

ဘယ်ကို ဦးတည်နိုင်သလဲ ၆၉

၁၀။ ဒီမိုကရေစီ သန္တေသားလောင်းနှင့် စိန်ခေါ်မှုများ၊

စမ်းသပ်မှုများ ၇၇

၁၁။ ၂၀၁၅ အတွက် အင်တိုက်အားတိုက်

ကြိုတင်ပြင်ဆင်ကြဖို့လိုပြီ ၈၅

၁၂။ ပြည်သူ့ဘက်ကရပ်တည်တဲ့ နိုင်ငံရေးသမားတွေ လိုအပ်နေ ၈၉

၁၃။ ဒီမိုကရေစီနိုင်ငံရေးနှင့် အကြမ်းဖက်မှုပြဿနာ ၉၇

၁၄။ မြန်မာ့နိုင်ငံရေးပဋိပက္ခတွေ ဘာကြောင့် ဘယ်လို

ဖြစ်ပေါ်နေတာလဲ၊ ဘယ်လိုအဆုံးသတ်မှာလဲ ၁၀၃

၁၅။ နိုင်ငံရေး ခေါင်းဆောင်တွေနဲ့ နိုင်ငံရေး ထောင်ချောက်များ ၁၀၉

၁၆။ အကယ်၍သာ . . . ပြီးတော့ အစွန်းရောက်ဝါဒရဲ့

ဆန့်ထုတ်လာတဲ့ လက်တံများ ၁၁၅

၁၇။ ဝေးလွင့် သွားတဲ့ ကောင်းကင်ဘုံ ၁၂၃

၁၈။ ရပ်ကွက်ကျေးရွာ အခြေခံတွေကို ဒီမိုကရေစီ

ခေတ်နဲ့အညီ ပြောင်းလဲချိန်တန်ပြီ ၁၃၁

၁၉။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြန်လည်

မြှင့်တင်မယ်ဆိုရင် ၁၄၁

၂၀။ မြန်မာနိုင်ငံပညာရေးစနစ်ကို ဘယ်လို ပြောင်းလဲမလဲ ၁၄၇

၂၁။ အစိုးရအဆောက်အအုံနဲ့ မြေနေရာတွေကို ဘယ်လို

စီမံခန့်ခွဲမလဲ ၁၅၅

၂၂။ ပုံနှိပ်ထုတ်ဝေလုပ်ငန်း ဥပဒေကြမ်းကို ချက်ချင်းရုပ်ဖို့လိုပြီ ၁၆၃

၂၃။ ဒီမိုကရေစီခေတ်နဲ့ စာပေလွတ်လပ်ခွင့် ၁၇၁

၂၄။ ဒီမိုကရေစီ အရေးတော်ပုံသမိုင်းပြုစုရန် အချိန်တန်ပြီ ၁၇၉

၂၅။ ဦးခင်မောင်မြင့် သို့မဟုတ် ရှားရှားပါးပါး
သံမဏိ နိုင်ငံရေးသမား ၁၈၅

‘‘တတ်သိပညာမှသည် အောင်မြင်မှုဆီသို့’’



# ထုတ်ဝေသူ အမှာ

ပွင့်လင်းမြင်သာသော ခေတ်ကြီးနှင့်အတူ စာပေလွတ်လပ်ခွင့်လည်း တစ်စုံတစ်ရာရရှိနေသော ကာလဖြစ်၍လားမသိ။ စာပေလောက စာပေဈေးကွက်မှာလည်း မျက်နှာစာတစ်မျိုးပြောင်းလဲသွားသည်ကို တွေ့ရသည်။

ဥပဒေကြောင်းရာ နားလည်သူတွေ စာရေးဆရာဖြစ်လာသလို နိုင်ငံရေးနှင့်ထောင်ကျဖူးသူတွေလည်း စာရေးဆရာတွေဖြစ်လာတာ တွေ့ရသည်။ လူတွေကလည်း နှစ်ပေါင်းငါးဆယ်ခန့် အမှောင်ကျခဲ့လို့လားမသိ။ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် အရေးအခင်းပေါင်းစုံ အဖြစ်အပျက်တွေကိုပဲ စိတ်ဝင်စားကြသည်။ ထိုအကြောင်းအရာမျိုးတွေပါသော စာအုပ်တွေကိုပဲ ဝယ်ဖတ်ကြသည်။ စာအုပ်ဆိုင်တွေကလည်း ထိုစာအုပ်မျိုးတွေကိုပဲ လူမြင်သာသောမြင်ကွင်းတွင် အပြားလိုက်၊ အပုံလိုက်ထပ်ပြီး ရောင်းကြသည်။

အခြားသော ရသနှင့်သုတစာအုပ်များကား စာအုပ်အရောင်းဆိုင်တွင် မျက်နှာငယ်စွာ စာကြည့်တိုက်မှာ ထားသကဲ့သို့ ဒေါင်လိုက်ထောင်ထားသည်ကို တွေ့ရသည်။ ဘယ်သူ့အတွက် ဝမ်းသာ၍ ဘယ်သူ့အတွက် ဝမ်းနည်းရမည်လဲ အတော်ဝေခွဲရခက်သော အခြေအနေမျိုးဟု ပြောလျှင် ရမည်ထင်ပါသည်။

သည်ကနေ့ နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်နေသော ကာလဖြစ်သည်။ ခရီးလမ်းကား ပန်းခင်းသောလမ်းမဟုတ်၊ ခလုပ်ဆူးငြောင့်နှင့် အဖုအထစ်တွေက များလှသည်။ အရေးအခင်းတွေကလည်း ဟိုနေရာက ပေါ်လာ၊ သည်နေရာက ပေါ်လာနှင့်။ လက်ပံတောင်းအရေးအခင်း၊ မြစ်ဆုံစီမံကိန်းပြဿနာမှသည် သံတွဲ ကျောင်းကုန်းအရေးအခင်းအထိ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်သလို ဖြစ်နေသည်။ သည်ကြားထဲ လောလောလတ်လတ် ပေါ်လာသည့်လျှပ်စစ်ဓာတ်အားခပြဿနာက တစ်မျိုး။ ဒါတွေဟာ ဒီမိုကရေစီအရသာလားဟု အထင်မှားရမလို ဖြစ်နေသည်။

သည်လိုအခြေအနေမျိုးတွင် စာရေးဆရာ ဝင်းထွဋ်ဇော်က ဒီမို ကရေစီဆိုတာ ဘာလဲ။ ဒီမိုကရေစီရဲ့အရသာဆိုတာ ဘယ်လိုလဲ။ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဒီမိုကရေစီခရီးကြမ်းနဲ့ ထိကပါး ရိကပါးများ။ လက်ပံတောင်းတောင်ဟာ ဒီမိုကရေစီလမ်းခွဲဖြစ်လာမယ့် နေရာ တစ်ခုလား။ ဒီမိုကရေစီအင်အားစုအားလုံး ညီညွတ်ရေးသည် မရှိမဖြစ် လိုအပ်ချက်။ ဒီမိုကရေစီသန္ဓေသားလောင်းနှင့် စိန်ခေါ်မှုများ၊ စမ်းသပ်မှုများ။ ဒီမိုကရေစီနိုင်ငံရေးနှင့် အကြမ်းဖက်မှုပြဿနာ၊ ဒီမိုကရေစီခေတ်နှင့် စာပေ လွတ်လပ်ခွင့်။ ဒီမိုကရေစီ အရေးတော်ပုံသမိုင်းပြုစုရန် အချိန်တန်ပြီ။ ပြီးတော့ **ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာမယ်ဆိုရင်** စသည်ဖြင့် ဒီမိုကရေစီနှင့် နိုင်ငံရေးဆောင်းပါး ၂၅ ပုဒ်ကို ရန်ကုန်သစ်မဂ္ဂဇင်းနှင့် ပြည်သူ့ ခေတ်ဂျာနယ်တို့တွင် ပွင့်ပွင့်လင်းလင်း ရေးသားတင်ပြခဲ့ပါသည်။ စိတ်ဝင်စား စရာကောင်းပါ၏။ ယခုဤစာအုပ်သည် ထိုဆောင်းပါး ၂၅ ပုဒ်ကို စုစည်း ထားသည့်စာအုပ်ဖြစ်၏။

လူသည် နိုင်ငံရေး၏သတ္တဝါဖြစ်၏။ ထို့ကြောင့် လူသည် နိုင်ငံရေး နှင့်ကင်းလို့မရ။ နိုင်ငံအတွင်း၌ဖြစ်နေသော နိုင်ငံရေးဟူသမျှသည် ဤနိုင်ငံ အတွင်း၌ မှီတင်းနေထိုင်သော လူသားအားလုံးနှင့် သက်ဆိုင်သည်သာ ဖြစ်၏။ သို့ပါ၍ ဒီမိုကရေစီကို စိတ်ဝင်စားသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မျှော်မှန်းတောင့်တသော လူသားတို့အတွက် စာရေးဆရာ ဝင်းထွဋ်ဇော်၏ ဤဆောင်းပါးများသည် တစ်စုံတစ်ရာအကျိုးပြုမည်ဟု ယုံကြည်ပါသည်။ မူလကနဦး ဖော်ပြခဲ့သည့် မဂ္ဂဇင်း၊ ဂျာနယ်အယ်ဒီတာများကိုလည်း ကျေးဇူး အထူးတင်ပါသည်။ ဤစာအုပ်မျိုး ထုတ်ဝေခွင့်ရသဖြင့် ကျွန်တော်တို့ စံပယ်စာအုပ်တိုက်မှ ဝမ်းသာဂုဏ်ယူမိပါသည်။

**စာဖတ်သူများ၏ အကျိုးကို အမြဲမျှော်ကိုးလျက်**

စာပေသစ္စာဖြင့်

ထုတ်ဝေသူ

စံပယ်စာအုပ်

# ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာမယ်ဆိုရင်

သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက ၂၂.၄.၂၀၁၃ ရက်နေ့က သမ္မတဦးသိန်းစိန်ရရှိတဲ့ ငြိမ်းချမ်းရေးဆုကို သမ္မတကိုယ်စား နယူးယောက်မြို့မှာ လက်ခံရယူခဲ့စဉ်မှာ '၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ ကြိုးပမ်းနေပါတယ်' လို့ ပြောဆိုခဲ့ကြောင်း သတင်းတွေမှာ ဖတ်လိုက်ရပါတယ်။ ဦးအောင်မင်းဟာ နယူးယောက်မြို့မှာ မြန်မာနိုင်ငံသားတွေနဲ့ တွေ့ဆုံစဉ်မှာ မြန်မာနိုင်ငံသားတွေရဲ့မေးမြန်းမှုကို ဖြေကြားရာမှာ ယင်းသို့ ပြောဆိုသွားတာလို့ သိရပါတယ်။

၂၀၁၃ ခုနှစ် မတ်လအတွင်းကလည်း အာဏာရပြည်ခိုင်ဖြိုးပါတီရဲ့ဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ လေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်များဖွဲ့ရန် ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့တယ်။ ထိုအဆိုကို ပြည်သူ့လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့တယ်လို့ ဆိုပါတယ်။

၂၀၁၂ ခုနှစ်အတွင်းကလည်း သမ္မတဦးသိန်းစိန်က ပြည်သူတွေက 'ပြည်သူတွေကသာ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတအဖြစ် မြင်တွေ့ချင်တယ်ဆိုရင် လက်မခံနိုင်စရာမရှိဘူး' လို့ပြောခဲ့တယ်။ ဒါ့အပြင် သမ္မတနဲ့

သမ္မတရုံးဝန်ကြီးတွေကလည်း 'ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်ကူညီနေတယ်' လို့ ပြောဆိုခဲ့ပါတယ်။

ဒီနောက် သမ္မတ ဦးသိန်းစိန် ၆ဂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မိန့်ခွန်းပြောရာမှာလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို ချီးကျူးပြောဆိုခဲ့တယ်'လို့ သတင်းတစ်ရပ်က ဆိုပါတယ်။

ထိုထိုသော ပြောစကား။ ဆိုစကားတွေအပြင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း 'ကျွန်မ သမ္မတလုပ်ချင်ပါတယ်၊ ဘာဖြစ်လို့ သမ္မတလုပ်ချင်သလဲဆိုရင် သမ္မတဖြစ်မှသာ ပြည့်ဝတဲ့လုပ်ပိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ အဲဒီလိုရရှိမှ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ကျွန်မ အပြည့်အဝလုပ်ပေးနိုင်မှာပါ။ ဒါကြောင့် ကျွန်မ သမ္မတဖြစ်ချင်တယ်လို့ ပြောတာပါ'လို့ နတ်မောက်မြို့မှာ ပြောကြားခဲ့တယ်။

သို့ပေမယ့် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးကိစ္စကို ပြောကြားရာမှာတော့ သမ္မတ ဦးသိန်းစိန်ကရော၊ ဦးအောင်မင်းကရော ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကပါ ပြည်သူလူထုကလိုလားရင် ဆိုတဲ့စကားကို ထည့်သွင်းပြောခဲ့ကြပါတယ်။

### ဒီမိုကရေစီနိုင်ငံတွေမှာ

ဟုတ်ပါတယ်။ တကယ့် ဒီမိုကရေစီစစ်စစ် နိုင်ငံတွေမှာတော့ ပြည်သူလူထု လိုလားထောက်ခံမှသာ သမ္မတဖြစ်ကြရတာပါ။

ယခုလည်း 'လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ သမ္မတဖြစ်ခွင့်မရှိတဲ့ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာနိုင်ရေးအတွက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းနေပါတယ်' ဆိုတဲ့ပြောစကားတွေကို မကြာခဏကြားနေရပါပြီ။

ဒီတော့ စဉ်းစားစရာရှိလာတာကတော့ '၂၀၁၅ ရွေးကောက်ပွဲပြီးနောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာမှာလား' ဆိုတဲ့

အချက်နဲ့ 'အကယ်၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာခဲ့ရင် နောက်ဆက်တွဲအနေနဲ့ ဘာတွေဖြစ်လာနိုင်သလဲ' ဆိုတဲ့ မေးခွန်းတို့ပဲ ဖြစ်ပါတယ်။

**ဒေါ်စု သမ္မတဖြစ်ရေး**

အကယ်၍သာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွေအပီ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ပြီး ၂၀၁၅ ရွေးကောက်ပွဲတွေဟာလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေအဖြစ် ကေန်အမှန် ဖြစ်ပေါ်လာမယ်ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာရေးဟာ ရာနှုန်းပြည့်နီးပါး သေချာတယ်လို့ ဆိုရမှာပါ။

အကယ်၍ ၂၀၁၅ ရွေးကောက်ပွဲတွေဟာ အမှန်တကယ် လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတွေ ဖြစ်လာမယ်ဆိုရင် ဒီမိုကရေစီအင်အားစုတွေဟာ လွှတ်တော်နှစ်ရပ်ရဲ့ ကိုယ်စားလှယ်အရေအတွက်ရဲ့ အများစုကြီး (overwhelming majority) ဖြစ်လာမှာပါ။

ထိုအခါမျိုးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်တွေက သမ္မတကို ရွေးချယ်ရတဲ့စနစ်မျိုးဆိုရင်လည်း သမ္မတဖြစ်ဖို့ အခွင့်အလမ်းများမှာ ဖြစ်တယ်။ သို့မဟုတ် သမ္မတကို လူထုက တိုက်ရိုက်ရွေးချယ်တဲ့ စနစ်မျိုးမှာဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာဖို့ ၉၀ ရာခိုင်နှုန်း သေချာတယ်လို့ပင် ပြောနိုင်မှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၅ မှာ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာမယ်ဆိုရင်တော့ ၁။ ကျွန်တော်တို့နိုင်ငံအတွက် ရလဒ်ကောင်းတွေ အများအပြား ပေါ်ပေါက်လာမှာ သေချာပါတယ်။ ၂။ ထိုရလဒ်ကောင်းတွေနဲ့အတူပဲ ဒီမိုကရေစီဖော်ဆောင်ရေးခရီးလမ်းမှာ စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်လာရမှာ သေချာပါတယ်။

## ရလဒ်ကောင်းတွေ ရရှိလာမှာ ဖြစ်

အကယ်၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာပြီး NLD အဖွဲ့ချုပ် အစိုးရဖြစ်လာခဲ့ရင် (အခြားဘယ်လို အတားအဆီးအနှောင့်အယှက်တွေကိုမှ မတွေ့ရဘဲ အာဏာလွှဲပြောင်းမှုဖြစ်စဉ်ဟာ ချောမွေ့လိမ့်မယ်ဆိုတဲ့ ယူဆချက်အပေါ်မှာ အခြေခံတာပါ) ကျွန်တော်တို့နိုင်ငံဟာ အောက်ပါရလဒ်ကောင်းတွေကို ရရှိလာမှာ ဖြစ်တယ်။

၁။ ပြည်တွင်းစစ်ပွဲတွေကို ရပ်စဲအောင်လုပ်ဆောင်ကာ တိုင်းရင်းသားအားလုံးရဲ့ညီညွတ်ရေးကို တည်ဆောက်နိုင်မှာ ဖြစ်ခြင်း။

၂။ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို တည်ဆောက်နိုင်ခြင်းကြောင့် နိုင်ငံကို ပြန်လည်ထူထောင်ရာမှာ ပြည်သူတွေ ပိုမိုပါဝင်လာမှာ ဖြစ်ခြင်း။

၃။ နိုင်ငံရဲ့စီးပွားရေးအကျိုးရလဒ်တွေ၊ သယံဇာတတွေကို ပြည်သူတွေအတွက် အပြည့်အဝ အသုံးပြုနိုင်မှာ ဖြစ်ခြင်း။

၄။ ခရိုနီစနစ်ကို ဖျက်သိမ်းနိုင်တာနဲ့အမျှ ၎င်းတို့ရရှိမယ့် ဓနဥစ္စာတွေကို နိုင်ငံနဲ့ ပြည်သူတွေအတွက် အပြည့်အဝ အသုံးပြုလာနိုင်မှာ ဖြစ်ခြင်း။

၅။ ယခင် စစ်အစိုးရခေတ်အဆက်ဆက်က ပြည်ပနိုင်ငံတွေကို ထွက်ခွာသွားခဲ့ကြတဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ နိုင်ငံတွင်းကို ပြန်လည်ဝင်ရောက်လာတဲ့အတွက် ၎င်းတို့ရဲ့စွမ်းရည်တွေ၊ ကျွမ်းကျင်မှုတွေကို နိုင်ငံအတွက် အသုံးပြုလာနိုင်မှာ ဖြစ်ခြင်း။

၆။ နိုင်ငံခြားတိုင်းပြည်တွေ၊ ကုမ္ပဏီတွေနဲ့အလုပ်လုပ်ရာမှာ ကြားပွဲစားတွေနဲ့မသမာတဲ့ စီးပွားရေးလုပ်ငန်း လုပ်ဟန်တွေမရှိတဲ့အတွက် နိုင်ငံအတွက် ပိုမိုအကျိုးခံစားရနိုင်ခြင်း။

၇။ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်နိုင်တဲ့အတွက် နိုင်ငံနဲ့ ပြည်သူတွေအနေနဲ့ အကျိုးရလဒ်တွေကို ပိုမိုရရှိခံစားရနိုင်ခြင်း၊ အတတ်ပညာရှင်၊ အသိပညာရှင်တွေ ပိုမိုပေါ်ထွက်လာနိုင်ခြင်း။

၈။ နိုင်ငံတကာမှ စီးပွားရေးအကူအညီများ ပိုမိုရရှိလာနိုင်ခြင်း။
၉။ စီးပွားရေးစနစ်ကို ဒီမိုကရေစီနည်းကျဆောင်ရွက်တဲ့အတွက် လာဘ်ပေးလာဘ်ယူမှုတွေ၊ စီးပွားရေး အဟောသိကံဖြစ်မှုတွေ လျော့ကျပျောက်ကွယ်နိုင်ခြင်း။
၁၀။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (good governance) ကို တည်ဆောက်နိုင်တဲ့အတွက် အုပ်ချုပ်ရေးယန္တရား၊ ပိုမိုလွတ်လပ်မြန်ဆန်ကာ စွမ်းရည်မြင့်မားလာနိုင်ခြင်းဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

## စိန်ခေါ်မှုတွေလည်း ကြုံရနိုင်

အကယ်၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာခဲ့ရင် အထက်ပါ အကျိုးရလဒ်တွေကို ရရှိလာနိုင်ပေမယ့် စိန်ခေါ်မှုအများအပြားကိုလည်း ကြုံတွေ့လာရနိုင်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို တည်ဆောက်နေပါတယ်လို့ ဘယ်သူတွေ ဘယ်လိုပင် ပြောနေကြပေမယ့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မလိုလားသူတွေ၊ ဒီမိုကရေစီစနစ်အောင်မြင်မှာကို စိုးရိမ်ထိတ်လန့်နေကြသူတွေ အုံနဲ့ကျင်းနဲ့ ရှိနေကြပါသေးတယ်။ ထိုသူတွေကတော့ ဒီမိုကရေစီကင်းမဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်တွေအောက်မှာ အကျိုးအမြတ်တွေ လှိုင်လှိုင်ကြီး ခံစားခဲ့ကြရသူတွေပါ။

ဒါကြောင့် ထိုသူတွေဟာ ဒေါ်စု သမ္မတလုပ်တဲ့ ဒီမိုကရေစီအစိုးရ အုပ်ချုပ်တဲ့အချိန်မှာ –

၁။ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင်လုပ်ဆောင်ခြင်း။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခတွေနဲ့ လူမှုရေးပဋိပက္ခတွေ ပေါ်ပေါက်လာအောင် သွေးထိုးလှုံ့ဆော်ခြင်း။
၂။ စီးပွားရေး မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခြင်း။ ကုန်ဈေးနှုန်းတွေ မြင့်တက်အောင် ဖန်တီးခြင်း၊ ဈေးကွက်မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ဈေးကစားခြင်း၊ ငွေကြေးဖောင်းပွအောင် ဆောင်ရွက်ခြင်း။

၃။ ဒီမိုကရေစီ အင်အားစုအချင်းချင်း သွေးကွဲအောင် ဆောင်ရွက်ခြင်း။

၄။ ပြည်သူတွေက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် အယုံအကြည်ကင်းမဲ့အောင် ဆောင်ရွက်ခြင်း၊ ဝါဒဖြန့်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း။

၅။ ပြည်သူတွေ စိတ်ဓာတ်ကျဆင်းလာအောင် စိတ်ဓာတ်ပျက်ပြားလာအောင် ဆောင်ရွက်ခြင်း။ မူးယစ်ဆေးဝါး၊ လောင်းကစား စတာတွေနဲ့ မှိုင်းတိုက်ခြင်း။

၆။ တိုင်းရင်းသားတွေအကြားမှာ ညီညွတ်ရေးမရရှိအောင် ဆောင်ရွက်ခြင်း၊ ပြည်တွင်းစစ်ပွဲတွေ အဆုံးမသတ်နိုင်အောင် သို့မဟုတ် ပိုမိုတောက်လောင်လာအောင် ဆောင်ရွက်ခြင်း။

၇။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပြဿနာတွေ ပေါ်ပေါက်လာအောင် ဖော်ဆောင်ခြင်း။

၈။ အလုပ်သမား၊ လယ်သမားပြဿနာတွေ ပေါ်ပေါက်လာအောင် လုပ်ဆောင်ခြင်း။

၉။ ဒီမိုကရေစီလူထုခေါင်းဆောင်နဲ့ ဒီမိုကရေစီအစိုးရအား နိုင်ငံရေးထောင်ချောက်အမျိုးမျိုးဆင်ခြင်း၊ အလုပ်မလုပ်ရတဲ့အထိ (defunct) ဖြစ်အောင် ဆောင်ရွက်ခြင်း စတာတွေလို လုပ်ဆောင်လာနိုင်ပါတယ်။

ဒါကြောင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဟာ ယခုကတည်းက မိမိရဲ့တပ်ကို ကြိုတင်ပြင်ဆင်ကြဖို့ လိုပါတယ်။ NLD ကို ပိုမိုအရည်အသွေးပြည့်ပြီး ပိုမိုအင်အားကောင်းလာအောင် လုပ်ဆောင်ရပါမယ်။

ပြည်သူလူထုကို ပိုမိုစည်းရုံးဦးဆောင်နိုင်အောင် ဆောင်ရွက်ရပါမယ်။ စီးပွားရေးဆိုင်ရာ အစီအစဉ်စီမံကိန်းတွေကို ကြိုတင်ရေးဆွဲထားရပါမယ်။ ပြင်ဆင်ရပါမယ်။

စံပယ်စာအုပ်

တိုင်းရင်းသားအရေးနဲ့ ပတ်သက်တဲ့မူဝါဒကို ကြိုတင်ချမှတ်ထားရပါမယ်။ ဒီမိုကရေစီအင်အားစုများအကြားမှာ ရင်းနှီးတဲ့ဆက်ဆံရေးကို ထူထောင်နိုင်ရပါမယ်။

လိုအပ်ရင် အရိပ်အစိုးရ (shadow government) ပင် ဖွဲ့ထားနိုင်ရပါမယ်။ NLD ဟာ ဒီမိုကရေစီအောင်ပွဲခံနိုင်ရေးအတွက် တော်လှန်ရေးသတိရှိရှိနဲ့ အထက်ပါပြင်ဆင်မှုတွေကို အပြည့်အဝ လုပ်ဆောင်ဖို့ လိုအပ်တာတော့ အမှန်ပါ။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ-၃၊ အမှတ် ၁၄၄
မေလ၊ ၂၀၁၃။

## NLD ပါတီကို ဤသို့မြင်သည်

နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းကို ဖန်တီးနိုင်တဲ့ နိုင်ငံရေးပါတီတွေဟာ တော်လှန်ရေးကြီးတွေ၊ သမိုင်းအကွေ့အပြောင်းကာလတွေအတွင်းမှာ ပေါ်ပေါက်လာလေ့ ရှိပါတယ်။ အလားတူပဲ လူထုခေါင်းဆောင်တွေဟာလည်း လူထုအုံကြွမှုတွေ၊ နိုင်ငံရေးတိုက်ပွဲတွေအတွင်းမှာ ပေါ်ထွက်လာလေ့ ရှိတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သို့မဟုတ် အင်န်အယ်ဒီ NLD ပါတီဟာလည်း ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးအတွင်းမှာ ပေါ်ထွက်လာတဲ့ နိုင်ငံရေးပါတီတစ်ခုပါ။ ထိုပါတီရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်းမှာ ပြည်သူလူထုရဲ့ တစ်ခဲနက်ထောက်ခံမှုကြောင့် လူထုခေါင်းဆောင်ဖြစ်လာသူပါ။

ရှစ်လေးလုံးလူထုအရေးတော်ပုံကြီး ပေါ်ထွက်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှာ နိုင်ငံအာဏာကို စစ်တပ်ကသိမ်းယူခဲ့ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ) ပေါ်ပေါက်လာခဲ့တယ်။

### ပွဲဦးထွက် NLD

နဝတ က ရွေးကောက်ပွဲတွေ ကျင်းပပေးမယ်လို့ ကြေညာကာ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့ခဲ့တယ်။ ထို့နောက်မှာ နိုင်ငံရေးပါတီပေါင်း ၂၃၅ ပါတီ ပေါ်ပေါက်ခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှာ စတင်ဖွဲ့စည်းခဲ့တယ်။ ဖွဲ့စည်းစက ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးအစု၊ ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးအစုနဲ့ ဒေါ်အောင်ဆန်းစုကြည် အစုဆိုပြီး အုပ်စုသုံးစုရှိခဲ့တယ်။ အုပ်စုတစ်စုကို လူလေးဦးစီ ခွဲတမ်းချကာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC) ဝင် ၁၂ ဦး ရွေးချယ်ခဲ့တယ်။ NLD ရဲ့ ပထမဆုံး ဥက္ကဋ္ဌက ဦးအောင်ကြီးဖြစ်ပြီး၊ ဒုတိယဥက္ကဋ္ဌက ဦးတင်ဦးပါ။ ဒေါ်အောင်ဆန်းစုကြည်က အထွေထွေအတွင်းရေးမှူး ဖြစ်ပါတယ်။

များမကြာမီမှာဘဲ စီအီးစီ(CEC) အဖွဲ့ဝင် ၁၂ ဦးအပြင် ဗဟို ဦးစီးအဖွဲ့ဝင် ၃၀ ဦးကို တိုးချဲ့ဖွဲ့စည်းခဲ့တယ်။ ဗဟိုဦးစီးအဖွဲ့ဝင် ၃၀ ကို ရွေးချယ်ရာမှာလည်း တစ်အုပ်စုလျှင် ၁၀ ဦးနှုန်းနဲ့ ရွေးခဲ့တာဖြစ်ပါတယ်။

## ကွန်မြူနစ်လက်ညှိုးထိုး

သို့ပေမယ့် လပိုင်းအကြာမှာပဲ ဥက္ကဋ္ဌဦးအောင်ကြီးက 'NLDပါတီ အတွင်းမှာ ကွန်မြူနစ်တွေရောက်နေပြီ၊ ကွန်မြူနစ်တွေကို ဖယ်ရှားပစ်ရမယ်' လို့ ကြေးကြော်အော်ဟစ်ကာ ပါတီတွင်းပဋိပက္ခတစ်ရပ်ကို စတင်ဖောက်ခွဲ လိုက်တယ်။ ထိုစဉ်က ဦးအောင်ကြီးက ကွန်မြူနစ်တဖွဲ့ကြီးကို လက်ညှိုးထိုး ပြပြီး ခြိမ်းခြောက်လိုက်ရင် သူ့ကိုထောက်ခံသူတွေတိုးပွားလာပြီး NLDအတွင်း က သူ မလိုလားသူတွေကို ဖယ်ရှားပစ်နိုင်လိမ့်မယ်လို့ ယူဆခဲ့ပုံရပါတယ်။

သို့ပေမယ့် လက်တွေ့မှာတော့ ပါတီတွင်းမှာ မဲခွဲဆုံးဖြတ်ခဲ့ရာမှာ တော့ ဦးအောင်ကြီးရှုံးနိမ့်သွားခဲ့ရပြီး ပါတီမှနုတ်ထွက်ခဲ့ရတယ်။ ဦးအောင်ကြီး နဲ့ သူ့အုပ်စုဝင်တွေဟာ ပြည်ထောင်စုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (UNDP) ကို ထူထောင်ခဲ့ကြတယ်။ ဦးအောင်ကြီးအုပ်စု ထွက်ခွာသွားပြီးနောက်မှာ တော့ NLD ပါတီဟာ လူထုထောက်ခံမှုကို ပိုမိုရရှိလာခဲ့တယ်။

## ဒေါ်စုကို ယုံကြည်ခဲ့ကြ

ဦးအောင်ကြီးအုပ်စု ထွက်ခွာသွားပြီးနောက် NLD မှာ တပ်မတော် အရာရှိဟောင်းတွေထဲက ဦးချစ်ခိုင်၊ ဦးတင်ဦး၊ ဦးလွင်၊ ဦးကြည်မောင်

စသူတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်တို့ဦးဆောင်တဲ့ တတ်သိပညာရှင်အုပ်စုက လူတွေပဲ ကျန်ခဲ့တယ်။

ဦးချစ်ခိုင်၊ ဦးတင်ဦး၊ ဦးကြည်မောင် စတဲ့ မျိုးချစ်ရဲဘော်ဟောင်းတွေဟာ စစ်တပ်အရာရှိဟောင်းတွေဖြစ်ပေမယ့် တတ်သိပညာရှင်အုပ်စုနဲ့ လက်တွဲလို့ရခဲ့ပါတယ်။ ထိုပုဂ္ဂိုလ်တွေဟာလည်း ကွန်မြူနစ်ဆန့်ကျင်ရေးသမားတွေဖြစ်ကြပေမယ့် မိမိတို့ရဲ့ လတ်တလောရန်သူဟာ ဘယ်သူဆိုတာကို အသေအချာ သဘောပေါက်ထားကြတဲ့အတွက် NLD အတွင်းရှိ ဦးအောင်ကြီးက လက်ညှိုးထိုးပြခဲ့တဲ့ ကွန်မြူနစ်ဆိုသူတွေနဲ့ အလုပ်အတူတူ လုပ်နိုင်ခဲ့ကြတယ်။

## တိုးတက်အမြင်ရှိသူတွေ

တကယ်ကလည်း ဦးအောင်ကြီးက ကွန်မြူနစ်တွေလို့ပြောခဲ့သူတွေဟာ ကွန်မြူနစ်တွေ မဟုတ်ကြပါဘူး။ လွှန်ရောကျွံရောပြောရရင် တိုးတက်တဲ့ နိုင်ငံရေးအမြင်ရှိသူတွေသာ ဖြစ်ကြပါတယ်။

ဦးအောင်ကြီးအုပ်စု ထွက်ခွာသွားခဲ့ပြီးနောက် NLD ပါတီဟာ ပိုမိုစုစည်းမိလာခဲ့တယ်။ ပိုမိုသန့်စင်လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားရေးအတွက် မဆုတ်မနစ် ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ဟာလည်း ပိုမိုခိုင်မာလာခဲ့တယ်။

ဦးအောင်ကြီးအုပ်စု ထွက်ခွာသွားခဲ့ပြီးနောက်မှာ NLD ဥက္ကဋ္ဌအဖြစ် ဦးတင်ဦးက ဆောင်ရွက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၉ ဇူလိုင် ၂၀ မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တစ်ချိန်တည်း ဦးတင်ဦးအဖမ်းခံရပြီးတော့မှ ဦးအောင်ရွှေ ဥက္ကဋ္ဌဖြစ်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အထွေထွေအတွင်းရေးမှူးဖြစ်ပေမယ့် ပြည်သူလူထုကတော့ ဒေါ်စုကို NLD ရဲ့ နံပါတ်တစ်ခေါင်းဆောင်အဖြစ် လက်ခံထားကြတာပါ။

မြန်မာပြည်သူတွေဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်ရုံသာမက ထက်မြက်သွက်လက်ကာရဲရင့်ပြီး ဒီမိုကရေစီအရေးတော်ပုံကြီးမှာ ပြည်သူလူထုရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို လုံးဝယုံကြည်ကိုးစားမှုရှိခဲ့ကြပါတယ်။ ဒ့ါအပြင် မြန်မာပြည်သူတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျိုးမငဲ့မှုတွေကြောင့်လည်း ဒေါ်စုကို ပိုမိုယုံကြည်ခဲ့တယ်။ NLD ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှုနဲ့ မြန်မာ့နိုင်ငံရေးခရီးကြမ်းကြီးကို ဖြတ်သန်းခဲ့ရာမှာ ဒုက္ခအခက်အခဲပေါင်းများစွာကို ကြုံတွေ့ခဲ့ရပါတယ်။

## ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ရန်

NLD ဟာ ပါတီရဲ့ပွဲဦးထွက်ကာလကစတင်ပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားရေးအတွက် ရဲရဲဝံ့ဝံ့ တောင်းဆိုတိုက်ပွဲဝင်ခဲ့တယ်။ ၁၉၈၉ ခုနှစ် မတ်လ ၁၃ ရက်မှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ရန်ကုန်စက်မှုတက္ကသိုလ်မှာ ဖုန်းမော်နှစ်ပတ်လည်နေ့ကို ကျင်းပခဲ့ရာမှာ ဆရာတော် ဦးပညိန္ဒ၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခင်မောင်မြင့် စသူတို့ တက်ရောက်မိန့်ခွန်းပြောခဲ့ကြတယ်။

ထိုကာလဟာ NLD နဲ့ မဟာမိတ်နိုင်ငံရေးပါတီတွေရဲ့ ဒီမိုကရေစီရေးတိုက်ပွဲ အရှိန်မြင့်တက်နေတဲ့ကာလပဲ ဖြစ်ပါတယ်။ ထိုအချိန်တုန်းက NLD အဖွဲ့ချုပ်ရဲ့ မဟာမိတ်ပါတီပေါင်း ၄၆ ပါတီရှိခဲ့ပြီး၊ ထိုပါတီတွေထဲမှာ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ အမျိုးသား ပြန်လည်တည်ဆောက်ရေးပါတီ၊ ပြည်သူ့တိုးတက်ရေးပါတီ၊ ပြည်သူ့ဒီမိုကရေစီပါတီ၊ ပြည်သူ့ရဲဘော်ပါတီ၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ) စတဲ့ ပါတီအဖွဲ့အစည်းတွေ ပါဝင်ပါတယ်။ ထိုအချိန် ၁၉၈၉ ခုနှစ်မှာ တပ်မတော်အစိုးရ (နဝတ)ဟာ မာရှယ်လောကြေညာပြီး တစ်နိုင်ငံလုံးကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်လျက်ရှိနေပါတယ်။

ထိုအချိန်မှာ NLD အဖွဲ့ချုပ်ရဲ့ လူထုစည်းရုံးရေးဟာ မြင့်တက်ခဲ့သလို သြဇာအရှိန်အဝါလည်း ကြီးမားခဲ့တယ်။ မြန်မာ့နိုင်ငံရေးအတွက် ခေါင်းဆောင်မှုအသစ်ကို မျှော်လင့်နေတဲ့ပြည်သူလူထုဟာ မိမိတို့ လေးစားကြည်ညိုခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သွေးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ချစ်ခင်လေးစားခဲ့ကြတယ်။ ယုံကြည်အားထားမှုတွေလည်း ပိုမိုလာခဲ့ကြတယ်။

## အန္တရာယ် အတားအဆီးတွေကြုံခဲ့ရ

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်ဝင်တွေ နယ်အသီးသီးကို လှည့်လည်ခရီးထွက်ခဲ့ကြရာမှာ အတားအဆီးပေါင်းများစွာ ကြုံခဲ့ရပါတယ်။

မန္တလေးခရီး၊ မုံရွာခရီး၊ ပုသိမ်ခရီးတွေမှာ အနှောင့်အယှက် အဟန့်အတားမျိုးစုံကို ကြုံခဲ့ရတယ်။ တချို့ခရီးတွေမှာ ဒေါ်စုအဖို့ အသက်ဘေးအန္တရာယ်နဲ့ပင် ကြုံခဲ့ရတယ်။

ဒါ့အပြင် NLD ပါတီနဲ့တကွ ထိုအချိန်ကရှိခဲ့တဲ့ နိုင်ငံရေးပါတီတွေရဲ့ ဝါဒဖြန့်ချိရေးနဲ့ ပညာပေးရေးဆိုင်ရာ စာအုပ်စာတမ်းထုတ်ဝေခွင့်တွေဟာလည်း ပိတ်ပင်ခံခဲ့ရတယ်။ ထိုအချိန်မှာ NLD ပါတီရဲ့ အာဏာဖီဆန်ရေး လှုပ်ရှားမှုတွေဟာလည်း မြင့်တက်လာခဲ့တယ်။

ထိုအချိန်ကရှိခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၁၀၄ ပါတီက ဒေါ်စုကို ယင်းပါတီအားလုံးရဲ့ တစ်ဦးတည်းသောကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်အာဏာ(Mandate)တွေ အပ်နှင်းခဲ့ကြတယ်။ ဒီလိုနဲ့ပဲ ၁၉၈၉ ခုနှစ် အာဇာနည်နေ့ဟာ နီးကပ်လာခဲ့တယ်။

ထိုနှစ် အာဇာနည်နေ့ကို ဒေါ်စုခေါင်းဆောင်တဲ့ NLD အဖွဲ့ဝင်တွေဟာ တက်ရောက်အလေးပြုဖို့ ပြင်ဆင်ခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အလေးပြုမယ်ဆိုတဲ့သတင်းကြောင့် NLD မဟုတ်တဲ့ သာမန်ပြည်သူထောင်ပေါင်းများစွာကလည်း တက်ရောက်အလေးပြုဖို့ ပြင်ဆင်ခဲ့ကြတယ်။

ဒီမှာတင် သက်ဆိုင်ရာက အာဇာနည်နေ့မတိုင်မီမှာဘဲ တားဆီးအမိန့်တွေ ကြိုတင်ထုတ်ပြန်ခဲ့တယ်။ အာဇာနည်နေ့ရောက်တဲ့အခါမှာ အာဇာနည်ကုန်းကို သွားမယ့်လူထုကို တားမြစ်ပိတ်ပင်ခဲ့ပြီး ဇူလိုင် ၂၀ ရက်မှာ ဒေါ်စုကို နေအိမ်အကျယ်ချုပ်အဖြစ် ထားရှိခဲ့တယ်။ ထိုအကြိမ်ဟာ ဒေါ်စုအနေနဲ့ ပထမဆုံးအကြိမ် နေအိမ်အကျယ်ချုပ် ကျခံရခြင်းဖြစ်တယ်။

## ၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ပြတ်ပြတ်သားသား အနိုင်ရခဲ့

၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေတွေကို ထုတ်ပြန်ခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်ဟာ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်မှာတော့ ရွေးကောက်ပွဲတွေ ကျင်းပခဲ့ပါတယ်။

စုစုပေါင်း မဲဆန္ဒနယ် ၄၉၂ နယ်အနက် မဲဆန္ဒနယ် ၄၈၅ နယ်မှာ ရွေးကောက်ပွဲတွေ ကျင်းပခဲ့တာဖြစ်တယ်။ NLD ပါတီဟာ ထိုမဲဆန္ဒနယ်တွေထဲက မဲဆန္ဒနယ်ပေါင်း ၄၇၇ နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ၃၉၂ နေရာ အနိုင်ရခဲ့ပါတယ်။

သို့ပေမယ့် နဝတ အစိုးရက ထိုရွေးကောက်ပွဲတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ကျင်းပတာသာဖြစ်တယ်လို့ ပြောဆိုခဲ့တယ်။ NLD ဟာ အာဏာလွှဲပြောင်းပေးခြင်း မခံခဲ့ရပါဘူး။

ဒီလိုနဲ့ပဲ NLD ပါတီဟာ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် တလူးလူးတလွန့်လွန့်နဲ့ အကြမ်းမဖက်ရေး နည်းလမ်းကိုကိုင်စွဲကာ တိုက်ပွဲဝင်ရင်း မိမိရဲ့ပါတီဝင်သားကောင်းရတနာများစွာကို စတေးခဲ့ရတယ်။ NLD ခေါင်းဆောင် အများအပြားဟာလည်း ဖမ်းဆီးခံခဲ့ကြရတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဟာလည်း လေးကြိမ်တိုင်တိုင် နေအိမ်အကျယ်ချုပ်အဖြစ် ထိန်းသိမ်းခံခဲ့ရပါတယ်။

## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို လက်မခံခဲ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရဟာ ၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒခံယူပွဲကျင်းပကာ

အတည်ပြုခဲ့တယ်။ ၂၀၁၀ ပြည့်နှစ်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး တစ်နိုင်ငံလုံးမှာ ရွေးကောက်ပွဲတွေ ကျင်းပခဲ့တယ်။

ကြိုတင်မဲတွေကြောင့် အငြင်းပွားမှုတွေ ဖြစ်ခဲ့ရတယ်။ ထိုရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဝင်ရောက်မယှဉ်ပြိုင်ခဲ့ပါဘူး။ NLD ပါတီဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်တဲ့အတွက် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့တာပါ။ ထိုရွေးကောက်ပွဲမှာ NLD ပါတီရဲ့ ခွဲထွက်အုပ်စုဖြစ်တဲ့ အင်န်ဒီအက်ဖ်(NDF) နဲ့ အခြားပါတီတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်။

ကြိုတင်မဲတွေ ထောင်နဲ့ချီပြီး ထည့်သွင်းတွက်ချက်ခဲ့တဲ့ ထိုရွေးကောက်ပွဲမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အမတ်နေရာအများစုကြီးနဲ့ အနိုင်ရခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကနေ ပေါ်ထွက်လာတဲ့ လွှတ်တော်သုံးရပ်ဟာလည်း အသက်ဝင်လာခဲ့ပါတယ်။ တကယ်တော့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို ဝင်ရောက်မယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခြင်းလည်း မပြုတဲ့ NLD ဟာ လက်ရှိအစိုးရရဲ့ ဥပဒေတွေအရဆိုရင် တရားမဝင်ပါတီအဖြစ်ကို ရောက်ရှိသွားမယ့်အနေအထားမှာ ရှိနေပါတယ်။ သို့ပေမယ့် NLD ဟာ နိုင်ငံရေးပါတီတစ်ရပ်အဖြစ်နဲ့ မိမိလုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို မတွန့်မဆုတ်ဘဲ ဆက်လက်ဆောင်ရွက်ခဲ့တယ်။

## ကြားဖြတ်ရွေးကောက်ပွဲဝင်မည်

သမ္မတ ဦးသိန်းစိန်အစိုးရကလည်း NLD ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတဲ့သဘောမျိုးနဲ့ ဆက်လက်စောင့်ကြည့်နေခဲ့တယ်။

တကယ်တော့ ယင်းသို့ဆောင်ရွက်ခြင်းဟာလည်း အနောက်အုပ်စု၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာရဲ့ NLD အပေါ်ပုံအောထားတဲ့ ထောက်ခံမှုကြောင့် ဖြစ်နိုင်ပါတယ်။ ဒီအတွင်းမှာ နိုင်ငံတော်သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်လာခဲ့ကြပါတယ်။

ဒီနောက်မှာ ရွေးကောက်ပွဲကော်မရှင်က ဥပဒေပုဒ်မနှစ်ခုကို ပြင်ဆင်ခဲ့တယ်။ ထိုဥပဒေပုဒ်မ ပြင်ဆင်ချက်နှစ်ခုအနက် တစ်ခုက ရွေးကောက်ပွဲဝင်သူတစ်ဦးဟာ 'ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမည်' ဆိုတဲ့အချက်ကို 'ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်'လို့ ပြင်ဆင်ခဲ့တာဖြစ်တယ်။ နောက် ဥပဒေပြင်ဆင်ချက်တစ်ခုကတော့ ပြစ်ဒဏ်ချမှတ်ခံရဖူးသူတွေကို ရွေးကောက်ပွဲဝင်ရောက်ခွင့် ပိတ်ပင်ထားတာကို ပယ်ဖျက်ပေးခဲ့တာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ သုံးလခန့်ကတော့ NLD ဟာ လစ်လပ်နေတဲ့ မဲဆန္ဒနယ်မြေ ၄၈ ခုအတွက် ကျင်းပမယ့်ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ကော့မှူးမြို့နယ်မဲဆန္ဒနယ်ကနေ ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ NLD အနေနဲ့ ယခုလိုကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်လိုက်ခြင်းဟာ NLDရဲ့နိုင်ငံရေးလမ်းကြောင်း ရွေ့လျားပြောင်းလဲသွားခြင်းလို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

တကယ်တော့ NLD ဟာ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့တဲ့ပါတီပဲ ဖြစ်တယ်။ ထိုစဉ်က NLD အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့တာဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်တဲ့အတွက်ဘဲ ဖြစ်တယ်။

ဒီတော့ ယခုအခါမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဝင်ရောက် ယှဉ်ပြိုင်တာကရော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံလိုက်တဲ့သဘောလားလို့ မေးစရာ ရှိလာပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ NLD ပါတီက သဘောမတူဘူးဆိုတဲ့အချက်တွေဟာ ဘာတစ်ခုမှ မပြောင်းလဲသေးပါဘူး။

### ဘယ်လမ်းကိုရွေးမလဲ

သို့ပေမယ့် မကြာသေးမီကတော့ NLD ဟာ ရွေးချယ်စရာ လမ်းကြောင်းနှစ်ခုရဲ့ လမ်းဆုံလမ်းခွကို ရောက်ခဲ့ပါတယ်။

လမ်းကြောင်းတစ်ခုက ပါတီမှတ်ပုံမတင်ရေး၊ ရွေးကောက်ပွဲ မဝင်ရေးဆိုတဲ့ လမ်းကြောင်းပါ။ 'မတင်ရေး၊ မဝင်ရေး' လမ်းကြောင်းပဲ ဖြစ်ပါတယ်။ နောက်လမ်းကြောင်းကတော့ ရွေးကောက်ပွဲဝင်ရေး၊ ပါတီမှတ်ပုံတင်ရေးဖြစ်တဲ့ 'တင်ဝင်' လမ်းကြောင်းပါပဲ။

အကယ်၍ NLD အနေနဲ့ ပထမလမ်းကြောင်းဖြစ်တဲ့ 'မတင်ရေး၊ မဝင်ရေး' လမ်းကြောင်းကို ရွေးခဲ့မယ်ဆိုရင် ပထမဦးစွာ ရင်ဆိုင်ကြုံတွေ့ရမယ့် ပြဿနာကတော့ ပါတီရပ်တည်မှုအတွက် အဟန့်အတားဖြစ်လာနိုင်တဲ့ ကိစ္စပါပဲ။ NLD ဟာ ပါတီမှတ်ပုံတင်ဖို့၊ ပါတီတရားဝင်ရပ်တည်နိုင်ဖို့အတွက် မေ ၆ ရက်မှာကျင်းပမယ်လို့ ကြေညာထားတဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လိုပါတယ်။

အကယ်၍ NLD အနေနဲ့ ရွေးကောက်ပွဲလည်း မဝင်ဘူး၊ ပါတီကိုလည်း အသစ်ပြန်လည်မှတ်ပုံမတင်ဘူး (တကယ်တော့ မြန်မာနိုင်ငံမှာဖဆပလပါလီမန်ခေတ်ကရော အခြားနိုင်ငံတွေမှာပါ နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲ တစ်ကြိမ်ကျင်းပတိုင်း ပါတီရပ်တည်ခွင့်အတွက် တစ်ကြိမ်ပြန်လည်မှတ်ပုံတင်ရတာမျိုး မရှိပါဘူး) ဆိုရင် ပါတီဖျက်သိမ်းခံရတဲ့အထိ၊ နောက်ဆုံးမှာ တရားမဝင်အသင်းအဖွဲ့အဖြစ် ကြေညာခံရတဲ့အထိ အန္တရာယ်နဲ့ရင်ဆိုင်ရနိုင်ပါတယ်။ အကယ်၍ NLD အနေနဲ့ 'မတင်ရေး၊ မဝင်ရေး' လိုင်းကို ကိုင်စွဲမယ်ဆိုရင်တော့ အင်အားမတည်ဆောက်ရသေးဘဲနဲ့ နောက်ဆုံးမြို့သိမ်းတိုက်ပွဲကို ဆင်နွှဲသလိုဖြစ်သွားမှာပါ။

တကယ်တော့ NLD ဟာ နာမည်ကြီးလှတဲ့၊ ဟိတ်ပြေးလှတဲ့ နိုင်ငံရေးပါတီကြီးတစ်ရပ်ဖြစ်ပေမယ့် ပါတီတည်ဆောက်ရေးနဲ့ ပါတီစည်းရုံးရေးအပိုင်းတွေမှာ (မကြာသေးမီအချိန်အထိ) ကျစ်လျစ်သိပ်သည်းမှု မရှိခဲ့ပါဘူး။ NLD ဟာ နိုင်ငံရေးထက် လူမှုရေးအလုပ်တွေနဲ့သာ ရစ်ပတ်လှုပ်ရှားနေခဲ့တာပါ။ NLD ဟာ မိမိရဲ့ ပါတီဝင်တွေကို နိုင်ငံရေးအသိပညာတွေကြွယ်ဝလာအောင်၊ နိုင်ငံရေးယုံကြည်ချက်တွေ ခိုင်မာလာအောင် ပညာပေးရေးထက် အခြားကျွမ်းကျင်မှုသင်တန်းတွေကိုသာ ဖွင့်လှစ်ခဲ့ပါတယ်။

## ဒေါင်ဒေါင်မြည်ပါတီဝင်တွေရှိဖို့လို

အကယ်၍ NLD ဟာ ရွေးကောက်ပွဲမဝင်ရေး (၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၈၂ ရာခိုင်နှုန်းကျော်အနိုင်ရခဲ့တဲ့ ပြည်သူလူထုထံမှ မှတ်ပုံတင်ခဲ့ပြီးဖြစ်တဲ့အတွက်) ပါတီမှတ်ပုံမတင်ရေးဆိုတဲ့ လမ်းကြောင်းအတိုင်း လျှောက်မယ်ဆိုရင်တော့ ဦးစွာ NLD ဟာ နိုင်ငံရေးအရည်အသွေးပြည့်ဝတဲ့ ဒေါင်ဒေါင်မြည်ပါတီဝင်တွေ အမြောက်အမြားရှိဖို့ လိုပါတယ်။

၁၉၆၀ ပြည့်လွန်နှစ်ကာလက ဒီအင်နိုင်းဒစ်ခေါင်းဆောင်တဲ့ အင်ဒိုနီးရှားကွန်မြူနစ်ပါတီလို၊ ၁၉၉၉ ခုနှစ်ဝန်းကျင်က မေဃဝတီခေါင်းဆောင်တဲ့ ပီတီအိုင်ပါတီလို အချိန်တိုအတွင်းမှာ လမ်းတွေပေါ်မှာ မိမိရဲ့ပါတီဝင်တစ်သိန်းလောက် ရောက်ရှိလာအောင် စုစည်းနိုင်တဲ့ နိုင်ငံရေးပါတီမျိုးတွေလို ပါတီရဲ့ အခြေခံအဆောက်အအုံတွေ တောင့်တင်းဖို့ လိုပါတယ်။ သို့ပေမယ့် ယခုအခါမှာတော့ NLD ပါတီဟာ တင်ရေး၊ ဝင်ရေး (ပါတီမှတ်ပုံတင်ရေး၊ ရွေးကောက်ပွဲဝင်ရေး) လမ်းကိုရွေးပြီးခဲ့ပါပြီ။ တကယ်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ထိုလမ်းကိုရွေးခဲ့ခြင်းဟာလည်း လက်ရှိအနေအထားတွေအရ ယင်းပါတီအတွက် ယာယီအမှန် (Relative Truth) လို့ ဆိုရမှာပါ။ ယခင်အစိုးရတွေက NLD ကို ထိပ်တိုက်ရင်ဆိုင်ရေး (Confrontation) ကို လုပ်နေတယ်လို့ (ယခင်က) စွပ်စွဲခဲ့ကြပေမယ့် တကယ်တော့ NLD ဟာ ဘယ်တုန်းကမှ ထိပ်တိုက်ရင်ဆိုင်ရေးကို လုပ်ခဲ့တာမဟုတ်ပါဘူး။ တရားဝင်နိုင်ငံရေးပါတီတစ်ခုအနေနဲ့ မိမိရသင့်ရထိုက်ပါလျက်နဲ့ မရခဲ့တဲ့ တရားဝင်အခွင့်အရေးကို တောင်းဆိုခဲ့ခြင်းသာ ဖြစ်ပါတယ်။

ယခင်ကဆိုရင် NLD ဟာ တက်ကြွတဲ့ဘက် (Active) ထက် လှုပ်ရှားမှုနည်းပါးတဲ့ ပက်ဆစ် (passive) ဘက်ကို ပိုပြီး ရောက်ရှိခဲ့တာပါ။

## ထိခိုက်ခဲ့ရ

တကယ်တော့ ဒီလိုဖြစ်ခဲ့ရတာဟာလည်း NLD ပါတီဟာ ၎င်းရဲ့ သက်တမ်းတစ်လျှောက်မှာ ဖိနှိပ်မှုတွေကို ပြင်းပြင်းထန်ထန်ခံခဲ့ရတဲ့အတွက်

လို့ ပြောလို့ရနိုင်ပါတယ်။ NLD ဟာ ပါတီရဲ့ပွဲဦးထွက်ကာလ ၁၉၈၉ ခုနှစ် အာဏာနည်းနေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပါတီရဲ့ခေါင်းဆောင်တွေ ဦးဆောင်ပြီး အာဏာနည်းနေကို မိမိတို့အစီအစဉ်နဲ့ ချီတက်အလေးပြုဖို့ အစီအစဉ်အထမမြောက်ခဲ့ခြင်းဟာ NLD ရဲ့နိုင်ငံရေးအရှိန်ကို ကြီးမားစွာ ထိခိုက်စေခဲ့တာပါ။ တိုက်ပွဲ ဦးလန်သွားတယ်လို့လည်း ဆိုနိုင်ပါတယ်။

ဒုတိယကတော့ ဂန္ဓီခန်းမညီလာခံရဲ့ ဆုံးဖြတ်ချက်တွေကို အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ခြင်းဘဲ ဖြစ်တယ်။ ထိုအချက်ကတော့ NLD သာမကဘဲ အခြားသောဒီမိုကရေစီပါတီတွေနဲ့လည်း သက်ဆိုင်ပါတယ်။

တတိယကတော့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင် အစရှိတဲ့ NLD ရဲ့ထိပ်တန်းခေါင်းဆောင်တွေ ထိန်းသိမ်းခံနေရစဉ်မှာ အပြင်မှာ ကျန်ရှိနေတဲ့ NLD ခေါင်းဆောင်တွေက ပါတီကို ထိထိရောက်ရောက် ဆက်လက်ဦးမဆောင်နိုင်ရုံမကဘဲ ပါတီဆက်လက်ရပ်တည်နိုင်ရေးလို့ အကြောင်းပြကာ ပြစ်ဒဏ်ချခံရသူတွေ၊ ထိန်းသိမ်းခံရသူတွေကို ပါတီဝင်အဖြစ်မှပင် ထုတ်ပယ်ခဲ့ခြင်းပဲ ဖြစ်တယ်။

ထိုဖြစ်ရပ်တွေဟာ ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလ တစ်လျှောက်မှာ NLD ကို အားပျော့စေခဲ့တဲ့ အကြောင်းအချက်တွေပဲ ဖြစ်ပါတယ်။

## ပါတီခေါင်းဆောင်မှုအသစ်ဖော်ဆောင်

ယခုတော့ NLD ပါတီဟာ ရွေးကောက်ပွဲဝင်ရေး၊ ပါတီ ဆက်လက်မှတ်ပုံတင်ရေးလမ်းကြောင်းကို ရွေးခဲ့ရုံသာမက ပါတီရဲ့ခေါင်းဆောင်မှုကိုလည်း အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းပြီးခဲ့ပါပြီ။ NLD ပါတီကို ဦးတင်ဦးက နာယကအဖြစ်ဆောင်ရွက်တဲ့ သဘာပတိအဖွဲ့ဝင် ၅ ဦး၊ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၇ ဦး တို့နဲ့ဖွဲ့စည်းထားတာ တွေ့ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နှစ်ပေါင်းများစွာအတွင်းမှာ NLD အနေနဲ့ ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို ပြင်ဆင်ပြောင်းလဲကာ ဖွဲ့စည်းလိုက်ခြင်းဟာ ကောင်းမွန်တဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတစ်ရပ်လို့ဆိုရမှာပါ။ တကယ် တော့ ယခုလိုပြောင်းလဲဖွဲ့စည်းမှုမျိုးကို လွန်ခဲ့တဲ့နှစ်ပေါင်း အတော်ကြာ ကတည်းက လုပ်ခဲ့ရမှာပါ။

သို့ပေမယ့်လည်း လုပ်သင့်လုပ်ထိုက်တာကိုလုပ်ခြင်းဟာ ဘယ် တော့မှ နောက်မကျပါဘူး။

ယနေ့အချိန်မှာတော့ NLD ပါတီဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ တော်လှန်ရေးမှာ ဦးဆောင်မှုပေးနိုင်တဲ့ တစ်ခုတည်းသောပါတီပဲ ဖြစ်ပါ တယ်။ ယနေ့အချိန်မှာ မြန်မာ့ဒီမိုကရေစီတော်လှန်ရေးဟာ ဆုံးခန်းမတိုင် သေးပါဘူး။ ယခုမှ ဇာတ်ရှိန်မြင့်စလို့ပင် ဆိုရမှာပါ။

ဒါ့အပြင် ယခုအချိန်ဟာ NLD ပါတီအတွက် ပြည်တွင်းပြည်ပ ထောက်ခံမှုဟာ အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ လက်ရှိဖြစ်ပေါ် နေတဲ့ မိမိအတွက် နိုင်ငံရေးအရ အခွင့်အလမ်းသာမှုတွေကို အကောင်းဆုံး အသုံးချသင့်ပါတယ်။

NLD ပါတီဟာ မိမိရဲ့ပါတီဝင်တွေကို နိုင်ငံရေး အရည်အသွေးအရ ဒေါင်ဒေါင်မြည် ပါတီဝင်တွေဖြစ်အောင် ပါတီတွင်း (နိုင်ငံရေး) ပညာပေးမှုတွေ မပြတ်မလပ် လုပ်ဆောင်သင့်ပါတယ်။

ဒါ့အပြင် NLD ဟာ အနာဂတ်မှာ ခေါင်းဆောင်မှု (စုပေါင်းခေါင်း ဆောင်မှု) ပေးနိုင်မယ့် လူငယ်မျိုးဆက်တွေကို မွေးထုတ်နိုင်အောင် ဆောင် ရွက်သင့်ပါတယ်။

ရန်သစ် မဂ္ဂဇင်း၊
၂၀၁၂၊ ဇွန်လ

## လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဒီမိုကရေစီ ခရီးကြမ်းနဲ့ ထိကပါး ရိကပါးများ

ပြည်သူ့ခေတ်ဂျာနယ်မှာ ဆောင်းပါးတွေ အတော်များများ ရေးခဲ့ပြီးချိန်မှာတော့ စာဖတ်သူအချို့ထံမှ စာနဲ့ဖြစ်စေ၊ ဖုန်းနဲ့ဖြစ်စေ ဆက်သွယ်ပြောဆိုတာတွေကို လက်ခံရရှိလာပါတယ်။ စာဖတ်ပရိသတ် အချို့ကဆိုရင် သူတို့ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ မတရားမှုတွေ၊ မမှန်ကန်မှုတွေကို ဂျာနယ်ထဲမှာ ဆောင်းပါးအဖြစ်ရေးဖို့ ဆက်သွယ်လာပါတယ်။ စာဖတ်သူတစ်ဦးကဆိုရင် မဟုတ်မမှန်တာတွေလုပ်၊ မိန်းမကိစ္စတွေလည်း ရှုပ်ရှုပ်ထွေးထွေးရှိသူတစ်ဦး ဝန်ထမ်းဆိုင်ရာ ရာထူးကြီးတစ်နေရာကိုရခဲ့တဲ့ကိစ္စအပေါ်မှာ မကျေမနပ်နဲ့ စာရေးလာပါတယ်။ ထိုစာဖတ်သူက အဆိုပါကိစ္စကို ဆောင်းပါးရေးပြီး ဖွင့်ချဖော်ထုတ်ဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံပြောဆိုခဲ့တယ်။

မနေ့တစ်နေ့ကတော့ တောင်ကြီးမြို့မှစာဖတ်သူတစ်ဦးက ကျွန်တော့်ထံ ဖုန်းနဲ့ဆက်သွယ်ပြောဆိုလာပါတယ်။

'ကျွန်တော် ဆရာ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ ဆရာ့စာတွေကို အမြဲဖတ်ပါတယ်။ ကြိုက်တယ်၊ သဘောထားချင်းတိုက်ဆိုင်တယ်၊ အခုတလော ဟိုဂျာနယ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ထိကပါး ရိကပါးနဲ့ ဆောင်းပါးတွေရေးနေတာ ဆရာလည်း ဖတ်မိမယ်ထင်ပါတယ်'

'ကျွန်တော်တော့ လုံးဝသဘောမကျဘူး ဆရာရယ်၊ ဘယ့်နှယ် ဒေါ်အောင်ဆန်းစုကြည်က တစ်လျှောက်လုံး အနစ်နာခံလုပ်ခဲ့လို့ ဒီအခြေ

အနေကို ရောက်လာတာပဲမဟုတ်လားဗျာ၊ ဒါကိုဗျာ ဒီလူတွေတာကြောင့်များ ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ထိကပါးရိကပါး ရေးနေကြတာလည်း မသိဘူး'

ဒီနောက်မှာ ကျွန်တော် မတွေ့ဖူးမမြင်ဖူးတဲ့ ထိုမိတ်ဆွေက 'ရေး စမ်းပါဗျာ၊ ဒီကိစ္စကိုတော့ ဆရာတို့ ရေးသင့်တယ်ထင်တာပဲ၊ ဘယ့်နှယ်ဗျာ မတန်မရာ ...'

ကျွန်တော်က စကားဖြတ်ပြီး 'ဒါကတော့ သူတို့လည်း သူတို့ အမြင်ကို ရေးတာပဲပေါ့။ ဒီမိုကရေစီစနစ်မှာ လွတ်လပ်စွာ သဘောကွဲလွဲ ခွင့်ရှိကြတယ်ဆိုတော့ ဒီလိုပဲ ကွဲပြားတဲ့အမြင်တွေလည်း ရှိကြမှာပါ။ အဲ ... ဒါပေမဲ့ပေါ့ဗျာ၊ ဝေဖန်တယ် ထောက်ပြတယ်ဆိုရာမှာ စေတနာမှန်ဖို့တော့ လိုတာပေါ့။ ပြီးတော့ ပယောဂတွေ ပူးကပ်တာမျိုးမရှိဖို့လည်း လိုတာပေါ့ ဗျာ' လို့ ပြန်ပြောခဲ့ပါတယ်။

**ထိကပါးရိကပါးစီးရီး**

တကယ်တော့ ထိုမိတ်ဆွေပြောတဲ့ ထိကပါးရိကပါး ရေးနေတယ် ဆိုတဲ့ ဆောင်းပါးတွေကို ကျွန်တော်ကိုယ်တိုင်လည်း ဖတ်မိ၊ သတိထားမိပါ တယ်။ ဆောင်းပါးတစ်ပုဒ်တလေဆိုရင်တော့လည်း ကျွန်တော့်အနေနဲ့ သိပ် သတိထားမိမှာ မဟုတ်ပါဘူး။ သို့ပေမယ့် ထိုဆောင်းပါးမျိုးတွေဟာ စီးရီး သဘောမျိုးအသွင်ဆောင်လာချိန်မှာ ကျွန်တော် ပိုပြီးသတိထားမိလာတယ်။

တကယ်တော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီမိုးမှောင်ကျတဲ့ကာလ အတွင်းမှာ နှစ်ပေါင်းများစွာ ကြာမျှနေခဲ့ကြရတာပါ။ ထိုကာလတစ်လျှောက် မှာ ကျွန်တော်တို့ဟာ အစစ်အမှန်မဟုတ်တဲ့ လုပ်ပွဲပေါင်းများစွာကိုလည်း မြင်ခဲ့ကြရတာပါ။

တကယ်တော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီအမှောင်လွှမ်းခံခဲ့ရတဲ့ အတွက် ညီအစ်ကိုမသိတသိအချိန်တွေကို ကြုံခဲ့ရတဲ့နည်းတူ 'ဒီမိုကရေစီ

အလင်းတုမီးကျည်'တွေ ပစ်ဖောက်တဲ့အချိန်မှာလည်း ညီအစ်ကိုမသိတသိ အချိန်တွေကို ကြုံရတတ်ပါတယ်။

ဒါကြောင့် ပေါက်ကွဲသံတွေ၊ ဖောက်ခွဲသံတွေကို ကြားရလေတိုင်းမှာ ထိုဖောက်ခွဲသံတွေဟာ မိမိရဲ့ရှေ့ပြေးကင်းက ဖောက်ခွဲလိုက်တဲ့အသံတွေလား ရန်သူ့ပဋ္ဌမ်တပ်သားတွေရဲ့ ဖောက်ခွဲသံလား။ တကယ့်ကျည်လား၊ ကျည်အတုလားဆိုတာတွေကို စဉ်းစားတဲ့အလေ့အထဟာ ကျွန်တော်တို့ရဲ့ စိတ်နှလုံးတွေပေါ်မှာ အမြစ်တွယ်လာခဲ့ပါတယ်။

**ဒီမိုကရေစီ အရေးတော်ပုံကို ဦးဆောင်နိုင်သူ**

မကြာသေးမီ ကာလအတွင်းကတော့ အင်တာနက်မှာရော၊ ဂျာနယ်အချို့မှာပါ NLDနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ခပ်စိပ်စိပ် တိုက်ခိုက်လာတာတွေ့လာရတယ်။ ယင်းသို့ တိုက်ခိုက်ရေးသားမှုတွေကို တွေ့လာရတော့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလအတွင်းမှာ နိုင်ငံပိုင်မီဒီယာတွေမှာ ဒေါ်စုအပေါ် အမနာပရေးသား ပြောဆိုခဲ့ကြတဲ့အဖြစ်တွေကို သတိရလာမိတယ်။

ယခုဆောင်းပါးကို ရေးသားရာမှာ ကျွန်တော့်အနေနဲ့ အလေးအနက်ပြောလိုတဲ့ ကိစ္စတစ်ခုရှိနေပါတယ်။ အဲဒါကတော့ ကျွန်တော်ဟာ NLD အဖွဲ့ချုပ်ဝင်တစ်ဦး မဟုတ်ဘူးဆိုတဲ့အချက်နဲ့ ကျွန်တော့်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ (အပြင်မှာ) တွေ့မြင်ဖူးခြင်း၊ စကားပြောဆိုဖူးခြင်းပင် လုံးဝမရှိခဲ့ဘူးဆိုတဲ့ အချက်တို့ပဲ ဖြစ်ပါတယ်။

သို့ပေမယ့် ယနေ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးတော်ပုံကို ဦးဆောင်နိုင်သူဟာ ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းရှိတယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော့်အနေနဲ့ အလေးအနက်ယုံကြည်နေတာပါ။ ဒါ့အပြင် ကျွန်တော်ဟာ ဒေါ်စုဟာ မြန်မာနိုင်ငံရဲ့တိုင်းရင်းသားပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ကံကြမ္မာကို ဝကွက်အပ်လောက်အောင် ယုံကြည်စိတ်ချရသူတစ်ဦးဖြစ်တယ်ဆိုတဲ့အချက်ကို လုံးဝယုံကြည်ထားသူပါ။

စံပယ်စာအုပ်

ထိုအချက်တွေကြောင့်ပဲ ကျွန်တော့်အနေနဲ့ ယခုဆောင်းပါးကို ရေးခြင်း ဖြစ်ပါတယ်။

## ဆောင်းပါးသုံးမျိုး

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အကြောင်းရေးသားတဲ့ ဆောင်းပါးတွေထဲမှာ သုံးမျိုးသုံးစားရှိမယ်လို့ ယူဆပါတယ်။ ထိုသုံးမျိုးကတော့ **၁။** ဒေါ်အောင်ဆန်းစုကြည်နဲ့ NLDရဲ့ လုပ်ဆောင်ချက်တွေအပေါ် အားမလိုအားမရဖြစ်တဲ့အတွက် အပြုသဘောနဲ့ ဝေဖန်ရေးသားခြင်း။ **၂။** အခွင့်ကြုံတုန်း၊ အခွင့်အရေးပေါ်တုန်း ထိခိုက်နစ်နာသွားအောင် ဆော်လိုက်မယ်၊ တိုက်ခိုက်လိုက်မယ်ဆိုတဲ့ မကောင်းတဲ့ရည်ရွယ်ချက်နဲ့ ထိုးနှက်ရေးသားခြင်း။ **၃။** ဟုတ်တာ၊ မဟုတ်တာထား ဒေါ်အောင်ဆန်းစုကြည်လို ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်တစ်ဦးကို တိုက်ခိုက်ရရင် မိမိအနေနဲ့ ရိုးလ် (Roll) တက်နိုင်တယ်လို့ယူဆတဲ့ ဗားရှင်း (version) အသစ်နဲ့ မြင်းထိန်းတောလက်သစ်အယူအဆနဲ့ရေးသားခြင်း (မြင်းထိန်းတောကတော့ ယောအတွင်းဝန်ရဲ့စာတွေထွက်တိုင်း ချီးကျူးပြောဆိုပြီး မိမိကိုယ်ကို ရိုးလ်တက်အောင် လုပ်ခဲ့တယ်။ ယခု မြင်းထိန်းတော ဗားရှင်းအသစ်ကတော့ ချီးကျူးတာနဲ့ ဆန့်ကျင်ဘက် ရှုတ်ချတိုက်ခိုက်တာပါ)

## ရေခံမြေခံ အကြောင်းတရား သုံးခု

ဒေါ်စုနဲ့ NLDကို ထိကပါးရိကပါး ရေးသားတယ်ဆိုတဲ့ ဆောင်းပါးတွေ ပေါ်ပေါက်လာစေတဲ့ ရေခံမြေခံအကြောင်းတရားတွေကတော့

၁။ လက်ပံတောင်းတောင်ကိစ္စ စုံစမ်းရေးကော်မရှင်မှာ ဥက္ကဋ္ဌတာဝန်ယူခဲ့တဲ့ ဒေါ်စုက အပြစ်ရှိကြောင်း သက်သေမခိုင်လုံသမျှ အပြစ်ရှိတယ်လို့ မပြောနိုင်ကြောင်းပြောဆိုခဲ့ခြင်း၊ လက်ပံတောင်းတောင်အရေးမှာ ဒေသခံပြည်သူတွေဘက်က လုံးလုံးလျားလျား (တစ်ဖက်သတ်) ရပ်တည်မပေးဘူးလို့ ယူဆခြင်း။ ၂။ ကချင်ပြည်နယ်စစ်ပွဲကိစ္စမှာ ပြတ်ပြတ်သားသား ရပ်တည်

ပေးခြင်းမရှိ၊ စစ်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြောဆိုခြင်း (ကချင် စစ်ပွဲနဲ့ပတ်သက်ပြီး အစိုးရကို ဆန့်ကျင်ရှုတ်ချခြင်း) မရှိလို့ ယူဆခြင်း။
၃။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်လ်ဒီတို့ဟာ အခြားသော ဒီမိုကရေစီ ပါတီတွေနဲ့ ပြောဆိုဆက်ဆံမှုမရှိ သို့မဟုတ် ဆက်ဆံရေးကျဲတယ်လို့ ယူဆခြင်းဆိုတဲ့ အကြောင်းတရားသုံးခုပဲ ဖြစ်တယ်။

## လက်ပံတောင်းတောင် ကိစ္စ

အကယ်၍ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်လ်ဒီပါတီဝင်တွေ ဟာ လက်ပံတောင်းတောင်အရေးအခင်းဟော့ (Hot) ဖြစ်တာနဲ့ တစ်ပြိုင်နက် မှာပဲ လက်ပံတောင်းတောင်ကို မထိနဲ့ မီးပွင့်သွားမယ်လို့ ကြွေးကြော်ခဲ့မယ် ဆိုရင်တော့ လက်ပံတောင်းတောင်ကိစ္စမှာ ဒေါ်စုကို အပြစ်တင်ကြမယ် မထင်ပါဘူး။

သို့ပေမယ့် ဒေါ်စုဟာ နှစ်ပေါင်းငါးဆယ်ကျော် ဒီမိုကရေစီမိုးမှောင် ကျခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံလုံးမှာ ဒီမိုကရေစီစနစ် အခိုင်အမာ ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းနေတာပါ။ လက်ပံတောင်းတောင်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်အရေးနဲ့ ဒီမို ကရေစီအရေးတွေအတွက် အလွန်အရေးပါလှပါတယ်။

သို့ပေမယ့် တစ်နိုင်ငံလုံး ဒီမိုကရေစီရရှိရေး၊ အာဏာရှင်စနစ် အမြစ်ပြုတ်ရေးတို့အတွက် တိုက်ပွဲဝင်နေတဲ့ မဟာဗျူဟာတစ်ခုလုံးနဲ့ နှိုင်းစာ ရင်တော့ လက်ပံတောင်းတောင်ဟာ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်တွေဟာ တကယ် ဒီမိုကရေစီနည်းကျတဲ့စနစ်တွေ လုံးလုံးလျားလျားဖြစ်လာမှသာ အခွင့်ထူးခံ ကုမ္ပဏီတွေဇာတ်သိမ်းပြီး လက်ပံတောင်းတောင်လို ကိစ္စတွေဟာ ကင်းရှင်း သွားမှာပါ။

လက်ပံတောင်းတောင်ကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် အပေါ်ဝေဖန်ကြတဲ့ အချက်တစ်ချက်ကတော့ 'အပြစ်ရှိကြောင်း သက်သေ

မပြနိုင်သမျှ အပြစ်ရှိတယ်လို့ ပြောလို့မရဘူး' ဆိုတဲ့ ဒေါ်စုရဲ့ပြောစကား ကြောင့်ပဲ ဖြစ်ပါတယ်။

ဒေါ်စုအပေါ် ထိုးနှက်လိုသူတွေက ဒေါ်စုရဲ့ အထက်ပါပြောစကား ကိုနင်းပြီး တိုက်ခိုက်ခဲ့ကြတာပါ။ တကယ်တော့ ဒေါ်စုဟာ စုံစမ်းရေး ကော်မရှင်ဥက္ကဋ္ဌအနေနဲ့ (အမှုတစ်ခုကို စစ်ဆေးမယ့်တရားသူကြီးတစ်ယောက် ရဲ့ ရပ်တည်ချက်မျိုးနဲ့) အထက်ပါစကားကို (အနည်းဆုံး နှစ်ကြိမ်သုံးကြိမ် လောက်) ပြောခဲ့ပုံရပါတယ်။ တကယ်တော့ ဒေါ်စုအနေနဲ့ ထိုစကားတွေကို လုံးဝထုတ်ဖော်မပြောခဲ့ဘဲလည်း နေလို့ရပါတယ်။ သို့ပေမယ့် ဒေါ်စုဟာ အနောက်နိုင်ငံတွေရဲ့ နိုင်ငံရေးစနစ်ကျ (Gentleman Politics) တွေနဲ့ ယဉ် ပါးသူပီပီ ထိုစကားတွေကို ပြောခဲ့ပုံရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ လက်ပံတောင်းတောင်ကိစ္စ စုံစမ်းရေး ကော်မရှင်ရဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့အတွက် အင်န်အယ်လ်ဒီဟာ လက်ပံတောင်းတောင်ကိစ္စမှာ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ တက်တက် ကြွကြွ လုပ်နိုင်ခဲ့ခြင်းမရှိတာလည်း ဖြစ်နိုင်ပါတယ်။

## ကချင်ပြည်နယ် စစ်ပွဲကိစ္စ

ကချင်ပြည်နယ် စစ်ပွဲတွေကိစ္စမှာလည်း ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ စစ်ပွဲတွေရပ်ရေးအတွက် ကြားဝင်ဆောင်ရွက်ခြင်းမရှိဘူးဆိုတဲ့ စွပ်စွဲသံတွေ ပေါ်ထွက်ခဲ့တယ်။

ဒေါ်စုက ထိုစွပ်စွဲချက်တွေကို တုံ့ပြန်တဲ့သဘောနဲ့ ပြောဆိုခဲ့ရာ မှာတော့ 'ကချင်ပြည်နယ်စစ်ပွဲတွေရပ်ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးဖို့ မိမိကို ကမ်းလှမ်းတာမျိုးမရှိဘူး' လို့ ပြောဆိုခဲ့တယ်။

သို့ပေမယ့် တကယ်တမ်းမှာတော့ နိုင်ငံရေးပါတီတစ်ရပ် သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်တစ်ဦးဟာ မိမိနိုင်ငံမှာ ဖြစ်ပွားနေတဲ့အရေးတကြီး အရေးကိစ္စမှန်သမျှမှာ ဝင်ရောက်ပါဝင်ဖြေရှင်းရမှာသာ ဖြစ်တယ်။ အနည်းဆုံး တော့ သဘောထားကြေညာချက်တွေ ထုတ်ပြန်ရမှာ ဖြစ်ပါတယ်။

## အခြားသော ဒီမိုကရေစီပါတီတွေနဲ့ တွေ့ဆုံစကား ပြောဆိုမှုကိစ္စ

ဒီမိုကရေစီနိုင်ငံရေးပါတီတွေအကြားမှာ တွေ့ဆုံစကားပြောဆိုမှု ဆိုတာကတော့ တစ်ဖွဲ့တစ်ပါတီတည်း လုပ်လို့မရနိုင်ပါဘူး။ ပါတီအားလုံးက လုပ်ဆောင်ရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ ယနေ့အချိန်မှာတော့ အင်န်အယ်လ်ဒီ အဖွဲ့ချုပ်ဟာ ဗဟိုညီလာခံကျင်းပရေးကိစ္စတွေနဲ့ အလုပ်များနေတဲ့အတွက် အခြားသော ဒီမိုကရေစီပါတီတွေနဲ့ စကားမပြောဘူးဆိုတဲ့ စွပ်စွဲချက်နဲ့တော့ အင်န်အယ်လ်ဒီကို အပြစ်မတင်ထိုက်ပါဘူး။

## အားနည်းချက်တွေ ဖယ်ရှားရန်

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်လ်ဒီအပေါ်မှာ ပြည်သူတွေသဘောရိုးနဲ့ အားမလိုအားမရဖြစ်နေကြရတဲ့ အဓိကအကြောင်း ရင်းတွေ ရှိနေပါတယ်။ ထိုအကြောင်းရင်းတွေထဲက အချို့ကတော့

၁။ NLD မှာ ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းက ခေါင်းဆောင်မှု ပေးနေရသလို ဖြစ်နေခြင်း။

၂။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျန်ခေါင်းဆောင်တွေအကြားမှာ နိုင်ငံရေး အရည်အသွေး ကွာဟမှုများနေခြင်း။

၃။ NLD ပါတီတွင်းမှာ ဒုတိယတန်း၊ တတိယတန်း (Second Line, Third Line) ခေါင်းဆောင်တွေ ပေါ်ထွက်မလာခြင်း။

၄။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ဟာလည်း အလုပ်တာဝန်တွေ အလွန်များခြင်း။ (အလုပ်တာဝန်တွေ ပိနေတယ်လို့ပင် ပြောလို့ ရနိုင်မယ်ထင်ပါတယ်)

၅။ အထက်ပါ အကြောင်းအချက်တွေကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ တိုင်းရင်းသားနဲ့ လူထုရေးရာကိစ္စရပ်တွေ ပေါ်ပေါက်လာတဲ့အခါမှာ အင်န်အယ်လ်ဒီအနေနဲ့ အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်နိုင်မှုအားနည်း ခြင်းတွေပဲ ဖြစ်ပါတယ်။

စံပယ်စာအုပ်

သို့ပေမယ့် ထိုအားနည်းချက်တွေဟာ လာမယ့်ဖေဖော်ဝါရီမှာ ကျင်းပမယ်လို့သိရတဲ့ အင်န်အယ်လ်ဒီဗဟိုညီလာခံရဲ့ နောက်ပိုင်းမှာတော့ ပျောက်ကွယ်သွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

တကယ်တော့ ထိုကပါးရိုကပါးရေးနေသူတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးသမိုင်းကို မသိမဟုတ် သိကြသူတွေပဲ ဖြစ်မှာပါ။

ဒေါ်စုဟာ ရှစ်လေးလုံးအရေးတော်ပုံစကတည်းက မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိရေးအတွက်၊ လူ့အခွင့်အရေးအတွက်၊ အာဏာရှင်စနစ် နိဂုံးချုပ်ရေးအတွက် ဘဝတစ်ခုလုံးကိုပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့သူ၊ တိုက်ပွဲဝင်နေသူ ဖြစ်ပါတယ်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ အာဏာရှင်စနစ် နိဂုံးချုပ်ရေးဆိုတဲ့ တိုက်ပွဲခေါင်းစဉ်အောက်မှာ လက်ပံတောင်းတောင်ကိစ္စ၊ ကချင်ပြည်နယ်စစ်ပွဲတွေကိစ္စတွေ အကုန်ပါဝင်ပြီးဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အထက်ပါရည်မှန်းချက်တွေ အောင်မြင်ဖို့ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ အကြမ်းမဖက်တဲ့နည်းလမ်းနဲ့ တိုက်ပွဲဝင်နေသူ ဖြစ်တယ်ဆိုတာကိုတော့ မမေ့ကြဖို့လိုပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၃၁
ဇန်နဝါရီ၊ ၂၀၁၃

## လက်ပံတောင်းတောင်ဟာ ဒီမိုကရေစီ လမ်းခွဲဖြစ်လာမယ့် နေရာတစ်ခုလား

နိုဝင်ဘာ ၂၉ ရက်နေ့မှာ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်မှာရှိတဲ့ ကြေးနီစီမံကိန်းကို ဆန္ဒပြနေကြတဲ့ ဒေသခံ ပြည်သူတွေရဲ့ သပိတ်စခန်းတွေကို အာဏာပိုင်တွေက အင်အားသုံးဖြိုခွင်း ခဲ့တဲ့အတွက် ရဟန်းသံဃာတွေအပါအဝင် ပြည်သူအများ ထိခိုက်ဒဏ်ရာ ရခဲ့ကြတယ်။

သပိတ်သမားတွေကို နှိမ်နင်းရာမှာ ရဲတပ်ဖွဲ့ဝင်တွေဟာ မီးသတ် ပိုက်၊ မျက်ရည်ယိုဗုံးနဲ့ မီးလောင်ပေါက်ကွဲတဲ့ဗုံးတွေကို သုံးခဲ့ကြတယ်လို့ ဆိုတယ်။ ဆန္ဒပြသမားတွေဘက်ကတော့ ရဲတွေက မီးလောင်ဗုံးတွေနဲ့ပစ်ခတ် တဲ့တွက် မိမိတို့ရဲ့ ကိုယ်ခန္ဓာတွေ၊ လက်တွေမှာ၊ အခြေပြားတွေမှာ မီးလောင် ခဲ့တယ်။ ဗုံးထိမှန်တဲ့ စောင်တွေ၊ အဝတ်အထည်တွေဟာလည်း မီးထ လောင်ခဲ့တယ်လို့ ပြောဆိုကြတယ်။

တကယ်တော့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ရပ်ဆိုင်း ပစ်ဖို့ ဒေသခံတောင်သူလယ်သမားတွေ ဆန္ဒပြနေကြတာ လေးလခန့်ရှိခဲ့ ပါပြီ။

ကြေးနီသတ္တုထုတ်လုပ်မယ့် အဓိကလုပ်ငန်းကို မြန်မာ့ဝမ်ပေါင် ကုမ္ပဏီက ဆောင်ရွက်မှာဖြစ်ပြီး မြေသယ်တဲ့လုပ်ငန်းနဲ့ အခြားလုပ်ငန်း အချို့ကိုတော့ ထူးကုမ္ပဏီက ဆောင်ရွက်လျက်ရှိပါတယ်။

**အစိုးရထံမှ နှစ်ခြောက်ဆယ် လုပ်ပိုင်ခွင့်ရ**

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဟာ ယင်းစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်၊ မေလ ၃ ရက်ကစတင်ပြီး အစိုးရထံမှ နှစ်၆၀ ဂရန်နဲ့လွှဲပြောင်း လုပ်ပိုင်ခွင့်ရခဲ့တာပါ။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဟာ တရုတ်နိုင်ငံမှ မြန်မာဝမ်ပေါင် သတ္တုတူးဖော်ရေးကော်ပိုရေးရှင်း(Myanmar Wanbon Minning Coporation Limited) နဲ့ ဖက်စပ်အဖြစ်လုပ်ကိုင်ပြီး ၂၀၁၁ ခုနှစ် ဩဂုတ်လ ၃ ရက်မှာ လုပ်ငန်းတွေ စတင်ခဲ့တယ်။

၂၀၁၀ ပြည့်နှစ်အစပိုင်းမှာ တရုတ်နိုင်ငံမှ China North Industries Corp. (NORINCO) က မုံရွာကြေးနီစီမံကိန်းကို ဆက်လက်လုပ်ဆောင်မယ်လို့ကြေညာခဲ့ပြီး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့တယ်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနပိုင်ဆိုင်တဲ့ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကို လွှဲပြောင်းပေးခဲ့ပြီး အိုင်ဗင်ဟိုကပိုင်ဆိုင်တဲ့ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းကို NORINCO ရဲ့ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်တဲ့ ဝမ်ပေါင်ကုမ္ပဏီကို လွှဲပေးခဲ့ပါတယ်။ မြန်မာဝမ်ပေါင်ကုမ္ပဏီလီမိတက်ဟာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၉၉၇ သန်းကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသွားမယ်လို့ ယင်းကုမ္ပဏီက ကြေညာခဲ့တယ်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကတော့ ယင်းကုမ္ပဏီနဲ့ ထုတ်လုပ်မှုခွဲဝေခြင်းစနစ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

ဒါ့အပြင် သတ္တုတွင်းဝန်ကြီးဌာနက မြန်မာ့နိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ကို စံပယ်တောင်၊ စံပယ်တောင်(တောင်ဘက်)နဲ့ ကြေးစင်တောင် ကြေးနီသတ္တုတွင်းလုပ်ငန်းအတွက် ထုတ်လုပ်ခွင့်ပြုကာလ ၂၅ နှစ်၊ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းလုပ်ငန်းအတွက် သတ္တုတွင်းထူထောင်မှုကာလ သုံးနှစ်နဲ့ထုတ်လုပ်ခွင့်ပြုကာလ ၂၅ နှစ် စုစုပေါင်း ၂၈ နှစ် ထုတ်လုပ်ခွင့်ပြုခဲ့ပါတယ်။

## မြေတွေ သိမ်းယူခဲ့

ယင်းသတ္တုတွင်းလုပ်ငန်းတွေအတွက် ယခင်က စံပယ်တောင်၊ စံပယ်တောင်(တောင်ဘက်)၊ ကြေးစင်တောင်၊ ကြေးနီသတ္တုတွင်းအတွက် စုစုပေါင်းမြေဧရိယာ ၆၂၅၃ ဒသမ ၀၄ ဧက (၂၅ ဒသမ ၃၀၆ စတုရန်းကီလိုမီတာ သုံးမိုင်ပတ်လည်ကျော်) ကို သိမ်းယူခဲ့တယ်။

ယခု လက်ပံတောင်းတောင် သတ္တုတွင်းအတွက် စုစုပေါင်းမြေဧရိယာ ၇၈၆၇ ဧက ( ၃၂ ဒသမ ၁၆ စတုရန်းကီလိုမီတာ၊ သုံးမိုင်ခွဲပတ်လည်) ကို ထပ်မံသိမ်းယူခဲ့တယ်။ ယင်းသို့ သိမ်းယူခံခဲ့ရတဲ့ နယ်မြေအတွင်းက ကျေးရွာတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေ ရွှေ့ပြောင်းခံခဲ့ကြရတယ်လို့ သိရပါတယ်။ ဒေသခံပြည်သူတွေဟာ မိမိတို့ဘိုးစဉ်ဘောင်ဆက်က စတင်ကာနေထိုင်ခဲ့ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက တပင်တပန်းနဲ့ မြေရိုင်းတွေကို ဖော်ထုတ်၊ လယ်ယာမြေဖြစ်အောင် လုပ်ခဲ့ကြရပေမယ့် စီမံကိန်းတွေအတွက် အသိမ်းခံရတဲ့အခါမှာ လျော်ကြေးဟုတ်တိပတ်တိ မရခဲ့ကြပါဘူး။

ဒေသခံတောင်သူတွေဟာ နှစ်ရှည်ပင်တွေကို ခုတ်လှဲဈေးဖြင့်လည်းကောင်း၊ လယ်ယာမြေတွေကို တစ်ဧကအပေါ် ပျမ်းမျှသီးနှံအတွက်နှုန်းရဲ့သုံးဆနှုန်းနဲ့သာ လျော်ကြေးရရှိခဲ့ပါတယ်။ ဒါ့အပြင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ စွန့်ပစ်ပစ္စည်းတွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခဲ့တယ်။ ဒေသခံပြည်သူတွေရဲ့ကျန်းမာရေးဟာလည်း ထိခိုက်ကြောင်းကို သိရပါတယ်။

## ဒေသခံပြည်သူတွေ ဆန္ဒပြကန့်ကွက်

ထိုအချက်တွေကြောင့် ဒေသခံတောင်သူလယ်သမားတွေနဲ့ ပြည်သူတွေဟာ လွန်ခဲ့တဲ့ဩဂုတ်လကစပြီး လက်ပံတောင်းတောင် စီမံကိန်းလုံးဝရပ်ဆိုင်းရေးအတွက် ဆန္ဒပြကန့်ကွက်မှုတွေ လုပ်ခဲ့ကြတယ်။

စံပယ်စာအုပ်

လက်ပံတောင်းတောင်မှာ ပေါ်ပေါက်နေတဲ့ ဒေသခံတွေရဲ့ မြေသိမ်းတိုက်ပွဲကို ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများ၊ ပြည်သူ့အကျိုးဆောင်ကွန်ရက်၊ ဝိဇ္ဇာသိပ္ပံကျောင်းသားများကွန်ရက်စတဲ့ အဖွဲ့အစည်းတွေနဲ့ အခြားသော နိုးကြားတက်ကြွသူတွေ၊ သဘာဝပတ်ဝန်းကျင်ပညာရှင်တွေက ကူညီခဲ့ကြတယ်။

လက်ပံတောင်းတောင် ဆန္ဒပြပွဲတွေ ဖြစ်ပွားခဲ့တဲ့ ကာလတစ်လျှောက်မှာ မြေသိမ်းခံတောင်သူလယ်သမားတွေနဲ့ ပြည်သူတွေဟာ ကြေးနီစီမံကိန်းအနီးမှာ ဆန္ဒပြမှုတွေကို ဆက်တိုက်လုပ်ခဲ့ကြတယ်။ 'ကျေးရွာပိုင်လယ်ယာ မြေမည်သူမျှ လုံးဝမကျူးကျော်ရ' ဆိုတဲ့ ဆိုင်းဘုတ်တွေစိုက်ထူပြီး ဆန္ဒပြခဲ့ကြတယ်။ မုံရွာမြို့ပေါ်မှာလည်း ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ လုပ်ခဲ့ကြတယ်။

## သဘောတူညီချက်ကို ဖောက်ဖျက်ခဲ့ကြ

ဒီကာလအတွင်းမှာ တောင်သူတွေနဲ့ လက်ပံတောင်းတောင်စီမံကိန်းမှ တာဝန်ရှိသူတွေ ညှိနှိုင်းဆွေးနွေးတာတွေ လုပ်ခဲ့ကြပါသေးတယ်။ ညှိနှိုင်းဆွေးနွေးရာမှာ လယ်သမားတွေရဲ့ တောင်းဆိုချက်တွေထဲက 'ညှိနှိုင်းဆွေးနွေးနေစဉ်မှာ စီမံကိန်းကို ရပ်တန့်ထားဖို့'နဲ့ 'စွန့်ပစ်မြေတွေကို လယ်ယာမြေတွေပေါ်မှာ မပုံဖို့' ဆိုတဲ့ အချက်နှစ်ချက်ကို စီမံကိန်းပါ တာဝန်ရှိသူတွေက သဘောတူခဲ့ကြတယ်။

သို့ပေမယ့် နောက်ပိုင်းမှာတော့ သဘောတူညီချက်ကို ဖောက်ဖျက်ပြီး စီမံကိန်းကို ဆက်လုပ်ခဲ့ကြတဲ့အတွက် တောင်သူလယ်သမားတွေရဲ့ ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒေသခံတွေရဲ့ လှုပ်ရှားမှုတွေ စတင်ချိန်ကစပြီး ဝမ်ပေါင်ကုမ္ပဏီဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို နေ့တွက်စရိတ်ထောက်ပံ့ပြီး လုံခြုံရေးယူခဲ့တယ်လို့ ကြားသိရတယ်။

လွန်ခဲ့တဲ့ နိုဝင်ဘာ တတိယပတ်အစလောက်မှာတော့ အမျိုးသား

ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် မုံရွာကို သွား ရောက်မယ်ဆိုတဲ့သတင်း ထွက်ပေါ်လာပါတယ်။

**အင်အားသုံးဖြိုခွဲခဲ့**

ဒီနောက် နိုဝင်ဘာ ၂၉ ရက် နံနက်အကူးမှာတော့ လက်ပံတောင်းတောင် သပိတ်စခန်းတွေကို အစိုးရဘက်က အင်အားသုံးကာ ဖြိုခွဲခဲ့ပါတယ်။ သပိတ်စခန်းတွေပျက်ခဲ့ရပြီး သပိတ်မှောက်တောင်သူတွေဟာ နောက်ဆုတ်ခဲ့ရပါတော့တယ်။

တကယ်တော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နဲ့ အချို့သောနိုင်ငံတွေက မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ကို ရောက်နေပြီလို့ ပြောဆိုကာ လက်ခုပ်တီး၊ လက်ခေါက်မှုတ်ကာ ချီးကျူးထောမနာ ပြုနေတဲ့အချိန်၊ သမ္မတ ဦးသိန်းစိန်ကိုလည်း နိုဘယ်ငြိမ်းချမ်းရေးဆုအတွက်ပင် စဉ်းစားခဲ့တာ သိပ်မကြာလှသေးတဲ့အချိန်၊ အမေရိကန်နိုင်ငံရေးလောကမှ Foreign Policy Magazine ကြီးက ကမ္ဘာ့ထိပ်တန်းအတွေးအခေါ်ရှင် ၁၀၀ စာရင်းမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ကို နံပါတ်တစ်နေရာမှာ ပူးတွဲဖော်ပြခံရတဲ့အချိန်၊ ထိုအချိန်မျိုးမှာမှ လက်ပံတောင်းတောင် သပိတ်စခန်းတွေကို အင်အားသုံးချေမှုန်းခဲ့တာပါ။

ဒီမိုကရေစီနိုင်ငံရေးမှာ ပြဿနာတစ်ခုပေါ်ပေါက်လာခဲ့ရင် ကာယကံရှင်အချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့နည်းနဲ့ လွှတ်တော်တွင်းမှာ ဆွေးနွေးအဖြေရှာတဲ့ နည်းလမ်းတွေကိုသာ သုံးသင့်တာပါ။

ယခု လက်ပံတောင်းတောင်ကိစ္စကို လေ့လာမယ်ဆိုရင် တာဝန်ရှိသူတွေဟာ စေ့စပ်ညှိနှိုင်းမှု တကယ်စေတနာပါပါနဲ့မလုပ်ခဲ့တာ တွေ့နိုင်ပါတယ်။ လွန်ခဲ့တဲ့ သုံးလခန့်က တောင်သူလယ်သမားတွေဟာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ သွားရောက်တွေ့ဆုံခဲ့ပေမယ့် အုပ်ချုပ်ရေးမှူးက လယ်သမားတွေနဲ့ မဆွေးနွေးခဲ့ဘူးလို့ သတင်းတစ်ပုဒ်က ဆိုတယ်။

ဒါ့အပြင် ကြေးနီစီမံကိန်းနဲ့ပတ်သက်ပြီး ဒေသခံတွေနဲ့ ပြောဆိုဆွေးနွေးတဲ့အခါမှာလည်း အာဏာပိုင်တွေဟာ အထက်စီးမှ ခြိမ်းခြောက်ပြောဆိုတဲ့ပုံစံတွေကိုသာ တွေ့ရှိရပါတယ်။

ယနေ့ ကမ္ဘာ့စီးပွားရေးဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြောင်းလဲနေပါတယ်။ ဒါ့ကြောင့် ယနေ့သဘာဝပတ်ဝန်းကျင် ပညာရှင်တွေအကြားမှာ 'စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင် ဘယ်ဟာကို ရွေးမလဲ'ဆိုတဲ့ မေးခွန်းတစ်ခု ပေါ်ပေါက်နေပါတယ်။

ထိုမေးခွန်းအပြင် (အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို ဒီမိုကရေစီသန္ဓေသားလောင်းဘဝမှာသာရှိသေးတဲ့ နိုင်ငံမျိုးတွေနဲ့ ဒီမိုကရေစီ လုံးဝကင်းမဲ့တဲ့ နိုင်ငံတွေအတွက်) 'စီးပွားရေးနဲ့ ဒီမိုကရေစီ ဘယ်ဟာရွေးမလဲ' ဆိုတဲ့စကားကိုပင် တီထွင်ပြဋ္ဌာန်းရမယ့် သဘောရှိနေပါတယ်။

ယနေ့အစိုးရရဲ့ တာဝန်ရှိသူတွေကလည်း 'သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မယ်ဆိုရင် စီးပွားရေးအရ ဘယ်လောက်ပဲ အကျိုးအမြတ်ရှိရှိ မလုပ်ဘူး'လို့ ပြောခဲ့ဖူးပါတယ်။ အလားတူပဲ ဒီမိုကရေစီကို ထိခိုက်ပျက်စီးစေမယ်ဆိုရင်လည်း အထက်ပါအတိုင်းပဲ သဘောထားသင့်ပါတယ်။

## ဘယ်သူတွေ တကယ်အကျိုးအမြတ်ရှိသလဲ

ဒါ့အပြင် လက်ပံတောင်းတောင်စီမံကိန်းရဲ့ အကျိုးအမြတ်ပြဿနာကိုလည်း စဉ်းစားသင့်တယ်။ လက်ပံတောင်းတောင် ကြေးနီသိုက်မှ ကြေးနီ ၀ ဒသမ ၃၈ရာခိုင်နှုန်းပါဝင်တဲ့ ကြေးနီသတ္တုရိုင်းတန်ချိန်စုစုပေါင်း ၁၄၇၈ သန်းခန့် ရရှိနိုင်တယ်။ သေချာတဲ့ကြေးနီပမာဏ ၀ ဒသမ ၄၄ ရာခိုင်နှုန်းပါဝင်တဲ့ ကြေးနီသတ္တုရိုင်းတန်ချိန်စုစုပေါင်း ၅၇၇ သန်းခန့်လည်း ထွက်ရှိနိုင်ပါတယ်။

လက်ပံတောင်းတောင် ကြေးနီလုပ်ငန်းဟာ တရုတ်ကုမ္ပဏီအတွက် မြစ်ဆုံရေကာတာထက်ပင် အကျိုးအမြတ်ရှိမယ့် လုပ်ငန်းပါ။

ထိုအကျိုးအမြတ်တွေကို ခွဲယူရာမှာလည်း နိုင်ငံတော်က ၁၆ ဒသမ ၈ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်က ၁၃ ဒသမ ၈ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသူက ၁၃ ဒသမ ၃၃ ရာခိုင်နှုန်း ရရှိမှာပါ။ ထုတ်လုပ်မှုကုန်ကျစရိတ်ကိုတော့ ၅၆ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။

ဒီနေရာမှာ စဉ်းစားစရာကတော့ ယခုလုပ်တဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို သတ္တုတွင်းဝန်ကြီးဌာနဟာ ယခင်က မြန်မာအိုင်ဗင်ဟိုကုမ္ပဏီနဲ့လုပ်ခဲ့သလို ဘာကြောင့်မိမိကိုယ်တိုင် မလုပ်တာလဲဆိုတဲ့အချက်ပါဘဲ။ အကယ်၍ သတ္တုတွင်းဝန်ကြီးဌာနကိုယ်တိုင်နဲ့လုပ်ခဲ့ရင် အကျိုးအမြတ်အားလုံးဟာ နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ တိုက်ရိုက်ရောက်ရှိသွားမှာပါ။

လက်ပံတောင်းတောင်မှာ ယခုလိုပြဿနာတွေ ဖြစ်နေရတာကတော့ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဆွေးနွေးညှိနှိုင်းမှုအားနည်းခြင်း၊ အာဏာပိုင်တွေမှာ ယခင်ကထားရှိခဲ့တဲ့ သဘောထားဟောင်းတွေ၊ အမူအကျင့်ဟောင်းတွေ ရှိနေသေးခြင်း၊ ပြည်သူလူထုကို အထင်သေးခြင်း၊ တန်းတူရည်တူ မဆက်ဆံနိုင်ခြင်း၊ တရုတ်ရဲ့အကျိုးစီးပွားနဲ့ မိမိတို့ကိုယ်တိုင်ရဲ့အကျိုးစီးပွားတွေကို အကာအကွယ်ပေးနေခြင်းစတဲ့ အချက်တွေကြောင့်ပဲ ဖြစ်ပါတယ်။

တကယ်တော့ စစ်တပ်အင်အား သန်းချီရှိတဲ့တရုတ်နိုင်ငံဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်ကစပြီး စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို ဖျက်သိမ်းခဲ့ပြီးဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီမိုကရေစီကို အမှန်တကယ် သွားချင်တယ်ဆိုရင်တော့ ဒီမိုကရေစီနဲ့ လိုက်လျောညီထွေရှိတဲ့ စီးပွားရေးကျင့်စဉ်တွေ၊ နိုင်ငံရေးကျင့်စဉ်တွေကို ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ လုပ်ဆောင်ရမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း စစ်တပ်စီးပွားရေးလုပ်ငန်းတွေဟာ ရှိသင့်သေးရဲ့လားဆိုတာ စဉ်းစားသင့်ပါတယ်။

စံပယ်စာအုပ်

ယနေ့အချိန်မှာ ဒီမိုကရေစီနောက်ကြောင်း ပြန်လှည့်မှာကိုတော့ ပြည်သူတွေ မလိုလားကြတာ အမှန်ပါ။ လက်ပံတောင်းတောင်ဟာ ဒီမိုကရေစီလမ်းကြောင်းမှ ခွဲထွက်သွားမယ့် လမ်းခွဲတစ်ခု မဖြစ်သင့်ပါဘူး။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၂၃
ဒီဇင်ဘာ၊ ၂၀၁၂

## သျှောင်ထုံးတွေ ပြယ်စေ၊ တောင်လုံးတွေလည်း ကွယ်စေလို့ ဆိုလေရော့သလား

**လက်ပံတောင်းတောင် သုံးသပ်ချက်**

နိုင်ငံတော် သမ္မတရုံးရဲ့အမိန့်နဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့ကဖွဲ့စည်းခဲ့တဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာ ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်နေ့က ထွက်ပေါ်လာခဲ့ပါတယ်။

အဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းထားတဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ စုံညီအစည်းအဝေးတွေ ခြောက်ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးနောက် အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံတင်ပြခဲ့ပြီး လူသိရှင်ကြား ထုတ်ပြန်ခဲ့တာ ဖြစ်တယ်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကော်မရှင်ဟာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို သုံးလကျော် သို့မဟုတ် ရက်သတ္တတစ်ဆယ့်သုံးပတ်ခန့် အချိန်ယူပြီး စုံစမ်းစစ်ဆေးကာ ယခုအစီရင်ခံစာကို ထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ ပြောရမှာပါ။

ကော်မရှင်ဟာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရာမှာ (က) ကြေးနီစီမံကိန်းကို ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နိုင်ငံတကာပြဋ္ဌာန်းချက်တွေ၊ ဆောင်ရွက်သင့်တဲ့ နည်းပညာတွေကိုအသုံးပြုပြီး ဆောင်ရွက်ခြင်း ရှိမရှိ

(ခ) ကြေးနီစီမံကိန်းကြောင့် လူမှုဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနဲ့ ဆိုးကျိုး သက်ရောက်မှုများ။ (ဂ) ကြေးနီစီမံကိန်းဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနဲ့ အနာဂတ်မျိုးဆက်တွေအတွက် အကျိုး ရှိ၊ မရှိ။ (ဃ) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဥပဒေစိုးမိုးရေးဆိုင်ရာ အကြံပြုချက်များ။ (င) စီမံကိန်းနဲ့ဆက်နွယ်ပြီး စိစစ်ရန်လိုတယ်လို့ ကော်မရှင်ကယူဆတဲ့ အကြောင်းအရာများ။ (စ) ကော်မရှင်ရဲ့ အထွေထွေသုံးသပ်ချက်နဲ့ အကြံပြုချက်များဆိုတဲ့ အချက်ခြောက်ချက်ပေါ်မှာ အခြေခံပြီး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့တာပါ။

**အကွက်စေ့စေ့ စုံစမ်းစစ်ဆေး**

ကော်မရှင်ဟာ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရာမှာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း တည်ရှိတဲ့ဒေသကို သွားရောက်ကွင်းဆင်းကာ စုံစမ်းစစ်ဆေးမှုတွေ လုပ်ခဲ့ကြောင်း သိရပါတယ်။ ယင်းသို့ စုံစမ်းစစ်ဆေးရာမှာ ကော်မရှင်အဖွဲ့ဝင်တွေဟာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူတွေနဲ့ရော စီမံကိန်းဒေသအတွင်းမှာရှိတဲ့ ကျေးရွာတွေမှ ဒေသခံတွေနဲ့ပါ တွေ့ဆုံမေးမြန်းမှုတွေ ပြုလုပ်ခဲ့တယ်။

ဒါ့အပြင် စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်တွေဟာ မြန်မာဝမ်ပေါင်ကော့ပါးလီမိတက်ရုံးကိုလည်း သွားရောက်ပြီး လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနဲ့စပ်လျဉ်းပြီး အကောင်အထည်ဖော် ဆောင်ရွက်မယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကဲဖြတ်မှု (EIA)၊ လူမှုဘဝအကဲဖြတ်မှု (SIA) တို့ကို ပြန်လည်သုံးသပ်မှုကိစ္စရပ်တွေကို ဒေသခံကျေးရွာလူထုအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာဝမ်ပေါင်ကော့ပါးလီမိတက်က ဆောင်ရွက်ပေးနေတဲ့ လူမှုရေး၊ ကျန်းမာရေး စတဲ့အချက်တွေကိုလည်း မေးမြန်းစစ်ဆေးမှုတွေ လုပ်ခဲ့တယ်လို့ ဆိုပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ စုံစမ်းစစ်ဆေးမှုတွေကို ပြုလုပ်ရာမှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်အရေး၊

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး၊ ဒေသခံတွေရဲ့ နေရေးထိုင်ရေး စတဲ့အချက်တွေအပြင် ရေကြည်ပြင်ရွာက အမျိုးသမီးကြီးတစ်ဦး ကျောက်မိုင်းခွဲမှုကြောင့် အုတ်ရေကန်ပြိုကျပြီး ဒဏ်ရာရခဲ့တဲ့ဖြစ်ရပ်အထိပင် စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာထဲမှာ ထည့်ရေးထားတာ တွေ့ရပါတယ်။

ဒါ့အပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ ၂၉ . ၁၁ . ၂၀၁၂ ရက်နေ့ နံနက် ၀၃း၀၀ နာရီအချိန်မှာဖြစ်ပွားခဲ့တဲ့ လက်ပံတောင်းတောင် သပိတ်စခန်းရှိ ရဟန်းသံဃာတွေနဲ့ အရပ်သားတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က မီးခိုးဗုံးတွေအသုံးပြုပြီး လူစုခွဲခဲ့တယ်ဆိုတဲ့ဖြစ်ရပ်နဲ့ ပတ်သက်လို့လည်း အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရတယ်။

**အစီရင်ခံစာ ဖော်ပြချက်အချို့**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် လူမှုဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနဲ့ဆိုးကျိုး သက်ရောက်မှုများကို အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ လက်ပံတောင်းတောင်ဒေသမှာ မျိုးသုဉ်း လုနီးပါး အပင်အမျိုးအစားတွေ မတွေ့ရဘူး။ ရှားပါးအပင် သို့မဟုတ် ကာကွယ်စောင့်ရှောက်သင့်တဲ့ အမျိုးအစားတွေ မတွေ့ရဘူးလို့ အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရတယ်။

ဒါ့အပြင် အစီရင်ခံစာ တစ်နေရာမှာတော့ အများသုံးရေချိုကို ကြေးနီစီမံကိန်းက ရယူသုံးစွဲထားတဲ့အတွက် သတ္တုသန့်စင်မှုနဲ့ စွန့်ပစ်ပစ္စည်းများကြောင့် ရေညစ်ညမ်းမှုဖြစ်နိုင်တယ်လို့ ဖော်ပြထားတယ်။ ဆက်လက်ပြီး အစီရင်ခံစာက လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနယ်မြေနဲ့ အနီးဝန်းကျင်ဒေသတွေရှိ မြေအောက်ရေတွေထဲမှာ၊ စီမံကိန်းနယ်မြေပြင်ပမှာရှိတဲ့ တွင်းများထက်ရော မြစ်ရေ၊ ချောင်းရေတွေထက် အက်စစ်ဓာတ်တွေ ပိုမိုပါဝင်နေတယ်လို့ ဆိုထားပါတယ်။

သို့ပေမယ့် အစီရင်ခံစာရဲ့ အခြားအပိုဒ်တစ်ခုမှာတော့ 'မြေအောက်ရေတွေမှာ အက်စစ်ဓာတ် ပိုမိုများပြားနေခြင်းဟာ အက်စစ်ဖြင့်ကြေးဖျော်

ထုတ်လုပ်မှုလုပ်ငန်းစဉ်ကြောင့် ဖြစ်နိုင်ပေမယ့်လည်း အဆိုပါလုပ်ငန်းနဲ့ ဆက်စပ်ခြင်းမရှိဘဲ သီးခြားတည်ရှိနေတဲ့ လက်ပံတောင်းတောင်ရဲ့ တောင်ဘက်နဲ့ အနောက်ဘက် ကျေးရွာတွေမှာရှိတဲ့ ရေတွင်းတွေမှာပါ အလားတူ အရည်အသွေးမျိုးကို တွေ့ရတယ်' လို့ ဖော်ပြထားပြန်ပါတယ်။

ဒ့ါအပြင် နောက်တစ်ပိုဒ်မှာတော့ 'ပြဒါးနဲ့ သံဓာတ်ပါဝင်မှုဟာ လက်ရှိကြေးနီစီမံကိန်းလုပ်ငန်းစဉ်တွေနဲ့ လည်းကောင်း၊ ယင်းက အသုံးပြုတဲ့ ဓာတ်ပြုပစ္စည်းတွေနဲ့ လည်းကောင်း တိုက်ရိုက်ဆက်စပ်မှုရှိတာကို မတွေ့ရဘူး' လို့ ဖော်ပြပြန်တယ်။

ကော်မရှင်အစီရင်ခံစာ တစ်နေရာမှာတော့ မြေသိမ်းဆည်းတဲ့ ဖြစ်စဉ်တွေမှာ အားနည်းမှုတွေရှိနေတဲ့အတွက် ထိုအချက်တွေကို ပြန်လည် ပြင်ဆင်ပြီး ဒေသခံတွေ နစ်နာမှုမရှိစေဖို့အတွက် ဖြည့်စွက်ပံ့ပိုးပေးတဲ့ အစီအမံတွေ ချမှတ်စေသင့်တယ်လို့ အကြံပေးထားပါတယ်။

ထိုအကြံပြုချက်ကိုထောက်ရင် ကော်မရှင်အနေနဲ့ မြေသိမ်းဆည်းမှုတွေကို ကန့်ကွက်ခြင်းမပြုဘဲ ဒေသခံတွေ နစ်နာမှုမရှိစေအောင် ဆောင်ရွက်ရေးဆိုတဲ့ သဘောထားသာ ရှိပုံရပါတယ်။

ဆက်လက်ပြီး အစီရင်ခံစာက 'ဒေသခံတွေ ဆုံးရှုံးသွားတဲ့လယ်မြေတွေကို အစားပေးတဲ့အနေနဲ့ အဆိုပါ ရွာတွေဝန်းကျင်မှာရှိတဲ့ မြေလွတ်မြေလပ် ၁၉၀၀ ကေခန့်ကို စိုက်ပျိုးနိုင်တဲ့မြေဖြစ်အောင် ပြုပြင်ပြီး ခွဲဝေပေးသင့်တယ်' လို့ အကြံပြုထားပြန်ပါတယ်။

**လယ်တီဆရာတော်တည်ထားခဲ့ကြောင်း**
**အထောက်အထား မတွေ့ဟုဆို**

သာသနိအဆောက်အအုံကိစ္စမှာတော့ ဒေသခံအများက ကြေးနီစီမံကိန်းပြုလုပ်တဲ့နယ်မြေဟာ ပထမလယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးတဲ့နယ်မြေဖြစ်တဲ့အတွက် လက်ရှိတောင်ကုန်းကလပ်ပေါ်မှာ တည်ရှိနေ

တဲ့စေတီနဲ့သိမ်တို့ဟာ ဆရာတော်ဘုရားကြီးတည်ထားတဲ့ အဆောက်အအုံတွေဖြစ်တဲ့အတွက် နေရာမပျက်ထားရှိသင့်တယ်လို့ ယူဆကြပါတယ်။

သို့ပေမယ့် ကော်မရှင်ကတော့ အဆိုပါ စေတီနဲ့သိမ်တို့ဟာ ပထမလယ်တီဆရာတော်ကြီးတည်ထားတဲ့ သာသနိကအဆောက်အအုံတွေဖြစ်ကြောင်း အထောက်အထားတွေ မတွေ့ရဘူးလို့ ငြင်းဆိုထားပါတယ်။

ကော်မရှင်ဟာ ပထမနည်းလမ်းနဲ့ပတ်သက်ပြီး 'ဤကြေးနီစီမံကိန်းမှ နိုင်ငံတော်အတွက် အကျိုးကျေးဇူးအချို့ရရှိသော်လည်း ဤမျှကြီးမားသောစီးပွားရေးလုပ်ငန်းမှ နိုင်ငံတော်အတွက် ယခုထက်ပိုပြီး အကျိုးကျေးဇူးရရှိသင့်ပါသည်'လို့ ဖော်ပြပြီး ကြေးနီစီမံကိန်းကို ယခုပုံစံအတိုင်း ဆက်မလုပ်သင့်ကြောင့် အကြံပြုထားတယ်။

ကြေးနီစီမံကိန်းကို ရပ်ဆိုင်းစေမယ့် ဒုတိယနည်းလမ်းနဲ့ပတ်သက်ပြီး ဖော်ပြရာမှာတော့ 'အစိုးရင်ခံစာက ထိုစီးပွားရေးလုပ်ငန်းကို ဖျက်သိမ်းမည်ဆိုပါက မြန်မာနိုင်ငံသည် ခွင့်ပြုထားသော သဘောတူစာချုပ်ကို လေးစားလိုက်နာခြင်းမရှိဟု ယူဆချက်များ ပေါ်ပေါက်နိုင်ပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံခြားအရင်းအနှီးဖိတ်ခေါ်ပြီး နိုင်ငံ၏စီးပွားရေး တိုးတက်မှုအတွက် ဆောင်ရွက်ရန်စီစဉ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသူနိုင်ငံခြားကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံလိုစိတ် လျော့နည်းသွားနိုင်ပါသည်။ နိုင်ငံတကာဆက်ဆံရေးရှုထောင့်မှကြည့်လျှင် နှစ်နိုင်ငံဆက်ဆံရေးတွင် ပြေလည်မှုမရှိသည့် အခြေအနေများ ပေါ်ပေါက်လာနိုင်ပါသည်'လို့ ဖော်ပြထားပါသည်။ ဒါ့အပြင် အစီရင်ခံစာမှာ ကြေးနီလုပ်ငန်းကို တစ်ဖက်သတ်မရပ်သင့်ဘူးလို့ ယူဆကြောင်း ဖော်ပြထားပါတယ်။ ကော်မရှင်ရဲ့တတိယ အကြံပြုချက်ကတော့ စီမံကိန်းရဲ့အားနည်းချက်တွေကို ပြုပြင်ပြီး ဒေသခံတွေ မနစ်နာအောင်ဆောင်ရွက်ကာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားတဲ့စာချုပ်ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုပြီး ကြေးနီ စီမံကိန်းကို ဆက်လုပ်ရေးပဲ ဖြစ်တယ်။

**ဒေသခံတွေက သဘောမတူ**

အစီရင်ခံစာကို လေ့လာရာမှာ ကော်မရှင်ဟာ လက်ပံတောင်းတောင်ပြဿနာကိုတတ်နိုင်သမျှ ပြည့်ပြည့်စုံစုံ လေ့လာထားပြီး တတ်နိုင်သမျှ ကြားကျကျ ရေးသားဖော်ပြဖို့ ကြိုးစားထားတာ တွေ့ရပါတယ်။

သို့ပေမယ့်လည်း ကော်မရှင်ဟာ ခေတ်ဟောင်း၊ စနစ်ဟောင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ပြဿနာတစ်ရပ်ကို ခေတ်သစ်တစ်ရပ်ဆီကို ကူးပြောင်းဖို့ တာစူနေချိန်မှာ ကိုင်တွယ်ရတဲ့အတွက် အဆင်မပြေမှုတွေရှိနေတာ တွေ့ရပါတယ်။

ကော်မရှင်ဟာ ဒေသတွင်းရှိ ခအောင်ချမ်းစည်ရွာ၊ ဝါးတန်းကျေးရွာ၊ တည်ပင်ကျေးရွာ၊ ဇက်မှေးကျေးရွာ၊ ရွာသစ်ကျေးရွာ စတဲ့ ကျေးရွာတွေမှ ပြည်သူတွေနဲ့ တွေ့ဆုံခဲ့ရာမှ ဒေသခံပြည်သူတွေရဲ့ သဘောထားဟာ တောင်မပျောက်ရေး၊ မိမိတို့ရဲ့လယ်ယာမြေတွေကို မသိမ်းရေးဆိုတဲ့ သဘောထားကို ပေးခဲ့ကြကြောင်း တွေ့ရတယ်။

ကော်မရှင်ရဲ့ တင်ပြချက်တစ်ခုဖြစ်တဲ့ နိုင်ငံတော်အတွက် ယခုထက် ပိုမိုအကျိုးကျေးဇူး ရရှိသင့်တယ်ဆိုတဲ့ တင်ပြချက်ကတော့ လုံးဝမှန်ကန်ပါတယ်။ လက်ရှိအတိုင်းဆိုရင် နိုင်ငံတော်ဟာ ခိုင်ကြေး ၄ ရာခိုင်နှုန်းနဲ့ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်းတို့ကိုသာ ရရှိမှာဖြစ်တယ်။ နောက်ဆုံး ဝင်ငွေခွဲရာမှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ၅၁ ရာခိုင်နှုန်းနဲ့ ဝမ်ပေါင်ကုမ္ပဏီက ၄၉ ရာခိုင်နှုန်း ရရှိမှာပါ။

ဒါ့ကြောင့် နိုင်ငံတော်အတွက် လက်ပံတောင်းစီမံကိန်းမှ ရရှိမယ့်အကျိုးအမြတ်ဟာ အလွန်နည်းတယ်လို့ ဆိုရမှာပါ။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဟာ လွန်ခဲ့တဲ့တစ်ခေတ်တုန်းက မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကို လုပ်ပိုင်ခွင့်ချပေးခဲ့တဲ့စီမံကိန်းသာ ဖြစ်တယ်။ အကယ်၍ အိုင်ဗင်ဟိုကုမ္ပဏီနဲ့လုပ်တုန်းကလို သတ္တုတွင်းဝန်ကြီးဌာနက တိုက်ရိုက်လုပ်ရင်တော့ နိုင်ငံတော်အတွက် သပိတ်ဝင်၊ အိတ်ဝင် အကျိုးကျေးဇူးတွေ ခံစားရမှာပါ။

ယခုအခါမှာ ဝမ်ပေါင်ကုမ္ပဏီနဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ချုပ်ဆိုထားတဲ့စာချုပ်ဟာ ထုတ်လုပ်မှုမျှဝေတဲ့ ကန်ထရိုက် (Production Sharing Contract) ဖြစ်တဲ့အတွက် ထွက်ရှိလာမယ့် ကြေးနီတွေကို ဘယ်လိုခွဲဝေမယ်ဆိုတာကို မသိရတဲ့အချက်ကိုလည်း အစီရင်ခံစာက ထောက်ပြထားပါသေးတယ်။

## နိုင်ငံခြားကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံလိုစိတ်မလျော့နိုင်ပါ

ကော်မရှင်ရဲ့အကြံပြုချက်မှာ ဖော်ပြထားတဲ့ '(အပိုဒ် ၈၅ (ခ)) စီးပွားရေးလုပ်ငန်းကို ဖျက်သိမ်းရင် မြန်မာနိုင်ငံဟာ ခွင့်ပြုထားတဲ့သဘောတူစာချုပ်တွေကို လေးစားလိုက်နာခြင်းမရှိဘူးဆိုတဲ့ ယူဆချက်တွေ ပေါ်ပေါက်လာနိုင်တယ်၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ ရင်းနှီးမြှုပ်နှံလိုစိတ် လျော့နည်းသွားနိုင်တယ်' ဆိုတဲ့အချက်ကတော့ အငြင်းပွားစရာ ဖြစ်ပါတယ်။

ဝမ်ပေါင်ကုမ္ပဏီနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ဟာ ပွင့်လင်းမြင်သာမှု မရှိတဲ့ခေတ်မှာ ချုပ်ဆိုခဲ့တဲ့စာချုပ်တစ်ရပ် ဖြစ်တယ်ဆိုတာကို နိုင်ငံခြားတိုင်းပြည်တွေကရော၊ နိုင်ငံခြားကုမ္ပဏီတွေအားလုံးကပါ သိကြမယ်ဆိုတာကို အထူးပြောစရာမလိုပါဘူး။

အကယ်၍ ဝမ်ပေါင်ကုမ္ပဏီနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ကို ဖျက်သိမ်းလိုက်ရင် အခြားနိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ ရင်းနှီးမြှုပ်နှံလိုစိတ်တွေ လျော့သွားနိုင်တယ်ဆိုတဲ့ အချက်ကတော့ မမှန်ပါဘူး။ မြန်မာနိုင်ငံသာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဖြောင့်ဖြောင့်မတ်မတ် လျှောက်လှမ်းမယ်ဆိုရင် အားပေးမယ့်နိုင်ငံတွေ အများအပြားရှိနေမှာပါ။

ဒါ့အပြင် ကော်မရှင်ဟာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနဲ့ ပတ်သက်ပြီး လေ့လာသုံးသပ်ရာမှာ နိုင်ငံရေးအမြင်ရှုထောင့်ကို ဖောင်းပေးခြင်း မရှိတာတွေ့ရတယ်။

လက်ပံတောင်းတောင်ကိစ္စဟာ ဒေသခံပြည်သူတွေနဲ့သာ သက်ဆိုင်တာ မဟုတ်ပါဘူး။ မြန်မာပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်ပါတယ်။ ယခင် ခေတ်အဆက်ဆက်တွေတုန်းကလည်း ပြည်သူတွေဟာ 'နိုင်ငံတော်အတွက်'လို့ ကြွေးကြော်ခေါင်းစဉ်တပ်ကာလုပ်ခဲ့တဲ့ စီမံကိန်းမှန်သမျှအတွက် ဘယ်လိုအကျိုးခံစားခွင့်မှ ထင်သာမြင်သာရှိစွာ မရရှိ မခံစားခဲ့ကြရပါဘူး။ ထိုအဖြစ်တွေများလာတဲ့အတွက် ပြည်သူတွေအနေနဲ့ နိုင်ငံတော်ဆိုတဲ့ လုပ်ငန်းတွေအပေါ်မှာ ယုံကြည်မှုလျော့ပါးလာပါတယ်။

ယခု လက်ပံတောင်းတောင် ကြေးနီစီမံကိန်းပြဿနာကို ဖြေရှင်းရာမှာ နိုင်ငံရဲ့အနာဂတ်၊ ပြည်သူတွေရဲ့အနာဂတ်အတွက် စံနမူနာပြလုပ်ရပ်တစ်ခု ဖြစ်သင့်ပါတယ်။ ကျေးဇူးရှင်မို့ ကျေးဇူးဆပ်ရတဲ့ သဘောမျိုးတော့ မဖြစ်သင့်ပါဘူး။

ပြည်သူ့ခေတ်ဂျာနယ်၊<br>
အတွဲ ၃၊ အမှတ် ၁၃၀<br>
မတ်၊ ၂၀၁၃

## ရှစ်လေးလုံး အရေးတော်ပုံ ဘာကြောင့် ဇာတ်မျောခဲ့ရသလဲ

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ဟာ မြန်မာနိုင်ငံရဲ့သမိုင်းကို ဆိုးဆိုးဝါးဝါး ပြောင်းလဲသွားစေခဲ့တဲ့ နေ့တစ်နေ့ပါ။ ထိုနေ့၊ ထိုရက်ကစတင်ပြီး ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တစ်မတ်ဖိုးလောက်သာရှိခဲ့တဲ့ ဒီမိုကရေစီဟာ ဆိတ်သုဉ်းသွားခဲ့ရတယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီး နေဝင်းက ၁၉၆၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ဝန်ကြီးချုပ် ဦးနုရဲ့ ပြည်ထောင်စုပါတီအစိုးရထံမှ အာဏာသိမ်းကာ တော်လှန်ရေးကောင်စီအစိုးရကို ဖွဲ့စည်းထူထောင်ခဲ့တယ်။

တော်လှန်ရေးကောင်စီခေတ်ဟာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှ ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်အထိ ကြာညောင်းခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်းက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့တဲ့ တော်လှန်ရေးကောင်စီဟာ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုဖျက်သိမ်းပြီး တော်လှန်ရေးကောင်စီရဲ့ အမိန့်ကြေညာချက်တွေကိုထုတ်ပြန်ကာ နိုင်ငံကို အုပ်ချုပ်ခဲ့တယ်။

ဗိုလ်ချုပ်ကြီး နေဝင်းဟာ ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ထူထောင်ကာ တစ်ပါတီအာဏာရှင်စနစ်နဲ့ နိုင်ငံကို ဆက်လက်အုပ်ချုပ်ခဲ့တယ်။ ထိုအချိန်မှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ

အခြေခံဥပဒေကို အတည်ပြုခဲ့ပြီးပါပြီ။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံဟာ 'ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်' ဖြစ်လာခဲ့ပြီး။ လမ်းစဉ်ပါတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ မှာ ဖော်ပြထားတဲ့ နိုင်ငံတော်ရဲ့ တစ်ခုတည်းသော တရားဝင်ပါတီဖြစ်လာခဲ့တယ်။

ဗိုလ်ချုပ်ကြီးရာထူးတာဝန်မှ အငြိမ်းစားယူကာ အရပ်ဝတ်လဲခဲ့တဲ့ ဦးနေဝင်းဟာလည်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ သမ္မတနဲ့ လမ်းစဉ်ပါတီရဲ့ ဥက္ကဋ္ဌကြီး ဖြစ်လာခဲ့ပါတယ်။

## ဆန္ဒပြတောင်းဆိုမှုတွေ ပေါ်ပေါက်ခဲ့

တော်လှန်ရေးကောင်စီခေတ်မှာ တပ်မတော်က အရာရာကို ချုပ်ကိုင်ထားခဲ့တယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာတော့ တပ်မတော်အရာရှိကြီးတွေနဲ့ အငြိမ်းစားတပ်မတော်အရာရှိကြီးတွေ အများစုပါဝင်တဲ့ ပါတီကောင်စီအဆင့်ဆင့်နဲ့ လမ်းစဉ်ပါတီအစိုးရတို့ဟာ နိုင်ငံတော်ရဲ့အာဏာသုံးရပ်ကို ချုပ်ကိုင်ခဲ့ကြတယ်။

သို့ပေမယ့် ထိုကာလတွေမှာပင် ဒီမိုကရေစီကိုလိုလားတဲ့ ပြည်သူတွေရဲ့ ဆန္ဒပြတောင်းဆိုမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

၁၉၇၄ ခုနှစ် ဇွန် ၆ ရက်မှာ အလုပ်သမားတွေရဲ့ ဆန္ဒပြသပိတ်မှောက်မှုတွေ ပေါ်ပေါက်ခဲ့တယ်။ အင်းစိန်ရထားစက်ခေါင်းရုံ၊ သမိုင်းချည်မျှင်နဲ့အထည်စက်၊ အုတ်ကျင်းဂုံနီစက်ရုံ၊ ဆင်မလိုက်သင်္ဘောကျင်း စတဲ့ အလုပ်ရုံ၊ စက်ရုံတွေမှာ ဆန်လုံလောက်အောင်ရရှိရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ အလုပ်သမားကောင်စီဖျက်သိမ်းပေးရေး စတဲ့ အချက်တွေကို တောင်းဆိုတဲ့ ဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့တယ်။

ထိုနှစ် ဒီဇင်ဘာလမှာပဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ရဲ့ ရှာပနအရေးအခင်း ပေါ်ပေါက်ခဲ့တယ်။

ဒီနောက် ၁၉၇၅ ခုနှစ် ဇွန် ၆ ရက်မှာ အဖမ်းခံနေရတဲ့ သံဃာတော်တွေ၊ အလုပ်သမားတွေနဲ့ ကျောင်းသားတွေ ပြန်လွှတ်ပေးရေးကို

တောင်းဆိုတဲ့ တက္ကသိုလ်ကျောင်းသားတွေရဲ့ ဆန္ဒပြပွဲတစ်ရပ် ပေါ်ပေါက်ခဲ့တယ်။

ဒီနောက် ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်မှာ တက္ကသိုလ်နဲ့ ကောလိပ်ကျောင်းသားတွေက ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ အသက်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ်ပြုလုပ်ခဲ့တဲ့ မှိုင်းရာပြည့်လှုပ်ရှားမှု ပေါ်ပေါက်ခဲ့ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ ၁၈၇၆ ခုနှစ် မတ်လ ၂၃ ရက်မှာ မွေးဖွားခဲ့တာပါ။ တော်လှန်ရေးကောင်စီအစိုးရနဲ့ လမ်းစဉ်ပါတီအစိုးရတို့ဟာ အထက်ပါ လှုပ်ရှားမှုတွေအားလုံးကို အကြမ်းဖက်နှိမ်နင်းခဲ့ပါတယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှ ၁၉၈၈ ခုနှစ် စက်တင်ဘာလအထိ နှစ်ကာလတွေအတွင်းမှာ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ အကြီးအကျယ် ကျဆင်းခဲ့တယ်။ အခြေခံပြည်သူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ဆန်၊ ဆီနဲ့ စားသောက်ကုန်၊ လူသုံးကုန်တွေ ရှားပါးမှုဟာ တစ်နေ့တခြား မြင့်တက်လာပါတယ်။ နိုင်ငံခြားကြွေးမြီတွေဟာလည်း တိုးပွားလာခဲ့တယ်။ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးဘဏ်တို့ကလည်း ကြွေးမြီတွေ ပြန်မဆပ်နိုင်တဲ့အတွက် နောက်ထပ်ချေးငွေတွေ ထုတ်မပေးဘဲထားခဲ့တယ်။

နိုင်ငံခြားကြွေးမြီပမာဏဟာ မြင့်တက်ခဲ့ပါတယ်။ ၁၉၈၅ ခုနှစ် ဝန်းကျင်မှာ မြန်မာနိုင်ငံရဲ့ ပြည်ပကြွေးမြီစုစုပေါင်းဟာ ဒေါ်လာကုဋေ ၃၀၀ လောက် ရှိခဲ့တယ်။ ထိုကာလမှာ နိုင်ငံခြားသုံးငွေနဲ့ အရန်ရွှေတန်ဖိုးဟာ ဒေါ်လာသန်း ၅၀ ဖိုးလောက်ပဲ ရှိပါတော့တယ်။

## ငွေစက္ကူတွေ တရားမဝင်ကြေညာ

တော်လှန်ရေးကောင်စီနဲ့ လမ်းစဉ်ပါတီခေတ်တွေမှာ နိုင်ငံရဲ့စီးပွားရေးဟာ တစ်နေ့တခြား ဆိုးဝါးလာတဲ့အတွက် အစိုးရဟာ နိုင်ငံအတွင်းမှာ တရားဝင်လှည့်လည်သုံးစွဲနေတဲ့ ငွေစက္ကူတွေကို တရားမဝင် ကြေညာခဲ့ပါတယ်။

၁၉၆၄ ခုနှစ် မေလ ၁၇ ရက်မှာ တစ်နိုင်ငံလုံးမှာ သုံးစွဲလျက်ရှိတဲ့ ကျပ်တစ်ရာတန်၊ ငါးဆယ်တန်ငွေတွေကို တရားမဝင်ကြေညာခဲ့တယ်။ ထိုငွေတွေရဲ့ပမာဏဟာ တစ်ပြည်လုံးမှာ သုံးစွဲတဲ့ငွေအားလုံးရဲ့ ၂၂ ရာခိုင်နှုန်း ဖြစ်တယ်။ တန်ဖိုးအားဖြင့် ကျပ် ၉၁၅၈ သန်းကျော် ရှိပါတယ်။

ထိုငွေတွေကို စည်းကမ်းသတ်မှတ်ချက်တွေနဲ့သာ ပြန်လဲပေးခဲ့တဲ့ အတွက် ပြည်သူတွေဟာ မိမိပိုင်ငွေတွေကို အပြည့်အဝလဲလှယ်ခွင့် မရခဲ့ ပါဘူး။

၁၉၈၅ ခုနှစ် နိုဝင်ဘာ ၃ ရက်မှာ ကျပ် ၁၀၀ တန် ငွေစက္ကူ တွေကို တရားမဝင်ကြောင်း ကြေညာခဲ့ပြန်ပါတယ်။ ကျပ်သန်းပေါင်း ၁၂၀၀ ကျော် အသိမ်းခံခဲ့ရပါတယ်။

၁၉၈၇ ခုနှစ် စက်တင်ဘာ ၅ ရက်မှာတော့ ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နဲ့ ၇၅ ကျပ်တန် ငွေစက္ကူတွေကို တရားမဝင် ငွေစက္ကူတွေအဖြစ် ကြေညာခဲ့တယ်။ ထိုငွေစက္ကူတွေ စုစုပေါင်းတန်ဖိုးဟာ နိုင်ငံအတွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးပမာဏရဲ့ ၈၀ ရာခိုင်နှုန်းရှိပြီး ကျပ်သန်း ပေါင်း ၆၅၀၀ ကျော် တန်ဖိုးရှိပါတယ်။

ထိုငွေတွေကိုတော့ လုံးဝပြန်လဲမပေးခဲ့ပါဘူး။ လမ်းစဉ်ပါတီအစိုးရ ဟာ ဦးစိုက်ကာထိုးကျနေတဲ့ နိုင်ငံရဲ့စီးပွားရေးကို ဘယ်လိုနည်းလမ်းနဲ့မှ ပြန်လည်ဦးမော့လာအောင် မလုပ်နိုင်ဘဲ ရှိခဲ့တယ်။ ဒါ့ကြောင့် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလမှာတော့ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်း ဝင် (LDC) အဖြစ်သို့ ရောက်ရှိသွားခဲ့ပါတယ်။

**အထွေထွေ မကျေနပ်မှုတွေ တိုးပွား**

မြန်မာတစ်နိုင်ငံလုံးမှာရှိကြတဲ့ အလွှာအသီးသီးက ပြည်သူတွေ ဟာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနဲ့အစိုးရတို့ကို အကြီးအကျယ် မကျေ မနပ် ဖြစ်လာကြတယ်။ ပြည်သူတွေရဲ့ စားဝတ်နေရေးဘဝတွေဟာလည်း အကြီးအကျယ် နိမ့်ကျလာခဲ့တယ်။

စံပယ်စာအုပ်

နိုင်ငံရဲ့ပညာရေးအဆင့်ဟာ သိသိသာသာ နိမ့်ကျလာပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေဟာလည်း လုံးဝကို ပျက်ယွင်းလာခဲ့ပါတယ်။

ပြည်သူတွေအကြားမှာ လမ်းစဉ်ပါတီအစိုးရအပေါ်မှာ အထွေထွေမကျေနပ်မှုတွေ တိုးပွားလာနေချိန်မှာပဲ ၁၉၈၈ ခုနှစ် မတ်လ ၁၃ ရက်မှာ စက်မှုတက္ကသိုလ်ကျောင်းသား အရေးအခင်းပေါ်ပေါက်လာခဲ့တယ်။

မတ်လ ၁၄ ရက်၊ ၁၆ ရက်နဲ့ ၁၈ ရက်တွေမှာ ဆန္ဒပြကျောင်းသားတွေရဲ့အင်အားဟာ ပိုမိုကြီးထွားလာခဲ့တယ်။ မတ်လ ၁၆ ရက်နဲ့ ၁၈ရက်တွေမှာ ပြည်သူတွေ ပူးပေါင်းပါဝင်လာကြတယ်။ ထိုအရေးအခင်းအတွင်းမှာ လုံထိန်းတပ်ဖွဲ့ရဲ့ ပစ်ခတ်နှိမ်နင်းမှုကြောင့် စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော်နဲ့ မောင်စိုးနိုင်တို့ သေဆုံးခဲ့ရပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ အင်အားသုံးနှိမ်နင်းမှုကြောင့် ကျောင်းသားတွေရဲ့လှုပ်ရှားမှုဟာ ခေတ္တရပ်တန့်သွားခဲ့ပေမယ့် ဇွန်လ ၅ ရက်မှာ ကျောင်းသားလှုပ်ရှားမှုတွေ ပြန်လည်ပေါ်ပေါက်လာတယ်။

ဇွန်လလှုပ်ရှားမှုဟာ နယ်မြို့အချို့ကိုပင် ပျံ့နှံ့သွားခဲ့တယ်။ ဇွန် ၂၁ ရက်မှာ ကျောင်းသားနဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ မြေနီကုန်းအရေးအခင်းပေါ်ပေါက်လာခဲ့တယ်။ ဆန္ဒပြသူတွေဘက်မှာရော၊ ဆန္ဒပြသမားတွေကိုနှိမ်နင်းတဲ့ လုံထိန်းရဲတွေဘက်မှာပါ အသေအပျောက်တွေရှိခဲ့တယ်။

ဇူလိုင် ၂၃ ရက်မှာ ဦးနေဝင်းဟာ ရာထူးအသီးသီးမှ နုတ်ထွက်ခဲ့ပြီး ဦးစိန်လွင်ကို လမ်းစဉ်ပါတီဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနဲ့ သမ္မတရာထူးတွေ လွှဲပြောင်းပေးခဲ့တယ်။

## ရှစ်လေးလုံးအရေးတော်ပုံ ပေါ်ပေါက်လာ

ဩဂုတ်လဆန်းကိုရောက်ချိန်မှာတော့ ကျောင်းသားတွေက စတင်ခဲ့တဲ့ လမ်းစဉ်ပါတီအစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှုဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ လှုပ်ရှားမှုကြီးအဖြစ်သို့ ကူးပြောင်းလာခဲ့တယ်။ ၁၉၈၈ ခုနှစ်

ဩဂုတ်လ ၈ ရက် နံနက် ၈ နာရီမှာ ပြည်သူတစ်ရပ်လုံးဟာ ဘယ်သူမှ မနိုင်းစေရဘဲ မိမိတို့ အသိစိတ်ဓာတ်နဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးကို စတင်ခဲ့ကြတယ်။

ဦးစိန်လွင်အစိုးရက ရန်ကုန်မြို့လယ်နဲ့ အရေးပါတဲ့နေရာတိုင်းမှာ သံဆူးကြိုးတွေ၊ ကွန်မန်ဒိုပုံစံ လုံခြုံရေးတပ်တွေ ထူထပ်စွာချထားပေမယ့် ရန်ကုန်မြို့နေ လူထုတစ်ဝက်ကျော်လောက်ဟာ မြို့လယ်မှာစုရုံးကာ ဆန္ဒပြခဲ့တယ်။ နယ်မြို့တွေမှာလည်း ပြည်သူတွေ စုဝေးကာ ဆန္ဒပြခဲ့ကြတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ပြည်သူတွေ အဓိကတောင်းဆိုခဲ့ကြတာကတော့ ဒီမိုကရေစီပါပဲ။ ထိုနေ့က ရန်ကုန်မြို့တွင်းမှာ ပြေးဆွဲနေတဲ့ ခရီးသည်တင်ကားတွေလည်း လိုင်းမဆွဲကြဘဲ ဆန္ဒပြပြည်သူတွေကို မြို့တွင်းသို့ သယ်ဆောင်ပေးခဲ့ကြတယ်။

ဩဂုတ် ၈ ရက်ညမှာ ဗန္ဓုလပန်းခြံမှာ ဆန္ဒပြနေတဲ့ လူထုကြီးကို လုံခြုံရေးတပ်တွေက ပစ်ခတ်နှိမ်နင်းခဲ့တယ်။ သို့ပေမယ့် နောက်နေ့တွေမှာလည်း လူထုဆန္ဒပြပွဲတွေ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။ ရှစ်လေးလုံးလူထုရဲ့ ဒီမိုကရေစီဆန္ဒပြပွဲတွေဟာ တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားခဲ့တယ်။

ရန်ကုန်နဲ့ နယ်မြို့အသီးသီးက ဆန္ဒပြသူတွေဟာ ပြင်းပြင်းထန်ထန်နှိမ်နင်းခံကြရပေမယ့် မကြောက်မရွံ့ဘဲ ဆက်လက်ဆန္ဒပြခဲ့ကြပါတယ်။

ဩဂုတ်လ ၁၂ ရက်မှာ သမ္မတဦးစိန်လွင် ရာထူးကနုတ်ထွက်သွားပြီး ဒေါက်တာမောင်မောင် သမ္မတဖြစ်လာတယ်။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနဲ့ ပါတီဥက္ကဋ္ဌရာထူးတွေကိုလည်း ယူခဲ့တယ်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်မှာ ဒေါ်အောင်ဆန်းစုကြည် လူထုရှေ့မှောက်ကို ပထမဆုံးအကြိမ်ထွက်ခဲ့တဲ့ ရွှေတိဂုံအနောက်မုခ် တရားပွဲကြီး ကျင်းပခဲ့တယ်။

ဒီအတွင်းမှာ ကျောင်းသားတွေကလည်း တကာသ အဆောက်အအုံမြေကွက်လပ်မှာ ဗကသနဲ့ တကာသတို့ကို ပြန်လည်ဖွဲ့ခဲ့ကြတယ်။

ဒေါက်တာမောင်မောင် သမ္မတဖြစ်လာတဲ့အချိန်ကစပြီး န၀တ အစိုးရပေါ်ပေါက်ခဲ့တဲ့ စက်တင်ဘာ ၁၈ ရက်အထိကာလအတွင်းမှာ သပိတ်ကော်မတီမျိုးစုံ၊ အဖွဲ့အစည်းမျိုးစုံပေါ်ပေါက်ခဲ့ပြီး ဆန္ဒပြအဖွဲ့တွေအကြားမှာ အစည်းအဝေးတွေ၊ ညှိနှိုင်းပွဲတွေအမျိုးမျိုး ကျင်းပခဲ့ကြတယ်။ ကြေညာချက်တွေလည်း အမျိုးမျိုးထွက်ခဲ့တယ်။

သို့ပေမယ့် စက်တင်ဘာ ၁၈ ရက် အရောက်မှာတော့ စစ်တပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ရယူခဲ့ပါတယ်။

## အရေးတော်ပုံကြီး ဘာကြောင့်ဖာတ်မျောခဲ့ရသလဲ

သမိုင်းဆရာတွေက 'ပြင်သစ်တော်လှန်ရေးကြီးဟာ အမြင့်ကိုခုန်လိုက်ပေမယ့် ၎င်းခုန်လိုက်တဲ့ မူလနေရာမှာပဲ ပြန်ကျခဲ့တယ်'လို့ ဝေဖန်သုံးသပ်ခဲ့ကြပါတယ်။ ကမ္ဘာ့သမိုင်းမှာ ပြင်သစ်တော်လှန်ရေးဟာ နိုင်ငံရေးအနှစ်သာရရှိတဲ့ ပထမဆုံးသော တော်လှန်ရေးကြီးလည်းဖြစ်၊ အရှိန်အဟုန်ကြီးမားတဲ့ တော်လှန်ရေးကြီးလည်းဖြစ်ပေမယ့် တော်လှန်ရေးရည်ရွယ်ချက်မအောင်မမြင်ဖြစ်ခဲ့ပြီး စစ်ဗိုလ်ချုပ် နပိုလီယန်ဘိုနာပတ် လက်ထဲကို အာဏာရောက်ရှိသွားခြင်းကို ရည်စူးပြီး သမိုင်းဆရာတွေက ပြောခဲ့ကြတာပါ။

ရှစ်လေးလုံး အရေးတော်ပုံကြီးဟာလည်း ယင်းသို့ ပြောရမလိုဘဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ လူ့အလွှာအသီးသီးက ပြည်သူတွေတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်းမှာ အံ့ကြွနိုးထကာ သမ္မတသုံးဦးကိုဆက်တိုက်ပြုတ်ကျသွားစေတဲ့ ဆန္ဒပြပွဲတွေကို ဆင်နွှဲခဲ့ကြပေမယ့် ပြည်သူတွေရဲ့ ဒီမိုကရေစီရည်မှန်းချက်ဟာ အထမမြောက်ခဲ့ပါဘူး။

ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့နောက်မှ ပေါ်ပေါက်ခဲ့တဲ့ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှ ပြည်သူ့အာဏာလှုပ်ရှားမှုတွေဟာ အောင်မြင်ခဲ့တယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး ဘာကြောင့် ဖာတ်မျောခဲ့ရတာလဲ။

စံပယ်စာအုပ်

ဘာကြောင့် မအောင်မြင်ခဲ့ရတာလဲ။ အောက်ပါအချက်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။

၁။ ပြည်သူတွေ ၂၆ နှစ်ကြာ တကယ့်နိုင်ငံရေးနဲ့ အဆက်ပြတ်ခဲ့ခြင်း။ ဦးနေဝင်းအုပ်ချုပ်ခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ်ကာလအတွင်းမှာ ဆန္ဒပြပွဲတွေ၊ လှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့ဖူးပေမယ့် စနစ်ကျတဲ့နိုင်ငံရေး လှုပ်ရှားမှုတွေ မရှိခဲ့ပါဘူး။

၂။ ဒါ့ကြောင့် ရှစ်လေးလုံး ပေါ်ပေါက်လာတဲ့အခါမှာ စနစ်ကျတဲ့ ဒီမိုကရေစီနိုင်ငံရေး တပ်ပေါင်းစုကြီးကို မဖွဲ့နိုင်ခဲ့ပါဘူး။

၃။ နောက်ပိုင်းမှာ ဦးဆောင်ပါတီဖြစ်လာတဲ့ အင်န်အယ်လ်ဒီ (NLD) ပါတီဟာ ခေါင်းဆောင်မှုမှာ အခြေခံမတူတဲ့အုပ်စုသုံးခုကို ပေါင်းစပ်ထားတာဖြစ်တဲ့အတွက် တပ်ပေါင်းစုဖွဲ့နိုင်တဲ့အထိ ခေါင်းဆောင်မှု မပေးနိုင်ခဲ့ပါဘူး။

၄။ ကြားဖြတ်အစိုးရကို အချိန်မီမဖွဲ့နိုင်ဘဲ ဖာတ်မျောခဲ့ခြင်း။ ဦးနုလို အတွေ့အကြုံများသူပါဝင်ပေမယ့် ကြားဖြတ်အစိုးရဖွဲ့ရာမှာ 'ကျုပ်ဆီက ဗိုလ်နေဝင်းလုသွားတဲ့ အာဏာကို နှလုံးရည်နဲ့ပြန်လည်သိမ်းပိုက်လိုက်တယ်'ဆိုတဲ့ ပြောဆိုမှုကြောင့် တကယ်ထိရောက်မှုရှိတဲ့ ကြားဖြတ်အစိုးရတည်ဆောက်ဖို့ အဟန့်အတားဖြစ်ခဲ့ရပါတယ်။

အရေးတော်ပုံရဲ့ အမာခံအင်အားစုတွေနဲ့ ပြည်သူတွေအတွင်းမှာ သံသယတွေ ပေါ်ပေါက်စေခဲ့တယ်။ ကြားဖြတ်အစိုးရကို မဖွဲ့နိုင်ခဲ့တဲ့အတွက် ခေါင်းဖြတ်မှုတွေ၊ လုယက်၊ ခိုးဆိုးမှုတွေ ပေါ်ပေါက်ကာ အရေးတော်ပုံရဲ့ မူလရည်ရွယ်ချက်တွေ ပျောက်ခဲ့ရတယ်။

ဆန္ဒပြနေ့ရက်တွေကြာရှည်ကာ ဖာတ်မျောခဲ့တဲ့အတွက် နဝတ ပေါ်ပေါက်လာစေတဲ့ အခွင့်အရေးရသွားခဲ့တယ်။

၅။ တပ်ကို မစည်းရုံးနိုင်ခြင်း၊ တပ်ထဲမှာ ဖိလစ်ပိုင်က ရာမိုစ်လို စစ်ခေါင်းဆောင်မျိုး မပေါ်ထွန်းခဲ့ခြင်း။

၆။ သပိတ်မှောက်မှုတွေကို ဆက်မထိန်းနိုင်ခြင်း။ အထူးသဖြင့် ဝန်ထမ်း သပိတ်တွေကို ဆက်ထိန်းထားနိုင်မယ်ဆိုရင် ရှစ်လေးလုံး အရေးတော်ပုံအတွက် အခြေအနေဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာနိုင်ပါတယ်။

၇။ အရေးတော်ပုံကာလအတွင်း အစိုးရယန္တရားတွေ မလည်ပတ်နိုင်ဘဲ (Defunct) ဖြစ်နေချိန်မှာ အတွေ့တွေသပိတ်ကော်မတီက ထိုအခြေ အနေကို အသုံးမချနိုင်ခြင်းဟာလည်း အရေးတော်ပုံအောင်မြင်မှု မရခဲ့တဲ့ အကြောင်းရင်းတစ်ခုပဲ ဖြစ်ပါတယ်။

၈။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ပေါ် အောင်မလုပ်နိုင်ခြင်းဟာလည်း အရေးတော်ပုံအတွက် အားနည်းချက် တစ်ခု ဖြစ်ပါတယ်။ ဦးဆောင်ပါတီအနေနဲ့ ပြည်သူတွေကို မစည်းရုံး နိုင်တဲ့အတွက် တာဝန်ရှိသလို အခြားနိုင်ငံရေးပါတီတွေမှာလည်း အလားတူ တာဝန်ရှိပါတယ်။ ပြည်သူတွေမှာလည်း တာဝန်ရှိပါတယ်။ အကယ်၍သာ ရှစ်လေးလုံး အရေးတော်ပုံကြီးအတွင်းက အထက်ပါ အချက်တွေကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံ မှာ ဒီမိုကရေစီပြောင်းလဲမှုတွေက နှစ်ပေါင်း နှစ်ဆယ်ကျော်စောပြီး ပေါ်ပေါက်လာမှာ သေချာပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၀၇
ဩဂုတ်၊ ၂၀၁၂

## ဒီမိုကရေစီ အင်အားစု အားလုံး ညီညွတ်ရေးသည် မရှိမဖြစ် လိုအပ်ချက်

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးဟာ ပန်းတိုင်ရောက်ဖို့ မဝေးတော့ဘူးလို့ ပြောဆိုနေကြသူတွေရှိသလို၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်းဟာ ဖြောင့်ဖြူးနေပြီလို့ စိတ်တိုးတိုးချပြီး ယုံကြည်နိုင်တဲ့ အခြေအနေမရှိသေးဘူးလို့ ပြောဆိုနေကြသူတွေလည်း ရှိနေပါတယ်။ အခြေအနေအရပ်ရပ်အပေါ် အကောင်းမြင်သူတွေရှိသလို၊ သတိနဲ့ စောင့်ကြည့်နေသူတွေ၊ စိုးရိမ်စိတ်နဲ့ စောင့်ကြည့်နေသူတွေလည်း ရှိနေပါတယ်။

အကောင်းမြင်ဝါဒကို အားဖြည့်ပေးနေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကတော့

၁။ နိုင်ငံတော်သမ္မတကိုယ်တိုင်နဲ့ လွှတ်တော်ဥက္ကဋ္ဌတွေလို ထိပ်တန်းတာဝန်ရှိသူတွေက ဒီမိုကရေစီစနစ်ဆီကို မုချဆက်ဆက်သွားမှာဖြစ်တယ်လို့ တစ်ကြိမ်နှစ်ကြိမ်မက ကတိပြုပြောဆိုခဲ့ခြင်း။

၂။ သမ္မတနဲ့ လွှတ်တော်ဥက္ကဋ္ဌတို့လို နိုင်ငံခေါင်းဆောင်တွေဟာ ယခင်ယခင် အစိုးရတွေနဲ့မတူတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်းကောင်း၊ အခြားအတိုက်အခံ နိုင်ငံရေးပါတီခေါင်းဆောင်တွေနဲ့လည်းကောင်း အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခဲ့ခြင်း။

၃။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်လ်ဒီအဖွဲ့ချုပ် ကိုယ်စားလှယ်

တွေ ကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့ပြီး လွှတ်တော်တွင်းသို့ ရောက်ရှိခဲ့ခြင်း။

၄။ လွှတ်တော်အတွင်း၌ အာဏာရပါတီနဲ့ အတိုက်အခံပါတီများအကြား (မူလက မျှော်လင့်ခဲ့ကြသလို) တင်းမာမှုများမရှိတဲ့ ဆက်ဆံရေးအတော် အတန်ပြေပြစ်လာခြင်း၊ အချို့ကိစ္စများ၌ ပူးပေါင်းဆောင်ရွက်မှုများပင် ရှိလာခြင်း။

၅။ တပ်မတော်ခေါင်းဆောင်ဟောင်းများဦးဆောင်သည့်အစိုးရနဲ့ အနောက် အုပ်စုနိုင်ငံများအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လာခြင်း။

၆။ ရှစ်လေးလုံးမျိုးဆက်ကျောင်းသား ခေါင်းဆောင်ဟောင်းများနဲ့ အစိုးရ ခေါင်းဆောင်များအကြား တရင်းတနှီးဆက်ဆံလာခြင်း။

၇။ ဖမ်းဆီးခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားများထဲမှ အတော်များများ ကို ပြန်လွှတ်ပေးခဲ့ခြင်း။

၈။ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများအား ဖမ်းဆီးထိန်းသိမ်းမှုများ သိသိ သာသာလျော့နည်းသွားခြင်းဆိုတဲ့ အကြောင်းအချက်တွေပဲ ဖြစ်တယ်။

သို့ပေမယ့် မြန်မာ့ဒီမိုကရေစီ ခရီးလမ်းဟာ ဖြောင့်ဖြူးသာယာနေ ပြီလို့ စိတ်နှလုံး တုံးတုံးချနိုင်လောက်တဲ့ အခြေအနေမှာ မရှိသေးဘူးလို့ ယူဆနေသူတွေကတော့ အောက်ပါအချက်တွေကို ထောက်ပြကြပါတယ်။

၁။ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်း ချက်မရှိ ပြန်လွှတ်ပေးခြင်းမျိုး မရှိသေးခြင်း။

၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှုမပြုနိုင်သေးခြင်း။

၃။ ကချင်၊ ကရင်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေနဲ့ ဖြစ်ပွားနေတဲ့စစ်ပွဲတွေ ကို ရပ်စဲနိုင်မှု မရှိသေးခြင်း။

၄။ နိုင်ငံရဲ့စီးပွားရေးဟာ ခရိုနီတွေ လက်တွင်းမှာပဲ ရှိနေသေးခြင်း။

၅။ နိုင်ငံရဲ့စီးပွားရေးဟာ တရုတ်ရဲ့လက်ဝါးကြီးအုပ် ဝါးမျိုမှုအောက်မှာပဲ ရှိနေသေးခြင်း။

၆။ နိုင်ငံရဲ့ အုပ်ချုပ်ရေးအဆင့်ဆင့်ဟာ ယခင်လူဟောင်းတွေရဲ့ လက်တွင်းမှာပဲ ရှိနေသေးခြင်း။
၇။ လယ်ယာမြေတွေကို အဓမ္မသိမ်းပိုက်မှုတွေနဲ့ တောင်သူလယ်သမား ပြဿနာတွေ ရှိနေဆဲဖြစ်ခြင်း၊ အလုပ်သမားပြဿနာတွေ ရှိနေဆဲ ဖြစ်ခြင်း။
၈။ တရားစီရင်ရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်တွေကို ပြုပြင်မှုမရှိသေးခြင်း၊ မတရားမှုတွေနဲ့ အကျင့်ပျက်လာဘ်စားမှုတွေ ရှိနေသေးခြင်း စတဲ့ အချက်တွေပဲ ဖြစ်တယ်။

## အကောင်းမြင်ဝါဒီတွေရဲ့ အယူအဆ

ယနေ့အချိန်မှာတော့ အကောင်းမြင်ဝါဒီတွေဟာ အစိုးရရဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ စီးပွားရေးအခင်းအကျင်းတွေအတွင်းမှာ ထဲထဲဝင်ဝင် ပါဝင်လာနိုင်ရေးအတွက် ကြိုးပမ်းလာကြတယ်။ မဆွတ်ခင်က ညွတ်ချင်ကြသူအချို့ဆိုရင်လည်း တံခါးပေါက်ကလေးတွေ ဟလိုက်ရုံရှိသေး အတင်းပဲ တိုးဝှေ့ဝင်ရောက်ခဲ့ကြတယ်။

ထိုသူတွေဟာ မိမိတို့ရဲ့ လုပ်ရပ်မှန်ကန်ကြောင်း သက်သေထူဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းလာကြတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် မိမိတို့ လုပ်ဆောင်တဲ့ 'ရရာနေရာမှ ဝင်ရောက်ပူးပေါင်းဆောင်ရွက်ရေး' နည်းလမ်းမှတစ်ပါး အခြားနည်းလမ်းမရှိဘူးလို့ ပြောဆိုလာကြတယ်။

ဒါ့အပြင် ယခုသွားနေတဲ့ မြန်မာ့ဒီမိုကရေစီလမ်းကြောင်းဟာလည်း နောက်ပြန်ဆုတ်နိုင်တဲ့ လမ်းကြောင်းမဟုတ်ဘူးလို့ ပြောဆိုခဲ့ကြတယ်။ သို့ပေမယ့် ထိုသူတွေက မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိဖို့ဆိုတာဟာ ငါးနှစ်၊ ဆယ်နှစ် သို့မဟုတ် တစ်ဆယ့်ငါးနှစ်နဲ့ ရရှိနိုင်မယ့်ကိစ္စမဟုတ်ဘူးလို့ ပြောဆိုခဲ့ကြပါတယ်။

တစ်ဖက်မှာတော့ လက်ရှိအစိုးရရဲ့ ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်ရွေ့လျားမှုကို သတိကြီးစွာနဲ့ စောင့်ကြည့်နေသူတွေ၊ သံသယမျက်လုံးနဲ့ စောင့်ကြည့်နေသူတွေကလည်း ရှိနေတာပါ။

ထိုသူတွေကတော့ လွှတ်တော်အတွင်းကို ပြည်သူ့ကိုယ်စားလှယ်စစ်စစ်တွေချည်း ရောက်ရှိနေရာယူနိုင်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ကာ ပြည်သူ့အစိုးရတစ်ရပ်ဖွဲ့နိုင်မှသာ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံ ဖြစ်လာနိုင်လိမ့်မယ်လို့ ယုံကြည်ယူဆနေကြတာပါ။

## ဘာတွေ လိုအပ်နေသလဲ

သို့ဆိုလျှင် မြန်မာနိုင်ငံဟာ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံဖြစ်လာဖို့ ဘာတွေ လိုအပ်နေပါသလဲ။

တကယ်တော့ ဒီမိုကရေစီဆိုတာဟာ ပြုပြင်ရေးစိတ်သဘောထား (Reformist Minded) ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ စိတ်ကောင်းစေတနာကြောင့် ရရှိနိုင်တဲ့အရာမျိုးမဟုတ်ပါဘူး။ ဒါ့အပြင် တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်ရုံနဲ့လည်း ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ပါဘူး။ ဒီမိုကရေစီ အခွင့်အရေးမှန်သမျှရဲ့အထက်မှာ ဥပဒေမှန်သမျှရဲ့အထက်မှာနေခဲ့ကြရသူတွေဟာ ဒီမိုကရေစီရဲ့တန်ဖိုးကို တကယ်သိရှိနိုင်ဖို့ ခဲယဉ်းပါတယ်။ ဒီမိုကရေစီအခွင့်အရေးတွေကို နှစ်ပရိစ္ဆေဒကြာမျှ ချိုးဖောက်ခံခဲ့ကြရတဲ့ ပြည်သူတွေသည်သာ ဒီမိုကရေစီကိုချစ်မြတ်နိုးပြီး ဒီမိုကရေစီရဲ့ တန်ဖိုး အစစ်အမှန်ကို သိကြတာပါ။

တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီ ပေါ်ထွန်းရေးအတွက် ပြည်သူလူထုရဲ့အင်အားကို အခြေခံပြီး လုပ်ဆောင်ရမှာသာ ဖြစ်တယ်။

## အဆုံးအဖြတ်ပေးမယ့်ပွဲ

ယနေ့ မြန်မာနိုင်ငံလျှောက်လှမ်းနေတဲ့ နိုင်ငံရေးခရီးစဉ်အရဆိုရင်

၂၀၁၅ ခုနှစ်မှာ ကျင်းပမယ့်ရွေးကောက်ပွဲတွေဟာ ပြည်သူလူထုရဲ့အနာဂတ်အတွက် အဆုံးအဖြတ်ပေးမယ့် ဒီမိုကရေစီအင်အားပြပွဲကြီးတစ်ခု ဖြစ်မှာပါ။

ပြည်သူလူထုကြီးအနေနဲ့ ထိုရွေးကောက်ပွဲတွေမှာ တွေဝေခြင်း၊ တွန့်ဆုတ်ခြင်းမရှိဘဲနဲ့ ညီညာဖြဖြနဲ့ အင်အားပြနိုင်ဖို့ လိုတယ်။

သို့ပေမယ့် ယနေ့အချိန်မှာ ဒီမိုကရေစီစနစ်ဆီကို တကယ်မတက်လှမ်းချင်ဘဲ နောက်ကြောင်းပြန်လိုတဲ့ အင်အားစုတွေလည်း ရှိနေနိုင်ပါတယ်။ ထိုသူတွေကတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီကင်းမဲ့ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်းမှာ အခွင့်ထူးမှန်သမျှကို ရရှိခံစားခဲ့ကြရသူတွေပဲ ဖြစ်ပါတယ်။

ယခုအချိန်မှာဆိုရင် ထိုသူတွေဟာ ၂၀၁၅ မှာ စစ်မှန်တဲ့ ဒီမိုကရေစီ အင်အားစုတွေလက်တွင်းသို့ နိုင်ငံအာဏာမရောက်ရှိရေးအတွက် ပရိယာယ်ဝေဝစ်မျိုးစုံနဲ့ ပြင်ဆင်ကြိုးပမ်းနေဖွယ် ရှိပါတယ်။

၎င်းတို့ရဲ့ အဓိကဦးတည်ချက်ကတော့ ၂၀၁၅ မှာ စစ်မှန်တဲ့ (မျိုးဗီဇမှန်ကန်တဲ့) ဒီမိုကရေစီအင်အားစုတွေ လွှတ်တော်တွင်းမှာ ကိုယ်စားလှယ်နေရာ ၇၅ ရာခိုင်နှုန်း မရရှိနိုင်ရေးအတွက်ဘဲ ဖြစ်နိုင်ပါတယ်။

ယခုအခါမှာ အဆိုပါ ဦးတည်ချက်ကောက်ကြောင်း နှစ်ကြောင်းတို့ဟာလည်း ဟိုတစ်စဒီတစ်စ ပေါ်ထွက်နေတာတွေ့ရတယ်။ ပီအာရ် (PR) စနစ်နဲ့ နောက်တိုး ဒီမိုကရေစီခေါင်းဆောင်ဆိုသူတွေကို ပွဲထုတ်မှုတွေဟာ အထက်ပါ ဦးတည်ချက်ကောက်ကြောင်းရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ် မတိုင်မီကာလအတွင်းမှာ ဒီမိုကရေစီအင်အားစုတွေအကြားမှာ သပ်လျှိုသွေးခွဲမှု၊ ပဋိပက္ခမီးမွှေးမှု ပူးပဏ်တပ်သားတွေ ထည့်သွင်းမှုစတဲ့ နည်းဗျူဟာတွေကို ကျင့်သုံးလာနိုင်ပါတယ်။

ဒါ့ကြောင့် ၂၀၁၅ မှာ ဒီမိုကရေစီအင်အားစုတွေအားလုံး တညီတညွတ်တည်း ဟန်ချက်ညီညီနဲ့ ရပ်တည်နိုင်ဖို့အတွက် ယခုကတည်းက ပြင်ဆင်ကြိုးပမ်းသင့်ပါပြီ။

ဒီမိုကရေစီအလံကို လွှင့်ထူပြီး ဒီမိုကရေစီစကားတွေကို ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြတဲ့ နိုင်ငံရေးပါတီအားလုံးဟာ မိမိပါတီ အမတ်နေရာရရှိရေးထက် ဒီမိုကရေစီအောင်ပွဲခံရေးကိုသာ အဓိက ရှေးရှု သင့်လှပါတယ်။

ဒီမိုကရေစီ အင်အားစုတွေရဲ့အားတွေ ပြန့်ကျဲသွားမယ့်အလုပ်တွေကို ရပ်တန့်ပြီး ဒီမိုကရေစီအင်အားစုတွေအားလုံးကို စုစည်းနိုင်မယ့် လုပ်ရပ်တွေကို ဆောင်ရွက်ကြဖို့ လိုပါပြီ။

ဒီမိုကရေစီရဲ့ ရန်သူတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူ မပြုမိဖို့ လိုနေပါပြီ။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၁၄
အောက်တိုဘာလ၊ ၂၀၁၂

## မဟာဗျူဟာ အရွေ့အပြောင်းမှာ ဘယ်လို နည်းဗျူဟာတွေ လိုမလဲ

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ကြာညောင်းခဲ့တဲ့ မြန်မာ့နိုင်ငံရေးကတော့ ဒီမိုကရေစီတစ်မတ်ဖိုးရှိတဲ့ နိုင်ငံရေးလို့ ခေါ်ခဲ့ကြတယ်။ ထိုကာလဟာ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်မီးကြီး တရှိန်ရှိန် တောက်လောင်နေတဲ့ကာလဖြစ်ပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံကြည့်ရင်တော့ အထက်လွှတ်တော်၊ အောက်လွှတ်တော်နဲ့ အရပ်သားသမ္မတ၊ အရပ်သားဝန်ကြီးချုပ်၊ အရပ်သားကာကွယ်ရေးဝန်ကြီးတို့ပါဝင်တဲ့ အရပ်သားအစိုးရအုပ်ချုပ်တဲ့ ပါတီစုံနိုင်ငံရေးစနစ်ကို တွေ့ရမှာပါ။ သို့ပေမယ့် ဖဆပလ ဆယ်နှစ်ဆယ်မိုး အစိုးရခေတ် နိုင်ငံရေးမဟာဗျူဟာကတော့ ရိုးရှင်းပါတယ်။ လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ အနိုင်ရဖို့၊ မြေပေါ်အတိုက်အခံတွေကို အင်အားချည့်နဲ့အောင်လုပ်ဖို့၊ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေကို ချေမှုန်းဖို့ သို့မဟုတ် ထိန်းချုပ်ထားနိုင်ဖို့ပဲ ဖြစ်တယ်။

အလားတူပါပဲ။ မြေပေါ်အတိုက်အခံ နိုင်ငံရေးပါတီတွေကလည်း ဖဆပလအစိုးရကို ရွေးကောက်ပွဲနည်းလမ်းနဲ့ ဖြုတ်ချနိုင်ဖို့ ကြိုးစားခဲ့ကြသလို တောတွင်းလက်နက်ကိုင် အင်အားစုတွေကလည်း လက်နက်ကိုင်တော်လှန်ရေးနည်းလမ်းနဲ့ ဖြုတ်ချဖို့ ကြိုးပမ်းခဲ့ကြတယ်။

သို့ပေမယ့် မြေပေါ်နိုင်ငံရေး အတိုက်အခံအင်အားစုတွေနဲ့ တောတွင်းလက်နက်ကိုင် အင်အားစုတွေက ဖြုတ်ချလို့မရခဲ့တဲ့ ဖဆပလအစိုးရဟာ ၁၉၅၈ ခုနှစ်မှာတော့ အတွင်းနိုင်ငံရေးပဋိပက္ခကြောင့် ပြိုကွဲသွားခဲ့ရတယ်။ ၁၉၅၈ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တစ်ဆယ့်ရှစ်လကြာ အိမ်စောင့်အစိုးရတက်ခဲ့တယ်။ ၁၉၆၀ ခုနှစ်၊ ရွေးကောက်ပွဲမှာ ဦးနုရဲ့ ပထစ (ပြည်ထောင်စုပါတီ)ဟာ အပြတ်အသတ်အနိုင်ရကာ အစိုးရအာဏာကို ရလာခဲ့တယ်။

## မဆလခေတ် မဟာဗျူဟာ

သို့ပေမယ့် အိမ်စောင့်အစိုးရဘဝမှာ နိုင်ငံအာဏာနဲ့ အရသာကို သိရှိခဲ့သလို ဖဆပလ၊ ပထစ နိုင်ငံရေးပါတီတွေရဲ့ပျော့ကွက်တွေ၊ အားနည်းချက်တွေကိုသိရှိခဲ့တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းဟာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းခဲ့တယ်။

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကာလအတွင်း အုပ်စိုးသူ လူတန်းစားကျင့်သုံးခဲ့တဲ့ မဟာဗျူဟာ ဟာ အလွန်ရိုးရှင်းတဲ့ မဟာဗျူဟာပါ။ လက်နက်အင်အားကိုအသုံးပြုပြီး ပြည်သူလူထုကို ပြားပြားဝပ် ကြောက်လန့်သွားစေလိုတဲ့ရည်ရွယ်ချက်နဲ့ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့တယ်။ အတိုက်အခံနိုင်ငံရေးပါတီတွေ အားလုံးကို ဖျက်သိမ်းခဲ့တယ်။

ကျောင်းသားသမဂ္ဂတွေနဲ့ အလုပ်သမားအစည်းအရုံး၊ တောင်သူလယ်သမားအစည်းအရုံးတွေကို ဖျက်သိမ်းခဲ့တယ်။ လူဖမ်းပွဲတွေ တရစပ်လုပ်ခဲ့တယ်။ သတင်းစာတိုက်တွေအားလုံးကို ပြည်သူပိုင်သိမ်းခဲ့တယ်။ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်မှန်သမျှကို နင်းချေပစ်ခဲ့တယ်။

## ကြမ်းကြမ်းရမ်းရမ်း ကိုင်တွယ်ခဲ့

၁၉၆၂ ခုနှစ်မှာ ပထစအစိုးရထံမှာ အာဏာသိမ်းခဲ့တဲ့ တော်လှန်ရေးကောင်စီ၊ ထို့နောက် တော်လှန်ရေးကောင်စီတစ်ဖြစ်လဲ မဆလအစိုးရ

တို့ဟာ ယင်းတို့ရဲ့ အုပ်စိုးမှုသက်တမ်း တစ်လျှောက်လုံးမှာ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း အုပ်ချုပ်ခဲ့ပါတယ်။ ကျောင်းသားထုအရေးအခင်း၊ အလုပ်သမား အရေးအခင်းနဲ့ ပြည်သူလူထုရဲ့ အုံကြွမှုမှန်သမျှကို အင်အားသုံးနှိမ်နင်းခဲ့ တယ်။ မဆလခေတ်မှာပေါ်ပေါက်ခဲ့တဲ့ ကျောင်းသားတွေ၊ ပြည်သူတွေရဲ့ အုံကြွမှုမှန်သမျှဟာ အင်အားသုံးနှိမ်နင်းမှုကြောင့် ပြိုကွဲခဲ့ရပါတယ်။

၁၉၇၄ ခုနှစ် ဇွန်လမှာ ပေါ်ပေါက်ခဲ့တဲ့ အလုပ်သမားသပိတ်၊ ၁၉၇၄ ခုနှစ် ဒီဇင်ဘာမှာပေါ်ပေါက်ခဲ့တဲ့ ဦးသန့်ဈာပနအရေးအခင်း၊ ၁၉၇၅ ခုနှစ် ကျောင်းသားသပိတ်၊ ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက် မှိုင်းရာပြည့် အရေးတော်ပုံတွေဟာ အစိုးရရဲ့ ရက်ရက်စက်စက် နှိပ်ကွပ်မှုတွေကြောင့် ပြိုကွဲခဲ့ရတယ်။

သို့ပေမယ့် ပြည်သူတွေရဲ့ အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ ဒီမိုကရေစီကို လိုလားတဲ့စိတ်ဓာတ်တွေဟာ လွင့်ပါးပျောက်ကွယ်မသွားခဲ့ ပါဘူး။ ကျွန်တော်တို့ ပြည်သူတွေရဲ့ ဝမ်းနည်းကြေကွဲမှုတွေဟာ အင်အား အဖြစ်သို့ ပြောင်းလဲသွားခဲ့တယ်။

အသက်အရွယ် အိုမင်းလာသူတွေရဲ့နေရာမှာ ငယ်ရွယ်ပျိုမျစ်သူ တွေက ဝင်ရောက်နေရာယူခဲ့ကြတယ်။ ကျဆုံးသွားသူတွေရဲ့နေရာမှာ နောက် ထပ် မွေးဖွားလာသူတွေက နေရာယူခဲ့ကြတယ်။

ဒီလိုနဲ့ ၁၉၈၈ ခုနှစ် ဩဂုတ်လ အရောက်မှာတော့ ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ပေါ်ပေါက်လာပြီး မဆလအစိုးရ ပြုတ် ကျသွားခဲ့ပါတယ်။

## မဟာဗျူဟာ အပြောင်းအလဲမရှိခဲ့

ကျွန်တော်တို့နိုင်ငံကို ၁၉၈၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၀ ပြည့်နှစ်အထိ အုပ်ချုပ်ခဲ့တဲ့ အစိုးရခေတ်မှာလည်း မဟာဗျူဟာ အပြောင်း အလဲ မရှိခဲ့ပါဘူး။

ဒီလိုနဲ့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနောက်ပိုင်းမှာ သမ္မတ ဦးသိန်းစိန် အစိုးရပေါ်ထွန်းလာခဲ့တယ်။ လွှတ်တော်သုံးရပ်ပေါ်ပေါက်လာ တယ်။ ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီတွေ ပေါ်ထွက်လာတယ်။

ရွေးကောက်ပွဲတွေ ကျင်းပတော့မယ်လို့ ကြေညာလိုက်ချိန်မှာ ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်ထဲရောက်ဖို့သာ ပဓာနလို့ယူဆပြီး ဝမ်းမြောက် ခဲ့ကြသူတွေရှိသလို သံသယမျက်လုံးတွေနဲ့ ကြည့်ခဲ့ကြသူတွေလည်း ရှိခဲ့ ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲဟာကော မှန်မှန်ကန်ကန် ကျင်းပမယ့် ရွေးကောက်ပွဲတွေ ဖြစ်လာမှာလား။ လွှတ်တော်ထဲရောက်တော့ကော ပြော ရေးဆိုခွင့်တွေ တကယ်ရှိလာမှာလားလို့ သံသယရှိသူတွေ ရှိခဲ့တယ်။ ၂၀၁၀ ရွေးကောက်ပွဲတွေ ကျင်းပချိန်မှာလည်း မယုံသင်္ကာဖြစ်စရာတွေ၊ အငြင်း ပွားစရာတွေ တစ်ပုံတစ်ပင် ရှိခဲ့ပါတယ်။

**နိုင်ငံရေး သိသိသာသာပြောင်းလာ**

သို့ပေမယ့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွေ မကျင်းပမီနဲ့ ကျင်းပအပြီးမှာတော့ မြန်မာ့နိုင်ငံရေးအခြေအနေဟာ သိသိသာသာ ပြောင်းလဲလာခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ၄၃ ဦးဟာ ကြားဖြတ်ရွေးကောက်ပွဲတွေ မှာ အနိုင်ရခဲ့ပြီး လွှတ်တော်ထဲကို ရောက်ခဲ့ကြတယ်။

အင်န်အယ်လ်ဒီ ကိုယ်စားလှယ်တွေဟာ လွှတ်တော်အတွင်းမှာ လည်း ပြောရေးဆိုခွင့် အတော်အတန် ရလာခဲ့တယ်။

ဒါ့ထက် ထူးခြားတာကတော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီရဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ၊ တပ်မတော်ကိုယ်စားလှယ်တွေဟာ အချို့သောပြဿနာ တွေမှာ အင်န်အယ်လ်ဒီကိုယ်စားလှယ်တွေနဲ့အတူ ရပ်ခဲ့ကြတဲ့အဖြစ်ပါပဲ။

ပြီးတော့ လွှတ်တော်ပြင်ပနိုင်ငံရေးဟာလည်း 'ဒီမိုကရေစီအရောင်အဝါတွေ ထွန်းပလာသလိုမျိုး' ထင်မြင်လာရတယ်။ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်း သားတွေနဲ့ အစိုးရရဲ့ဆက်ဆံရေး၊ အစိုးရနဲ့ နိုင်ငံရေးပါတီတွေရဲ့ဆက်ဆံရေး ဦးသိန်းစိန်အစိုးရနဲ့ အနောက်အုပ်စုနိုင်ငံအစိုးရတွေရဲ့ ဆက်ဆံရေး စတာ တွေဟာလည်း ကောင်းမွန်တဲ့ဘက်ဆီကို လျင်လျင်မြန်မြန်ပဲ ရွေ့လာခဲ့တယ်။

## အုပ်စိုးသူတို့ရဲ့ မဟာဗျူဟာ အပြောင်းအလဲ

အကယ်၍ အကြင်သူတစ်ဦးတစ်ယောက်ဟာ ယနေ့တွေမြင်နေရ တဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းတွေကို အနည်းငယ်အာရုံစိုက်ပြီး ကြည့် မယ်ဆိုရင်တောင် အုပ်စိုးသူတွေရဲ့ နိုင်ငံရေးမဟာဗျူဟာ အပြောင်းအလဲကို တွေ့မြင်ရမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အုပ်စိုးသူ လူတန်းစားဘက်က နိုင်ငံရေး မဟာဗျူဟာကို ပြောင်းလဲကျင့်သုံးနေပါပြီ။ ယနေ့ခေတ် အုပ်စိုးသူတွေ ပြောင်းလဲကျင့်သုံးလာတဲ့ မဟာဗျူဟာကတော့ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ပထမအစိုးရခေတ်ကပင် မတွေ့ခဲ့ရတဲ့ ဒီမိုကရက်တစ်ဆန်တဲ့ မဟာဗျူဟာ မျိုးပါ။ (ဒေါ်အောင်ဆန်းစုကြည်ကိုပင် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ် အေးချမ်းရေးကော်မတီလို ကော်မတီမျိုးမှာ ဥက္ကဋ္ဌတာဝန်ကို ပေးထားပါတယ်)

ဒီလိုဖြစ်လေတော့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေဘက်ကလည်း အရေးတကြီး စဉ်းစားစရာတွေ ရှိလာပါလိမ့်မယ်။ အလေးအနက် တွေး တောပြင်ဆင်စရာတွေ ရှိလာမယ်လို့ ထင်ပါတယ်။

ယင်းသို့ စဉ်းစားရာမှာ အခြေခံသင့်တဲ့ အချက်တွေကတော့

၁။ အုပ်စိုးသူတွေဟာ ဒီမိုကရေစီစနစ်ကို တကယ်ပဲ နှစ်နှစ်ကာကာ ယုံကြည်ပြီး သန္နိဋ္ဌာန်ရှိရှိနဲ့ တကယ်ကူးပြောင်းဖို့ လုပ်နေတာလား။

၂။ ယင်းသို့ ဆောင်ရွက်တယ်ဆိုရင် ဒီမိုကရေစီအင်အားစုတွေအနေနဲ့ ဘာဆက်လုပ်မှာလဲ။

၃။ ယင်းသို့ မဟုတ်ဘူးဆိုရင်ကော တခြားဘယ်လို အဓိပ္ပာယ်ရှိနိုင်သလဲ။ ဘာတွေ ဖြစ်လာနိုင်သေးသလဲ။ ဒီမိုကရေစီအင်အားစုတွေအနေနဲ့ ဘာတွေ ပြင်ဆင်ထားသင့်သလဲဆိုတဲ့ အချက်သုံးချက်ကို အခြေခံကာ စဉ်းစားသင့်ပါတယ်။

နံပါတ်တစ်အချက်ကို မှန်ကန်ကြောင်း အမှတ်ခြစ်မယ်ဆိုရင်တော့ နံပါတ်နှစ်အတွက် အထူးအထွေ စဉ်းစားစရာလိုမယ်မထင်ပါဘူး။ ဒီမိုကရေစီ အင်အားစုတွေအနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ အဆုံး အဖြတ်ကိုသာ ရိုးသားစွာခံယူရုံပဲ ရှိပါတယ်။

သို့ပေမယ့် နံပါတ်သုံးအချက်ဖြစ်တဲ့ တခြားဘယ်လို အဓိပ္ပာယ် ရှိနိုင်သလဲဆိုတဲ့အချက်ကိုတော့ အခုအချိန်မှာ ကံသေကံမ ပြောလို့မရနိုင် ပါဘူး။ အနုမာန ယူဆချက်တွေကိုသာ ချမှတ်နိုင်မှာပါ။

သို့ပေမယ့် သေချာတာတစ်ခုကတော့ ကျွန်တော်တို့နိုင်ငံမှာ ယနေ့ တွေ့မြင်နေရတဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေဟာ ဒီမိုကရေစီအရေးတော် ပုံကြီး လုံးဝအောင်ပွဲခံခဲ့တဲ့အတွက် ရလာတဲ့အသီးအပွင့်တွေ မဟုတ်သေး ဘူးဆိုတာပါဘဲ။

နာမည်ဆိုးစာရင်းမှာ ထည့်သွင်းခံထားခဲ့ရာကနေ ပယ်ဖျက်ပေး လိုက်တဲ့အတွက် ပြည်တွင်းကို ပြန်လည်ဝင်ရောက်လာကြသူတွေဟာ တကယ်တော့ ဗီယက်နမ်စစ်ပွဲကာလတုန်းက ဆိုင်ဂုံမြို့ထဲကို လွတ်မြောက်ရေး စစ်သည် (Liberator) တွေအဖြစ်နဲ့ ဝင်ရောက်လာနိုင်ခဲ့ကြတဲ့ ဗီယက်ကောင်း တွေလို မဟုတ်ကြပါဘူး။

## ကြိုတင်ပြင်ဆင်စရာတွေရှိ

ဘယ်နိုင်ငံရဲ့သမိုင်းမှာမှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ စိတ်ကောင်းစေတနာကြောင့် ပြည်သူတွေ ဒီမိုကရေစီရခဲ့တယ်ဆိုတာ မရှိပါဘူး။ စိတ်ကောင်းစေတနာကောင်းရှိတဲ့ 'မင်း'တွေရဲ့ခေတ်မှာ ပြည်သူတွေဟာ ယာယီသက်သာချောင်ချိမှုတွေ၊ ယာယီငြိမ်းချမ်းမှုတွေတော့ ရရှိနိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ပြည်သူတွေအတွက် ထာဝစဉ်တည်တံ့မယ့် လွတ်လပ်မှုတွေ၊ ငြိမ်းချမ်းမှုတွေ၊ ပျော်ရွှင်မှုတွေ ရရှိဖို့ကတော့ ပြည်သူတွေ ကိုယ်တိုင် 'ဥစ္စာရှင်လို ဥစ္စာရှင်ခဲ' ဆိုတဲ့သဘောနဲ့ ကြိုးပမ်းကြရမှာသာ ဖြစ်တယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ကချင်ပြည်နယ်က စစ်မီးတောက်ကလည်း အရှိန်ကောင်းတုန်းပဲ ရှိပါသေးတယ်။ မြစ်ဆုံကိစ္စကလည်း စိတ်တုံးတုံးချနိုင်တဲ့အခြေအနေ မရှိသေးပါဘူး။

လယ်သမားတွေ လယ်ယာတွေ အသိမ်းခံနေရတဲ့ပြဿနာ၊ မိုးထိမိုးမိ ရွှေတွင်းတူးလုပ်သားတွေအရေး ပြီးတော့ လက်ပံတောင်းတောင် ပြဿနာ၊ စက်ရုံအလုပ်ရုံလုပ်သားတွေရဲ့ လစာတိုးပေးရေးလှုပ်ရှားမှု စတဲ့ စတဲ့ ပြဿနာတွေ ရှိနေဆဲပါ။

သို့ပေမယ့် နိုင်ငံရေးမဟာဗျူဟာ ပြောင်းလဲလာတဲ့ ယနေ့ အခြေအနေမှာ ဒီမိုကရေစီအင်အားစုတွေဘက်က ကြိုတင်ပြင်ဆင်စရာတွေတော့ ရှိနေတာ အမှန်ပါ။ အဲဒါတွေကတော့

၁။ ဒီမိုကရေစီပန်းတိုင်ကို မျက်ခြည်မပြတ်ဖို့

၂။ ပြောင်းလဲနေတဲ့ အခြေအနေတွေကို အမှန်အတိုင်း၊ အရှိအတိုင်း မြင်နိုင်ဖို့ လက်ရှိရောက်ရှိနေတဲ့ အခြေအနေကို ပိုပြီး မမြင်မိစေဖို့၊ လျှော့လည်း မမြင်မိစေဖို့

၃။ ဒီမိုကရေစီအင်အားစုအားလုံး အခိုင်အမာ သွေးစည်းညီညွတ်ကြဖို့

၄၊ ပြည်သူတွေအားလုံးလိုလို ဒီမိုကရေစီရဲ့ လေးနက်တဲ့အဓိပ္ပာယ်နဲ့ တန်ဖိုးတွေကို အကျေအလည် သိရှိလာအောင် စည်းရုံးဆောင်ရွက်ဖို့
၅။ ဒီမိုကရေစီတော်လှန်ရေး သတိမပြတ်ရှိနေဖို့ဆိုတဲ့ အချက်တွေဘဲ ဖြစ်ပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၁၃
စက်တင်ဘာ၊ ၂၀၁၂

# နောက်ဆုံးပေါ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ် ဘယ်ကို ဦးတည်နိုင်သလဲ

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲအချို့ စတင်ခဲ့တာက တော့ ၂၀၁၀ ရွေးကောက်ပွဲတွေ ပြီးစီးခဲ့ပြီးနောက် သမ္မတ ဦးသိန်းစိန် အစိုးရ ပေါ်ထွက်လာချိန်ကပါ။ နိုင်ငံတော် အေးချမ်းသာယာရေးအဖွဲ့ (နအဖ) အစိုးရဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်နိုင်ငံလုံး မှာ လူထုဆန္ဒခံယူပွဲတွေ ကျင်းပကာ အတည်ပြုခဲ့တယ်။

မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီအရေးတော်ပုံကို ဦးဆောင်နေတဲ့ အင်န်အယ်လ်ဒီနဲ့ ဒီမိုကရေစီကို လိုလားတဲ့ပြည်သူတွေက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ကျင်ကန့်ကွက်ကြတယ်။

သို့ပေမယ့် နအဖ အစိုးရဟာ လူထုဆန္ဒခံယူပွဲတွေ ကျင်းပကာ ၂၀၀၈ ဖွဲ့စည်းပုံကို အတည်ပြုခဲ့ပါတယ်။ အင်န်အယ်လ်ဒီနဲ့ ဒီမိုကရေစီ အင်အားစုတွေကတော့ ၂၀၀၈ ဖွဲ့စည်းပုံကို အတည်ပြုခဲ့တဲ့ဆန္ဒခံယူပွဲတွေ ဟာ မဆလခေတ်က ပြုလုပ်ခဲ့တဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ဆန္ဒခံယူပွဲတွေနဲ့ ထပ်တူထပ်မျှသာ ဖြစ်တယ်လို့ဝေဖန်ခဲ့ကြတယ်။

နအဖ အစိုးရဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်မှာ လွှတ်တော်သုံးရပ်အတွက် ရွေးကောက်ပွဲတွေ ကျင်းပ ခဲ့တယ်။ ၂၀၁၀ ရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သပိတ်

မှောက်ခဲ့တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်ခဲ့သူအချို့ ထူထောင်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) နဲ့ အခြားနိုင်ငံရေးပါတီအချို့ကတော့ ရွေးကောက်ပွဲဝင်ခဲ့ကြပါတယ်။

## ဦးသိန်းစိန် အစိုးရပေါ်ထွက်လာ

၂၀၁၀ ရွေးကောက်ပွဲမှာ နဝတ (နအဖ) အစိုးရလက်ထက်က လူမှုရေးအသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲနီးမှ နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းခဲ့တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဟာ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ အများစုအနိုင်ရရှိရာမှာ ကြိုတင်မဲတွေနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ ရှိခဲ့တယ်။

ထိုစဉ်က ၂၀၁၀ ရွေးကောက်ပွဲကျင်းပတဲ့ဖြစ်စဉ်ကို လူအများက ၁၉၅၈ ခုနှစ်၊ မဆလ ပါတီလက်ထက်က ဗိုလ်ချုပ်ကြီးနေဝင်းလက်ထဲက အာဏာကို ဦးနေဝင်းလက်ထဲသို့ လွှဲပြောင်းပေးခဲ့တဲ့အဖြစ်လိုပဲ ဖြစ်လာလိမ့်မယ်လို့ ယူဆခဲ့ကြတယ်။

သို့ပေမယ့် တကယ်တမ်းမှာတော့ ယင်းသို့ဖြစ်မလာဘဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ နိုင်ငံရေးစင်မြင့်ထက်က ပျောက်ကွယ်သွားခဲ့ပြီး နအဖအစိုးရလက်ထက်မှာ ဝန်ကြီးချုပ်လုပ်ခဲ့တဲ့ ဦးသိန်းစိန်(ဗိုလ်ချုပ်ကြီး–ငြိမ်း) က သမ္မတဖြစ်လာခဲ့တယ်။

ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) သီဟသူရ ဦးတင်အောင်မြင့်ဦးက ဒုတိယသမ္မတဖြစ်လာပြီး၊ အငြိမ်းစားဗိုလ်ချုပ်ကြီး သူရဦးရွှေမန်းနဲ့ အငြိမ်းစားဗိုလ်ချုပ် ဦးခင်အောင်မြင့်တို့က လွှတ်တော်ဥက္ကဋ္ဌတွေ ဖြစ်လာခဲ့တယ်။

'သမ္မတ ဦးသိန်းစိန်လက်ထက်မှာလည်း အပေါ်ယံအပြောင်းအလဲတွေလောက်သာလုပ်ပြပြီး တကယ့်နိုင်ငံရေးအနှစ်သာရကတော့ သိပ်မည်မည်ရရ ပြောင်းလဲလာမှာ မဟုတ်ဘူး'လို့ နိုင်ငံရေးအကဲခတ် အများအပြားက ယူဆခဲ့ကြပါတယ်။

**အပြောင်းအလဲအချို့ပေါ်ထွက်လာ**

သို့ပေမယ့် မကြာမီကာလအတွင်းမှာပဲ ဦးသိန်းစိန်ဟာ ထင်သာမြင်သာရှိတဲ့ နိုင်ငံရေးအပြောင်းအလဲအချို့ကို လုပ်ပြခဲ့တယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒီမိုကရေစီ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နှစ်ကြိမ် (ယခုအထိ လေးကြိမ်) တွေ့ဆုံဆွေးနွေးခဲ့တယ်။ နိုင်ငံရေးအကျဉ်းသားအများစုကို အကျဉ်းထောင်တွေမှ ပြန်လွှတ်ပေးခဲ့တယ်။ ၂၀၁၂ ခုနှစ်အရောက်မှာ ရှစ်လေးလုံးကျောင်းသားဟောင်းအဖွဲ့ဝင်တွေကို ပြန်လွှတ်ပေးခဲ့ပါတယ်။

ဒ့ါအပြင် သမ္မတ ဦးသိန်းစိန်ဟာ ၂၀၁၁ ခုနှစ်အတွင်းမှာ ပြည်သူအများက ကန့်ကွက်နေကြတဲ့ မြစ်ဆုံရေကာတာ စီမံကိန်းကို သူ့ရဲ့သမ္မတသက်တမ်းအတွင်းမှာ ရပ်တန့်လိုက်ကြောင်း ကြေညာခဲ့တယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာတော့ နိုင်ငံရေးအခင်းအကျင်းသစ်တွေဟာ ပိုများလာခဲ့တယ်။

အင်န်အယ်လ်ဒီဟာ လွှတ်တော်ကိုယ်စားလှယ် ၄၅ နေရာအတွက် ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ နေရာပေါင်း ၄၄ နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်လောင်း ၄၃ ဦးဟာ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ အနိုင်ရရှိခဲ့ကြတယ်။

ဒီနောက်မှာတော့ ဦးသိန်းစိန်အစိုးရနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အကြား ဆက်ဆံရေးဟာ (ကြားဖြတ်ရွေးကောက်ပွဲပြီးစမှာ) အဖုအထစ်အနည်းငယ်ရှိခဲ့ပေမယ့် ယေဘုယျအားဖြင့် ချောမွေ့လာတဲ့အသွင်ကို တွေ့မြင်လာရပါတယ်။

နေအိမ်အကျယ်ချုပ်အဖြစ်နဲ့ လေးကြိမ်အထိန်းသိမ်းခံခဲ့ရပြီး နှစ်ပေါင်း ၂၀ ကျော်အတွင်းမှာ ပြည်ပခရီးတွေကိုထွက်ဖို့ အိပ်မက်ပင် မမက်နိုင်ခဲ့တဲ့ဒေါ်စုဟာ ဗြိတိန်၊ ပြင်သစ်၊ နော်ဝေစတဲ့ အနောက်နိုင်ငံတွေကို ခရီးထွက်ခွင့်ရခဲ့တယ်။ (များမကြာမီမှာ အမေရိကန်ပြည်ထောင်စုကို သွားရောက်ဦးမှာပါ)

## ရှစ်လေးလုံးတို့ နေရာရလာ

မြန်မာ့နိုင်ငံရေးမှာ နောက်ထပ်စိတ်ဝင်စားစရာ အပြောင်းအလဲတစ်ခု သို့မဟုတ် အခင်းအကျင်းတစ်ခုကတော့ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်ဟောင်းတွေကို (တရားဝင်နိုင်ငံရေးပါတီမဟုတ်ပေမယ့်) ဦးသိန်းစိန်အစိုးရက တရားဝင်နိုင်ငံရေးပါတီတစ်ရပ်သဖွယ် အသိအမှတ်ပြုဆက်ဆံလာခြင်းပဲ ဖြစ်တယ်။

ရှစ်လေးလုံးအဖွဲ့ဝင်တွေဟာ အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်ခဲ့ပြီးနောက်မှာ တစ်စုတစ်စည်းတည်း ရပ်တည်ခဲ့ကြပြီး မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ထဲထဲဝင်ဝင် ပါဝင်လှုပ်ရှားခွင့် ရခဲ့ကြတယ်။ အလုပ်သမားအရေး၊ တောင်သူလယ်သမားအရေး၊ မြစ်ဆုံကိစ္စ၊ ရခိုင်ပြည်နယ် ပဋိပက္ခစတဲ့ အရေးအရာတွေမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီဖော်ဆောင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ရှေ့ဆုံးက နေရာရနေသလိုပဲ ရှစ်လေးလုံးအဖွဲ့ဝင်တွေဟာလည်း ထိုမျှနီးပါး နေရာရလာကြတယ်။

ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဂျင်မီ၊ မနီလာသိန်း၊ မမီးမီးစတဲ့ ရှစ်လေးလုံးခေါင်းဆောင်တွေရဲ့ အမည်တွေဟာ မီဒီယာတွေပေါ်မှာ ပိုပြီး ရေပန်းစားလာခဲ့တယ်။ ပြီးတော့ ရှိသေးတယ်။ ရှစ်လေးလုံးတွေ မန္တလေးမှာကျင်းပခဲ့တဲ့ ဇူလိုင် ၇ ရက် အထိမ်းအမှတ် ဝါဆိုသင်္ကန်းကပ်ပွဲကို အစိုးရဝန်ကြီးနှစ်ဦးဖြစ်ကြတဲ့ ဦးအောင်မင်း၊ ဦးစိုးသိန်းတို့ တက်ရောက်ခဲ့ကြတယ်။ ငွေ ၁၀ သိန်း လှူခဲ့ကြတယ်။ ထိုပွဲမှာ ရှစ်လေးလုံးခေါင်းဆောင်တွေနဲ့ ဝန်ကြီးနှစ်ဦးတို့ဟာ တကယ့်ကို တရင်းတနှီးပါပဲ။

ပြည်သူတွေက ပြဿနာတစ်ခုကိုရင်ဆိုင်လာရရင် အင်န်အယ်လ်ဒီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို အားကိုးတကြီးနဲ့ပြေးပြီး တိုင်တန်းကြသလိုပဲ နောက်ပိုင်းမှာတော့ ရှစ်လေးလုံးတွေကို တိုင်တန်းမှုတွေ လုပ်လာကြတယ်။

**အခင်းအကျင်းသစ်တွေ ထွက်ပေါ်လာ**

မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ နိုင်ငံရေးအခင်းအကျင်းသစ်တွေဟာ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့ပါတယ်။

တစ်ချိန်တုန်းက နဝတ၊ နအဖအစိုးရလက်ထက်မှာ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူခဲ့တဲ့ အနောက်အုပ်စုဝင်နိုင်ငံတွေဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေကို လျှော့ချခြင်း သို့မဟုတ် လုံးဝရုပ်သိမ်းခြင်းတွေ လုပ်လာခဲ့တယ်။

တစ်ချိန်တုန်းက နဝတ၊ နအဖအစိုးရရဲ့ ထိပ်တန်းခေါင်းဆောင်တွေ၊ ၎င်းတို့ရဲ့မိသားစုတွေနဲ့ ၎င်းတို့ရဲ့ခရိုနီစီးပွားရေးသမားတွေကို ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့ကြတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်အုပ်စုနိုင်ငံတွေဟာ အဆိုပါပိတ်ပင်မှုကို လျှော့ချခြင်း သို့မဟုတ် ရုပ်သိမ်းခဲ့တယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် အပါအဝင် အနောက်အုပ်စုနိုင်ငံတွေရဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ၊ ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံကို အလျှိုလျှို လာရောက်ခဲ့ကြပါတယ်။

**နာမည်ပျက်စာရင်းမှ ပယ်ဖျက်ပေး**

မကြာသေးမီကတော့ ဦးသိန်းစိန်အစိုးရဟာ နာမည်ပျက်စာရင်းကို သွတ်သွင်းထားခဲ့တဲ့ ပြည်ပရောက် ဒီမိုကရေစီလှုပ်ရှားသူတွေ၊ နိုင်ငံခရေးနဲ့ ဆက်နွယ်နေသူတွေထဲက အတော်များများကို နာမည်ပျက်စာရင်းမှ ပယ်ရှားပေးခဲ့တယ်။

သတင်းတစ်ခုကတော့ အဆိုပါ နာမည်ပျက်စာရင်းမှာ သွတ်သွင်းခံရသူ အရေအတွက်ဟာ ခြောက်ထောင်ခန့်ရှိပြီး ယခုအခါမှာ လူ ၂၀၀၀ ခန့်ကို စာရင်းမှ ပယ်ဖျက်ပေးခဲ့တယ်လို့ ဆိုပါတယ်။

မကြာလှသေးတဲ့ ရက်ပိုင်းအတွင်းကပဲ မြန်မာ့နိုင်ငံရေး ဇာတ်ခုံထက်မှာ နောက်ထပ်နိုင်ငံရေး ဇာတ်ကောင်အသစ်တွေ ဝင်ရောက်လာ

ပြန်ပါတယ်။ တကယ်တော့ ထိုသူတွေဟာ ဇာတ်ကောင်အသစ်စက်စက်တွေတော့ မဟုတ်ကြပါဘူး။ တစ်ချိန်က မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ အတော်အတန်နာမည်ရှိခဲ့ပြီး ကာလအတန်ကြာမျှ တိမ်မြုပ်နေခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။

မိုးသီးဇွန်တဲ့။ ဒေါက်တာ နိုင်အောင်တဲ့။ ဦးညိုအုန်းမြင့်တဲ့။ ဒေါက်တာသောင်းထွန်းတဲ့ စသည်စသည်ဖြင့်ပေါ့။ မနေ့တစ်နေ့ကတော့ သူတို့တစ်တွေဟာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမျှ ကင်းကွာနေခဲ့တဲ့ အမိမြေကို ပြန်လည်ရောက်ရှိလာကြပါပြီ။

အချို့ကလည်း စိတ်ချလက်ချနဲ့ အပြီးပြန်လာကြသူတွေဖြစ်ကြပြီး အချို့ကတော့ (သိပ်စိတ်မချနိုင်သေးလို့လား မသိ) မိမိတို့ ခိုလှုံရာနေရာမှာ အထုပ်အပိုးတွေထားခဲ့ပြီး ခေတ္တခဏလာရောက် လေ့လာကြသူတွေပါ။

တကယ်တော့ ကိုမိုးသီးဇွန်တို့လူစုကလည်း 'သူ့အဆင်းနဲ့ အချင်းနဲ့'ပါ။ သူတို့ကိုလည်း မင်္ဂလာဒုံလေဆိပ်မှာ ကြိုဆိုခဲ့သူတွေ အတော်လေးရှိခဲ့ပါတယ်။

သို့ပေမယ့် သူတို့ပြန်မရောက်ခင် တစ်ရက်လောက်ကပဲ မြောက်ပိုင်းမှာ မတရားအသတ်ခံခဲ့ကြရတဲ့ အေဘီအက်(စ်)ဒီအက်(ဖ်) အဖွဲ့ဝင် ၃၈ ဦးအတွက် အခမ်းအနားတစ်ရပ်ကို အေဘီအက်(စ်)ဒီအက်(ဖ်) ကျောင်းသားတပ်ဖွဲ့ဝင်ဟောင်းတွေက ကျင်းပခဲ့ကြပါတယ်။

ထိုသတင်းတွေဟာ လွန်ခဲ့တဲ့ ခြောက်လ၊ ခုနစ်လလောက်က တစ်ကြိမ် ပေါ်ထွက်လာခဲ့ပါသေးတယ်။

ကျွန်တော် စဉ်းစားတယ်။ အထပ်ထပ် အခုလုံးပဋိလုံ စဉ်းစားကြည့်ခဲ့တယ်။ ဘာတွေ ဘယ်လိုဖြစ်ခဲ့ကြတာလဲ။ ဖြစ်နေကြတာလဲ။ ပြီးတော့ ဖြစ်လာကြမှာလဲ။ တကယ်တော့ ကျွန်တော်တို့ရဲ့ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ကပြနေတဲ့ ကကွက်၊ ပြကွက်တွေဟာ တကယ့်ကို လျင်လျင်မြန်မြန်ပြောင်းလဲနေပါတယ်။

တရိပ်ရိပ် တရွေ့ရွေ့ ပြောင်းလဲနေပါတယ်။ ဒီအပြောင်းအလဲတွေဟာ ဘယ်ကို ဦးတည်နေတာလဲ။ ကျွန်တော် စဉ်းစားတယ်။

၂၀၁၅ ရွေးကောက်ပွဲတွေဆီကို ဦးတည်နေတာများလား။ ကျွန်တော် စဉ်းစားတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် လုံးလုံးလျားလျား ဦးတည်တဲ့ဖြစ်ရပ်ဆိုရင်တော့ ကျွန်တော်တို့အားလုံး ပျော်ကြရမှာပါ။

သို့ပေမယ့် အကယ်၍ မဆိုကောင်းဆိုကောင်း လာမယ့် ၂၀၁၅ ရွေးကောက်ပွဲတွေမှာ (၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလတုန်းကလို) ပါတီ ၂၀၀ ကျော် ပေါ်ပေါက်လာစေခဲ့တဲ့ ဒီမိုကရေစီအင်အားစုတွေကို အကွဲကွဲ အပြားပြား ဖြစ်မှုဆီကိုဦးတည်လာမယ့် သို့မဟုတ် ရည်ရွယ်ချက်ရှိရှိနဲ့ ဦးတည်စေတဲ့ အခင်းအကျင်းတစ်ရပ်ဆိုရင်တော့။

ပြည်သူတွေ ရင်ကျိုးရချည်ရဲ့။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၁၁
စက်တင်ဘာလ၊ ၂၀၁၂

## ဒီမိုကရေစီ သန္ဓေသားလောင်းနှင့် စိန်ခေါ်မှုများ၊ စမ်းသပ်မှုများ

၂၀၁၀ ရွေးကောက်ပွဲပြီးနောက် နိုင်ငံအာဏာကို ရရှိခဲ့တဲ့ သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအစိုးရဟာ နိုင်ငံမှာ ဒီမိုကရေစီစနစ် ကျင့်သုံးမယ်လို့ အကြိမ်ကြိမ် ကတိပြုခဲ့တယ်။ လက်တွေ့မှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အဓိကပါဝင်တဲ့ အတိုက်အခံနိုင်ငံရေးပါတီ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်။

ရှစ်လေးလုံးကျောင်းသား ခေါင်းဆောင်တွေအပါအဝင် နိုင်ငံရေး အကျဉ်းသား အတော်များများကို အသုတ်လိုက်လွှတ်ပေးခဲ့တယ်။ နိုင်ငံရေး အဖမ်းအဆီးတွေကို ရပ်တန့်ခဲ့တယ်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်၊ လွတ်လပ်စွာစုရုံးခွင့်တွေကို စည်းကမ်းသတ်မှတ်ချက်အချို့နဲ့ ခွင့်ပြုလာခဲ့တယ်။ စာနယ်ဇင်းတွေမှာ ရေးသားမှုတွေကို စိစစ်တည်းဖြတ်တဲ့ အလုပ်တွေကို ရပ်ဆိုင်းခဲ့တယ်။

ကေအင်န်ယူ (KNU) ပါတီနဲ့ အပစ်အခတ်ရပ်စဲပြီး ဆွေးနွေးမှုတွေ လုပ်လာခဲ့တယ်။

လူထုခေါင်းဆောင်နဲ့ အင်န်အယ်လ်ဒီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင် ဆန်းစုကြည်ဟာ နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်းမှာ ဥရောပ၊ အမေရိကန် ပြည်ထောင်စုတို့ကို ပြည်ပခရီးတွေ ထွက်နိုင်ခဲ့တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနဲ့ ရှစ်လေးလုံးခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့တယ်။ ရှစ်လေးလုံးနှစ်ပတ်လည် အခမ်းအနားကျင်းပမယ့်နေရာသို့ပင် အရေးပါတဲ့အစိုးရဝန်ကြီးအချို့လာရောက်ကာ ငွေကြေးလှူဒါန်းခဲ့တယ်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကိုလည်း လွတ်လပ်တရားမျှတစွာကျင်းပခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အင်န်အယ်လ်ဒီလွှတ်တော် ကိုယ်စားလှယ်လောင်း ၄၃ ဦးတို့အနိုင်ရကာ လွှတ်တော်တွင်းကို ရောက်ခဲ့ကြတယ်။

သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်ကလည်း ပြည်သူလူထုက ထောက်ခံတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်သမ္မတဖြစ်လာခဲ့ရင် မိမိအနေနဲ့ သဘောတူနိုင်ပါတယ်လို့ပင် ပြောဆိုခဲ့တယ်။ သို့ပေမယ့် ၂၀၁၅ ခုနှစ်အထိသာ သမ္မတတာဝန်ကိုယူတော့မယ်လို့ ခပ်စောစောကပြောခဲ့တဲ့ ဦးသိန်းစိန်ဟာ နောက်ပိုင်းမှာတော့ လူထုကလက်ခံရင် နောက်သက်တမ်းတစ်ခုအတွက် သမ္မတတာဝန်ကိုယူမယ်လို့ ပြောဆိုလာပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး နောက်ပိုင်းမှာဖြစ်ပေါ်လာတဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းတွေကတော့ ယေဘုယျအားဖြင့်ကြည့်မယ်ဆိုရင် တကယ့်ကို အားရစရာကြီးလို့ ဆိုရမှာပါ။

## ယုံကြည်လောက်တဲ့ အခင်းအကျင်းတွေ

တကယ်တော့ နဝတ၊ နအဖ စစ်အစိုးရ သို့မဟုတ် တပ်မတော်အစိုးရတွေ လက်ထက်တုန်းကလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီလမ်းခင်းနေတာပါလို့ အတည်လိုလို တကယ်လိုလိုနဲ့ အကြိမ်ကြိမ် ပြောခဲ့ဖူးတာပါ။ သို့ပေမယ့် ယခုအစိုးရသစ်လက်ထက်မှာတော့ လူဟောင်းတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုပေမယ့် ယခင်ခေတ်တွေနဲ့မတူတဲ့ အပြောင်းအလဲတွေ တကယ်ဖြစ်နေတာပါလို့ ထောက်ပြနိုင်လောက်တဲ့ အခင်းအကျင်းတွေကို တွေ့လာရပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီသို့ ဦးတည်တဲ့ခြေလှမ်းတွေ မြန်ဆန်လွန်းတဲ့အတွက် အီးယူနိုင်ငံတွေဟာ ဖွေဆော်ဦးအနေနဲ့ စီးပွားရေးပိတ်ဆို့မှု

တွေကို ရှုပ်သိမ်းခဲ့တယ်။ ဒီနောက်မှာတော့ အမေရိကပြည်ထောင်စုက လည်း အားကျမခံ ဝိတ်ဆို့မှုတွေကို ရုပ်သိမ်းခဲ့တယ်။

အမေရိကနဲ့ ဥရောပနိုင်ငံတွေ 'ဘရာဗို' လို့ အော်ဟစ်ကာ လက်ခုပ်သြဘာနဲ့ ထောမနာပြုခဲ့ကြတယ်။ အာဆီယံနိုင်ငံတွေကလည်း လက်ခေါက်မှုတ်ကာ ကြိုဆိုခဲ့ကြတယ်။ ဒီနှုန်းအတိုင်းသာဆိုရင် မြန်မာ နိုင်ငံဟာ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ အာရှမှာ ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့မှာပဲလို့ ထင်ကြေးပေးသူတွေ ရှိလာခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယနေ့အခြေအနေအထိတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးဟာ ဆိုးဖားဆိုးဂွတ် (So Far So Good) လို့ ပြောရမလိုရှိနေတာ အမှန်ပါ။

**သန္ဓေသားလောင်းအဆင့်သာရှိ**

သို့ပေမယ့် ယနေ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီတည်ဆောက် မှုဟာ အကောင်အထည်အဖြစ်သို့ ရောက်ရှိလာပြီး၊ ဘေးကင်းစိတ်ချရတဲ့ အဆင့်ကို ရောက်ရှိလာပြီလို့တော့ မဆိုနိုင်သေးပါဘူး။ ထပ်ပြီးပြောရရင် တော့ ဒီမိုကရေစီကို ဖီလာပြုတဲ့စနစ်ဟောင်းအတွင်းမှာ လေ့ကျင့်သင်ကြား ခြင်းခံခဲ့ရတဲ့ သို့မဟုတ် စနစ်ဟောင်းမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ ကျားကန်ပေးခဲ့ကြတဲ့၊ ကာကွယ်ပေးခဲ့ကြတဲ့ လူဟောင်းတွေရဲ့ဦးဆောင်မှုနဲ့ တည်ဆောက်နေတဲ့ ဒီမိုကရေစီဟာ 'အကောင်အထည်' သန္ဓေသားဘဝကို ရောက်ရှိလာပြီလို့ ပြောဖို့ခက်ခဲနေပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ဆီကို ဦးတည်လျှောက်လှမ်း နေတယ်ဆိုတာကတော့ ကြားသိမြင်တွေ့နေရပါပြီ။ သို့ပေမယ့် လက်ရှိ အချိန်မှာတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လောင်းရိပ်အောက်ကနေ ကြည့်ပြီးပြောရရင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ ကာလရေကြည်အဆင့် ထက် နည်းနည်းပဲသာတဲ့ သန္ဓေသားလောင်းအဆင့်မှာပဲ ရှိသေးတယ်လို့ ဆိုရမှာပါ။

အကယ်၍သာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ကောင်းမွန်စွာ ပေါ်ပေါက်လာခဲ့မယ်ဆိုရင် ဒီနိုင်ငံမှာ စာရေးသူအပါအဝင် သာမန်အညတရအောက်ခြေပြည်သူတွေလောက် ဝမ်းသာအားရဖြစ်မယ့်လူတွေ မရှိနိုင်ပါဘူး။ ကျွန်တော်တို့ အခြေခံပြည်သူတွေအနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအောင်ပွဲခံတာကို ကမ္ဘာဦးလူသားတွေ နေနဲ့လကို မြင်ချင်သလိုပဲ မြင်လိုလှပါတယ်။

**အားပြင်းတဲ့စိန်ခေါ်မှုတွေ**

သို့ပေမယ့် ယနေ့အချိန်မှာတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ သန္ဓေသားလောင်းကို အကောင်အထည်ဘဝသို့ ပို့ဆောင်ပေးရမယ့် လမ်းခရီးမှာ အင်အားပြင်းထန်တဲ့ စိန်ခေါ်မှုတွေ၊ စမ်းသပ်မှုတွေနဲ့ ကြုံဆုံနေရပါပြီ။

'မြစ်ဆုံရေကာတာ တည်ဆောက်မှုကို ပြည်သူတွေ သဘောမတူတဲ့အတွက် မိမိရဲ့သမ္မတသက်တမ်းအတွင်း ရပ်ဆိုင်းလိုက်တယ်' လို့ သမ္မတဦးသိန်းစိန်က ကြေညာခဲ့ပြီးနောက် တစ်နှစ်အကြာမှာတော့ မုံရွာခရိုင်မှာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ကန့်ကွက်တဲ့ပြည်သူတွေရဲ့ ဆန္ဒထုတ်ဖော်ပွဲတွေ တစ်ခဲနက် ပေါ်ပေါက်လာပါတယ်။

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်အတွင်းမှာရှိတဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို တရုတ်နိုင်ငံက ဝမ်ပေါင်ကုမ္ပဏီနဲ့ မြန်မာဘက်က ကုမ္ပဏီတို့ ပူးတွဲဆောင်ရွက်နေတာ ဖြစ်တယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်မှု၊ ကျေးရွာ ၂၆ ရွာနဲ့ လယ်ဧက ၇၈၀၀ ကျော် ဖျက်ဆီးခံရမယ့်အရေးနဲ့ ဧက ၁၅၀၀ ကျော်ရှိတဲ့ လက်ပံတောင်းတောင်ကြီး တစ်တောင်လုံး ပျောက်ကွယ်သွားမယ့်အဖြစ်တွေကြောင့် ယင်းစီမံကိန်းကို ဒေသခံပြည်သူတွေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူတွေက ကန့်ကွက်နေကြတာ ဖြစ်တယ်။

ယနေ့အချိန်မှာ နိုင်ငံအတွက် အရေးတကြီးပြဿနာဖြစ်နေတဲ့ လက်ပံတောင်းတောင် စီမံကိန်းလိုပဲ လုပ်ခလစာနည်းပါးမှု၊ လုပ်ငန်းခွင်အခြေအနေဆိုးဝါးမှုနဲ့ အလုပ်ရှင်တွေရဲ့ ဖိနှိပ်ခေါင်းပုံဖြတ်မှုတွေကို မကျေနပ်

တဲ့အတွက် ဆန္ဒပြနေကြတဲ့အလုပ်ရုံ၊ စက်ရုံတွေက အလုပ်သမားတွေရဲ့ ဆန္ဒပြပွဲတွေဟာလည်း ယနေ့အချိန်မှာ တစ်ကျော့ပြန် ပေါ်ပေါက်လာနေပါတယ်။

ဒါ့အပြင် ယနေ့အချိန်မှာ လယ်သိမ်း၊ ယာသိမ်းခံနေရတဲ့ တောင်သူလယ်သမားတွေရဲ့ဆန္ဒပြ ကန့်ကွက်မှုတွေဟာလည်း ရှိနေဆဲပါ။ လယ်သိမ်းမြေသိမ်းမှုတွေကလည်း ရှိနေဆဲပါ။ ဒါ့အပြင် လူ့အုပ်စုဖွဲ့ကာ ရမ်းကားမှုတွေ ဥပဒေစိုးမိုးရေးကို စိန်ခေါ်မှုတွေကလည်း ခပ်စိပ်စိပ် ပေါ်ပေါက်လျက်ရှိနေတယ်။

**အပြင်းထန်ဆုံး စိန်ခေါ်မှု နှစ်ခု**

ယနေ့အချိန်မှာ ပေါ်ထွက်နေတဲ့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီသစ္စာ သွားလောင်းကို စိန်ခေါ်မှုတွေအနက်က အပြင်းထန်ဆုံး စိန်ခေါ်မှုနှစ်ခုကတော့ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ ကေအိုင်အေနဲ့ အစိုးရတပ်တွေအကြား တိုက်ခိုက်နေတဲ့စစ်ပွဲပဲ ဖြစ်တယ်။

ထိုစစ်ပွဲဟာ ယခုအချိန်အထိ မရပ်တန့်နိုင်သေးဘဲရှိနေပြီး ထိုစစ်ပွဲကြောင့် ဒေသခံပြည်သူတွေဟာ အကြီးအကျယ် နစ်နာဆုံးရှုံးနေကြရတယ်။ ထိုစစ်ပွဲကြောင့် ပေါ်ပေါက်လာနိုင်တဲ့ ပေါ်ထွက်စပြုနေတဲ့ ဆိုးကျိုးကတော့ တိုင်းရင်းသားတွေအကြားမှာ ယုံကြည်မှုပျက်ပြားခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ယင်းသို့တိုင်းရင်းသားတွေအကြားမှာ ယုံကြည်မှုကင်းမဲ့လာမယ်ဆိုရင်တော့ မကောင်းတဲ့အကျိုးဆက်တွေ (Ill-Consequences) အများအပြား ပေါ်ပေါက်လာနိုင်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိရင် ဒီမိုကရေစီ မရှိနိုင်ပါဘူး။

ယခုအချိန်မှာ ကသောင်းကနင်းနဲ့ ပြင်းပြင်းထန်ထန် ပေါ်ပေါက်နေတဲ့ ဒီမိုကရေစီကို စိန်ခေါ်မှုတစ်ရပ်ကတော့ ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခတွေပါ။

'ထိုပဋိပက္ခတွေကြောင့် အောက်တိုဘာ ၃၀ ရက်အထိ သေဆုံးသူ ၈၉ ဦး၊ ဒဏ်ရာရသူ ၁၃၆ ဦး၊ မီးလောင်ပျက်စီးတဲ့လူနေအိမ် ၅၃၅၁ လုံးနဲ့ အိုးမဲ့အိမ်မဲ့ဖြစ်သွားရတဲ့ လူဦးရေ ၃၂၂၃၁ ဦးရှိတယ်'လို့ သမ္မတရုံးက တရားဝင်သတင်းထုတ်ပြန်ထားပါတယ်။

ရခိုင်ပြည်နယ်ပဋိပက္ခတွေဟာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ပါဝင်ပတ်သက်မှုရှိနေပြီး လက်နက်ကိုင်အကြမ်းဖက်မှု အခြေအနေကို ကူးပြောင်းတော့မယ့်လက္ခဏာ အသွင်ဆောင်လာနေတယ်လို့ ဆိုတယ်။

လက်ရှိအချိန်မှာတော့ ရခိုင်ပြည်နယ်ပဋိပက္ခတွေဟာ ငါးလကျော်ကာလထဲကို ရောက်ရှိလာပေမယ့် အဆုံးသတ်ဖို့ အလားအလာ နည်းပါးနေဆဲပဲ ဖြစ်တယ်။ ရခိုင်ပြည်နယ်ပဋိပက္ခတွေဟာ ဒီမိုကရေစီကိုသာမကဘဲ မြန်မာနိုင်ငံရဲ့ အနာဂတ်ဘဝကိုပါ ခြိမ်းခြောက်လျက် ရှိနေတယ်။

## စမ်းသပ်မှုတွေရှိနေ

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီသန္ဓေသားကို စိန်ခေါ်မှုတွေရှိနေသလို အကဲစမ်းမှုတွေ၊ စမ်းသပ်မှုတွေကလည်း ရှိနေပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးလို့ ကြွေးကြော်နေချိန်မှာ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင်လုပ်နေတဲ့ လုပ်ရပ်တွေ ပေါ်ပေါက်နေဆဲ ဖြစ်တယ်။

အာဏာပိုင်အဖွဲ့အစည်းတွေကိုယ်တိုင်က ပြည်သူတွေကို အနိုင်ကျင့်မိုလ်ကျမှုတွေရှိနေဆဲပဲ ဖြစ်တယ်။ မြေသိမ်း၊ လယ်သိမ်းမှုတွေကလည်း ဆက်လက်ဖြစ်ပွားနေဆဲပဲ ဖြစ်တယ်။

အကျင့်ပျက်လာဘ်စားမှုတွေကို ဥပဒေပြဋ္ဌာန်းပြီး တိုက်ဖျက်နေချိန်မှာပင် 'ဒါတွေကတော့ ခေါက်ရိုးကျိုးနေပြီ'လို့ ပြောကာ ပြုပြင်ပြောင်းလဲလို့ မရနိုင်တော့တဲ့ပုံစံမျိုး ပြောဆိုနေသူတွေလည်း ရှိနေပါတယ်။

နိုင်ငံတော်ပိုင် ပြည်သူလူထုပိုင် အဆောက်အအုံတွေ၊ မြေတွေကို ဈေးချောင်ချောင်နဲ့ လက်လွှဲရယူနေမှုတွေလည်း ရှိနေဆဲပဲ ဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းများစွာ ဒီမိုကရေစီကင်းမဲ့ခဲ့တဲ့ ကာလအတွင်းမှာ အကျိုးအမြတ်တွေ တောင်ပုံရာပုံ ရရှိခဲ့ကြသူတွေကလည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးမှာ ကျင်းတွေ၊ ချောက်တွေနဲ့ ပိတ်ဆို့ဟန့်တားမှုတွေ ပေါ်ပေါက်နေတာကိုကြည့်ရင်း ကြိတ်ပြီးဝမ်းသာနေကြမှာ အမှန်ပါ။

အချို့ကလည်း 'ဒီတိုင်းပြည်ဟာ ငါတို့ မအုပ်ချုပ်ရင် မဖြစ်ပါဘူးကွာ'လို့ပင် တိုးတိုးတိတ်တိတ် ပြောဆိုနေကြမှာပါ။

တကယ်တော့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီသန္ဓေသားကို အောင်အောင်မြင်မြင်နဲ့မွေးရမှာပါ။ ဒါ့အပြင် မွေးဖွားလာမယ့်ဒီမိုကရေစီသန္ဓေသားကိုလည်း ကြီးထွားသန်စွမ်းလာအောင် လုပ်ကိုလုပ်ရမှာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနဲ့ နိုင်ငံဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီလမ်းကြောင်းမှတစ်ပါး အခြားရွေးချယ်စရာ မရှိပါဘူး။

**အခြေခံ လိုအပ်ချက်တွေ**

ဒီတော့ ယနေ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအောင်မြင်ရေးအတွက် လုပ်ဆောင်ဖို့လိုအပ်တဲ့ အခြေခံအချက်တွေကတော့

၁။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားညီညွတ်ရေး(National Unity) တည်ဆောက်ရေး။

၂။ အမည်အမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးနဲ့ မှတ်ကြနေတဲ့ ဒီမိုကရေစီလိုလားတဲ့ အဖွဲ့အစည်းတွေအားလုံး ညီညွတ်ပေါင်းစည်းရေး။

၃။ ပြည်သူကို အကျိုးပြုတဲ့ ဥပဒေတွေအားလုံး အာဏာသက်ရောက်မှုရှိရေး။

၄။ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်တဲ့ဥပဒေတွေ အားလုံးဖျက်သိမ်းပစ်ရေး။

၅။ အမျိုးသားအကျိုးစီးပွားနဲ့ တိုင်းရင်းသားတွေ အားလုံးရဲ့အကျိုးစီးပွားကို (လုံး၀) အခြေခံတဲ့ ရဲရင့်ပြတ်သားတဲ့ နိုင်ငံသားဥပဒေ အမြန်ဆုံးပေါ်ထွက်ရေး။

၆။ ၂၀၁၅ မှာ ကျင်းပမယ့်ရွေးကောက်ပွဲကို လုံးဝ လွတ်လပ်သန့်ရှင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်လာရေးအတွက် ကြိုတင်ပြင်ဆင်ရေး။

၇။ တိုင်းရင်းသားအားလုံး အကျိုးစီးပွားတွေကို တန်းတူညီမျှ ခံစားရစေမယ့် စစ်မှန်တဲ့ပြည်ထောင်စုမူကို ချမှတ်အကောင်အထည်ဖော်ရေး။

၈။ တပ်မတော်ကို ဒီမိုကရေစီပီသတဲ့ တပ်မတော်ဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးဆိုတဲ့ အချက်တွေပဲ ဖြစ်တယ်။

သို့မှသာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီသန္ဓေသားဟာ အောင်မြင်စွာမွေးဖွားလာပြီး အားကောင်းမောင်းသန်ဘဝကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၃၉
နိုဝင်ဘာ၊ ၂၀၁၂

## ၂၀၁၅ အတွက် အင်တိုက်အားတိုက် ကြိုတင်ပြင်ဆင်ကြဖို့လိုပြီ

လာမယ့် ၂၀၁၅ ခုနှစ်မှာတော့ တစ်နိုင်ငံလုံးမှာ ရွေးကောက်ပွဲအသစ်တွေ ကျင်းပပါတော့မယ်။ ၂၀၁၅ ခုနှစ်အရောက်မှာ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ အနိုင်ရခဲ့တဲ့ NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)ရဲ့ ပြည်သူ့ကိုယ်စားလှယ်တွေအပါအဝင် အဖွဲ့ချုပ်ဟာ စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်ရဖို့ ရှိနေပါတယ်။

၂၀၁၅ မှာ ကျင်းပဖို့ရှိတဲ့ ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီခရီးရှည်ကြီးကို လျှောက်လှမ်းနေကြတဲ့ မြန်မာပြည်သူတွေရဲ့ဆန္ဒကို ထင်ဟပ်ပြမယ့် ရွေးကောက်ပွဲတွေပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာလည်း ထိုရွေးကောက်ပွဲတွေဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးရှည်ကြီးရဲ့ အလှည့်အပြောင်းတစ်ခုလည်း ဖြစ်နိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၅ ခုနှစ်မှာကျင်းပမယ့် ရွေးကောက်ပွဲတွေကတော့ မြန်မာနိုင်ငံနဲ့တကွ ပြည်သူလူထုရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ရွေးကောက်ပွဲတွေဖြစ်လာမှာ သေချာပါတယ်။ ထိုရွေးကောက်ပွဲမှာ စစ်မှန်တဲ့ဒီမိုကရေစီအင်အားစုတွေ ပြတ်ပြတ်သားသား အနိုင်ရခဲ့ရင် မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီတော်လှန်ရေးဟာ ပြတ်ပြတ်သားသား အောင်ပွဲခံနိုင်မှာဖြစ်တယ်။

အကယ်၍သာ ဒီမိုကရေစီအင်အားစုတွေ အနိုင်ရပေမယ့် ပြတ်ပြတ်သားသား အောင်ပွဲမခံနိုင်ဘူးဆိုရင် သို့မဟုတ် ဒီမိုကရေစီအင်အားစုတွေ

အကြားမှာ ဒီမိုကရေစီနည်းကျတဲ့ ညှိနှိုင်းတတ်ရေးကို စနစ်တကျ မတည်ဆောက်နိုင်ဘူးဆိုရင်တော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးမှာ လှိုင်းလေထန်မှုတွေ ရှိနေဦးမှာ ဖြစ်တယ်။ မြန်မာပြည်သူတွေအတွက် ဒီမိုကရေစီပန်းတိုင်ဟာ ဝေးကွာနေဦးမှာသာ ဖြစ်တယ်။

တကယ်တော့ မြန်မာနိုင်ငံရဲ့သမိုင်းမှာ ဒီမိုကရေစီမိုးမှောင်ကျခဲ့တဲ့ နှစ်တွေဟာများပြောင်လှပါပြီ။ ဒီမိုကရေစီကင်းမဲ့တဲ့ခေတ်ကာလတွေ အတွင်းမှာ ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရတဲ့ မြန်မာပြည်သူတွေရဲ့ ဘဝတွေဟာလည်း နစ်နာခြင်းမက နစ်နာလွန်းကြရပါပြီ။

ဒါကြောင့် ၂၀၁၅ ရွေးကောက်ပွဲတွေမှာ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ ဦးဆောင်ပါတီဖြစ်တဲ့ NLD ဦးဆောင်တဲ့စစ်မှန်တဲ့ ဒီမိုကရေစီအင်အားစုတွေ ပြတ်ပြတ်သားသား အနိုင်ရရေးဟာ သိပ်ကို အရေးပါလှပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ ပြည်သူလူထုအကျိုးကို တကယ်လိုလားတဲ့ ဒီမိုကရေစီအင်အားစုအားလုံးဟာ ၂၀၁၅ အတွက် အားသွန်ခွန်စိုက် စည်းရုံးပြင်ဆင်ကြရမှာပါ။

ယင်းသို့ ဆောင်ရွက်ရာမှာ အောက်ပါအချက်သုံးချက်ကို အဓိကထားပြီး ဆောင်ရွက်သင့်ပါတယ်။ ထိုအချက်တွေကတော့–

၁။ မိမိတို့ပါတီရဲ့ စည်းရုံးရေးစွမ်းဆောင်ရည်ကို မြှင့်တင်ရေး၊

၂။ ကြားဖြတ်ရွေးကောက်ပွဲနိုင် ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်လူထုနဲ့ ပိုမိုထိတွေ့ဆက်ဆံရေး၊

၃။ ဒီမိုကရေစီအင်အားစုတွေအကြား မဟာမိတ်ဖွဲ့စည်းရေး (Allignment Of Democratic Forces) တို့ပဲ ဖြစ်ပါတယ်။

၁။ ဒီမိုကရေစီအင်အားစုတွေဟာ မိမိတို့ပါတီရဲ့ စည်းရုံးရေးစွမ်းဆောင်ရည် (Organizational Capacity) ကို အမြဲတစေမြှင့်တင်နေရမှာ ဖြစ်တယ်။ ယခုအချိန်မှာ ဒီမိုကရေစီပါတီတွေဟာ ၂၀၁၅ ရွေးကောက်ပွဲအတွက် မိမိတို့ရဲ့တပ်တွေကို ပြင်ဆင်ကြရမှာပါ။

မိမိတို့ရဲ့ လက်ရှိအင်အားကို ခိုင်မာကျစ်လျစ်အောင် ဆောင်ရွက်ရမှာဖြစ်သလို မိမိတို့ရဲ့ပါတီဝင်အင်အားကို တိုးချဲ့ကြရမှာဖြစ်တယ်။ တစ်ချိန်တည်းမှာလည်း ပြည်သူလူထုအတွင်းမှာ မိမိတို့ကိုထောက်ခံမယ့် အမာခံအင်အားတွေ၊ မဟာမိတ်တွေနဲ့ အရန်မဟာမိတ်တွေကို အဆင့်ဆင့်ခွဲကာ ဖော်ထုတ်စုစည်းသင့်ပါတယ်။

သို့ပေမယ့် တစ်ချိန်တည်းမှာလည်း မိမိတို့ပါတီနဲ့ အပြင်စည်း (Outer Circle)၊ အလယ်စည်း (Middle Circle) နဲ့ အတွင်းစည်း (Inner Circle) တွေအတွင်းကို သူလျှိုဒလန်တွေ၊ ပဉ္စမ်တပ်သားတွေ၊ အဖျက်သမားတွေ (Saloteur) မဝင်ရောက်နိုင်အောင်တော့ သတိရှိရှိနဲ့ ထိန်းချုပ်ဖို့လိုပါတယ်။

၂။ ၂၀၁၅ အတွက် ဦးတည်ဆောင်ရွက်သင့်တဲ့ နောက်ထပ်လုပ်ငန်းတစ်ခုကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနိုင် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့အနိုင်ရရှိခဲ့တဲ့ မဲဆန္ဒနယ်အသီးသီးရှိ ပြည်သူတွေနဲ့ တစ်သွေးတည်း၊ တစ်သားတည်းဖြစ်အောင် နေထိုင်ဆောင်ရွက်ဖို့ပဲ ဖြစ်တယ်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ NLD အနိုင်ရခဲ့တဲ့ မဲဆန္ဒနယ်ဟာ ၄၃ ခုသာဖြစ်ပေမယ့် မြန်မာတစ်နိုင်ငံလုံးမှ မဲဆန္ဒရှင်တွေက ထိုမဲဆန္ဒနယ် ၄၃ ခုကို အထူးတလည် အာရုံစိုက်နေကြတာပါ။

မြန်မာတစ်နိုင်ငံလုံးမှာရှိကြတဲ့ ပြည်သူတွေဟာ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေ အနိုင်ရခဲ့တဲ့ မဲဆန္ဒနယ်တွေမှာ ယင်းကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့မဲဆန္ဒနယ်မှာရှိတဲ့ ပြည်သူလူထုအကျိုးကို ဘယ်လိုသယ်ပိုးထမ်းရွက်မလဲ၊ အဖွဲ့ချုပ်ကိုယ်စားလှယ်တွေအနေနဲ့ မဲဆန္ဒရှင်လူထုနဲ့ ဘယ်လောက်အထိ နွေးနွေးထွေးထွေး ဆက်ဆံကြမှာလဲဆိုတာတွေကို စောင့်ကြည့်နေကြမှာပါ။

ဒါကြောင့် ကြားဖြတ်ရွေးကောက်ပွဲနိုင် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်တွင်းလုပ်ငန်းတွေမှာသာ နစ်မြုပ်မနေဘဲ

မိမိတို့ရဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်တွေမှာ အချိန်ရရင်ရသလို သွားရောက်နေထိုင်ပြီး မဲဆန္ဒနယ်လူထုရဲ့ပြဿနာတွေကို လေ့လာစူးစမ်းကာ အတတ်နိုင်ဆုံးကြိုးစားဖြေရှင်းပေးကြဖို့ လိုပါတယ်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနိုင် ကိုယ်စားလှယ်တွေရဲ့ မဲဆန္ဒနယ်လူထုနဲ့ ထိတွေ့ဆက်ဆံမှုတွေဟာ ၂၀၁၅ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးယှဉ်ပြိုင်မှုအပေါ်မှာ ကြီးမားတဲ့သက်ရောက်မှုကို ဖြစ်စေနိုင်ပါတယ်။

၃။ နောက်ထပ် အရေးကြီးတဲ့အချက်တစ်ခုကတော့ ဒီမိုကရေစီအင်အားစုတွေအကြားမှာ မဟာမိတ်ဖွဲ့စည်းရေးပဲ ဖြစ်တယ်။

ယနေ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို မလိုလားတဲ့ ဒီမိုကရေစီဆန့်ကျင်ရေးအင်အားစုတွေဟာ အခိုင်အမာရှိနေဆဲပဲ ဖြစ်ပါတယ်။ ထိုအင်အားစုတွေဟာ ၂၀၁၅ ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်ဦးဆောင်တဲ့ ဒီမိုကရေစီအင်အားစုတွေ အနိုင်မရရေး သို့မဟုတ် အနိုင်ရရှိသည့်တိုင်အောင် အပြတ်အသတ် (၇၅ ရာခိုင်နှုန်း) အနိုင်မရရေးအတွက် တရားတဲ့နည်းရော၊ မတရားတဲ့၊ မသမာတဲ့နည်းလမ်းတွေကိုပါ အသုံးပြုပြီးဆောင်ရွက်ကြမှာ သေချာပါတယ်။

ဒါကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့တကွ စစ်မှန်တဲ့ဒီမိုကရေစီအင်အားစုတွေဟာ ဩဇာ၊ အာဏာ၊ ငွေ၊ ငွေကြေးအင်အားကြီးမားပြီး ကောက်ကျစ်စဉ်းလဲလှတဲ့ရန်သူကို အနိုင်ယူနိုင်ဖို့အတွက် ကျယ်ပြန့်ပြီးခိုင်မာတဲ့နိုင်ငံရေးအရ မဟာမိတ်ဖွဲ့မှုတွေကို ထူထောင်ဖို့လိုပါတယ်။

တကယ်တော့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီခရီးဟာ ၂၀၁၅ ရွေးကောက်ပွဲတွေမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒီမိုကရေစီဘက်တော်သားတွေ အနိုင်ရရှိရေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတာပါ။

ဒီလှိုင်းဂျာနယ်
အတွဲ ၂၊ အမှတ် ၈

## ပြည်သူ့ဘက်ကရပ်တည်တဲ့ နိုင်ငံရေးသမားတွေ လိုအပ်နေ

လွန်ခဲ့တဲ့တနင်္ဂနွေနေ့က တော်ဝင်နှင်းဆီမှာ ကျင်းပခဲ့တဲ့စာအုပ်မိတ်ဆက်ပွဲတစ်ခုကို ကျွန်တော် ရောက်ဖြစ်ခဲ့ပါတယ်။ မိတ်ဆက်တဲ့စာအုပ်က 'နိုင်ငံရေးသမားဖြစ်ချင်တယ်ဆိုရင် ခေတ်ပြိုင်မြန်မာ့နိုင်ငံရေးသုံးသပ်ချက်များ' ဆိုတဲ့ စာအုပ်ပါ။ စာရေးသူကတော့ အောင်သာ (ပီသုံးလုံး)။

စာရေးဆရာ အောင်သာ (ပီသုံးလုံး) သို့မဟုတ် ၁၉၆၂ ခုနှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ခဲ့တဲ့ ကိုလှရွှေနဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်ကတည်းက ရန်ကုန်တက္ကသိုလ်မှာ ဗကသ၊ တကသ၊ ကျောင်းသားညီညွတ်ရေး တပ်ဦးလှုပ်ရှားမှုတွေမှာ အတူပါဝင်ခဲ့ကြသူတွေပါ။

ကျွန်တော်တို့နှစ်ဦးဟာ ကာလတစ်ကန့်မှာ နှစ်ပေါင်းအတန်ကြာမျှဝေးကွာခဲ့ကြပေမယ့် ကျွန်တော်တို့အကြားမှာ တည်ရှိခဲ့တဲ့ ချစ်ခင်ရင်းနှီးမှုနဲ့ ရဲဘော်ရဲဘက်စိတ်ဓာတ်တွေကတော့ ပြောင်းလဲမသွားခဲ့ပါဘူး။

ဒါကြောင့်ပဲ အောင်သာ (ပီသုံးလုံး)ရဲ့ မိတ်ဆက်ပွဲကျင်းပဖို့အကြောင်းဖန်လာချိန်မှာတော့ စာရေးဆရာအောင်သာ သို့မဟုတ် ကိုလှရွှေကိုယ်တိုင်နဲ့ သူ့ရဲ့သမီးဖြစ်သူနေခြည်တို့က မိတ်ဆက်ပွဲမှာ ကျွန်တော့်ကိုမှဒိတာစကားပြောဖို့ ဖိတ်ခေါ်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း လိုလိုချင်ချင်နဲ့ပဲ ထိုအခမ်းအနားကို တက်ရောက်ပြီး စကားပြောဖြစ်ခဲ့ပါတယ်။

ထိုပွဲမတိုင်မီမှာ ဘာပြောရမလဲဆိုတာကို ကျွန်တော်စဉ်းစားခဲ့တယ်။

နိုင်ငံရေးသမားဖြစ်ချင်တယ်ဆိုရင် ... နိုင်ငံရေးသမားဖြစ်ချင်တယ်ဆိုရင် ...

**နိုင်ငံရေးစာပေတွေ ဘွန်းဖြစ်**

တကယ်တော့ ယနေ့အချိန်မှာ နိုင်ငံရေးပါတီတွေ အများအပြားတည်ရှိနေပြီး နိုင်ငံရေးသမားတွေလည်း အများအပြား ပေါ်ထွက်လျက်ရှိနေပါပြီ။ နိုင်ငံရေးပွင့်လင်းမှုတွေ ရှိနေပြီလို့ပြောဆိုနေကြတဲ့ ယနေ့ခေတ်မှာ နိုင်ငံရေးဆိုင်ရာ စာအုပ်စာပေတွေလည်း အပြိုင်အဆိုင်း ထွက်ပေါ်လျက်ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ ဝန်ကြီးချုပ်၊ ဝန်ကြီးတာဝန်တွေကို ထမ်းရွက်ခဲ့ဖူးသူတွေ ရေးခဲ့တဲ့စာအုပ်တွေ၊ အစဉ်အလာကြီးတဲ့ နိုင်ငံရေးသမားကြီးတွေ ရေးခဲ့တဲ့ နိုင်ငံရေးအတွေ့အကြုံစာအုပ်တွေ၊ နောက်ပိုင်းခေတ် နိုင်ငံရေးသမားတွေရေးတဲ့ နိုင်ငံရေးစာအုပ်တွေ စတဲ့ နိုင်ငံရေးစာအုပ်ပေါင်းများစွာ ထွက်ပေါ်လာခဲ့တယ်။

နိုင်ငံရေးစာအုပ်တွေကို ရေးသားကြသူတွေထဲမှာ နိုင်ငံရေးသမားဟောင်းကြီးတွေ၊ နိုင်ငံရေးဖြတ်သန်းမှုရှိသူတွေပါဝင်သလို နိုင်ငံရေးနဲ့ တစ်ခါမျှထိတွေ့မှုမရှိခဲ့တဲ့ ဝတ္ထုရေးဆရာတွေပင် ပါဝင်တာတွေ့ရပါတယ်။ ယနေ့ခေတ်ကတော့ နိုင်ငံရေးစာပေတွေ ဘွန်း (Boom)ဖြစ်တဲ့ ခေတ်တစ်ခေတ်လို့ပင်ထင်ရလောက်အောင် နိုင်ငံရေးစာအုပ်တွေ မပြတ်မလပ်ထွက်နေတာတွေ့ရတယ်။

စာရေးဆရာကြီး မောင်သာရက 'ရေးတတ်ရင် ဝတ္ထုဖြစ်တယ်'လို့ တစ်ခါက ပြောခဲ့ဖူးပါတယ်။ မည်သူမဆို နိုင်ငံရေးစာအုပ်တွေကို ရေးရာမှာ စာရေးတဲ့အတတ်ပညာကို တတ်သိကျွမ်းကျင်သူ ဖြစ်မယ်ဆိုရင်တော့ အထိုက်အလျောက် ဖတ်ပျော်တဲ့စာအုပ်တစ်အုပ် ဖြစ်လာမှာပါ။

သို့ပေမယ့် အထူးသဖြင့် နိုင်ငံရေးစာပေကိုရေးသားရာမှာ နိုင်ငံရေးဖြတ်သန်းမှုမရှိဘဲ ကိုးကားနိုင်တဲ့စာအုပ်စာတမ်းတွေ ဖတ်ပြီးရေးတဲ့နိုင်ငံရေးစာအုပ်နဲ့ နိုင်ငံရေးဖြစ်စဉ်တစ်ခုမှာ ကိုယ်တိုင်ပါဝင်ခဲ့သူတွေရေးတဲ့ နိုင်ငံရေးစာအုပ်တစ်အုပ်ဟာ တစ်ခုနဲ့တစ်ခု လေးနက်မှုချင်း ကွာခြားလှပါတယ်။

နိုင်ငံရေးဖြစ်စဉ်တစ်ခု သို့မဟုတ် သမိုင်းတစ်ကွေ့မှာ ထဲထဲဝင်ဝင်ပါဝင်ခဲ့သူတစ်ဦးရေးသားတဲ့ နိုင်ငံရေးစာအုပ်တစ်အုပ်ဟာ လေးနက်မှုအရာမှာလည်း ပိုမိုသလို သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်တော်ဟာ အောင်သာ (ပီသုံးလုံး) ရဲ့စာအုပ်ကို ဖတ်ရင်း 'ဘယ်လို နိုင်ငံရေးသမားဖြစ်ချင်သလဲ'ဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး အတွေးပေါင်းများစွာကို ဆန့်ထုတ်ခဲ့မိတယ်။

## ပြည်သူ့ဘက်က နိုင်ငံရေးသမားတွေလို

တကယ်တော့ ယနေ့အချိန်မှာ နိုင်ငံရေးစာအုပ်တွေ ဟောတစ်အုပ်၊ ဟောတစ်အုပ် ထွက်နေသလို နိုင်ငံရေးပါတီတွေလည်း အများအပြားရှိနေသလို၊ နိုင်ငံရေးသမားတွေလည်း အများအပြားရှိနေတာပါ။

သို့ပေမယ့် ကျွန်တော်တို့နိုင်ငံမှာ 'ဘယ်လိုနိုင်ငံရေးသမားတွေရှိသင့်ပါသလဲ' ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးသမားတွေ အမြောက်အမြားပေါ်ထွက်လာတာကတော့ အလွန်ကောင်းပါတယ်၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွက် အလွန်ကောင်းတဲ့အလားအလာပါ။ သို့ပေမယ့် ထိုလူ့အဖွဲ့အစည်းကြီး လက်တွေ့အကောင်အထည်ပေါ်လာဖို့ကတော့ ကျွန်တော်တို့နိုင်ငံမှာ အရည်အသွေးရှဲပြည့်စုံတဲ့ တော်တည့်မှန်ကန်တဲ့ ပြည်သူ့ဘက်က နိုင်ငံရေးသမားကောင်းတွေ အများအပြားရှိဖို့ ပေါ်ထွက်လာဖို့ လိုပါတယ်။

သို့ပေမယ့် နိုင်ငံရေးသမားကောင်းလို့ သတ်မှတ်နိုင်တဲ့ လက္ခဏာရပ်တွေကလည်း ကျယ်ဝန်းလှတာပါ။

ယနေ့အချိန်မှာတော့ လူတစ်ယောက်က နိုင်ငံရေးပါတီတစ်ခုထဲဝင်ပြီး နိုင်ငံရေးလုပ်မယ်ဆိုရင် နိုင်ငံရေးသမားတစ်ယောက်ဖြစ်ပြီလို့ ယူဆသူတွေ အများအပြား ရှိနိုင်ပါတယ်။

**နိုင်ငံရေးလမ်းနှစ်လမ်း**

တကယ်တော့ နိုင်ငံရေးမှာ ရေဆန်လမ်းနဲ့ ရေစုန်လမ်းဆိုတာရှိပါတယ်။ နိုင်ငံရေးဒီရေမြင့်သစ်ကာလလို့ပြောနိုင်တဲ့ နိုင်ငံရေးရေစုန်လမ်းကတော့ နိုင်ငံရေးသမားတွေအတွက် အခက်အခဲအကျပ်အတည်းတွေနည်းပါးပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံရေးရေစုန်လမ်းမှာ နိုင်ငံရေးရေဆန်လမ်းမှာထက် နိုင်ငံရေးသမားတွေ အများအပြားပေါ်ထွက်လာလေ့ ရှိပါတယ်။

နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ တရားဝင်ဖွဲ့စည်းခွင့်ရရှိပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို လွတ်လပ်စွာလုပ်ဆောင်နိုင်တဲ့ကာလမျိုးတွေမှာလည်း နိုင်ငံရေးပါတီတွေ အဖွဲ့အစည်းတွေ အများအပြားပေါ်ထွက်လာလေ့ ရှိတယ်။

သို့ပေမယ့် နိုင်ငံရေးရေဆန်လမ်းလို့ခေါ်နိုင်တဲ့ နိုင်ငံရေးလွတ်လပ်မှုနဲ့ လူ့အခွင့်အရေးတွေ လုံးဝချုပ်ငြိမ်းနေတဲ့ကာလတွေမှာ နိုင်ငံရေးပါတီတွေရဲ့ တရားဝင်ရပ်တည်မှုနဲ့ လှုပ်ရှားမှုတွေဟာ ပိတ်ပင်ခံရလေ့ ရှိပါတယ်။ ထိုအခြေအနေမျိုးဟာ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေကို ဆန်ခါတိုက်ပြီး စစ်ဆေးလိုက်တဲ့အခြေအနေပဲ ဖြစ်တယ်။

ပုံမှန် နိုင်ငံရေးအခြေအနေကနေ ဖိနှိပ်ချုပ်ချယ်မှုတွေပြင်းထန်တဲ့ အာဏာရှင်အုပ်စိုးမှုတွေ သို့မဟုတ် စစ်တပ်အာဏာသိမ်းမှုတွေ ပေါ်ပေါက်လာတဲ့အခါမျိုးမှာတော့ နိုင်ငံရေးယုံကြည်ချက်မခိုင်မာတဲ့ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေဟာ တစ်ခဏအတွင်းမှာပဲ ပျောက်ကွယ်သွားလေ့ ရှိပါတယ်။

ထိုအခြေအနေမျိုးမှာတော့ မိမိရဲ့ဘဝတစ်ခုလုံးကို နိုင်ငံရေးမှာပဲ နှစ်မြှုပ်ထားတဲ့ သေတစ်ပန်သက်တစ်ဆုံး နိုင်ငံရေးသမားတွေ သို့မဟုတ်

ပရိုဖက်ရှင်နယ် (Professional) နိုင်ငံရေးသမားတွေသာ နိုင်ငံရေးလောကမှာ ကျန်ရစ်တယ်။

**နိုင်ငံရေးသမား နှစ်မျိုး**

ဒီနေရာမှာတော့ သာမန်နိုင်ငံရေးသမားနဲ့ တော်လှန်ရေးသမား သို့မဟုတ် တော်လှန်သောနိုင်ငံရေးသမား (Revolutionary Politician) ဆိုပြီး နှစ်မျိုးနှစ်စား ကွဲပြားလာပါတယ်။

သာမန်နိုင်ငံရေးသမားတွေကတော့ ဖိနှိပ်မှုတွေလျော့ပါးသွားပြီး နိုင်ငံရေး ပွင့်လင်းမှုရှိလာတဲ့အခါမှာ နိုင်ငံရေးပါတီထောင် သို့မဟုတ် နိုင်ငံရေးပါတီတစ်ခုခုထဲဝင်ပြီး အုပ်စိုးသူတွေက ခွင့်ပြုတဲ့အတိုင်းအတာ ဘောင်အတွင်းက နိုင်ငံရေးလုပ်ကြသူတွေပါ။ ဥပမာ ထိုသူတွေဟာ ဆန္ဒပြပွဲတစ်ခု သို့မဟုတ် အစည်းအဝေးတစ်ခုလုပ်ချင်ပေမယ့် သက်ဆိုင်ရာအာဏာပိုင်တွေကို ခွင့်တောင်းတဲ့အခါမှာ အာဏာပိုင်တွေက ခွင့်မပြုခဲ့ရင် ၎င်းတို့လုပ်လိုတဲ့ အစည်းအဝေးတွေ၊ ဆန္ဒပြပွဲတွေကို မလုပ်တော့ပါဘူး။

ထိုသူတွေဟာ သူတို့ကိုယ်သူတို့ ဥပဒေကို လေးစားရိုသေသူတွေအဖြစ် ဂုဏ်ယူတတ်ကြပါသေးတယ်။ သို့ပေမယ့် အုပ်စိုးသူအာဏာရှင်တွေက နိုင်ငံရေးလှုပ်ရှားမှုတွေကို ပိတ်ပင်တားမြစ်ကာ ဖိနှိပ်မှုတွေ ပြုလုပ်လာချိန်မှာတော့ ထိုသူတွေဟာ မိမိတို့ရဲ့ နိုင်ငံရေးပါတီတွေကို အလွယ်တကူဖျက်သိမ်းပြီး မိမိတို့ရဲ့ လှုပ်ရှားမှုတွေကိုလည်း အလွယ်တကူပဲ အဆုံးသတ်လိုက်ကြပါတော့တယ်။

မိမိတို့ရဲ့ နိုင်ငံရေးလမ်းစဉ်ကိုလည်း အလွယ်တကူ စွန့်လွှတ်လိုက်ကြပါတော့တယ်။ တစ်ခေတ်တစ်ခါတုန်းက ကျွန်တော်တို့နိုင်ငံမှာ 'ဖော့ဦးထုပ်နဲ့ ဒီမိုကရေစီကို လဲသူတွေ'လို့ သတင်းစာဆရာတွေက ပြောင်လှောင်သရော်ခဲ့ကြတဲ့ နိုင်ငံရေးသမားတွေဟာ ထိုနိုင်ငံရေးသမားမျိုးတွေပဲ ဖြစ်ပါတယ်။

**တော်လှန်နိုင်ငံရေးသမားများ**

သို့ပေမယ့် နိုင်ငံရေးကို မိမိတို့ရဲ့ဘဝတာဝန်အဖြစ် ခံယူထားကြတဲ့ ပရိုဖက်ရှင်နယ် နိုင်ငံရေးသမားတွေကတော့ မိမိတို့လျှောက်လှမ်းရတဲ့ နိုင်ငံရေးခရီးလမ်းဟာ ဘယ်လောက်ပင် ကြမ်းတမ်းစေကာမူ မိမိတို့ရဲ့ ယုံကြည်ချက် အလံတော်ကိုဆုပ်ကိုင်ပြီး မဖြစ်မနေလျှောက်လှမ်းကြသူတွေပဲ ဖြစ်ပါတယ်။

အဆိုပါ ပရိုဖက်ရှင်နယ် နိုင်ငံရေးသမား သို့မဟုတ် တော်လှန်နိုင်ငံရေးသမားတွေကတော့ မိမိရဲ့နိုင်ငံနဲ့ ပြည်သူအတွက် မိမိရဲ့နိုင်ငံရေး ယုံကြည်ချက်အတွက် မိမိရဲ့ဘဝကို ပေးဆပ်ဖို့ ဝန်မလေးကြသူတွေဘဲ ဖြစ်တယ်။

ထိုသူတွေဟာ ဘယ်လိုနိုင်ငံရေးအကျပ်အတည်း အခက်အခဲတွေ၊ ဘယ်သို့သော ဖိနှိပ်မှုတွေနဲ့ ရင်ဆိုင်ရစေကာမူ ထွက်မပြေးကြဘဲ တစ်ဦးတစ်ယောက်တည်းပင် ကျန်ရှိစေကာမူ ကျရာနေရာကနေ မိမိရဲ့နိုင်ငံရေးတာဝန်၊ တော်လှန်ရေးတာဝန်တွေကို ထမ်းရွက်ကြသူတွေ ဖြစ်တယ်။ တော်လှန်နိုင်ငံရေးသမားတွေဟာ အခွင့်အရေးပေးကာ မြူဆွယ်ခြင်းခံရပေမယ့်လည်း မိမိတို့ရဲ့နိုင်ငံရေးကို မစွန့်လွှတ်ကြဘဲ အချောင်သမားဝါဒကွန်ရက်ထဲကို မဝင်ရောက်ကြသူတွေ ဖြစ်တယ်။

တော်လှန်နိုင်ငံရေးသမားတွေဟာ ဘယ်သို့သော အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်၊ ဘက်ပြောင်းခိုလှုံခြင်း (Defection) မပြုကြသူတွေဖြစ်တယ်။ တော်လှန်နိုင်ငံရေးသမားတွေဟာ မိမိပါတီရဲ့ နိုင်ငံရေးဝါဒလမ်းစဉ်အပေါ် သစ္စာစောင့်သိကြသူတွေ ဖြစ်တယ်။ ထိုသူတွေဟာ မိမိရဲ့ဘဝကို မိမိရဲ့နိုင်ငံရေးအတွက် ပေးအပ်ထားကြသူတွေပဲ ဖြစ်တယ်။

ဒါ့အပြင် တော်လှန်နိုင်ငံရေးသမားတွေဟာ လူမှုရေးအကျင့်စာရိတ္တအရာမှာလည်း စံပြဖြစ်အောင် ထိန်းသိမ်းကြသူတွေပဲ ဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံမှာ တွေ့မြင်နေရတဲ့ နိုင်ငံရေးသမားတွေ ထဲမှာ အထက်ဖော်ပြပါ နိုင်ငံရေးသမားမျိုးတွေ အများအပြား လိုအပ်နေ ပါတယ်။

တကယ်တော့ နိုင်ငံရေးလုပ်ကြတယ်ဆိုတာဟာ ပိုက်ဆံပေါလို့ ပါတီထောင်တာမျိုး မဖြစ်သင့်သလို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မကျေနပ် လို့ စင်ပြိုင်ပါတီထောင်တဲ့သဘောမျိုးလည်း မဖြစ်သင့်ပါဘူး။ နိုင်မာပြီး ပြည်သူ့ဘက်က တကယ်ရပ်တည်တဲ့ နိုင်ငံရေးယုံကြည်ချက်မျိုးကိုသာ အခြေခံသင့်ပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၃၂
ဖေဖော်ဝါရီ၊ ၂၀၁၃

## ဒီမိုကရေစီ နိုင်ငံရေးနှင့် အကြမ်းဖက်မှုပြဿနာ

နိုင်ငံရေးအကြမ်းဖက်မှုတွေဟာ နိုင်ငံတကာမှာရော မြန်မာနိုင်ငံမှာပါ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပေါ်ပေါက်ခဲ့တယ်။ ပေါ်ပေါက်နေဆဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ သမ္မတလင်ကွန်းတို့ သမ္မတကနေဒီတို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခံခဲ့ရတယ်။ အိန္ဒိယမှာ မဟတ္တမဂန္ဒီ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတယ်။

နိုင်ငံရေးအကြမ်းဖက်မှုဆိုရာမှာ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေ လုပ်ကြံသတ်ဖြတ်ခံရမှု၊ တိုက်ခိုက်ခံရမှုတွေ ပါဝင်သလို နိုင်ငံရေးပါတီ အဆောက်အအုံတွေ၊ ရုံးခန်းတွေနဲ့ နိုင်ငံရေးပါတီတွေရဲ့ အထိမ်းအမှတ်ပစ္စည်းတွေ၊ နိုင်ငံရေးပါတီတွေရဲ့ တခြားပိုင်ဆိုင်မှုတွေကို တိုက်ခိုက်တဲ့ လုပ်ရပ်တွေလည်း ပါဝင်ပါတယ်။

ဒါ့အပြင် နိုင်ငံရေးပါတီတွေရဲ့ အစည်းအဝေးတွေ၊ ဟောပြောပွဲတွေ၊ လှုပ်ရှားမှုတွေနဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ပွဲတွေကို အင်အားသုံးပြီးဟန့်တားမှု၊ ကဖျက်ယဖျက်လုပ်မှု၊ တိုက်ခိုက်နှောင့်ယှက်မှုတွေဟာလည်း နိုင်ငံရေးအကြမ်းဖက်မှုတွေပဲ ဖြစ်တယ်။

ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီတစ်ခုကို တခြားနိုင်ငံရေးပါတီတစ်ခုက တိုက်ခိုက်တဲ့လုပ်ရပ်နဲ့ နိုင်ငံရေးပါတီတစ်ခုနဲ့တစ်ခု အပြန်အလှန် တိုက်ခိုက်ကြတဲ့လုပ်ရပ်တွေဟာလည်း နိုင်ငံရေးအကြမ်းဖက်တွေပဲ ဖြစ်တယ်။

ရွေးကောက်ပွဲတွေမှာ လာရောက်မဲပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူတွေကို တိုက်ခိုက်တာ၊ နှောင့်ယှက်ဟန့်တားတာတွေဟာလည်း နိုင်ငံရေးအကြမ်းဖက်မှု သို့မဟုတ် ရွေးကောက်ပွဲအကြမ်းဖက်မှုလုပ်ရပ်ပဲ ဖြစ်တယ်။ ရွေးကောက်ပွဲတွေမှာ မဲရုံတွေ၊ ဆန္ဒမဲပုံးတွေ၊ မဲဆန္ဒကတ်ပြားတွေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းတွေ၊ ယာဉ်တွေကို တိုက်ခိုက်ဖျက်ဆီးတာဟာလည်း ရွေးကောက်ပွဲအကြမ်းဖက်မှု သို့မဟုတ် နိုင်ငံရေးအကြမ်းဖက်မှုပဲ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံရေးသမားတွေကို မတရားဖမ်းဆီးချုပ်နှောင်မှု၊ နိုင်ငံရေးမလုပ်ဖို့ ဖိအားပေးအကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှုနဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေဟာလည်း နိုင်ငံရေးအကြမ်းဖက်လုပ်ရပ်တွေပဲ ဖြစ်တယ်။

နိုင်ငံရေးအကြမ်းဖက်မှုတွေဟာ ဘယ်နိုင်ငံမျိုးမှာမဆို ဖြစ်လေ့ဖြစ်ထရှိပေမယ့် ဒီမိုကရေစီကင်းမဲ့တဲ့ အာဏာရှင်နိုင်ငံတွေနဲ့ အာဏာရှင်အုပ်စိုးမှုအောက်ကနေ ဒီမိုကရေစီစနစ်ဆီကို ကူးပြောင်းစနိုင်ငံတွေမှာ ပိုမိုဖြစ်လေ့ ရှိပါတယ်။

ဒီမိုကရေစီအားကောင်းတဲ့ နိုင်ငံတွေမှာ နိုင်ငံရေးအကြမ်းဖက်မှု ဖြစ်ပွားခြင်း အလွန်နည်းပါးတာ တွေ့ရပါတယ်။ ဒီနိုင်ငံတွေမှာ ဖြစ်ပွားလေ့ရှိတဲ့ နိုင်ငံရေးအကြမ်းဖက်မှုတွေကတော့ ပုဂ္ဂိုလ်ရေးမကျေနပ်မှုကိုအခြေခံတဲ့ အကြမ်းဖက်မှုမျိုးသာ များပါတယ်။

အာဏာရှင်နိုင်ငံတွေမှာ ဖြစ်ပွားတဲ့နိုင်ငံရေးအကြမ်းဖက်မှုတွေကတော့ အာဏာရှင်အုပ်စုက မိမိတို့ အာဏာတည်မြဲရေးအတွက် နိုင်ငံရေးအရ နိုးကြားတက်ကြွသူတွေကိုတိုက်ခိုက်တဲ့၊ ဖမ်းဆီးချုပ်နှောင်တဲ့ သို့မဟုတ် လုပ်ကြံသတ်ဖြတ်တဲ့လုပ်ရပ်တွေပဲ ဖြစ်တယ်။

၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်က ဖိလစ်ပိုင်နိုင်ငံမှာ မိမိရဲ့နိုင်ငံကိုပြန်လာတဲ့ အတိုက်အခံခေါင်းဆောင် ဘယ်နစ်နိုအကွီနို (လက်ရှိဖိလစ်ပိုင်သမ္မတရဲ့ဖခင်) ကို မနီလာလေဆိပ်မှာ လုပ်ကြံသတ်ဖြတ်ခဲ့တဲ့လုပ်ရပ်ဟာ အထက်ပါ အကြမ်းဖက်မှုမျိုးပဲ ဖြစ်ပါတယ်။

ယနေ့ကမ္ဘာမှာ ပေါ်ပေါက်နေတဲ့ နိုင်ငံရေးအကြမ်းဖက်မှု နောက်တစ်မျိုးကတော့ ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်မှုတွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေပဲ ဖြစ်တယ်။ အဲဒီအကြမ်းဖက်တိုက်ခိုက်မှုတွေဟာ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အီရတ်စတဲ့ နိုင်ငံတွေမှာ အများဆုံးဖြစ်ပွားခဲ့တယ်။

တကယ်တော့ လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်တိုက်ခိုက်မှုတွေဟာလည်း အကြမ်းဖက်အုပ်စုတွေက နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးအာဏာကို မိမိတို့လိုသလိုပုံဖော်ဖို့အတွက် ရည်ရွယ်ချက်နဲ့ဆောင်ရွက်ကြတာပဲ ဖြစ်တယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရရှိခဲ့ချိန်ကစပြီး ယနေ့အထိ ကာလတစ်လျှောက်မှာ နိုင်ငံရေးအကြမ်းဖက်မှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

လွတ်လပ်ရေးအကြိုကာလဖြစ်တဲ့ ၁၉၄၇ ခုနှစ်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ဖြစ်ရပ်ကစတင်ပြီး မြန်မာ့နိုင်ငံရေးမှာ နိုင်ငံရေးအကြမ်းဖက်မှုတွေ ပေါ်ပေါက်ခဲ့တယ်။

၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်က အဲဒီအချိန်မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ်က နုတ်ထွက် UAF တပ်မင်းကြီးအဖြစ် တာဝန်ယူနေတဲ့ ဦးတင်ထွတ်ဟာ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) မှာ ကားဗုံးခွဲပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရတယ်။

ဖဆပလအဖွဲ့ချုပ်က ဗမာပြည်ကွန်မြူနစ်ပါတီ နုတ်ထွက်ခဲ့ပြီးနောက် ကွန်မြူနစ်ဆိုရှယ်လစ်ပဋိပက္ခတွေ ပြင်းထန်လာချိန်မှာလည်း နိုင်ငံရေးအကြမ်းဖက်မှုတွေ ဖြစ်ခဲ့တယ်။ အဲဒီအချိန်က ထုတ်ဝေခဲ့တဲ့သတင်းစာအချို့က ဆိုရှယ်လစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သခင်တင် မီးခွက်မှုတ်တယ်ဆိုတဲ့သတင်းကိုရေးခဲ့တဲ့အတွက် ဆိုရှယ်လစ်ပါတီဝင်တွေက သတင်းစာတိုက်အချို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့ပါတယ်။

သည့်နောက် ၁၉၅၀ ပြည့်နှစ်မှာ ဗမာပြည်ဆိုရှယ်လစ်ပါတီအတွင်းရှိ လက်ဝဲအယူအဆရှိတဲ့ ပါတီခေါင်းဆောင်အချို့နဲ့ ပါတီဝင်တွေ ပါတီက

နှတ်ထွက်ကာ ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီကို ထူထောင်ခဲ့ပြီးနောက်မှာလည်း မြန်မာနိုင်ငံမှာ နိုင်ငံရေးအကြမ်းဖက်မှုတွေ အများအပြား ပေါ်ပေါက်ခဲ့တယ်။

ပျဉ်းမနားမှာ ဖဆပလ ဆိုရှယ်လစ်တွေရဲ့ ကားနဲ့တိုက်သတ်မှုကြောင့် ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီ (ဆိုရှယ်နီပါတီ) က သခင်ဗချို သေဆုံးခဲ့ရပါတယ်။ (အဲဒီအကြမ်းဖက်တိုက်ခိုက်မှုမှာ သခင်ဗချိုနဲ့အတူရှိခဲ့တဲ့ သခင်လှဒင်ကြီးကတော့ လွတ်မြောက်ခဲ့ပါတယ်)

ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီနဲ့ ဦးသိန်းဖေမြင့် ဦးဆောင်တဲ့ ပြည်သူ့ညီညွတ်ရေးပါတီ၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း ခေါင်းဆောင်တဲ့ အမျိုးသားတိုးတက်ရေးပါတီ၊ သခင်ဗမောင်၊ သခင်သင်တို့ရဲ့ ပြည်သူ့ဒီမိုကရေစီပါတီ၊ တရားမျှတမှုပါတီစတဲ့ ဝါဒအတိုက်အခံနိုင်ငံရေးပါတီတွေ ပူးပေါင်းကာ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ပမညတကို ဖွဲ့စည်းခဲ့ကြတယ်။

မြန်မာ့နိုင်ငံရေးနယ်ပယ်မှာ အတိုက်အခံ ပမညတ တပ်ပေါင်းစုကြီး အင်အားကောင်းလာတာနဲ့အမျှ အာဏာရ ဖဆပလ ဆိုရှယ်လစ်တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာလည်း ပိုများလာခဲ့ပါတယ်။ ဖဆပလ အစိုးရဟာ သောင်းကျန်းမှုနှိမ်နင်းရေးအဖွဲ့၊ ပျူစောထီးကာကွယ်ရေး စတဲ့ ခါးပိုက်ဆောင်အဖွဲ့မျိုးစုံကိုဖွဲ့ပြီး အတိုက်အခံနိုင်ငံရေးသမားတွေကို အကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်ခဲ့တယ်။

မင်းလှ လေးလောင်းပြိုင်သတ်မှု၊ ငါန်းဇွန် ခြောက်လောင်းပြိုင်သတ်မှု၊ တောင်သာက ရဲဘော်ခင်မောင်အေး အသတ်ခံရမှု၊ မြိတ်မပိ ပျောက်ဆုံးမှု၊ ဆီတောင်အိုင်လူသတ်မှု စတာတွေဟာ ဖဆပလ ခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးအကြမ်းဖက်မှုတွေပဲ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ် ဒီဘက်ခေတ်တစ်လျှောက်မှာလည်း နိုင်ငံရေးအကြမ်းဖက်မှုတွေဟာ ပုံစံမျိုးစုံနဲ့ပေါ်ပေါက်ခဲ့တယ်။ ပိုပြီးတော့လည်း ဖြောင်ကျကျကျူးလွန်လာခဲ့တယ်။

ရန်ကုန်မြို့တစ်နေရာမှာပင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မော်တော်ယာဉ်ကို အာဏာရအုပ်စုဘက်က လူတစ်စုကတိုက်ခိုက်ဖို့ ကြိုးပမ်းခဲ့တယ်။ ၂၀၀၃ ခုနှစ်၊ မေလမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီဝင်တွေကို စနစ်တကျစုစည်းကာ ခိုင်းစေခဲ့တဲ့လူရမ်းကားတွေက အကြမ်းဖက်တိုက်ခိုက်ခဲ့တယ်။

အဲဒီတိုက်ခိုက်မှုမှာ NLD ပါတီဝင်အများအပြား သေဆုံးဒဏ်ရာရခဲ့ကြပါတယ်။ ယနေ့အချိန်မှာတော့ NLD ပါတီဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ပေမယ့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖော်ဆောင်ရေးကို ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ကြိုးပမ်းလုပ်ဆောင်လိုတဲ့အတွက် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကိုဝင်ရောက်ခဲ့ပြီး လွှတ်တော်အတွင်းအပြင် နိုင်ငံရေးဗျူဟာ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

သို့ပေမယ့် မကြာသေးမီ ရက်ပိုင်းအတွင်းကတော့ ပွင့်ဖြူမြို့နယ်အတွင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ စည်းရုံးရေးမှူးတစ်ဦးကို ရပ်ကွက်ဥက္ကဋ္ဌဟောင်းနဲ့ အပေါင်းအပါတစ်စုက ဓားနဲ့ခုတ်သတ်ခဲ့တယ်ဆိုတဲ့သတင်းကို ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရပါတယ်။

တကယ်တော့ နိုင်ငံတော်သမ္မတနဲ့တကွ လွှတ်တော်ဥက္ကဋ္ဌတွေ၊ တာဝန်ရှိတဲ့ အဆင့်မြင့်အရာရှိကြီးတွေကိုယ်တိုင်က မြန်မာနိုင်ငံရဲ့ဒီမိုကရေစီခရီးဟာ နောက်ကြောင်းပြန်လှည့်မှာ မဟုတ်ဘူး။ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ဆက်လက်တည်ဆောက်သွားမှာဖြစ်တယ်လို့ ပြောဆိုနေတဲ့ ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ဘယ်လိုနိုင်ငံရေးအကြမ်းဖက်မှုမျိုးတွေမှ ဆက်ပြီး မဖြစ်ပွားသင့်တော့ပါဘူး။

အကြမ်းဖက်နည်းလမ်းတွေနဲ့ ဖြေရှင်းခြင်းဖြင့် ဘယ်လို နိုင်ငံရေးပြဿနာတွေမှ ပြေလည်သွားမှာ မဟုတ်ပါဘူး။

ပြည်သူတွေရဲ့ ပြောရေးဆိုခွင့်တွေ၊ ဒီမိုကရေစီယုံကြည်ချက်တွေကို ဘယ်လို အကြမ်းဖက်တိုက်ခိုက်မှုမျိုးနဲ့မှ နှိမ်နင်းလို့မရနိုင်ပါဘူး။ အကြမ်းဖက်

မှုဟာ မယုံကြည်မှုတွေ၊ သံသယတွေကိုသာ တိုးပွားလာစေပြီး တန်ပြန် အကြမ်းဖက်မှုတွေကိုသာ ပေါ်ပေါက်လာစေမှာ ဖြစ်ပါတယ်။

တစ်ချိန်တုန်းက မိမိရဲ့ပြည်သူတွေက ဖိနှိပ်တုန်အောင်ကြောက်ခဲ့ ကြရတဲ့ အကြမ်းဖက်ခေါင်းဆောင်တွေဖြစ်ခဲ့ကြတဲ့ ဆက်ဒမ်ဟူစိန်နဲ့ မွမ်မာ ကဒါဖီတို့ဟာ မရှုမလှ ဇာတ်သိမ်းသွားခဲ့ကြရပါပြီ။ အိုစမာဘင်လာဒင်နဲ့တကွ အကြမ်းဖက်ခေါင်းဆောင် အများအပြားဟာလည်း အလားတူပဲ ဇာတ်သိမ်း ခဲ့ကြရတာပါ။

တကယ်တော့ ဒီမိုကရေစီနိုင်ငံ တကယ်ပေါ်ပေါက်စေချင်ရင် နိုင်ငံ ရေးပြဿနာတွေကို ဒီမိုကရေစီနိုင်ငံရေးနည်းလမ်းတွေဖြစ်တဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့နည်းလမ်း၊ လူတုရဲ့အဆုံးအဖြတ်ကို ခံယူတဲ့နည်းလမ်း၊ မှန်ကန် တဲ့တရားဥပဒေအဆုံးအဖြတ်ကို ခံယူတဲ့နည်းလမ်းတွေနဲ့သာ ဖြေရှင်းသင့် ပါတယ်။

ဒီလှိုင်းဂျာနယ်

## မြန်မာ့နိုင်ငံရေးပဋိပက္ခတွေ ဘာကြောင့် ဘယ်လို ဖြစ်ပေါ်နေတာလဲ၊ ဘယ်လို အဆုံးသတ်မှာလဲ

၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မြန်မာ့နိုင်ငံရေးမှာ အပြောင်းအလဲတွေ အတော်လေးပေါ်ပေါက်လာခဲ့တယ်။ ၂၀၁၀ ရွေးကောက်ပွဲ၊ လွှတ်တော် အရပ်ရပ်၊ ဗိုလ်ချုပ်ဟောင်းတွေ၊ လူဟောင်းတွေနဲ့ အရပ်သားအစိုးရတို့ ပေါ်ပေါက်လာခဲ့တယ်။

ဒီနောက် ဒီမိုကရေစီစနစ်ဆီကို ဦးတည်လျှောက်လှမ်းမယ်ဆိုတဲ့ ပြောဆိုသံတွေ၊ နှုတ်ကတိတွေ၊ ဒီမိုကရေစီမန္တန်တွေ၊ ဒီနောက်မှာတော့ သမ္မတနဲ့ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှု တွေ၊ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်တွေအပါအဝင် နိုင်ငံရေးအကျဉ်း သားတွေကို အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့တဲ့လုပ်ရပ်။ ဒီနောက် မှာတော့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ၄၃ ဦး အနိုင်ရ ခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲစတဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေ ပေါ် ပေါက်လာခဲ့ပါတယ်။

ထိုနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေနဲ့ တစ်ချိန်တည်းလိုမှာပဲ စက်ရုံ အလုပ်ရုံ၊ အလုပ်သမားတွေရဲ့ လစာတိုးပေးရေး၊ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်ရေး စတဲ့ အချက်အလက်တွေကိုတောင်းဆိုတဲ့ အလုပ် သမားဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့တယ်။

ဒီနောက် လယ်မြေအသိမ်းခံရတဲ့ တောင်သူလယ်သမားတွေရဲ့ ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာတယ်။ ဒီနောက် လျှပ်စစ်မီးပြတ်တောက်တဲ့အတွက် ပြတဲ့ဖယောင်းတိုင်ဆန္ဒပြပွဲတွေ၊ အခွင့်အရေးချိုးဖောက်ခံရတဲ့အတွက် ဆန္ဒပြပွဲတွေ၊ ရပ်ကွက်ပြောင်းရွှေ့ခံရတဲ့အတွက် ပြတဲ့ဆန္ဒပြပွဲတွေ စသည်ဖြင့် ဆန္ဒပြပွဲတွေ အများအပြား ပေါ်ပေါက်လာခဲ့တယ်။

ဒီနောက်မှာတော့ မြစ်ဆုံရေကာတာဖျက်သိမ်းရေးဆန္ဒပြပွဲ၊ မိုးထိမိုးမိ ရွှေတွင်းလုပ်သားတွေရဲ့ဆန္ဒပြပွဲ၊ ကချင်ပြည်နယ်တိုက်ပွဲတွေရပ်စဲရေး ဆန္ဒပြပွဲ၊ ဒီနောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ကန့်ကွက်တဲ့ ဆန္ဒပြပွဲ။

## ဂယက်ရိုက်ခတ်မှု အပြင်းထန်ဆုံးပွဲ

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ အရှည်ကြာဆုံးနဲ့ ဂယက်ရိုက်ခတ်မှု အပြင်းထန်ဆုံးရှိခဲ့ပြီး၊ အစိုးရရဲ့ အင်အားသုံးဖြိုခွင်းမှုကိုခံခဲ့ရတဲ့ ဆန္ဒပြပွဲကတော့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ကန့်ကွက်တဲ့ဆန္ဒပြပွဲပဲ ဖြစ်ပါတယ်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆန့်ကျင်ကန့်ကွက်မှုဟာ ဒေသခံပြည်သူတွေရဲ့ ကန့်ကွက်မှုဟာမဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူ့အလွှာအသီးသီးရဲ့ ကန့်ကွက်မှုအဖြစ်သို့ ပြောင်းလဲလာခဲ့တယ်။ လက်ပံတောင်းတောင်အရေးဟာ ကမ္ဘာကပင် အာရုံစိုက်ရတဲ့ မြန်မာ့ဒီမိုကရေစီလမ်းကြောင်းပေါ်က အရုပ်ဆိုးအကျည်းတန်လှတဲ့ အရေးအခင်း တစ်ခု ဖြစ်လာခဲ့တယ်။

မီးလောင်ဗုံးတွေနဲ့ နှိမ်နင်းခဲ့တဲ့အတွက် သံဃာတွေနဲ့ လူပုဂ္ဂိုလ် အများအပြား ဒဏ်ရာရခဲ့ပြီး သံဃာတော်ခြောက်ပါးရဲ့ ဒဏ်ရာတွေဟာ ပြင်းထန်တဲ့အတွက် ဆေးရုံတင်ခဲ့ရတယ်။ သံဃာတစ်ပါးဆိုရင် မီးလောင်ဒဏ်ရာပြင်းထန်တဲ့အတွက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ကိုပင် ဆေးကုသဖို့ ပို့ဆောင်ခဲ့ရတယ်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ရပ်စဲရေးအတွက် ပြည်သူတွေရဲ့ ကန့်ကွက်ဆန္ဒပြမှုတွေဟာ ယနေ့အထိ မပြီးဆုံးသေးပါဘူး။ ရန်ကုန်၊ မန္တလေးမြို့ကြီးနဲ့တကွ မြို့အသီးသီးမှာ အင်နဲ့အားနဲ့ ဆက်လက်ဖြစ်ပွားနေဆဲပဲ ဖြစ်တယ်။

မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ အတော်ကြာကြာ ရပ်တန့်နေခဲ့တဲ့ အဖမ်းအဆီးတွေဟာလည်း ပြန်လည်ပေါ်ပေါက်လာပါတယ်။ သို့ပေမယ့် လက်ပံတောင်းကြေးနီစီမံကိန်းကို ကန့်ကွက်ဆန္ဒပြတဲ့ သပိတ်စခန်းတွေဟာ ဆက်လက်ပေါ်ထွက်ခဲ့တယ်။ တစ်ချိန်တည်းမှာလည်း ကချင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ပြည်တွင်းစစ်ဟာ အရှိန်လျော့ကျမသွားဘဲ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။

**အခြေခံအကြောင်းတရားတွေ**

ယနေ့မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ပဋိပက္ခတွေဟာ ဘာကြောင့် ဘယ်လိုဖြစ်ပွားနေတာလဲ။ ထိုပဋိပက္ခတွေဟာ ဘယ်နေရာမှာ အဆုံးသတ်မှာလဲ။ ဘယ်ပုံဘယ်နည်းနဲ့ အဆုံးသတ်မှာလဲ။ တွေးစရာတွေရှိလာပါတယ်။

စက်ရုံအလုပ်ရုံတွေရဲ့ ဆန္ဒပြမှုတွေ၊ လယ်ယာမြေတွေ အသိမ်းခံရတဲ့ လယ်သမားတွေ၊ အခွင့်အရေးတွေ ချိုးဖောက်ခံရတဲ့ ပြည်သူတွေရဲ့ ဆန္ဒပြပွဲတွေမှသည် လက်ပံတောင်းတောင် ဆန္ဒပြသပိတ်မှောက်မှုတွေနဲ့ ကချင်ပြည်နယ်တွင်း စစ်မီးအထိ၊ တစ်နံတစ်လျားမှာ ပေါ်ပေါက်နေတဲ့ ပဋိပက္ခတွေရဲ့ အခြေခံအကြောင်းရင်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်အတွင်းက မြန်မာနိုင်ငံကိုအုပ်ချုပ်ခဲ့တဲ့ အစိုးရအဆက်ဆက်ရဲ့ အာဏာရှင်စနစ်ကြောင့်ပဲ ဖြစ်ပါတယ်။

ထိုနှစ်ကာလတွေအတွင်း မြန်မာနိုင်ငံမှာ

၁။ နိုင်ငံရေးလွတ်လပ်မှု မရှိခြင်း၊ ဒီမိုကရေစီကင်းမဲ့ခြင်း။

၂။ အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့ခြင်း။

၃။ ပြည်သူတွေရဲ့ ပြောရေးဆိုခွင့်တွေ တားမြစ်ပိတ်ပင်ခဲ့ခြင်း။
၄။ နိုင်ငံရဲ့စီးပွားရေးကို အာဏာရအုပ်စုနဲ့ ၎င်းတို့ရဲ့ခရိုနီ(Cronies) တွေကသာ လက်ဝါးကြီးအုပ် ကြိုးကိုင်ချယ်လှယ်ကာ အမြတ်ထုတ်ခဲ့ခြင်း။
၅။ တရားဥပဒေစိုးမိုးမှု မရှိခြင်း။
၆။ အလုပ်သမားတွေ၊ တောင်သူလယ်သမားတွေဟာ ဥပဒေရဲ့အကာအကွယ်ကို မရရှိခြင်း။
၇။ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း။
၈။ အစိုးရယန္တရားအဆင့်ဆင့်မှာ အကျင့်ပျက်လာဘ်စားမှုတွေ တွင်တွင်ကျယ်ကျယ် ပေါ်ပေါက်ခဲ့ခြင်း၊ ပေါ်ပေါက်နေဆဲဖြစ်ခြင်း။
၉။ ပွင့်လင်းမြင်သာမှုကင်းမဲ့ခြင်းဆိုတဲ့ အပျက်သဘောကိုဆောင်တဲ့ အခြေခံအကြောင်းတရားတွေ အားကောင်းခဲ့ပါတယ်။

## ပြည်သူတွေ ဆိုးကျိုး ခံစားခဲ့ရ

နိုင်ငံရေးပွင့်လင်းမှုမရှိတဲ့ နှစ်ကာလတွေတစ်လျှောက်မှာ ပြည်သူတွေဟာ အထက်ပါ အခြေခံအကြောင်းတရားတွေရဲ့ ဆိုးကျိုးတွေကို ခါးစည်းခံခဲ့ကြရတယ်။ ပြည်သူတွေဟာ မိမိတို့ရဲ့ဘဝမှာ ရင်ဆိုင်ခံစားနေရတဲ့ ဒုက္ခ၊ သုက္ခတွေ၊ နစ်နာဆုံးရှုံးမှုတွေကို ဖွင့်ဟပြောဆိုနိုင်ခွင့် မရခဲ့ကြပါဘူး။

ယင်းသို့ ပြောဆိုခွင့်မရခဲ့ကြရုံသာမကဘဲ မတရားဖမ်းဆီးမှုတွေ၊ ဗိုလ်ကျအနိုင်ကျင့်မှုတွေကိုလည်း အမျိုးမျိုးခံခဲ့ကြရတယ်။ ဒါ့အပြင် ပြည်သူတွေဟာ စီးပွားရေးကျဆင်းမှုဒဏ်ကိုလည်း အလူးအလဲခံခဲ့ကြရပါတယ်။ ထိုအဖြစ်တွေကြောင့်ပဲ ပြည်သူတွေဟာ ဒီမိုကရေစီရောင်ခြည်သမ်းလာပြီလို့ အဆိုရှိတဲ့ အချိန်မှာတော့ မိမိတို့ရဲ့ မကျေနပ်ချက်တွေ၊ နစ်နာချက်တွေကို ဖော်ထုတ်တင်ပြလာကြတာပါ။

ယနေ့အချိန်မှာတော့ ပြည်သူတွေရဲ့ ဆန္ဒဖော်ထုတ်ပွဲတွေနဲ့ ယင်း ဆန္ဒပြပွဲတွေကို တာဝန်ရှိသူတွေက မှန်မှန်ကန်ကန် ဖြေရှင်းမပေးမှုကြောင့် ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေဟာ ပြင်းထန်လာခဲ့တယ်။

ယနေ့အချိန်မှာ အရေးတကြီးစဉ်းစားဖို့ လိုလာတဲ့အချက်ကတော့ ထိုပဋိပက္ခတွေရဲ့ အဆုံးသတ်ဟာ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတဲ့ အချက်ပဲ ဖြစ်တယ်။

အကယ်၍ အစိုးရကလည်း ဒီမိုကရေစီဆီကို လုံးဝမမှိတ်မသုန် ဦးတည်နေမယ်၊ ဒီမိုကရေစီလမ်းကြောင်းကနေ တစ်လက်မမှ နောက်ကြောင်းပြန်လှည့်ဖို့မစဉ်းစားတဲ့ အစိုးရတစ်ရပ်ဖြစ်မယ်ဆိုရင်တော့ ပဋိပက္ခတွေအားလုံးကို ပြည်သူတွေရဲ့ဆန္ဒနဲ့အညီသာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့ ပြဿနာမှန်သမျှကို ပြည်သူတွေ၊ ပြည်သူ့ကိုယ်စားလှယ်စစ်စစ်တွေ၊ လူထုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေနဲ့ ဆွေးနွေးညှိနှိုင်းကာ အဖြေရှာတဲ့နည်းကို ကျင့်သုံးရမှာပါ။

တစ်ချိန်တည်းမှာ ပြည်သူတွေဘက်ကလည်း မိမိတို့ရဲ့ ဆန္ဒဖော်ထုတ်မှု၊ လှုပ်ရှားမှုမှန်သမျှကို မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကိုသာဦးတည်ပြီး လုပ်ဆောင်သင့်ပါတယ်။ အချိန်မကျသေးခင် တိုက်ပွဲအရှိန်မမြှင့်သင့်ပါဘူး။ တိုက်ပွဲကျွံတဲ့အခြေအနေအထိ မရောက်ဖို့ သတိရှိရှိနဲ့ ကိုင်တွယ်သင့်ပါတယ်။

တစ်ချိန်တည်းမှာလည်း ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ ဒီမိုကရေစီစနစ် လုံးဝအောင်ပွဲခံနိုင်ရေးအတွက် စည်းရုံးပြင်ဆင်မှုတွေ လုပ်သင့်ပါတယ်။ ဒီမိုကရေစီအင်အားစုတွေရဲ့ ညီညွတ်ရေးကို ပိုမိုခိုင်မာလာအောင် တည်ဆောက်သင့်ပါတယ်။

ယနေ့အချိန်မှာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနဲ့ပတ်သက်ပြီး အဖြေရှာဖို့အတွက် ညှိနှိုင်းဆွေးနွေးအဖြေရှာလို့ မရခဲ့ရင်တော့ အစိုးရအနေနဲ့ ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပပေးသင့်တယ်လို့ပဲ ဆိုလိုပါ

တယ်။ ယနေ့ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို စစ်မှန်တဲ့ပြည်သူ့ဆန္ဒအပေါ်မှာ အခြေခံတဲ့နည်းလမ်းနဲ့ ဖြေရှင်းမယ်ဆိုရင်တော့ ရေရှည်တည်တံ့ပြီး နိုင်ငံနဲ့ ပြည်သူလူထုကို အကျိုးပြုမယ့်အဖြေကိုရရှိမှာ ဖြစ်ပါတယ်။

အကြမ်းဖက်နှိမ်နင်းမှု၊ အင်အားသုံးဖြိုခွဲမှု၊ ဖမ်းဆီးနှိပ်ကွပ်မှုဆိုတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းမယ်ဆိုရင်တော့ ယနေ့ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေရဲ့ သံသရာဟာ ရှည်ကြာဦးမှာသာ ဖြစ်ပါတယ်။ ပဋိပက္ခတွေအဆုံးသတ်ဖို့ အတွက် ပေးဆပ်ရတဲ့တန်ဖိုးဟာ လွန်စွာကြီးမားမှာ ဖြစ်ပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၂၄
ဒီဇင်ဘာ၊ ၂၀၁၂

## နိုင်ငံရေးခေါင်းဆောင်တွေနဲ့ နိုင်ငံရေး ထောင်ချောက်များ

**ဂျိုးဇက်အက်စထရာဒါ**

၁၉၈၈ ခုနှစ် မေလအတွင်းက ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပခဲ့တဲ့ သမ္မတရွေးပွဲမှာ ထင်ရှားကျော်ကြားလူကြိုက်များတဲ့ ရုပ်ရှင်မင်းသားဟောင်းကြီး ဂျိုးဇက်အက်စထရာဒါဟာ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရတယ်။

သို့ပေမယ့် သမ္မတ အက်စထရာဒါဟာ သမ္မတဖြစ်လာပြီးနောက် မကြာမီမှာ လာဘ်ပေးလာဘ်ယူမှုတွေနဲ့ စွပ်စွဲခံခဲ့ရတယ်။ သမ္မတ အက်စထရာဒါကို ရာထူးမှနုတ်ထွက်ပေးဖို့ တောင်းဆိုတဲ့ဆန္ဒပြပွဲတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့တယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကပါ အက်စထရာဒါဆန့်ကျင်ရေးမှာ ပါဝင်လာချိန်မှာတော့ သမ္မတ အက်စထရာဒါဟာ ရာထူးမှ နုတ်ထွက်ခဲ့ရပါတယ်။

**ဘနာဇီယာဘူတို**

ပါကစ္စတန်နိုင်ငံရဲ့ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဘနာဇီယာဘူတိုဟာ တစ်ချိန်က ပါကစ္စတန်နိုင်ငံရေးလောကမှာ လျှမ်းလျှမ်းတောက်ခဲ့သူ ဖြစ်တယ်။ တစ်ချိန်က ပါကစ္စတန်ဝန်ကြီးချုပ်ဖြစ်ခဲ့တဲ့ သူ့ရဲ့ဖခင် အလီဘူတိုဟာလည်း ပါကစ္စတန်နိုင်ငံမှာ လူထုထောက်ခံမှုရခဲ့သူပါ။ ဘနာဇီယာဘူတိုလက်ထက်မှာလည်း ပါကစ္စတန်လူထုရဲ့ တစ်ခဲနက်ထောက်ခံမှုကိုရခဲ့တာကြောင့် သူဟာ ဝန်ကြီးချုပ်ဖြစ်လာခဲ့တယ်။

သို့ပေမယ့် ဘာနာဇီယာဘူတိုမိသားစုမှာ နိုင်ငံရေးအပြစ်အနာ အဆာလို့ ယူဆစရာအချို့ ပေါ်ထွက်လာချိန်မှာတော့ သူ့ရဲ့ အဓိကပြိုင်ဘက် ဖြစ်တဲ့ နောင်မှာ ပါကစ္စတန်ဝန်ကြီးချုပ်ဖြစ်လာတဲ့ နဝပ်ရှရစ်ဖ်နဲ့ စစ်ဗိုလ်ချုပ် တွေဟာ ဘာနာဇီယာဘူတိုကို စီးပွားရေးမသမာမှု စွဲချက်တွေတင်ပြီး အရေးယူဖို့ လုပ်ဆောင်ခဲ့ကြတယ်။

ဘာနာဇီယာဘူတိုဟာ ပြည်ပကို သွားရောက်ခိုလှုံခဲ့ရပါတယ်။

ဘာနာဇီယာဘူတိုဟာ နောက်ပိုင်းမှာ သူ့အပေါ်စွပ်စွဲချက်တွေကို ချေဖျက်နိုင်ခဲ့ပြီးနောက် သမ္မတရွေးပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပါကစ္စတန် နိုင်ငံကို ပြန်လာခဲ့တယ်။ သို့ပေမယ့် သူမဟာ လူထုကို မဲဆွယ်စည်းရုံးဖို့ ကားနဲ့လှည့်လည်စဉ်မှာပဲ ၂၀၀၇ ခု ဒီဇင်ဘာလမှာ လုပ်ကြံသတ်ဖြတ်ခံခဲ့ ရပါတယ်။

## အာရိုယိုလည်း ထောင်ချောက်မိခဲ့

အလားတူပဲ ဖိလစ်ပိုင်နိုင်ငံရဲ့သမ္မတဖြစ်ခဲ့သူ ဂလိုရီယာအာရိုယို ဟာလည်း တစ်ချိန်က ဖိလစ်ပိုင်နိုင်ငံမှာရော အာဆီယံအဖွဲ့အတွင်းမှာပါ အောင်မြင်ကျော်ကြားခဲ့သူပါ။

ဂျိုးဇက်အက်စထရာဒါ သမ္မတရာထူးမှ ပြုတ်ကျခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံရဲ့ သမ္မတဖြစ်လာတဲ့ အာရိုယိုဟာ ဖိလစ်ပိုင်နိုင်ငံရဲ့စီးပွားရေး ကို ထူမတ်လာအောင် လုပ်နိုင်ခဲ့တဲ့အပြင် အဘူဆေးယက်ပ်သူပုန်တွေနဲ့ မိုရိုးအစ္စလာမ်မစ်သူပုန်တွေကို နှိမ်နင်းခဲ့တဲ့အတွက် လူထုထောက်ခံမှုကို ရခဲ့ပါတယ်။ ဒါ့အပြင် အာရိုယိုဟာ အာဆီယံအဖွဲ့အတွင်းမှာလည်း ဖိလစ် ပိုင်နိုင်ငံရဲ့ ဂုဏ်သတင်းကို မြှင့်တင်နိုင်ခဲ့တယ်။

သို့ပေမယ့် မစ္စဂလိုရီယာအာရိုယိုဟာ နောက်ပိုင်းမှာတော့ သူမ အတိုက်အခံတွေရဲ့ နိုင်ငံရေးအရ တိုက်ခိုက်မှုတွေအမျိုးမျိုးကို ခံခဲ့ရတယ်။ သည့်နောက်၂၀၁၀ ခုနှစ်မှာ သူမရဲ့ သမ္မတရာထူးကို သမ္မတဟောင်း ကိုရာဇန်အကွီနိုရဲ့သားဖြစ်သူ အကွီနိုကို လွှဲအပ်ခဲ့ရပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းကတော့ တစ်ချိန်က ကမ္ဘာ့နိုင်ငံရေးမှာရော အာဆီယံထိပ်သီးအစည်းအဝေးတွေမှာ ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ရင်ပေါင်တန်းကာ လျှမ်းလျှမ်းတောက်ခဲ့တဲ့ အာရှိယိုဟာ စီးပွားရေးစွဲချက်တွေ၊ နိုင်ငံရေးစွဲချက်တွေကို ရင်ဆိုင်ဖို့အတွက် နာမကျန်းဖြစ်နေတဲ့ကြားကနေ တရားရုံးကို လာရောက်တွေ့ရပါတယ်။

## နိုင်ငံရေးလောကဓံတရား

ဒီလောကမှာ ဘယ်သူမဆို လောကဓံတရားရှစ်ပါးနဲ့ ကြုံကြိုက်ကြရမှာသာ ဖြစ်တယ်။ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေဟာ အောင်မြင်မှုကိုရလေ ချီးမွမ်းထောက်ခံမှုတွေ ဝေဖန်တိုက်ခိုက်မှုတွေနဲ့ ကြုံရစမြဲပဲ ဖြစ်တယ်။ လူသားတွေအားလုံးနည်းတူ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ဘဝမှာ အတက်အကျတွေရှိတာကိုတော့ ပြောစရာအထူးမလိုပါဘူး။

သို့ပေမယ့် နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ဟာ မိမိရဲ့ပြိုင်ဘက်သို့မဟုတ် မိမိရဲ့ ရန်သူတွေရဲ့ ထောင်ချောက်ဆင်မှုကြောင့် မိမိရဲ့နိုင်ငံရေးဘဝဟာ ထိခိုက်ပျက်စီးရမယ်ဆိုရင်တော့ ထိုပုဂ္ဂိုလ်အတွက် အလွန်နစ်နာလှပါတယ်။ အထူးသဖြင့် ထိုနိုင်ငံရေးခေါင်းဆောင်ဟာ တကယ်လည်းဖြောင့်မတ်မှန်ကန်ပြီး ပြည်သူတွေဘက်က တကယ်ရပ်တည်လုပ်ဆောင်ပါလျက်နဲ့ ရန်သူတွေရဲ့ နိုင်ငံရေးထောင်ချောက်ကြောင့် ထိုပုဂ္ဂိုလ် ကျဆုံးရမယ်ဆိုရင်တော့ ဆုံးရှုံးမှုဟာ ထိုခေါင်းဆောင်အတွက်သာမကဘဲ နိုင်ငံနဲ့ ပြည်သူတွေအတွက်ပါ ကြီးမားတဲ့ဆုံးရှုံးမှုလို့ ဆိုရမှာပါ။

## နိုင်ငံရေးထောင်ချောက်တွေအမြဲရှိနိုင်

ယနေ့ကမ္ဘာမှာ နိုင်ငံရေးထောင်ချောက်ဆင်မှုတွေက အမြဲတစေရှိနေတာပါ။ ဒါ့အပြင် မြန်မာမှာလည်း နိုင်ငံရေးထောင်ချောက်တွေ ရှိနေနိုင်တယ်။ ရှိလာနိုင်ပါတယ်။

နိုင်ငံရေးထောင်ချောက်ဆိုတာကတော့ လူထုထောက်ခံမှုရရှိနေတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက် လူထုထောက်ခံမှုကျဆင်းကာ နာမည် ဂုဏ်သတင်း ပျက်ပြားသွားအောင်လုပ်တဲ့ ထောင်ချောက်မှသည် ထိုခေါင်းဆောင်ကို လုပ်ကြံသတ်ဖြတ်တဲ့အထိ ပြင်းထန်တဲ့ နိုင်ငံရေးထောင်ချောက် အမျိုးအစား အမျိုးမျိုးရှိပါတယ်။

လူထုချစ်တဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ကို ထောင်ချောက်ဆင်ရာမှာ ထိုခေါင်းဆောင်ကို မလိုလားသူတွေဟာ အမျိုးမျိုးသော ဉာဏ်နီဉာဏ်နက်တွေအသုံးပြုပြီး ထောင်ချောက်ဆင်လေ့ ရှိတယ်၊ အချို့က ငွေကြေးလက်နက်၊ စီးပွားရေးလက်နက်နဲ့ ထောင်ချောက်ဆင်ကြတယ်။ အချို့က စာရိတ္တလက်နက်နဲ့ ထောင်ချောက်ဆင်ကြတယ်။

## နိုင်ငံရေးထောင်ချောက် အမျိုးမျိုး

အချို့ကတော့ နိုင်ငံရေးလက်နက်နဲ့ ထောင်ချောက်ဆင်ကြတယ်။ ထိုနိုင်ငံရေးခေါင်းဆောင်ကို ဆုံးဖြတ်ရခက်၊ ရွေးချယ်ရခက်တဲ့ နိုင်ငံရေးနစ်ဖက်ကျပ်ပြဿနာရပ်ထဲကို ရောက်မှန်းမသိ ရောက်အောင်တွန်းပို့ပြီး လူထုနဲ့ပါ ရန်တိုက်ပေးကာ ထောင်ချောက်ဆင်တဲ့နည်းကို အသုံးပြုကြပါတယ်။ အထူးသဖြင့် နိုင်ငံရေးထောင်ချောက်ဆင်မှုတွေဟာ ဒီမိုကရေစီနိုင်ငံရေးအသားကျနေတဲ့ နိုင်ငံတွေထက် အာဏာရှင်နိုင်ငံတွေ၊ အာဏာရှင်တစ်ပိုင်းနိုင်ငံတွေနဲ့ အတုအယောင်ဒီမိုကရေစီ (Sham Democracy) နိုင်ငံတွေမှာ ပိုများပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ သမ္မတ ဘီလ်ကလင်တန်ဟာ အိမ်ဖြူတော် လုပ်အားပေးမလေး မော်နီကာလူဝင်စကီးနဲ့ ဟိုးလေးတကျော်ဖြစ်ခဲ့ပြီးနောက်ပိုင်းမှာ ကလင်တန်ကိုယ်တိုင်ကလည်း ဝန်ခံခဲ့ပေမယ့်၊ သူ့ရဲ့နိုင်ငံရေးပြိုင်ဘက်တွေဟာ သမ္မတကလင်တန်ကို ရာထူးကဖြုတ်ချတဲ့အထိ နိုင်ငံရေးသေသွားအောင် ထပ်ကာတလဲလဲ အလဲထိုးတာမျိုးမလုပ်ခဲ့ကြပါဘူး။

အကယ်၍သာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ အာဏာရှင်နိုင်ငံတွေမှာသာ လူထုခေါင်းဆောင်တစ်ယောက်ဟာ ထိုပြစ်မှုမျိုးကို ကျူးလွန်မိခဲ့ရင်တော့ နိုင်ငံရေးဘဝရော၊ ပုဂ္ဂိုလ်ရေးဘဝပါ သေတဲ့အထိ ဒုက္ခရောက်သွားမှာ အသေအချာပဲ ဖြစ်ပါတယ်။

## အမြဲတမ်း သတိရှိနေဖို့လို

ကျွန်တော်တို့နိုင်ငံမှာလည်း ယခင်အစိုးရခေတ် နှစ်ဆက်အတွင်းက လူထုခေါင်းဆောင်ရဲ့ ပုဂ္ဂိုလ်ရေးတွေကိုပါ မကြားဝံ့မနာသာ ရှုတ်ချပြောဆိုတာတွေ၊ သားပုပ်လေလွင့်ပြောတာတွေ ပေါ်ထွက်ခဲ့ဖူးပါတယ်။ ပြီးတော့ ဒီပဲယင်းအရေးအခင်းဆိုတာကိုလည်း ဖန်တီးခဲ့တယ်။

ဒါ့ကြောင့် ဒီမိုကရေစီကင်းမဲ့တဲ့ သို့မဟုတ် ဒီမိုကရေစီအခြေမခိုင်သေးတဲ့ နိုင်ငံတွေမှာ နိုင်ငံရေးလုပ်နေကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ နိုင်ငံရေးထောင်ချောက်တွေ၊ နိုင်ငံရေးမြေမြှုပ်မိုင်းတွေကို အမြဲတမ်း သတိထားနေဖို့ လိုပါတယ်။

## အသွင်အမျိုးမျိုးနဲ့ နိုင်ငံရေး ထောင်ချောက်

အထူးသဖြင့် ဒီမိုကရေစီနိုင်ငံတွေမှာလို အထက်တန်းစားနိုင်ငံရေး သို့မဟုတ် Gentlemen Politics မဟုတ်ဘဲ အောက်လမ်းနိုင်ငံရေးဓလေ့စရိုက်တွေ လွှမ်းမိုးတဲ့နိုင်ငံတွေမှာ လူထုခေါင်းဆောင် နိုင်ငံရေးသမားတွေဟာ နိုင်ငံရေးထောင်ချောက်တွေကို သတိကြီးစွာနဲ့ ဆင်ခြင်နိုင်ဖို့ လိုတယ်။

ထိုနိုင်ငံမျိုးတွေမှာ နိုင်ငံရေးထောင်ချောက်တွေဟာ အသွင်အမျိုးမျိုးကိုဆောင်ပြီး ရောက်ရှိလာနိုင်ပါတယ်။ မိမိအပေါ် မောင်ရင်းနှမ ညီရင်းအစ်ကိုလို အလွန်လေးစားခင်မင်တဲ့အသွင်မျိုးကို ဆောင်ပြီးတော့လည်း လာရောက်နိုင်ပါတယ်။

မိမိ၏အကျိုးကို လိုလားတဲ့ပုံစံမျိုးနဲ့လည်း လာနိုင်တယ်။ မိမိကို မြှင့်တင်ပေးတဲ့ပုံစံမျိုးနဲ့လည်း လာနိုင်တယ်။ မိမိနဲ့သဘောထားချင်း ထပ်တူရှိတဲ့အသွင်နဲ့လည်း လာရောက်ချဉ်းကပ်နိုင်တယ်။ သို့ပေမယ့် နိုင်ငံရေးသီလကြောင်တွေက ၎င်းတို့ရဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကို ထိပါးနှောင့်ယှက်တယ်လို့ယူဆတဲ့ နိုင်ငံရေးခေါင်းဆောင်ဟာ နိုင်ငံရေးထောင်ချောက်အတွင်းကို သက်ဆင်းမိတာနဲ့ အပြတ်ရှင်းကြပါတယ်။

ဒါ့ကြောင့် ပြည်သူ့အကျိုး၊ ဒီမိုကရေစီအကျိုးကို ဆောင်ရွက်နေကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ နိုင်ငံရေးထောင်ချောက်တွေထဲ မဝင်ရောက်မိဖို့ သတိကြီးစွာနဲ့ ဆင်ခြင်သင့်လှပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၂၄
၂၀၁၂

# အကယ်၍သာ . . . ပြီးတော့
# အစွန်းရောက်ဝါဒရဲ့ ဆန့်ထုတ်လာတဲ့ လက်တံများ

အကယ်၍သာ သင်ဟာ မိမိရဲ့မွေးဇာတိရွာက မိမိရဲ့နေအိမ်တွင်းမှာ နေထိုင်နေပါလျက်နဲ့ မိမိနဲ့တကွ မိမိရဲ့မိသားစုတို့ရဲ့ဘဝဟာ လုံခြုံမှုမရှိဘူးလို့ ခံစားနေရရင် သင့်ရဲ့စိတ်ဟာ ဘယ်လောက်အထိ ထိခိုက်ညှိုးရော်နေမယ်ဆိုတာကို သင်ခံစားကြည့်စမ်းပါ။

အကယ်၍သာ သင့်ရဲ့ဘိုးဘေးကစ၍ ဆက်ကာဆက်ကာ နေထိုင်ခဲ့တဲ့မြေပေါ်မှာ သင့်အနေနဲ့ အမျိုးဘာသာမတူသူတွေကို တွေ့လေတိုင်း၊ ဦးစိုက်ခေါင်းငိုက်ပြီးနေရတဲ့ဘဝမျိုးမှာ သင် ရောက်ရှိနေမယ်ဆိုရင် သင့်ရဲ့စိတ်ဟာ ဘယ်လောက်အထိ သိမ်ငယ်နေမယ်ဆိုတာကို သင် ခံစားကြည့်စမ်းပါ။

အကယ်၍သာ သင် ဘိုးစဉ်ဘောင်ဆက်က နေထိုင်ခဲ့တဲ့ကျေးရွာကလေးကို သင်တို့ရဲ့ ကျေးရွာသားတွေရဲ့ လူအင်အားထက် အဆမတန်များတဲ့ အေလီယန် (Alien) တွေက သင့်ရဲ့မျက်မှောက်မှာတင် အနိုင်အထက်ပြုကျင့်နေတာကို သင်ဟာ ဘယ်လိုမှမတားဆီးနိုင်ဘဲ ကြေကွဲဝမ်းနည်းစွာနဲ့ လှမ်းမြင်နေရရင် သင် ဘယ်မျှအထိ စိတ်ထိခိုက်ရမယ်ဆိုတာကို ခံစားကြည့်စမ်းပါ။

အကယ်၍သာ ဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက သင်တို့နေထိုင်ခဲ့တဲ့ ကျေးရွာကလေးမှာ သင့်ရဲ့ ညီအစ်ကို၊ မောင်နှမတွေ

ဒါမှမဟုတ် ဆွေမျိုးသားချင်းတွေဟာ အမျိုးဘာသာမတူသူတွေရဲ့ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရရင်၊ ထိုသေဆုံးသူအတွက် ကျယ်ကျယ်လောင်လောင် ငိုကြွေးခွင့်မရခဲ့ရင် ဒါမှမဟုတ် ထိုသေဆုံးသူရဲ့ ရှာပနာကိုပင် ဓလေ့ထုံးတမ်းတွေအရ မြှုပ်နှံခွင့်မရဘဲ ဖြစ်သလိုမြှုပ်နှံသင်္ဂြိုဟ်ခဲ့ရရင် သင့်ရင်ဟာ ဘယ်လောက်အထိ ပူလောင်လေမလဲဆိုတာ ခံစားကြည့်စမ်းပါ။

အကယ်၍သာ သင်ဟာ သင့်ရဲ့ လယ်ယာခင်းရှိတဲ့နေရာကို နေအိမ်ပြတင်းဝကနေ လှမ်းမျှော်ကြည့်ရင်း မိမိရဲ့ လယ်ယာကို ထွန်ယက်လိုပေမယ့် အသက်အန္တရာယ်ကြောင့် သွားရောက်မထွန်ယက်နိုင်တဲ့ ဘဝမျိုးမှာ သင်နေထိုင်ရရင် သင့်ရဲ့စိတ်နှလုံးဟာ ဘယ်လောက်အထိ ထိခိုက်ကြေကွဲနေမလဲဆိုတာ ခံစားကြည့်စမ်းပါ။

အကယ်၍သာ သင့်ရဲ့သားငယ်၊ သမီးငယ်လေးတွေကို အေလီယန် (Alien) တွေရဲ့အန္တရာယ်ကြောင့် စာသင်ကျောင်းဆီကို မစေလွှတ်ဝံ့ဘဲ နေရတဲ့ဘဝမျိုးကို သင် ရောက်ရှိနေရင် သင်ဟာ ဘယ်လောက်အထိ သောကတွေပွားနေမလဲဆိုတာ ခံစားကြည့်စမ်းပါ။

အကယ်၍သာ သင်နဲ့တကွ သင့်ရဲ့ရပ်ကွက်တူနေ တစ်ရွာတည်းသားတွေဟာ နေဝင်ချိန်ရောက်မှာကို စိုးကြောက်နေရတဲ့ဘဝမျိုးမှာ နေထိုင်နေရရင် သင့်ရဲ့ရင်ဟာ ဘယ်လောက်အထိ သောကတွေရဲ့ မွှေနှောက်ဒဏ်ကို ခံရမလဲဆိုတာ ခံစားကြည့်စမ်းပါ။

အကယ်၍သာ ... အကယ်၍သာ ... အကယ်၍သာ ... သင် ခံစားကြည့်စမ်းပါ။

**စစ်ပွဲကြီးတွေ ကြုံခဲ့ရ**

ကျွန်တော်တို့ လူသားတွေဟာ လူ့သမိုင်း မစတင်မီကတည်းက အန္တရာယ်မျိုးစုံနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။ သဘာဝဘေးအန္တရာယ်တွေ၊ သားရဲတွေရဲ့အန္တရာယ်တွေ၊ လူလူချင်းတိုက်ခိုက်သတ်ဖြတ်တဲ့ အန္တရာယ်စတဲ့ အန္တရာယ်တွေမျိုးစုံနဲ့ ကြုံခဲ့ရတယ်။

ထိုအန္တရာယ်တွေနဲ့ တွေ့လေတိုင်းမှာ လူသားတွေဟာ အောင်မြင်ကျော်လွှားနိုင်တဲ့အခါတွေလည်း ရှိရဲ့။ ကျရှုံးခဲ့ရတဲ့အခါတွေလည်း အကြိမ်ကြိမ်ပါ။ ခေတ်သစ်သမိုင်းကို ဖြတ်သန်းကျော်လွှားခဲ့ရစဉ်မှာလည်း ကျွန်တော်တို့ရဲ့ လူသားတွေဟာ စစ်ပွဲကြီးပေါင်းများစွာနဲ့ ကြုံခဲ့ရတယ်။ အလက်ဇန္ဒားသည် ဂရိခေတ်၊ စစ်ဘုရင်တိမူခေါ် ဂျင်ဂျစ်ခန်ခေတ်၊ ကူဗလိုင်ခန်ခေတ်၊ ဂျူးလိယက်ဆီဇာခေတ်၊ ဟစ်တလာခေတ်၊ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် စတဲ့ လူသားတွေရဲ့ အသက်တွေနဲ့ ရုပ်ဝတ္ထုစည်းစိမ်တွေကို ဖျက်ချေတဲ့ စစ်ပွဲကြီးပေါင်းများစွာနဲ့ ကြုံခဲ့ရတယ်။

ဒီနောက် စစ်အေးတိုက်ပွဲကာလမှာလည်း ကျွန်တော်တို့ လူသားတွေဟာ ဆိုးဝါးလှတဲ့ကံကြမ္မာတွေနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။ အရင်းရှင်စနစ်ကို ကမ္ဘာမြေပေါ်က ဖယ်ရှားပစ်ဖို့ကြိုးပမ်းနေတဲ့ ဆိုရှယ်လစ်ကွန်မြူနစ်နိုင်ငံတွေနဲ့ ဆိုရှယ်လစ်ကွန်မြူနစ်စနစ်ကို သုတ်သင်ချေမှုန်းပစ်ဖို့ ကြိုးပမ်းနေတဲ့ အနောက်အုပ်စု သို့မဟုတ် အရင်းရှင်ကမ္ဘာတို့ရဲ့တိုက်ပွဲဟာ ပြင်းထန်လှပါတယ်။

သို့ပေမယ့် တိုက်ပွဲဟာ ရှုပ်ရှုပ်ထွေးထွေးမရှိဘဲ ဘက်နှစ်ဖက်ပဲရှိတဲ့တိုက်ပွဲဖြစ်တယ်။ အရင်းရှင်အုပ်စု (Capitalist Camp) နဲ့ ဆိုရှယ်လစ်အုပ်စု (Socialist Camp) သာ ရှိခဲ့တယ်။ အရင်းရှင်အုပ်စုဘက်မှာ ဆီတိုး (SEATO) စစ်အုပ်စုဝင်နိုင်ငံတွေ၊ နေတိုး (NATO) နိုင်ငံတွေ၊ ဘုရင့်နိုင်ငံတွေနဲ့ ကွန်ဆာဗေးတစ် (Conservative) နိုင်ငံတွေ ပါဝင်ခဲ့တယ်။

ဆိုရှယ်လစ်အုပ်စုဘက်မှာတော့ ဆိုဗီယက်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့ခေါင်းဆောင်တဲ့ အာရှအာဖရိက၊ လက်တင်အမေရိကနိုင်ငံတွေ၊ ဆင်းရဲတဲ့နိုင်ငံတွေ၊ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြတဲ့နိုင်ငံတွေ ပါဝင်ခဲ့တယ်။ ထိုပဋိပက္ခဟာ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြတဲ့ပြည်သူနဲ့ အားနည်းတဲ့နိုင်ငံငယ်လေးတွေကို ကျွန်ပြုလိုတဲ့ ကိုလိုနီဝါဒီတွေရဲ့ပဋိပက္ခ၊ ဖိနှိပ်သူ (Oppressors) တွေနဲ့ အဖိနှိပ်ခံ (Oppressed) တို့ရဲ့ ပဋိပက္ခပဲ ဖြစ်တယ်။

ထိုစဉ်က ဖွဲ့ကူယားမားလည်း မပေါ်သေးဘူး။ ဟန်တင်တန်လည်း မပေါ်သေးဘူး။ အိုစမာဘင်လာဒင်လည်း မပေါ်သေးဘူး။ အယ်လ်ကိုင်ဒါတို့၊ တာလီဘန်တို့လည်း မပေါ်သေးဘူး။ သမိုင်းဘီးဟာ အရှိန်ကောင်းကောင်းနဲ့ ရှေ့သို့ လိမ့်နေဆဲပဲ ဖြစ်တယ်။

## အစွန်းရောက်တွေ အာဏာရလာ

သို့ပေမယ့် ၁၉၉၀ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ရတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့ အရန်နိုင်ငံတွေဖြစ်တဲ့ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံတွေက အစိုးရတွေပြုတ်ကျသွားခဲ့တယ်။ ထိုနိုင်ငံတွေမှာ ဒီမိုကရေစီအစိုးရတွေ အာဏာရလာခဲ့တယ်။ အချို့နိုင်ငံတွေမှာတော့ အနောက်အုပ်စုလိုလားတဲ့အစိုးရတွေ အာဏာရလာတယ်။ ဆိုဗီယက်ပြည်ထောင်စုက ခွဲထွက်ခဲ့တဲ့နိုင်ငံငယ် အတော်များများမှာ အစ္စလာမ်ဘာသာဝင်မျိုးနွယ်တွေ အာဏာရရှိလာခဲ့တယ်။

ဆိုဗီယက်ပြည်ထောင်စုကြီး ထိုးကျိုးစည်ပေါက်ဖြစ်ခဲ့ရာမှာ ဆိုဗီယက်ပြည်ထောင်စုရဲ့ မဟာတံတိုင်းကြီးထဲက ပထမဆုံးကျိုးပေါက်သွားခဲ့တာကတော့ အာဖဂန်နစ္စတန်နိုင်ငံ ဖြစ်တယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ ဆိုဗီယက်လိုလားတဲ့ သမ္မတနာဂျီဘူလာ အစိုးရပြုတ်ကျခဲ့ပြီးနောက် ယင်းနိုင်ငံမှာ အစ္စလာမ်မစ် အစွန်းရောက်ဝါဒီအုပ်စုတွေ အာဏာရလာခဲ့တယ်။

တာလီဘန်တွေ အာဏာရလာခဲ့တယ်။ အယ်လ်ကိုင်ဒါအဖွဲ့နဲ့ အခြားသော အစ္စလာမ်မစ်အစွန်းရောက်တွေ ခေါင်းထောင်လာခဲ့ကြတယ်။ အာဖဂန်နစ္စတန်နိုင်ငံနဲ့ ပါကစ္စတန်နယ်ခြားဒေသတစ်လျှောက်တို့ဟာ အစ္စလာမ်မစ် အစွန်းရောက်တွေရဲ့ ဘူမိနက်သန် ဖြစ်လာခဲ့တယ်။

မိမိတို့ရဲ့အဓိကပြိုင်ဘက်ဟာ ဆိုရှယ်လစ်အုပ်စုသာဖြစ်ပြီး အစ္စလာမ်မစ်ရဲ့ အစွန်းရောက်အဖွဲ့တွေကိုတော့ မိမိတို့အနေနဲ့ ကြိုက်တဲ့အချိန်မှာ အလွယ်တကူချေမှုန်းနိုင်လိမ့်မယ်လို့ ယူဆခဲ့ကြတဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုဟာ အကြီးအကျယ် တွက်ကိန်းမှားသွားခဲ့တယ်။

၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက်မှာ နယူးယောက်မြို့ ဒဗလျူ တီစီ (WTC) အဆောက်အအုံကြီးဟာ အယ်လ်ကိုင်ဒါတွေလက်ချက်ကြောင့် ပြိုကျခဲ့ရတယ်။

ဘာသာရေးအစွန်းရောက်တွေဟာ ပြည်သူတွေရဲ့ ဆင်းရဲမွဲတေမှုကို အခွင့်ကောင်းယူပြီး မိမိတို့ရဲ့ အစွန်းရောက်ဝါဒဟာ တရားမှန်ကန်ကြောင်း ဟောပြောစည်းရုံးခဲ့ကြတယ်။ ဘာသာရေးအစွန်းရောက် ခေါင်းဆောင်တွေဟာ ရိုးသားတဲ့ဆင်းရဲသား ပြည်သူတွေရဲ့ ဖြူစင်တဲ့ဦးနှောက်တွေအတွင်းကို အစွန်းရောက်ဝါဒမှိုင်းတွေ ရိုက်သွင်းပြီး အသေခံဗုံးခွဲသူတွေ ဖြစ်လာအောင် လုပ်ခဲ့တယ်။

အစွန်းရောက်တွေဟာ အမေရိကန်ပြည်ထောင်စုနဲ့ ၎င်းတို့က မလိုလားတဲ့ နိုင်ငံမှန်သမျှရဲ့ အကျိုးစီးပွားတွေကို တိုက်ခိုက်ခဲ့တယ်။ သံရုံးတွေ၊ အပန်းဖြေစခန်းတွေ၊ ဘာသာရေးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေကိုပါမကျန် တိုက်ခိုက်ခဲ့တယ်။

အစွန်းရောက်တွေဟာ လူသားတွေရဲ့အသက်ကို ကြက်ကလေး၊ ငှက်ကလေးတွေရဲ့ အသက်လောက်ပင် သဘောမထားဘဲ တိုက်ခိုက်သတ်ဖြတ်ခဲ့တယ်။ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေကိုပင် မရှောင်ဘဲတိုက်ခိုက်ခဲ့တယ်။

မနေ့တစ်နေ့က တာလီဘန်တွေကို ဆန့်ကျင်လှုပ်ရှားနေတဲ့ အသက် ၁၄ နှစ် အရွယ်ရှိ မာလာလာယူဆွပ်ဇိုင်ဆိုတဲ့ ကျောင်းသူလေးဟာ ပါကစ္စတန်နိုင်ငံ ဆွက်တောင်ကြားမှ တာလီဘန် သေနတ်သမားတစ်ဦးရဲ့ သေနတ်နဲ့ပစ်ခတ်လုပ်ကြံမှုကို ခံခဲ့ရတယ်။ မာလာလာဟာ စာသင်ကျောင်းကနေ အိမ်ကိုပြန်လာစဉ် ကျောင်းကားပေါ်မှာပင် ပစ်ခတ်လုပ်ကြံခံခဲ့ရတာပါ။

ယခုအခါမှာ မာလာလာရဲ့ ဦးခေါင်းထဲက သေနတ်ကျည်ဆန်ကို ထုတ်ယူပြီးခဲ့ပေမယ့် ကုသမှုတွေကို ဆက်လက်ခံယူဖို့အတွက် ဗြိတိန်နိုင်ငံကို ရောက်ရှိနေပါပြီ။

စံပယ်စာအုပ်

ဒီအရင်တစ်လလောက်ကလည်း အွန်လိုင်းရုပ်ရှင်တစ်ခုနဲ့ ပတ်သက်ပြီး အစွန်းရောက်တွေရဲ့ ဖွမ့်ဆွမှုတွေကြောင်း လစ်ဗျားနိုင်ငံ၊ ဘင်္ဂါဇီမြို့က အမေရိကန်သံရုံး တိုက်ခိုက်ခံခဲ့ရပြီး အမေရိကန်သံအမတ်ကြီး ဂျေ့ခရစ်စတိုဖာစတီဗင် သေဆုံးခဲ့ရပါတယ်။

## ထိုင်းနိုင်ငံမှာ မငြိမ်းမှုခဲ့တာအတော်ကြာ

ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ (ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ နိုင်ငံလည်းဖြစ်တဲ့) ထိုင်းနိုင်ငံတောင်ပိုင်းမှာ အစွန်းရောက်တွေ မငြိမ်းမှုနေတာတော့ ကြာပါပြီ။ ထိုင်းနိုင်ငံတောင်ပိုင်းမှာ ဗုဒ္ဓဘာသာဘုန်းကြီးတွေ အသတ်ခံခဲ့ကြရတယ်။ ဗုဒ္ဓဘာသာဝင် ကျောင်းဆရာတွေ၊ ဝန်ထမ်းတွေ အကြမ်းဖက်ခြင်းခံခဲ့ကြရတယ်။

လွန်ခဲ့တဲ့ လေးလလောက်အတွင်းကတော့ ကျွန်တော်တို့နိုင်ငံရဲ့ အနောက်တက်ခြမ်းက ရခိုင်ပြည်နယ်အတွင်းမှာ ကသောင်းကနင်းဖြစ်ရပ်တွေ ဖြစ်ပွားခဲ့တယ်။ လူမျိုးရေး ဘာသာရေးကို အခြေပြုတဲ့ အဓိကရုဏ်းတွေ ဖြစ်ခဲ့တယ်။ အကြမ်းဖက်မှုတွေ ဖြစ်ခဲ့တယ်။

တိုင်းရင်းသားတွေက ခြောက်ရာခိုင်နှုန်းသာရှိပြီး တိုင်းရင်းသားမဟုတ်သူ ဘင်္ဂါလီတွေက ကိုးဆယ့်လေးရာခိုင်နှုန်းရှိနေတဲ့ ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ အကြမ်းဖက်မှုတွေ ဆိုးဆိုးရွားရွား ဖြစ်ခဲ့တယ်။

ဘူးသီးတောင်၊ မောင်တောဒေသတို့မှာ လူဦးရေအချိုးအစား အကြီးအကျယ် မညီမျှတာကြောင့် ရခိုင်တိုင်းရင်းသားကျေးရွာ အများအပြား မီးရှို့ဖျက်ဆီးခံခဲ့ရတယ်။ တိုင်းရင်းသားအများအပြား ဒုက္ခပင်လယ်ဝေခဲ့ရတယ်။

စစ်တွေ၊ ကျောက်ဖြူ စတဲ့ မြို့ကြီးတွေမှာပင် အခြေအနေတွေဟာ လွန်ခဲ့တဲ့ ဆယ်နှစ် အနှစ်နှစ်ဆယ်နဲ့ မတူတော့ပါဘူး။ ဗလီကျောင်းတွေနဲ့ ဘင်္ဂါလီရွာတွေ မီးရှို့ဖျက်ဆီးခံခဲ့ရသလို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေနဲ့ ရခိုင်ရွာတွေ၊ ရခိုင်ရပ်ကွက်တွေလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။

ထိုအရေးအခင်းတွေ ငြိမ်သက်စပြုလာချိန်မှာပဲ မြန်မာနိုင်ငံအတွင်းကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ တရားမဝင်ခိုးဝင်လာကြတဲ့ အရှယ်ကောင်း ဘင်္ဂါလီလူငယ်တွေကို ဖမ်းဆီးမိတဲ့သတင်းတွေကို ခပ်စိတ်စိတ်ကြားသိလာရတယ်။

သူတို့ဟာ ဘယ်အဖွဲ့အစည်းတွေကလဲ၊ ဘာရည်ရွယ်ချက်တွေနဲ့ ဝင်ရောက်လာကြတာလဲ။

**သမိုင်းအချိုးအကွေ့တစ်ခု**

ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ သေရေးရှင်ရေးတမျှ အလွန်အရေးကြီးတဲ့ အချိုးအကွေ့တစ်ခုကို ဖြတ်သန်းနေရပါတယ်။

တစ်ဖက်မှာလည်း ဒီမိုကရေစီတည်ထောင်ရေး လွှန်ဆွဲပွဲကြီးနဲ့ ကြုံဆုံနေရသလို တစ်ဖက်မှာလည်း အမျိုးသားညီညွတ်ရေး၊ တိုင်းရင်းသားစည်းရုံးညီညွတ်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စတဲ့ အရေးကြီးပြဿနာတွေနဲ့ ကြုံနေရတယ်။

ဒီအတွင်းမှာပဲ ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ ဘင်္ဂါလီအရေးအခင်းက ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားစိတ်ဓာတ်နဲ့ တိုင်းရင်းသားအပေါင်းရဲ့ ညီအစ်ကိုစိတ်ဓာတ်တွေကို စိန်ခေါ်လျက်ရှိနေပါတယ်။ အစွန်းရောက်ဝါဒီတွေဟာ သူတို့ရဲ့လက်တံတွေကို ကျွန်တော်တို့နိုင်ငံအထိ ဆန့်ထုတ်ဖို့ကြိုးစားလာနေပါပြီ။

ယခုအချိန်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အစွန်းရောက်ဝါဒရဲ့ စိန်ခေါ်မှုတွေကိုအောင်မြင်စွာ ရင်ဆိုင်ကျော်လွှားလိုတယ်ဆိုရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေအားလုံး တစ်ဦးကိုတစ်ဦး သံသယကင်းစင်စွာနဲ့ ညီညွတ်သွေးစည်းကြဖို့ လိုတယ်ဆိုတာပါပဲ။

ရန်သစ်မဂ္ဂဇင်း၊
၂၀၁၂၊ နိုဝင်ဘာ

# ဝေးလွင့်သွားတဲ့ ကောင်းကင်ဘုံ

မနေ့တစ်နေ့က မဟုတ်ပေမယ့် မနေ့တစ်နေ့ကလိုပဲ ထင်နေမိတယ်။ ကျွန်တော့်ရဲ့ စိတ်အစဉ်မှာ အစွဲအလမ်းကြီးမားစွာနဲ့ အရိပ်ထင်ကာ မှတ်မိနေတဲ့ ဖြစ်ရပ်နှစ်ခု ရှိနေပါတယ်။ ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာကဆိုရင် ထိုဖြစ်ရပ်တွေက ကျွန်တော့်ကို ညစဉ်လိုလိုပဲ သဲသဲမဲမဲ ခြောက်လှန့်ခဲ့တယ်။ တစ်ခါတစ်ရံမှာ ညဉ့်လယ်အိပ်မက်တွေအဖြစ် ခြောက်လှန့်ခဲ့တယ်။ တစ်ခါတစ်ရံမှာဆိုရင်လည်း ရှင်သန်နိုးထနေချိန်မှာ ဒိဋ္ဌမြင်မက်တဲ့ သက်ဝင်အိပ်မက်တွေဖြစ် ခြောက်လှန့်ခဲ့တယ်။

ဘယ်အချိန်မှာပဲဖြစ်ဖြစ် ထိုအိပ်မက်တွေက ကျွန်တော့်ရဲ့ စိတ်အာရုံကို ထိခိုက်ညှိုးလျော်စေခဲ့တာကတော့ အသေအချာပါ။ ထိုအိပ်မက်တွေကို မြင်မက်တိုင်းမှာ ကျွန်တော့်ရဲ့ နှလုံးအိမ်ဟာ တုန်ခါလာခဲ့တယ်။ ကျွန်တော့်ကိုယ်ခန္ဓာမှာ ချွေးစေးတွေ ပြန်လာခဲ့တယ်။ ကျွန်တော့်ရဲ့ စိတ်အစဉ်ဟာ တုန်ခါလာခဲ့တယ်။ ကြောက်စိတ်ဟာ ကျွန်တော့်ရဲ့ ပင်ကိုစိတ်ကို ထိုးနှက်ဖို့ ကြိုးပမ်းလာခဲ့တယ်။

သို့ပေမယ့် များမကြာမီ စက္ကန့်ပိုင်း သို့မဟုတ် မိနစ်ပိုင်းအတွင်းမှာပဲ ထိုဝေဒနာတွေအားလုံးဟာ ကျွန်တော့်အတွက် အင်အားတွေဖြစ်လာခဲ့တယ်။ ခြောက်အိပ်မက်နှစ်ခုစလုံးဟာ တစ်ရံရောအခါက ကျွန်တော်နဲ့ အလွန်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ အဆောက်အအုံကြီးနှစ်ခုနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။

အိပ်မက်တစ်ခုက ကျွန်တော် ကလေးပေါက်စဘဝကနေ ပျိုရွယ်တက်ကြွတဲ့ လူငယ်ဘဝအထိ မိသားစုနဲ့အတူ နှစ်ပေါင်းများစွာနေထိုင်ခဲ့ရတဲ့ သက်ရင့်အိမ်ဂေဟာတစ်လုံးနဲ့ သက်ဆိုင်နေတဲ့အိပ်မက်ပါ။ လှုပ်လီလှုပ်လဲ့နဲ့ ဆော့ကစားတတ်စအချိန်ကစပြီး ကျွန်တော်ဟာ ထိုအိမ်ကြီးမှာ အစ်ကိုကြီးတွေ၊ အပေါင်းအသင်းတွေနဲ့အတူ ပြေးလွှားပျော်မြူးခဲ့တယ်။ ကလေးသူငယ်အရွယ်တွေ ဆော့ကစားလေ့ရှိတဲ့ ကစားနည်းမျိုးစုံအောင် ဆော့ကစားလေ့ ရှိခဲ့တယ်။

ပေ သုံးဆယ်၊ ပေ ငါးဆယ်ကျယ်ဝန်းတဲ့ ရှေးဟောင်းနှစ်ထပ်အိမ်အိုကြီးဟာ ကျွန်တော်အပါအဝင် ကျွန်တော်တို့မိသားစုကို မိုးဒဏ်၊ နေဒဏ်၊ လေဒဏ်တွေမှ နှစ်ပေါင်းများစွာကြာမျှ အကာအကွယ်ပေးခဲ့တဲ့ လုံခြုံနွေးထွေးတဲ့ အေးရိပ်ဆာယာတစ်ခု ဖြစ်ခဲ့တယ်။ ထိုအိမ်အိုကြီးဟာ ကျွန်တော့်ကို သဘာဝဘေးဒဏ်အပေါင်းမှ အကာအကွယ်ပေးခဲ့တဲ့ အမိရင်ခွင်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ သို့ပေမယ့် တစ်နေ့သောအခါမှာတော့ ကျွန်တော်အပါအဝင် ကျွန်တော်တို့မိသားစုဟာ ထိုအိမ်ကြီးကို စွန့်ခွာခဲ့ကြရတယ်။ တစ်ချိန်တည်းမှာလည်း အမိအိမ်အိုကြီးက ကျွန်တော်တို့မိသားစုကို စွန့်ခွာသွားခဲ့ရပါတယ်။ လုံးဝတရားမျှတမှုမရှိတဲ့ အကြောင်းတစ်ခုကြောင့် ထိုအိမ်ကြီးဟာ သူ ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိခဲ့တဲ့မြေပြင်ပေါ်မှ ဖယ်ရှားခြင်းခံခဲ့ရပါတယ်။

အလုပ်သမားတွေက အမိအိမ်အိုကြီးရဲ့ သွပ်မိုးတွေ၊ လျှာထိုးထရံတွေ၊ ကြမ်းခင်းတွေ၊ မျက်နှာကြက်တွေ၊ တိုင်လုံးကြီးတွေကို တစ်ခုစီ ဖြိုဖျက်နေချိန်မှာပဲ ကျွန်တော်တို့မိသားစုဟာ သေတ္တာတွေ၊ ဝန်စည်စလွယ်တွေ အထုပ်အပိုးတွေကိုသယ်ပိုးရင်း ထိုအိမ်ကြီးတည်ရှိရာ ပရိဝုဏ်အတွင်းမှ ထွက်ခွာရွှေ့ပြောင်းခဲ့ကြရတယ်။

ထိုအချိန်ကစပြီး ကျွန်တော်ဟာ မကြာခဏဆိုသလိုပဲ အမိအိမ်အိုကြီးကိုဗဟိုပြုတဲ့ ခြောက်အိပ်မက်တွေရဲ့ ထိုးနှက်တိုက်ခိုက်မှုတွေနဲ့ ကြိမ်ဖန်များစွာ ရင်ဆိုင်ခဲ့ရပါတယ်။

ထိုအိမ်ကြီးမှာ နေထိုင်ခဲ့ရတဲ့ ကစားမြူးထူးခဲ့ရတဲ့ အဖြစ်တွေဟာ မကြာခဏဆိုသလို ကျွန်တော့်ရဲ့ စိတ်အာရုံထဲမှာ အိပ်မက်အဖြစ်ထင်ဟပ်လာခဲ့ပါတယ်။ အိပ်မက်တွေထဲမှာ ထိုအိမ်ကြီးဟာ အကောင်းပကတိတည်ရှိခဲ့တဲ့အခါတွေရှိခဲ့သလိုပဲ တစ်စစီပြိုပျက်နေတဲ့အခါတွေလည်း ရှိခဲ့တယ်။

အိပ်မက်တွေက နိုးထလာတိုင်းမှာ ကျွန်တော့် တစ်ကိုယ်လုံးမှာ ချွေးစေးတွေ စွန်းထင်းနေခဲ့ပါတယ်။ မနေ့တစ်နေ့ကတော့ ကျွန်တော်ဟာ မရောက်ခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်တဲ့ အဓိပတိလမ်းကို ရောက်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို သွားဖို့အကြောင်းဖန်လာတဲ့အတွက် အဓိပတိလမ်းကို ရောက်ခဲ့ရတာပါ။ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အဓိပတိလမ်းတို့ ဆုံစည်းရာနေရာကို အရောက်မှာတော့ ကျွန်တော့်ရဲ့ ခြေလှမ်းတွေဟာ အလိုလို တန့်ရပ်သွားခဲ့တယ်။

တက္ကသိုလ်ရိပ်သာလမ်းရဲ့ တစ်ဖက်ခြမ်းမှာက တက္ကသိုလ်ဓမ္မာရုံနဲ့ တက္ကသိုလ်ဆေးရုံ။ အဓိပတိလမ်းရဲ့ မြောက်ဘက်တူရူမှာတော့ ညို့ညို့မှိုင်းမှိုင်းနဲ့ ကုက္ကိုပင်ကြီးတစ်ခွဲသားနဲ့ ခန့်ညားတည်ငြိမ်စွာ ရပ်တည်နေတဲ့ ဘွဲ့နှင်းသဘင် အဆောက်အအုံ။ အဓိပတိလမ်းအဝင် ဘယ်ဘက်ခြမ်းမှာက မန္တလေးဆောင်၊ ဟိုဘက်က ရာမညဆောင်၊ အမရဆောင်၊ ဟောဟိုဘက်က ဝေဘင်္ဂ ဟော၊ ပြီးတော့ ဒဂုံဆောင်၊ ညာဘက်ခြမ်းမှာက ပဲခူးဆောင်၊ သထုံဆောင်၊ စစ်ကိုင်းဆောင် ပြီးတော့ နာမည်ကျော် အင်းဝဆောင်။

ဟောဟိုဘက်ခြမ်းမှာတော့ မာလာဆောင်၊ သီရိ(ဘင်တန်)ဟော၊ ဟိုဘက်ခပ်လှမ်းလှမ်းက အင်းလျားဆောင်၊ ဟောဟိုမှာတော့ သစ်ပုပ်ပင်ကြီးနဲ့ စိန်ပန်းပြာတွေ၊ ပြီးတော့ ကိုသန်းလှိုင်ရဲ့ ကုံကော်မြိုင်တန်း။

ကျွန်တော်ဟာ မရောက်တာကြာပြီဖြစ်ပေမယ့် ကျွန်တော့်ရဲ့စိတ်ဝိညာဉ်ကတော့ မကြာခဏရောက်နေတဲ့၊ မတွေ့တာကြာပြီဖြစ်ပေမယ့် ကျွန်တော့်ရဲ့စက္ခုအာရုံထဲမှာ မကြာခဏအရိပ်ထင်ခဲ့တဲ့ နေရာဟောင်းတစ်ခုကို သတိတရနဲ့ လှမ်းကြည့်မိခဲ့တယ်။

ဗိုလ်အောင်ကျော်ရုပ်တုတင်ဖို့ ရည်ရွယ်ချက်နဲ့ ဆောက်လုပ်ထားခဲ့တဲ့အုတ်ခုံ။ ဗိုလ်အောင်ကျော်ကျောက်တိုင်လို့ လူသိများခဲ့တဲ့ ထိုအုပ်တိုင်ကလေးရဲ့ ရှေ့နားလောက်မှာရှိတဲ့တစ်နေရာကိုလည်း ကျွန်တော် လှမ်းမျှော်ကြည့်လိုက်မိတယ်။

ဟောဟိုနားလောက်မှာက သမဂ္ဂအလံတိုင်၊ ပြီးတော့ ဗုဒ္ဓသရဏံပန်းရုံ ပြီးတော့ ... ပြီးတော့။

အတိတ်ကာလတစ်ခုကို ကိုးစားပြုတဲ့အရိပ်တွေကို ကျွန်တော်မြင်တွေ့လာရတယ်။ ပထမဦးစွာ မပီဝိုးဝါးသဏ္ဌာန်အရိပ်ကြီးတစ်ခုဟာ ကျွန်တော့်ရဲ့အာရုံမှာ ထင်ဟပ်လာတယ်။ ကျွန်တော်ဟာ ထိုအရိပ်သဏ္ဌာန်ကို အံ့ဩတကြီးနဲ့ ငေးမောကြည့်နေစဉ်မှာပဲ ထိုသဏ္ဌာန်ဟာ အလွန်ရိုးရှင်းပြီး အလွန်လည်း ခန့်ညားထည်ဝါတဲ့ အဆောက်အအုံကြီးတစ်ခုအဖြစ်ကို ပြောင်းလဲလာခဲ့တယ်။

ကျွန်တော့်ရဲ့စိတ်အာရုံဟာ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်ကာလရဲ့ တစ်ဖက်စွန်းဆီကို ရောက်ရှိသွားခဲ့တယ်။

သမဂ္ဂအဆောက်အအုံ အောက်ထပ်မှာရှိတဲ့ကင်တင်းထဲမှာ ကျောင်းသားကျောင်းသူတွေနဲ့ စည်ကားလို့နေတယ်။ ဖွန်းသံ၊ ခက်ရင်းသံတွေ စကားပြောသံတွေက ဆူညံနေတယ်။ ကျောင်းသားကျောင်းသူတွေအားလုံးဟာ ကိုယ့်အစုနဲ့ကိုယ် စုဝေးရင်း ရယ်မောရွှင်ပျစွာနဲ့ စကားဆိုနေကြတယ်။

မိမိတို့ရွေးချယ်ခဲ့တဲ့ ဘာသာတွဲအကြောင်း၊ ပါမောက္ခတွေ၊ ကထိကတွေအကြောင်း၊ အဆောင်ရရှိရေးအကြောင်း၊ ပြီးတော့ ရုပ်ရှင်နဲ့ ဂီတအကြောင်း၊ မနေ့တစ်နေ့က ပြီးစီးသွားခဲ့တဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲအကြောင်း။

တက္ကသိုလ်ရောက်စ ကျွန်တော်ဟာ သူငယ်ချင်းတစ်စုနဲ့ စားပွဲတစ်ခုမှာထိုင်ရင်း လန်းဆန်းတက်ကြွနေတဲ့ ကျောင်းသားကျောင်းသူတွေကို ငေးမောကြည့်နေမိတယ်။ ပြီးတော့ ကင်တင်းဘေးက စကြံန်ပလက်ဖောင်း

ပေါ်မှာ ခင်းကျင်းထားတဲ့ စားပွဲခုံတစ်ခုံဆီကို လှမ်းကြည့်ရင်းနဲ့ 'ကိုပဟိန်း တစ်ယောက် မေရှင်ရဲ့သီချင်းတွေကို ခါတ်စက်ဖွင့်ပြီး နားထောင်ခဲ့တယ် ဆိုတာ အဲဒီနေရာလောက်မှာထင်ရဲ့'လို့ တွေးခဲ့မိပါတယ်။

ကျွန်တော် တက္ကသိုလ်ရောက်တဲ့နှစ်မှာပဲ တကာသ အဆောက် အအုံအပေါ်ထပ်မှာ ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ (ရကသ) ညီလာခံ ကျင်းပခဲ့တယ်။ ကျွန်တော်အပါအဝင် ကျောင်းသားရဲဘော်တွေ တက်ရောက် ခဲ့တယ်။ ညီလာခံတက်သူတွေထဲမှာ ကျွန်တော် ဆယ်တန်းတုန်းက သိကျွမ်း ခဲ့တဲ့ ကျောင်းသားတွေရော၊ တက္ကသိုလ်ရောက်မှ သိကျွမ်းခဲ့ရသူတွေရော၊ ကျွန်တော် လုံးဝ မသိကျွမ်းခဲ့တဲ့ ကျောင်းသားတွေရော ပါဝင်ခဲ့တယ်။

ထိုညီလာခံမှာ ကျွန်တော်တို့ တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြ တယ်။ တန်းခွဲတန်းချတိုက်ဖျက်ရေး၊ ဒီမိုကရေစီပညာရေး၊ ပြည်တွင်းငြိမ်း ချမ်းရေး၊ အထက်တန်းကျောင်းတွေမှာ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းခွင့်ရရှိရေး။

ထိုညီလာခံကနေ ရကသ ဥက္ကဋ္ဌသစ်အဖြစ် ကိုသက်ကိုရွေးချယ် ခဲ့ပြီး ဒုဥက္ကဋ္ဌနှစ်ယောက်အဖြစ် ကိုရဲထွဋ်နဲ့ ကိုဖိုးထင်၊ အတွင်းရေးမှူး ကိုသိန်းလှိုင်၊ ကိုသိန်းဆွေ၊ ကိုတင်အောင်၊ ကိုဉာဏ်ဝင်းတို့ပါဝင်တဲ့ အမှု ဆောင်အဖွဲ့ကို ရွေးခဲ့တယ်။

တကာသ အဆောက်အအုံကြီးရဲ့အပေါ်ထပ် မြောက်ဘက်ခြမ်းမှာရှိ တဲ့ ခန်းမကြီးထဲမှာ လျှပ်စစ်မီးရောင်တွေ ထိန်ထိန်လင်းလို့ နေတယ်။ ခန်းမကြီးရဲ့ တစ်ဖက်ခြမ်းမှာတော့ စင်မြင့်တစ်ခုရှိပြီး ထိုစင်မြင့်ရဲ့နောက်ဘက် အထက်ပိုင်းမှာ 'ဆဋ္ဌမအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ များ အဖွဲ့ချုပ်ညီလာခံ' ဆိုတဲ့ နဖူးစည်းစာတန်းကြီး ချိတ်ဆွဲထားပါတယ်။

စင်မြင့်ရဲ့ရှေ့မှာတော့ အတန်းလိုက်ချထားတဲ့ ခေါက်ကုလားထိုင် တွေပေါ်မှာ အနယ်နယ်အရပ်ရပ်က လာရောက်ကြတဲ့ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်တွေ ထိုင်နေကြပါတယ်။

ရန်ကုန်ခရိုင်၊ အင်းစိန်ခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ ပြည်

ခရိုင်၊ မန္တလေး၊ မကွေး၊ ကသာ၊ မြစ်ကြီးနား၊ ဘိုကလေး၊ ဖျာပုံ၊ မြစ်ဝကျွန်းပေါ်စတဲ့ ဒေသအသီးသီးက ကျောင်းသားကိုယ်စားလှယ်တွေဟာ ညီလာခံကို တက်ရောက်ခဲ့ကြတယ်။

သုံးရက်သုံးညမျှ ဆက်တိုက်ကျင်းပခဲ့ကြတဲ့ ထိုညီလာခံမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တစ်ခုချမှတ်ဖို့ကိစ္စမှာ အဖြေမထွက်ဘဲ ရှိနေတယ်။

ညီလာခံကိုယ်စားလှယ်တွေအကြားမှာ အကြိတ်အနယ် ဆွေးနွေးမှုတွေ ရှိနေပါတယ်။ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်နဲ့ ခေ့စပ်ဆွေးနွေးရေးလမ်းစဉ်တို့အကြားမှာ သဘောတူညီမှုမရဘဲ ရှိနေပါတယ်။

ကိုတင်ထွန်း၊ ကိုသက်၊ ကိုဗဆွေလေးတို့ အလုပ်ရှုပ်နေကြတယ်။ ခန်းမရဲ့အပြင်ဘက် စကြံန်မှာတော့ ကိုဘကောင်းနဲ့ ကိုခင်မောင်အုန်းတို့ တိုးတိုးတိတ်တိတ် ခေါင်းချင်းရိုက်နေကြတယ်။

ညဉ့်ဟာ အတော်နက်ရှိုင်းလာခဲ့ပါပြီ။ တစ်ဖက်နဲ့တစ်ဖက် အလျှော့မပေးနိုင်ဘဲ ရှိနေကြတယ်။ တစ်ဖက်က ကိုသာလှ (မတကသ ဥက္ကဋ္ဌဟောင်း) နဲ့ ကိုစိုးဝင်းတို့က တင်းမာနေကြသလို အခြားတစ်ဖက်က ကိုထွန်းကြည်တို့လူစုကလည်း တင်းမာနေပါတယ်။ ကျောင်းသားကိုယ်စားလှယ်တွေအကြားမှာ ကိုစိုးဝင်း (လူထုဦးလှ၊ ဒေါ်အမာတို့ရဲ့ သား) ကို လှမ်းတွေ့ရတယ်။

ကျွန်တော်တို့ အဝန်းအဝိုင်းထဲက ကျောင်းသားရဲဘော်တစ်ယောက် ကျွန်တော့်အနီးကိုချဉ်းကပ်လာပြီး 'သူမနာ ကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်ကိုပဲ ကြားချပြီးတင်ဖို့ အဒေဘိက မှာလိုက်တယ်' လို့ ပြောလာပါတယ်။

ဒီနောက်မှာတော့ ညီလာခံရဲ့ အရေးအပါဆုံးအမှု ပြဿနာတစ်ခုဟာ ပြေလည်သွားခဲ့တယ်။ ဒီတော့မှပဲ ကျွန်တော်တို့အားလုံး ပြုံးနိုင်၊ ရယ်နိုင်ခဲ့ကြတယ်။ ကျွန်တော်တို့အားလုံး တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်ခဲ့ကြတယ်။ နောက်နေ့မှာတော့ ညီလာခံ ဗကသ အလုပ်အမှုဆောင်အဖွဲ့သစ် တစ်ဆယ့်နှစ်ယောက်ကို ရွေးချယ်ခဲ့ကြပါတယ်။

တို့ကျောင်းသားတွေ သွေးနီတယ်ဟေ့။ တို့ကျောင်းသားတွေ ညီတယ်ဟေ့။ ကျွန်တော်တို့အားလုံး ကန်တော်မင်ပန်းခြံမှာကျင်းပမယ့် ကျောင်းသားထုရဲ့ ငါးခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲအတွက် အလုပ်ရှုပ်နေကြတယ်။

ကိုတင်ထွန်း၊ ကိုသက်၊ ကိုလှရွှေတို့ သုံးယောက်ကတော့ အလုပ်အများဆုံးပဲ ဖြစ်ပါတယ်။ တကယ် အပေါ်ထပ်မှာ ကိုဗဆွေလေးရဲ့ လက်ဝဲစာလုံးတွေကိုတုပပြီး ပိုစတာတွေ ဒိုင်ခံရေးနေတဲ့ ကိုလှရွှေဟာ သူ့ကိုတွေ့ချင်တဲ့ညည့်သည်တွေကို မကြာခဏ ထွက်တွေ့နေရတယ်။

ငါးခရိုင်ဆန္ဒပြပွဲအတွက် ကိုသက်က ပဲခူးစစ်ကြောင်းကို ဦးဆောင်ချီတက်ခဲ့တယ်။ ကျွန်တော်ဟာ အင်းစိန်စစ်ကြောင်း စည်းရုံးရေးအတွက် ထန်းတပင်၊ တိုက်ကြီးနဲ့ အင်းစိန်ခရိုင်အတွင်းက မြို့နယ်တွေဆီကို သွားခဲ့ရတယ်။ တစ်နေ့ တက္ကသိုလ်ဥက္ကဋ္ဌအခန်းရှေ့က ဖြတ်သွားစဉ်မှာ ဥက္ကဋ္ဌအခန်းထဲမှာထိုင်နေတဲ့ ကိုတင်အေး (မြို့မ) ကို တွေ့ခဲ့ရတယ်။ ကျွန်တော့်ကို လှမ်းမြင်လိုက်တဲ့ ကိုတင်အေးကြီးက 'ဟေ့ … ရဲဘော် လာလေ ဝင်ပါဦးကွ'

'ထူးထူးဆန်းဆန်း ခင်ဗျား ဘာတွေ အလုပ်များနေတာလဲဗျ' လို့ ကျွန်တော်က မေးလိုက်ပါတယ်။

ထိုနေ့က မကြာမီက ရွေးကောက်တင်မြှောက်ခံခဲ့ရတဲ့ တက္ကသိုလ်ဥက္ကဋ္ဌသစ် ကိုဗဆွေလေးရဲ့ ကျမ်းသစ္စာဆိုပွဲအတွက် လက်ရှိဥက္ကဋ္ဌဖြစ်တဲ့ ကိုတင်အေးကြီး အလုပ်များနေတာပါ။ ထိုအချိန်တုန်းက ကိုတင်အေးဟာ ခါးကုန်းကြီးဘဝကို မရောက်သေးပါဘူး။

ကိုဗဆွေလေးဟာ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂရဲ့ နောက်ဆုံးဥက္ကဋ္ဌပဲ ဖြစ်ပါတယ်။ ကိုဗဆွေလေးရဲ့ ဥက္ကဋ္ဌအဖြစ် ကျမ်းသစ္စာဆိုပွဲကို ကျွန်တော်တို့တစ်တွေ တက်ရောက်ခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက် နောက်ပိုင်းမှာတော့ ကျွန်တော်တို့

နိုင်ငံမှာ ဒီမိုကရေစီမိုးမှောင်ကျခဲ့သလို ရန်ကုန်တက္ကသိုလ်နယ်မြေဟာလည်း မကြာခဏဆိုသလို စာသင်ခန်းတွေကို ပိတ်ခဲ့ရတယ်။ အဆောင်တံခါးတွေကို ပိတ်ခဲ့ရတယ်။

တက္ကသိုလ်နယ်မြေမှ ကံ့ကော်ရနံ့တွေဟာ မသင်းပျံ့နိုင်ဘဲ ရှိခဲ့ရတယ်။ ကံ့ကော်ရနံ့တွေကို မီးခိုးငွေ့နံ့တွေက ဖုံးလွှမ်းသွားခဲ့တယ်။

အော်ဟစ်သံတွေ၊ ကြွေးကြော်သံတွေ၊ ကြုံးဝါးသံတွေ၊ ပြီးတော့ အဓိပတိလမ်းပေါ်က ပိုင်ရှင်မဲ့ဘဝကို ရောက်သွားခဲ့ရတဲ့ ဖိနပ်ကလေးတွေ။

လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်ကျော်ကာလက သူ့ရဲ့ရင်ငွေ့နဲ့ ကျွန်တော်တို့ကို နွေးထွေးစေခဲ့တဲ့၊ သူ့ရဲ့ အစဉ်အလာကြီးမားလှတဲ့ သမိုင်းဖြစ်ရပ်တွေနဲ့ ကျွန်တော်တို့ကိုတက်ကြွစေခဲ့တဲ့ အမိ တက္ကသိုလ်အဆောက်အအုံကြီး ဝေးလွင့်သွားတာဟာ ယနေ့ဆိုရင် နှစ်ပေါင်းငါးဆယ်ရှိခဲ့ပါပြီ။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၀၉
ဩဂုတ်၊ ၂၀၁၂

## ရပ်ကွက် ကျေးရွာ အခြေခံတွေကို ဒီမိုကရေစီခေတ်နဲ့အညီ ပြောင်းလဲချိန်တန်ပြီ

၁၉၆၂ ခုနှစ် မတိုင်မီ ဖဆပလ အစိုးရခေတ်ကဆိုရင် ရပ်ကွက်အုပ်ချုပ်ရေးမှာ သူကြီးတွေ၊ ဆယ်အိမ်ခေါင်းတွေ ခန့်အပ်ပြီး တာဝန်ပေးခဲ့တာပါ။ ဒါတောင် သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေရဲ့ အာဏာဟာ နယ်တွေနဲ့ တောကျေးလက်တွေလောက်မှာသာ အာဏာစောင်းထက်ခဲ့တာပါ။

ရန်ကုန်၊ မန္တလေးလိုမြို့ကြီးတွေက ရပ်ကွက်တွေမှာတော့ သူကြီးတွေ၊ ဆယ်အိမ်ခေါင်းတွေရှိမှန်းပင် သိပ်မသိကြရပါဘူး။ ရပ်ကွက်လုံခြုံရေးကို ပုလိပ် (ရဲ) ဌာနတွေက တာဝန်ယူခဲ့ကြတယ်။

ထိုခေတ်က ညွှန်စာရင်းတိုင်ရတာလည်း မရှိဘူး။ ညွှန်စာရင်းစစ်တယ်ဆိုတာလည်း မရှိခဲ့ပါဘူး။ ခရီးဝေးထွက်တဲ့အခါတွေမှာလည်း ဘယ်သူ့ကိုမှ အသိပေးအကြောင်းကြားရတာမျိုး မရှိဘူး။ ပြီးတော့ ရန်ကုန်မှာ ကင်းစောင့်ရတာ မရှိခဲ့ပါဘူး။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီက အာဏာသိမ်းခဲ့တယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံကို ဖျက်သိမ်းခဲ့ပြီး ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီကြေညာချက်တွေထုတ်ကာ နိုင်ငံကို အုပ်ချုပ်ခဲ့တယ်။

၁၉၆၂ ခုနှစ်ကစပြီး ရပ်ကွက်၊ ကျေးရွာတွေရဲ့ အုပ်ချုပ်ရေးဟာ ပြောင်းလဲလာခဲ့တယ်။ ငါးဦးကော်မတီတွေဖွဲ့ပြီး အုပ်ချုပ်တဲ့စနစ် ကျင့်သုံးခဲ့တယ်။ ရပ်ကွက်ကျေးရွာတွေမှာ ငါးဦးကော်မတီတွေဟာ အာဏာပိုင်အဖွဲ့အစည်းတွေ ဖြစ်လာတယ်။ ရပ်ကွက်၊ ကျေးရွာတွေမှာ ဧည့်သည်လာရင် ဧည့်စာရင်းတိုင်ရတဲ့စနစ် စတင်ခဲ့တယ်။ ညဥ့်အချိန်မတော်မှာ အိမ်တံခါးကို တဒုန်းဒုန်းထုပြီး အိမ်ရှင်တွေကို အသံနက်ကြီးတွေနဲ့ အော်ဟစ်နိုးပြီး ဧည့်စာရင်းစစ်တဲ့စနစ်ဟာ ထိုအချိန်က စတင်ခဲ့တာပါ။

တော်လှန်ရေးကောင်စီခေတ်တစ်လျှောက်မှာလည်း ငါးဦးကော်မတီတွေဟာ ရပ်ကွက်ထဲမှာ ဆီဝေတဲ့ကိစ္စ၊ အိမ်အရောင်းအဝယ်၊ မြေအရောင်းအဝယ်ကိစ္စ၊ အိမ်ရှင်အိမ်ငှားကိစ္စ စတဲ့ကိစ္စအရပ်ရပ်မှာ ဝင်ရောက်ပါဝင်ရတဲ့အတွက် ရပေါက်ရလမ်းတွေနဲ့ စိုပြည်ခဲ့ကြတယ်။

၁၉၇၄ ခုနှစ်အထိ ကာလတစ်လျှောက်မှာ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အုပ်ချုပ်ရေးအရာရှိတွေဖြစ်ကြတဲ့ လက်ထောက်မြို့ပိုင်၊ မြို့ပိုင်၊ နယ်ပိုင်တွေဟာ အုပ်ချုပ်ရေးပိုင်းမှာ (ဗိုလ်မှူးကြီးမောင်ကျော် ဦးဆောင်တဲ့ ဗဟိုလုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီအောက်မှာ) ဆက်လက်ပါဝင်ခဲ့ကြတယ်။

**ဂျီအေအခန်းကဏ္ဍ မှေးမှိန်သွား**

သို့ပေမယ့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာပြီးနောက် ပြည်သူ့ကောင်စီ၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွေ ပေါ်ပေါက်လာချိန်မှာတော့ မြို့ပိုင်၊ နယ်ပိုင်တွေရဲ့ အခန်းကဏ္ဍဟာ မှေးမှိန်သွားခဲ့ပါတယ်။ ယခုအခါမှာ ထွေအုပ်လို့ ခေါ်ဝေါ်နေတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GA)ရဲ့ အခန်းကဏ္ဍရော၊ တရားသူကြီးတွေရဲ့ အခန်းကဏ္ဍသည်ပါ မှေးမှန်သွားခဲ့ပါတယ်။

ရပ်ကွက်၊ ကျေးရွာကောင်စီတွေကို လေးနှစ်တစ်ကြိမ် ကျင်းပတဲ့ ရွေးကောက်ပွဲတွေကတစ်ဆင့် ရွေးချယ်တင်မြှောက်တဲ့ (မဆလပါတီက လျာထားပေးတဲ့ ပါတီဝင်၊ အရန်ပါတီဝင်) ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းခဲ့တယ်။ ရပ်ကွက်၊ ကျေးရွာတွေရဲ့ အုပ်ချုပ်ရေးကို ရပ်ကွက်ကောင်စီ၊ ကျေးရွာကောင်စီတွေက တိုက်ရိုက်အုပ်ချုပ်ခဲ့ပါတယ်။ (သို့ပေမယ့် ရပ်ကွက်ကောင်စီ၊ ကျေးရွာကောင်စီတွေကို မဆလပါတီရဲ့ ပါတီစိတ်မျိုးတွေက စောင့်ကြည့်ထိန်းညှိပေးခဲ့ပါတယ်)

## ပါတီကောင်စီခေတ် ရောက်လာ

၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလတစ်လျှောက်မှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကို ရပ်ကွက်၊ ကျေးရွာကောင်စီတွေနဲ့ ရပ်ကွက်၊ ကျေးရွာတရားသူကြီးအဖွဲ့တွေကသာ ဆောင်ရွက်ခဲ့ကြတယ်။ ထိုကာလအတွင်းမှာ ရပ်ကွက်ကောင်စီတွေဟာ အဝေကို စိုပြည်ခဲ့တဲ့အတွက် ရပ်ကွက်တွေအတွင်းမှာ ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးဖြစ်ရေးအတွက် အလုအယက်ကြိုးပမ်းမှုတွေ ရှိခဲ့တယ်။

မဆလခေတ်တစ်လျှောက်မှာ မြို့နယ်၊ တိုင်းနယ်၊ ပြည်နယ်၊ ဗဟိုစတဲ့ ပါတီကောင်စီအဆင့်ဆင့်ဟာ သူ့အဆင့်နဲ့သူ ပြည့်လျှံကြွယ်ဝခဲ့ကြပါတယ်။

သို့ပေမယ့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နောက်ပိုင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)ခေတ်ကို ရောက်ချိန်မှာတော့ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးတွေကို ရပ်ကွက်ကျေးရွာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တွေက တာဝန်ယူခဲ့ကြတယ်။

ဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ (နအဖ)ခေတ်ရောက်ချိန်မှာတော့ ရပ်ကွက်၊ ကျေးရွာတွေမှာရှိတဲ့ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ ဆိုင်းဘုတ်တွေဟာ ရပ်ကွက်၊ ကျေးရွာ အေးချမ်း သာယာရေးအဖွဲ့တွေအဖြစ် ပြောင်းလဲသွားခဲ့တယ်။

**ထွေအုပ်က ချုပ်ကိုင်ထား**

၂၀၁၀ ရွေးကောက်ပွဲတွေနောက်ပိုင်း သမ္မတ ဦးသိန်းစိန် အစိုးရ တက်လာချိန်မှာတော့ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးအဖွဲ့တွေဟာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေ ဖြစ်လာပါတယ်။

နဝတ၊ နအဖ ခေတ်တစ်လျှောက်မှာရော ယနေ့အထိပါ မြို့နယ် တွေရဲ့အုပ်ချုပ်ရေးကိုတော့ လက်တွေ့မှာထွေအုပ်လို့အတိုကောက် ခေါ်ဝေါ် နေကြတဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနကသာ ချုပ်ကိုင်ခဲ့တာပါ။ ယင်း ကာလတစ်လျှောက်မှာ ထွေအုပ်ရဲ့ မြို့နယ်ဦးစီးမှူးတွေဟာ မြို့နယ်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့နဲ့ မြို့နယ်အေးချမ်းသာယာရေးအဖွဲ့တို့ရဲ့ ဥက္ကဋ္ဌ တွေ ဖြစ်လာကြတယ်။

ထိုအဖွဲ့တွေရဲ့ အတွင်းရေးမှူးတွေကတော့ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရဲ့ မြို့နယ်မှူးဖြစ်စေ သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ် တပ်ဖွဲ့တို့လို အဖွဲ့တွေမှ ကိုယ်စားလှယ်တစ်ဦးဦးက တာဝန်ယူခဲ့ကြတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဦးစီးမှူးတွေဟာ မြန်မာတစ် နိုင်ငံလုံးရှိ မြို့နယ်တွေကို စီမံအုပ်ချုပ်ခဲ့ရတဲ့သဘာပဲ ဖြစ်ပါတယ်။ (ခရိုင်၊ တိုင်းနဲ့ ပြည်နယ်အဆင့် နဝတ၊ နအဖအဖွဲ့တွေရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နေရာတွေကိုတော့ တပ်မတော်အရာရှိကြီးတွေက တာဝန်ယူခဲ့ကြတာပါ)

အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးတွေဟာ မြို့နယ်အုပ်ချုပ်ရေးကို တာဝန်ယူရတဲ့အတွက် သက်ဆိုင်ရာ မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေရဲ့ ငြိမ်ဝပ်ပိပြားရေးအဖွဲ့တွေ၊ အေးချမ်းသာယာရေးအဖွဲ့တွေ အပေါ်မှာ အလွှမ်းမိုးဆုံးဖြစ်ပါတယ်။

နဝတ၊ နအဖခေတ်တစ်လျှောက်မှာ ရပ်ကွက်၊ ကျေးရွာအဆင့်ရှိ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တွေ၊ အေးချမ်းသာယာရေးအဖွဲ့တွေရဲ့ ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေခန့်ထားရေးဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မြို့နယ်ဦးစီးမှူးတွေအပေါ်မှာသာ တည်နေတဲ့သဘောရှိခဲ့တယ်။

ဒါကြောင့် နဝတ၊ နအဖခေတ်တလျှောက်မှာ ရပ်ကွက်၊ ကျေးရွာတွေရဲ့ လက်ရှိဥက္ကဋ္ဌတွေနဲ့ ဥက္ကဋ္ဌဖြစ်ချင်သူတွေဟာ ထွေအုပ်ရဲ့မြို့နယ်ဦးစီးမှူးတွေကို ကပ်ကြရပါတယ်။ လမ်းစဉ်ပါတီခေတ် သို့မဟုတ် ပါတီကောင်စီခေတ်တစ်လျှောက်မှာ အခြေအနေမကောင်းခဲ့တဲ့ဂျီအေ (GA) သို့မဟုတ် General Administration လို့ခေါ်တဲ့ ထွေအုပ်ဦးစီးဌာနဟာ နဝတ၊ နအဖခေတ်တွေမှာတော့ လျှမ်းလျှမ်းတောက် ဖြစ်ခဲ့ပါတယ်။

## ဗိုလ်ကျ အမြတ်ထုတ်ခဲ့ကြ

နဝတ၊ နအဖခေတ်တွေမှာ ထွေအုပ်ဌာနရဲ့ မြို့နယ်ဦးစီးမှူးတွေ သို့မဟုတ် မြို့နယ်ဥက္ကဋ္ဌတွေကိုကပ်ပြီး ရပ်ကွက်ကျေးရွာတွေရှိ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ (နောင်) အေးချမ်းသာယာရေးအဖွဲ့တွေရဲ့ ဥက္ကဋ္ဌတွေ၊ အဖွဲ့ဝင်တွေဖြစ်လာသူတွေဟာ မိမိတို့တာဝန်ယူရတဲ့ကာလတွေမှာ (များသောအားဖြင့်) ရပ်ကွက်၊ ကျေးရွာတွေ၊ ပြည်သူတွေအပေါ်မှာ ဗိုလ်ကျအမြတ်ထုတ်ခဲ့ကြတယ်။ အမြတ်ထုတ်နေဆဲလည်း ဖြစ်ပါတယ်။

ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ နောက်ပိုင်းမှာ ရပ်ကွက်အေးချမ်းသာယာရေးအဖွဲ့တွေဟာ (များသောအားဖြင့်) ဧည့်စာရင်းတိုင်တဲ့ကိစ္စ၊ အကျင့်စာရိတ္တအတွက် ထောက်ခံချက်ပေးတဲ့ကိစ္စတွေလောက်ကစပြီး အိမ်မြေအရောင်းအဝယ်ကိစ္စ၊ အိမ်ပြင်၊ အိမ်ဆောက်တဲ့ကိစ္စတွေအထိ ကာယကံရှင်တွေကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ကာ အမြတ်ထုတ်ခဲ့ကြပါတယ်။ အမြတ်ထုတ်နေဆဲလည်း ဖြစ်တယ်။

ရန်ကုန်မြို့နယ်မှာရှိတဲ့ အချို့မြို့သစ်တွေမှာ ရပ်ကွက်တာဝန်ရှိသူတွေဟာ ပိုင်ရှင်ရှိပေမယ့် အိမ်မဆောက်နိုင်သေးတဲ့ မြေကွက်အခကြေးငွေနဲ့ ငှားစားကြတဲ့ဖြစ်ရပ်တွေ ရှိနေပါတယ်။ အချို့သော ရပ်ကွက်တွေမှာဆိုရင် မြို့သစ်တည်ခါစက ရေပေးဝေခဲ့တဲ့ အုတ်ကန်ကြီးတွေရဲ့ဘေးက လစ်လပ်နေတဲ့ မြေကွက်တွေကို ကျပ်တစ်သိန်း၊ နှစ်သိန်း စသည်ဖြင့် အပျောက်ယူကာ အိမ်ဆောက်ခွင့်ပေးပြီး လစဉ်လည်း ငှားခသဘောနဲ့ ကျပ် ငါးထောင်၊ ခြောက်ထောင် ရယူနေကြပါတယ်။ ဒါ့အပြင် အချို့သော ရပ်ကွက်တွေရဲ့ တာဝန်ရှိသူတွေဟာ ရပ်ကွက်တွင်းမှာရှိတဲ့ ချဲဒိုင်ကိုင်သူတွေ၊ လိုင်စင်မဲ့အရက်ရောင်းသူတွေ၊ ဓာတ်ဆီမှောင်ခိုတွေ စတဲ့ ဥပဒေနဲ့ ငြိစွန်းတဲ့လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေကြသူတွေထံမှ ဆက်ကြေးရယူလေ့ ရှိခဲ့ကြတယ်။ ရပ်ကွက်အတွင်းမှာ မီးသတ်ကန်တည်ဆောက်မယ်ဆိုပြီး ရေကန်တွေတူးကာ မြေရောင်းစားကာ လုပ်စားခဲ့ကြပါတယ်။

**ဒီမိုကရေစီ ဦးတည်တဲ့ခေတ်**

ယနေ့အချိန်မှာတော့ နဝတ၊ နအဖခေတ်တွေ မဟုတ်တော့ဘဲ ဒီမိုကရေစီကိုပဲ ဦးတည်သွားမှာဖြစ်ပြီး နောက်ကြောင်း ပြန်မလှည့်ဘူးလို့ အကြိမ်ကြိမ် ကတိတွေပေးနေတဲ့ သမ္မတ ဦးသိန်းစိန်အစိုးရခေတ်ကို ရောက်ရှိနေပါပြီ။

ယနေ့အချိန်မှာ လွှတ်တော်သုံးရပ် လည်ပတ်နေတာဟာလည်း နှစ်နှစ်ကျော် ရှိခဲ့ပါပြီ။ ယခင့်ယခင် အစိုးရတွေခေတ်ကနဲ့မတူတဲ့ ဒီမိုကရေစီကို ဦးတည်တယ်လို့ ယူဆစရာရှိတဲ့ခြေလှမ်းတွေ လုပ်ရပ်တွေကိုလည်း မြင်တွေ့နေရပါပြီ။

ယခုလိုအခြေအနေမှာ ရပ်ကွက်ကျေးရွာတွေရဲ့ အုပ်ချုပ်ရေးတွေမှာ အပြောင်းအလဲတွေ ပေါ်ပေါက်လာဖို့ လိုအပ်နေပါပြီ။

သို့ပေမယ့် 'ရပ်ကွက်ကျေးရွာအဆင့်တွေကို ငါတို့ ထိန်းသိမ်းထားနိုင်ရင် ခု တစ်နိုင်ငံလုံးရဲ့စနစ်ကို ငါတို့ ထိန်းချုပ်ထားနိုင်မယ်' လို့

ယူဆနေသူရှိလေသလား သို့မဟုတ် လူက ရှေ့ကိုမျက်နှာမူနေသည့်တိုင် အောင် ခြေချောင်းတွေကိုနောက်လှည့်ထားရင် ဘယ်လိုမှ ရှေ့ရောက်နိုင်မှာ မဟုတ်ဘူးလို့ ယူဆနေသူတွေ ရှိများရှိနေမလား။ ကျွန်တော် အသေအချာ မပြောနိုင်ပါဘူး။

သို့ပေမယ့် ယနေ့အချိန်မှာ ရပ်ကွက်ကျေးရွာတွေမှာ ခေတ်အဆက် ဆက်က လူတွေကပဲ ခေတ်အဆက်ဆက်က ခေါက်ရိုးကျိုးနေတဲ့ပုံစံတွေ အတိုင်း လှုပ်ရှားနေတာကို တွေ့နေရတယ်။ သမ္မတ ဦးသိန်းစိန်ခေတ်ကို ရောက်ချိန်မှာ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးအဖွဲ့ ဆိုင်းဘုတ်တွေ နေရာမှာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဆိုင်းဘုတ်တွေ ပေါ်ပေါက်လာပါတယ်။

သို့ပေမယ့် ထိုအဖွဲ့တွေကို ဦးဆောင်တဲ့လူတွေကတော့ ယခင် နဝတ၊ နအဖလက်ထက်တွေတုန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်ဖြစ်တဲ့ သူတွေချည်းပါပဲ။

ပြီးတော့ နဝတ၊ နအဖခေတ်တွေတုန်းက ရဲသတင်းပေးတွေ၊ ထောက်လှမ်းရေး သတင်းပေးတွေဟာလည်း ယနေ့အချိန်မှာ ရပ်ကွက် အတော်များများမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို စည်းရုံးနေတဲ့ အုပ်ချုပ်ရေး အဖွဲ့ဝင်တွေ၊ ရာအိမ်မှူးတွေ၊ အရန်မီးသတ်တပ်ဖွဲ့ခေါင်းဆောင်တွေအဖြစ် ဆက်လက်ရှိနေဆဲပဲ ဖြစ်တယ်။

နဝတ၊ နအဖ ခေတ်တွေမှာ ရပ်ကွက်၊ ကျေးရွာတွေမှာ ရဝတ (ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကော်မတီ)၊ ရယက (ရပ်ကွက် အေးချမ်းသာယာရေးကော်မတီ) အဖွဲ့ဝင်တွေ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ ကြက်ခြေနီတပ်ဖွဲ့နဲ့ ရပ်ကွက်၊ ကျေးရွာတွေရဲ့ ဓမ္မာရုံဆွမ်းလောင်းအသင်း၊ သာရေး၊ နာရေး၊ လူမှုရေးအဖွဲ့တွေအထိကို ထိုစဉ်က အုပ်စိုးသူတွေကို ထောက်ခံသူတွေကိုသာ တာဝန်ပေးခဲ့တာ ဖြစ်တယ်။ ဒါ့အပြင် ကုန်လွန်ခဲ့ တဲ့ ခေတ်ကာလတွေတုန်းက ရဝတ (ထို့နောက်ရယက) တွေဟာ မိမိတို့ ရပ်ကွက်အတွင်းမှာ (ပိုင်ရှင်ရှိသော်လည်း အိမ်မဆောက်သေးတဲ့ မြေလွတ်

တွေမှာ) ကျူးကျော်အိမ်တွေကို အတင်းဖွေယူကာ နေထိုင်ခွင့်ပြုပြီး ထိုသူတွေကို 'စွမ်းအားရှင်အဖြစ်' သိမ်းသွင်းကာ ဒီမိုကရေစီလှုပ်ရှားသူတွေကို နှိပ်ကွပ်စေခဲ့ပါတယ်။

**ဒီမိုကရေစီ အခြေခံအဆောက်အအုံအတွက် လိုအပ်ချက်များ**

ယနေ့အချိန်မှာတော့ အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခေါင်းဆောင်တွေရော အတိုက်အခံနိုင်ငံရေးပါတီတွေရဲ့ ခေါင်းဆောင်တွေကပါ ဒီမိုကရေစီခေတ်ကို တည်ဆောက်ဖို့ ကြိုးပမ်းနေကြပါပြီ။ ယင်းသို့ အစိုးရကလည်း ဒီမိုကရေစီကိုကြွေးကြော်နေပြီး အတိုက်အခံနိုင်ငံရေးပါတီတွေကလည်း ဒီမိုကရေစီကို တောင်းဆိုနေချိန်မှာ ရပ်ကွက်၊ ကျေးရွာအဆင့်တွေကစပြီး ဒီမိုကရေစီစနစ်ဆီကို ဦးတည်မယ့်အခြေခံအဆောက်အအုံတွေကို မှန်မှန်ကန်ကန် တည်ဆောက်ဖို့ အချိန်တန်နေပါပြီ။

- တကယ်တော့ ယနေ့အချိန်မှာ မြို့နယ်တိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေရှိနေကြပါတယ်။ ဒါကြောင့် မြို့နယ်အုပ်ချုပ်ရေး သို့မဟုတ် စီမံခန့်ခွဲရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GA)ရဲ့ မြို့နယ်ဦးစီးမှူးတွေ လက်မှ လွှတ်တော်ကိုယ်စားလှယ်တွေ လက်သို့ လွှဲပြောင်းပေးဖို့ လိုပါတယ်။
- ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဆိုတဲ့ အခေါ်အဝေါ်ကို ရပ်ကွက်၊ ကျေးရွာညှိနှိုင်းရေးမှူး သို့မဟုတ် ရပ်ကွက်၊ ကျေးရွာလူထုကိုယ်စားလှယ်ရုံးလို့ ပြောင်းလဲခေါ်ဝေါ်သင့်ပါတယ်။ ဒီမိုကရေစီစနစ်မှာ လူထုကို အုပ်ချုပ်ခံလူတန်းစား မဖြစ်စေသင့်ပါဘူး။
- ရပ်ကွက်၊ ကျေးရွာအဆင့်တွေမှာ လူထုကိုယ်စားလှယ်တွေကို ဒီမိုကရေစီ နည်းကျစွာရွေးချယ်သင့်ပါတယ်။ ယခင်စနစ်ဟောင်းအတွင်းမှာ တွင်ကျယ်ခဲ့သူတွေကိုပဲ ရပ်မိရပ်ဖအဖြစ် လက်သိပ်ထိုးခန့်ကာ မရွေးချယ်စေသင့်ပါဘူး။
- ရပ်ကွက်၊ ကျေးရွာတွေမှာ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နဲ့ ဆွမ်းလောင်းအသင်းအဖွဲ့တွေဟာ လွတ်လပ်တဲ့ ဘယ်ပါတီရဲ့လွှမ်းမိုးမှုမှ

မခံရတဲ့အဖွဲ့တွေပဲ ဖြစ်သင့်တယ်။ အထူးသဖြင့် အာဏာရလက်ကိုင်တုတ် မဖြစ်စေသင့်ပါဘူး။

– ရပ်ကွက်၊ ကျေးရွာတွေမှာ ဒီမိုကရေစီနည်းမကျတဲ့ အခမဲ့လုပ်အားပေး ခိုင်းစေခြင်း၊ အကြောင်းအမျိုးမျိုးပြကာ လူထုထံမှ ငွေကြေးကောက်ခံမှု တွေ မရှိသင့်ပါဘူး။

– ရပ်ကွက်၊ ကျေးရွာလူထုကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ ပညာပေးမှုတွေပြုလုပ်ကာ လူထုရဲ့ ဒီမိုကရေစီလူနေမှုဘဝကို မြှင့်တင်ပေး ရပါမယ်။

– ရပ်ကွက်၊ ကျေးရွာပြည်သူတွေရဲ့ဆန္ဒနဲ့ အခက်အခဲတွေကို ဗဟိုအဆင့် အထိ လွယ်လွယ်ကူကူတင်ပြနိုင်အောင် လမ်းကြောင်းတွေ ဖော်ဆောင်ပေး ရပါမယ်။

အထက်ပါအချက်တွေကို ပြည့်ပြည့်ဝဝနဲ့ မှန်မှန်ကန်ကန်အကောင် အထည်ဖော်နိုင်မှသာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးဟာ အမြန်ဆုံးအကောင် အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊<br>
အတွဲ ၃၊ အမှတ် ၁၂၀<br>
နိုဝင်ဘာ၊ ၂၀၁၂

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြန်လည်မြှင့်တင်မယ်ဆိုရင်

တစ်လောက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ရန်ကင်းဆေးရုံတို့ကို သွားရောက်ကြည့်ရှုတဲ့သတင်းကို ဖတ်ခဲ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရအာဏာကို လက်ဝယ်မှာ ရရှိထားသူ မဟုတ်ပေမယ့် လူထုခေါင်းဆောင်အနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို စိတ်ဝင်တစားရှိတဲ့အတွက် ယခုလို ဆေးရုံကြီးနှစ်ရုံကို သွားရောက်လေ့လာကြည့်ရှုခဲ့တာပါ။

ဒေါ်စု သွားရောက်ကြည့်ရှုခဲ့တဲ့ ဆေးရုံနှစ်ရုံစလုံးဟာ ပြည်သူတွေရဲ့ကျန်းမာရေးအတွက် တကယ့်ကို အရေးပါတဲ့ဆေးရုံတွေပဲ ဖြစ်ပါတယ်။ ရန်ကင်းကလေးဆေးရုံကတော့ ယခင်သတ္တုတွင်းဝန်ကြီးဌာနအဆောက်အအုံကို ပြင်ဆင်မွမ်းမံပြီး ကလေးဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့တဲ့ဆေးရုံပါ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကတော့ ယခင် ခေတ်အဆက်ဆက်ကတည်းက ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (RGH)လို့ နာမည်ကြီးခဲ့တဲ့ဆေးရုံပါ။ အာရ်ဂျီအိပ်ချ် သို့မဟုတ် ရန်ကုန်ဆေးရုံကြီးဟာ လွတ်လပ်ရေးမရမီ ဗြိတိသျှကိုလိုနီခေတ်ကတည်းက တည်ဆောက်ခဲ့တဲ့ဆေးရုံကြီးဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးကုသမှုလုပ်ငန်းမှာ ထိပ်တန်းနေရာက ရှိခဲ့တဲ့အရေးပါတဲ့ဌာနတစ်ခုပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးမရမီကဆိုရင် ရန်ကုန်ဆေးရုံကြီးဟာ အာရှမှာ ထိပ်တန်းနေရာကရှိခဲ့တဲ့ ဆေးရုံတစ်ရုံဖြစ်ခဲ့တယ်။ ထိုစဉ်က ရန်ကုန်ဆေးရုံကြီးမှာ ကာနယ်ဘသန်း၊ ဒေါက်တာဦးမြင့်ဆွေစတဲ့ ကျွမ်းကျင်တဲ့ဆေးပညာရှင်ဆရာဝန်ကြီးတွေ အများအပြား ရှိခဲ့တယ်။

လွတ်လပ်ရေးရပြီးနောက် ဖဆပလ အစိုးရခေတ်ရောက်ချိန်မှာလည်း ရန်ကုန်ဆေးရုံကြီးဟာ မြန်မာနိုင်ငံမှာသာမကဘဲ အရှေ့တောင်အာရှမှာပါ ထိပ်တန်းဆေးရုံတစ်ရုံအဖြစ် ရှိခဲ့တယ်။

ထိုအချိန်တုန်းက ရန်ကုန်မြို့မှာရော မြန်မာတစ်နိုင်ငံလုံးမှာပါ ပုဂ္ဂလိကဆေးရုံတွေ ခေတ်မစားသေးပါဘူး။ ထိုစဉ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူတွေ အားထားရတဲ့ဆေးရုံတစ်ရုံဖြစ်ခဲ့တယ်။

**အခမဲ့ ကျွေးမွေးခဲ့**

ထိုစဉ်က ရန်ကုန်ဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနမှာရော၊ အတွင်းလူနာဌာနမှာပါ ဆေးဝါးကုသမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အခမဲ့ပြုလုပ်ခဲ့တယ်။ လူနာတွေကို ဆေးဝါးတွေ အခမဲ့ပေးနိုင်ခဲ့တယ်။ ဆေးရုံမှာ အတွင်းလူနာအဖြစ် တက်ရောက်ကုသသူတွေဟာ နွားနို့၊ ဆန်ပြုတ်၊ ထမင်း၊ စတဲ့ အစားအစာတွေကို အခမဲ့စားသုံးခွင့်ရခဲ့တယ်။

ငွေကြေးချမ်းသာသူတွေ၊ ရာထူးရာခံရှိသူတွေဟာလည်း သာမန်ပြည်သူတွေလိုပဲ ရန်ကုန်ဆေးရုံကြီးကို အားထားနိုင်ခဲ့တယ်။ ထိုအချိန်တုန်းက တီဘီရောဂါ အဆုတ်ရောဂါဖြစ်သူတွေထဲက ငွေကြေးချမ်းသာသူအချို့ဟာ အိန္ဒိယနိုင်ငံကို သွားရောက်ကုသခဲ့တာတွေရှိခဲ့ပေမယ့် များသောအားဖြင့်တော့ ပြည်သူတွေဟာ ရန်ကုန်ဆေးရုံကြီးနဲ့တကွ ပြည်တွင်းဆေးရုံတွေမှာသာ ဆေးဝါးကုသခဲ့ကြတယ်။

မြန်မာနိုင်ငံရဲ့ ဆေးဝါးကုသမှုလုပ်ငန်းဟာ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင် စတဲ့ နိုင်ငံတွေထက်ပင် အရည်အသွေးမြင့်ခဲ့ပါတယ်။

ကျောင်းသားကျောင်းသူတွေကို ခုနစ်နှစ်အပြည့် သင်ကြားပို့ချခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ဆေးတက္ကသိုလ်တွေဟာလည်း အရည်အချင်းပြည့်ဝတဲ့ ဆရာဝန်တွေကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

ထိုစဉ်က ဆေးတက္ကသိုလ်တွေမှာ တက်ရောက်သင်ကြားသူတွေထဲမှာ အကပ်အရပ်နဲ့ ဆရာဝန်ဖြစ်လာသူဆိုတာ မရှိခဲ့ပါဘူး။ တကယ်အရည်အသွေးပြည့်တဲ့ ကျောင်းသားကျောင်းသူတွေသာ ဆရာဝန်ဘွဲ့ကို ရရှိနိုင်ကြပါတယ်။

ထိုအချိန်က မြန်မာဆရာဝန်တွေဟာ ဂျီပီ (GP) ခေါ် အထွေထွေရောဂါကုဆရာဝန်ပင်ဖြစ်စေ မိမိထံ လာရောက်ပြသတဲ့ လူနာတွေ ခံစားနေရတဲ့ရောဂါကို ဆီးစစ်၊ သွေးစစ်ပင်မလုပ်ဘဲ လူနာရဲ့ ရောဂါလက္ခဏာကိုကြည့်ရုံနဲ့ ဘာရောဂါဆိုတာကို အလွယ်တကူဖော်ထုတ်နိုင်စွမ်း ရှိခဲ့ကြတယ်။

## ဘီပီအိုင် ဆေးဝါးတွေ အရည်အသွေးမြင့်ခဲ့

ထိုကာလတွေတုန်းက ကျွန်တော်တို့နိုင်ငံမှာ ဆရာဝန်တွေဟာ အရည်အသွေးပြည့်ဝခဲ့ကြသလို မြန်မာနိုင်ငံ (ဘီပီအိုင်)က ထုတ်ဝေခဲ့တဲ့ ဆေးဝါးတွေဟာလည်း အရည်အသွေးမြင့်မားခဲ့ပါတယ်။ အင်းစိန်၊ ကြို့ကုန်းမှာရှိတဲ့ ဘီပီအိုင် (BPI)ခေါ် မြန်မာနိုင်ငံဆေးဝါးစက်ရုံကြီးဟာ ယနေ့အချိန်မှာ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့မှ ထုတ်ဝေနေတဲ့ဆေးဝါးတွေထက်ပင် အာနိသင်ကောင်းမွန်တဲ့ ဆေးဝါးတွေကို ထုတ်နိုင်ခဲ့တယ်။

ဒါ့အပြင် ဘီပီအိုင်ဟာ အိမ်သုံးဆေးဝါးတွေကို ဈေးနှုန်းအသက်သာဆုံးနဲ့ ပြည်သူတွေလက်သို့ ဖြန့်ချိနိုင်ခဲ့တယ်။ ဒါ့အပြင် ပတ်တီး၊ ဂွမ်းလိပ် စတဲ့ ဆေးဝါးနဲ့ဆက်နွယ်တဲ့ ပစ္စည်းတွေကိုလည်း ဈေးသက်သာစွာနဲ့ ဖြန့်ချိနိုင်ခဲ့ပါတယ်။

ထိုအခြေအနေတွေဟာ မဆလ ခေါ် လမ်းစဉ်ပါတီအစိုးရနဲ့ ခေတ်ဦးကာလအထိ ဆက်လက်ရှိနေခဲ့တယ်။ သို့ပေမယ့် နောက်ပိုင်းမှာ

တော့ မြန်မာနိုင်ငံရဲ့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းဟာ ဆုတ်ယုတ်ပျက်စီးလာခဲ့ပြီး ဆေးဝါးရှားပါးမှုတွေ ရှိလာခဲ့တယ်။ လူနာတွေကို ထမင်းနဲ့ အစားအစာတွေ အလကားကျွေးပြီး ဆေးဝါးနဲ့ဆေးပစ္စည်းတွေ အခမဲ့ထောက်ပံ့နိုင်ခဲ့တဲ့ ရန်ကုန်ဆေးရုံကြီးရဲ့ အခြေအနေတွေဟာလည်း အကြီးအကျယ်ပြောင်းလဲခဲ့ပါတယ်။

မဆလ အစိုးရခေတ်ရဲ့ နောက်ပိုင်းကာလတွေနဲ့ ထိုနောက်ပိုင်းခေတ်တွေမှာတော့ ရန်ကုန်ဆေးရုံကြီးရဲ့အခြေအနေနဲ့ အများပြည်သူတွေအတွက် ဆေးဝါးကုသမှု လုပ်ငန်းတစ်ရပ်လုံးဟာ ပျက်စီးခဲ့တယ်။

## အရည်အချင်းပြည့် ဆရာဝန်တွေ ရှိခဲ့

မြန်မာ့ဆေးလောကမှာ အရည်အချင်းပြည့်မီတဲ့ ဆရာဝန်တွေ ဆေးဝါးပညာရှင်တွေ နည်းပါးလာခဲ့တယ်။ လူနာတစ်ယောက် သေဆုံးသွားတဲ့အချိန်အထိ ထိုလူနာ ခံစားနေရတဲ့ရောဂါကို မှန်မှန်ကန်ကန် ရှာဖွေဖော်ထုတ်နိုင်စွမ်းမရှိတဲ့ ဆရာဝန်တွေပင် ပေါ်ပေါက်ခဲ့တယ်။

အစိုးရရဲ့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းဟာလည်း ကျဆင်းလာတဲ့အတွက် ပြည်သူတွေဟာ ပြည်ပမှ တရားဝင်ရော၊ တရားမဝင်ပါ ဝင်ရောက်လာတဲ့ ဆေးဝါးတွေကိုသာ အားထားခဲ့ရတယ်။ ဆင်းရဲသားပြည်သူတွေကတော့ နာဖျားမကျန်းဖြစ်တဲ့အခါတွေမှာ လမ်းဘေးကွမ်းယာဆိုင်တွေမှာ အလွယ်တကူဝယ်ယူနိုင်တဲ့ ဆေးဝါးတွေနဲ့ ကွမ်းယာဆိုင်သမားတွေကိုသာ အားထားလာကြရပါတယ်။

ပြည်ပနိုင်ငံတွေမှ အာနိသင်မရှိတဲ့ဆေးဝါးတွေ (ဆေးဝါးအတုတွေလည်း ပါနိုင်ပါတယ်) ဟာ မြန်မာနိုင်ငံအတွင်းကို ဘယ်မျှအထိ ဝင်ရောက်နေသလဲဆိုတာကိုတော့ ဘယ်သူမှ တပ်အပ်သေချာ မပြောနိုင်ဘဲ ရှိနေပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့နိုင်ငံမှာ အလုပ်လက်မဲ့နှုန်းမြင့်မားမှု၊ ဝင်ငွေနိမ့်ကျမှု၊ ဆင်းရဲမွဲတေမှု၊ လူနေမှုအဆင့်အတန်း ကျဆင်း

မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ညံ့ဖျင်းမှုတွေကြောင့် ပြည်သူတွေရဲ့ ကျန်းမာရေးဟာ ပိုမိုကျဆင်းလာခဲ့ရပြီး ပြည်သူတွေအကြားမှာ ရောဂါဘယတွေ ထူပြောလာပါတယ်။

ထိုအခြေအနေကြောင့်ပဲ ပြည်သူ့ဆေးရုံတွေနဲ့ ဒေသန္တရဆေးခန်းတွေမှာ လူနာအရေအတွက်ဟာ တိုးပွားများပြားလာခဲ့တယ်။

ပုဂ္ဂလိကဆေးရုံတွေ ကိုယ်ပိုင်ဆေးခန်းတွေ အများအပြား ပေါ်ထွန်းလာပေမယ့် ငွေကြေးချမ်းသာသူတွေသာ ထိုဆေးရုံဆေးခန်းတွေမှာ ကုသနိုင်ကြပြီး ဆင်းရဲသားပြည်သူ အများစုကတော့ ပြည်သူ့ဆေးရုံတွေကိုသာ မှီခိုအားထားနေရဆဲပဲ ဖြစ်ပါတယ်။

သို့ပေမယ့် ပြည်သူ့ဆေးရုံတွေမှာ ဆရာဝန်နဲ့ဆေးဘက်ပညာရှင်တွေ မလုံလောက်မှု လူနာအဆောင်တွေ၊ ခုတင်တွေ မလုံလောက်မှု၊ ဆေးဝါးနဲ့ပစ္စည်းကိရိယာမလုံလောက်မှု စတဲ့အကြောင်းတွေကြောင့် ယနေ့ခေတ် ပြည်သူ့ဆေးရုံတွေမှာ စကြေလမ်းမှာပဲ အိပ်စက်နေကြရတဲ့လူနာတွေ ဆေးရုံတက်ခွင့်မရတဲ့ လူနာတွေနဲ့ မသေသင့်ဘဲ သေနေကြရတဲ့လူနာတွေ၊ အများအပြား ရှိနေပါတယ်။ တင်လျှောဆေးရုံလို့ပင် နာမည်ရခဲ့တဲ့ဆေးရုံတွေ ရှိလာခဲ့တယ်။

တစ်ချိန်တည်းမှာပဲ မိမိတို့ ငွေကြေးအမြောက်အမြားရယူပြီး ကုသနေတဲ့ ပြင်ပပုဂ္ဂလိကဆေးရုံဆေးခန်းတွေက လူနာတွေကိုသာ ချိုချိုသာသာ ဆက်ဆံကာ ဂရုတစိုက်ကုသကြပြီး ပြည်သူပိုင်ဆေးရုံတွေက လူနာတွေကိုတော့ မောက်မောက်မာမာဆက်ဆံကာ ဝတ်ကျေတမ်းကျေကုသကြတဲ့ ဆရာဝန်တွေကလည်း ရှိနေဆဲပဲ ဖြစ်ပါတယ်။

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြန်လည်မြှင့်တင်ဖို့လို

ယနေ့အချိန်မှာ မြန်မာ့ပညာရေးလောကကို မြှင့်တင်ချင်ရင် မြန်မာနိုင်ငံရဲ့ ပညာရေးဘူမိနက်သန်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ကို ပြန်လည်

ဖော်ထုတ်မြှင့်တင်ဖို့ လိုအပ်နေသလို မြန်မာနိုင်ငံရဲ့ကျန်းမာရေး အဆင့်အတန်းကို ပြန်လည်မြှင့်တင်လိုရင်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြန်လည်မြှင့်တင်ဖို့ လိုအပ်နေပါတယ်။

ဒါ့အပြင် ရန်ကုန်ဆေးရုံကြီးကို ပြန်လည်မြှင့်တင်ရုံသာမကဘဲ မြန်မာ့ဆေးပညာလောကကိုရော ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကိုပါ ပြန်လည်မြှင့်တင်ဖို့ လိုအပ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံမှာဖွင့်လှစ်ထားတဲ့ ဆေးတက္ကသိုလ်ကြီးတွေကို အရည်အသွေးပြည့်ဝပြီး ကမ္ဘာ့ဆေးပညာလောကမှာ ဝင်ဆန့်နိုင်မယ့်ဆရာဝန်တွေ မွေးထုတ်နိုင်ရေးအတွက် မြှင့်တင်ပေးဖို့ လိုအပ်နေပါတယ်။ ဒါ့အပြင် ယင်းတက္ကသိုလ်တွေအနေနဲ့ လူနာတွေကို မိမိတို့ရဲ့ထမင်းရှင် မိဘပြည်သူတွေအဖြစ် သဘောထားနိုင်မယ့် ဆရာဝန်ကျင့်ဝတ်နဲ့ပြည့်စုံတဲ့ဆရာဝန်တွေကို မွေးထုတ်ပေးနိုင်ဖို့ လိုပါတယ်။

ဒါ့အပြင် တစ်ချိန်တုန်းက ထိုင်း၊ အိန္ဒိယ၊ တရုတ်နိုင်ငံတွေမှ ထုတ်လုပ်ခဲ့တဲ့ ဆေးဝါးတွေထက်ပင် အာနိသင်ပိုမိုကောင်းမွန်တဲ့ ဆေးဝါးတွေကို ထုတ်လုပ်နိုင်ခဲ့တဲ့ ဘီပီအိုင် (BPI) ဆေးဝါးစက်ရုံကြီးကိုလည်း ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးဖို့ လိုပါတယ်။ ဒါ့အပြင် ဘီပီအိုင်စက်ရုံလို နောက်ထပ်စက်ရုံတွေကိုလည်း ဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းရပါမယ်။

သို့မှသာ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးစနစ်ဟာ အနိမ့်ဆုံးအနေနဲ့ စင်ကာပူနဲ့ ထိုင်းနိုင်ငံတွေကိုကျော်လွန်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးကုသမှုလုပ်ငန်းတွေမှာ အာရှမှာ ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်မှာပါ။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၂၉
ဇန်နဝါရီ၊ ၂၀၁၃

## မြန်မာနိုင်ငံပညာရေးစနစ်ကို ဘယ်လိုပြောင်းလဲမလဲ

**ဒီမိုကရေစီစနစ်ဆီကို ပြောင်းလဲနေပြီဆိုတဲ့ အသံတွေ၊ လှုပ်ရှားမှုတွေ ပေါ်ထွက်လာတာနဲ့အညီပဲ မြန်မာနိုင်ငံရဲ့ပညာရေးကို ပြောင်းလဲဖို့လိုနေပြီဆိုတဲ့ တိုက်တွန်းသံတွေ၊ တောင်းဆိုသံတွေဟာလည်း ပေါ်ထွက်လာပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ပြောင်းလဲရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးမှုတွေကိုလည်း ကြားခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို ပြောင်းလဲသင့်တာကတော့ အမှန်ပါ။ ပြောင်းလဲသင့်ရုံမကဘဲ ပြောင်းလဲဖို့ ကောင်းတာကလည်း ကြာမြင့်လှပါပြီ။**

တစ်ချိန်တုန်းကဆိုရင် မြန်မာနိုင်ငံရဲ့ပညာရေးဟာ အာရှမှာ နံပါတ်တစ်ပဲ၊ နှစ်ပဲလို့ ပြောလို့မရသည့်တိုင်အောင် အာရှမှာ အတော်အတန်ဂုဏ်တင့်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ အာရှမှာ အဆင့်အတန်းမြင့်တဲ့ တက္ကသိုလ်တစ်ခု ဖြစ်ခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်တစ်ဝိုက်အထိ နိုင်ငံခြားတိုင်းပြည်တွေမှ ကျောင်းသားတွေ ရန်ကုန်တက္ကသိုလ်မှာ လာရောက်ပညာသင်ယူခဲ့ကြရတယ်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေထဲက အများအပြားဟာ နိုင်ငံခြားတက္ကသိုလ်တွေမှာ ပညာသင်ကြားခွင့် ရခဲ့ကြတယ်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေထဲက ပညာရည်ချွန်တွေ အများအပြား ပေါ်ပေါက်ခဲ့တယ်။

ဒေါက်တာလှမြင့် (ဘောဂဗေဒ)၊ ဒေါက်တာသာလှ (ဘူမိဗေဒ)၊ ဒေါက်တာကျော်သက် (သမိုင်း)စတဲ့ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူတွေလည်း အများအပြား ပေါ်ပေါက်လာခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ဘွဲ့ရတွေထဲက ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ အီးကဖီး (ECAFE) စတဲ့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေမှာ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေ အများအပြား ပေါ်ထွက်ခဲ့ပါတယ်။

လွတ်လပ်ရေးမရမီခေတ်မှသည် လွတ်လပ်ရေးရပြီးနောက် ပထမဆယ်စုနှစ်ကုန်အထိ ကာလတစ်လျှောက်မှာ ရန်ကုန်တက္ကသိုလ်မှာ တကယ့်ကို အရည်အသွေးပြည့်ဝတဲ့ ပညာရှင်ဆရာကြီး၊ ဆရာမကြီးတွေ ရှိခဲ့ပါတယ်။ အလားတူပဲ မန္တလေးတက္ကသိုလ်နဲ့တကွ ဒီဂရီကောလိပ်တွေ၊ ဥပစာကောလိပ်တွေရဲ့ ပညာရေးဟာလည်း အခြေအနေကောင်းခဲ့ပါတယ်။ အတိအကျပြောရရင်တော့ ၁၉၆၂ ခုနှစ် မတိုင်မီအထိ မြန်မာနိုင်ငံရဲ့ တက္ကသိုလ်ပညာရေးဟာ ဂုဏ်သိက္ခာရှိရှိနဲ့ မှန်မှန်ကြီးတိုးတက်ခဲ့တယ်လို့ ဆိုရမှာပါ။

## ပညာရေးဆိုင်ရာ အမှားကြီးတစ်ခု

ထိုကာလတွေတုန်းက အခြေခံပညာရေးဟာလည်း အားနည်းချက်တွေ၊ ချွတ်ယွင်းချက်တွေရှိခဲ့ပေမယ့် ဆိုးဆိုးဝါးဝါး ပျက်စီးမှုမျိုးမရှိခဲ့ပါဘူး။

သို့ပေမယ့် ဖဆပလအစိုးရခေတ်မှာ ကြီးမားတဲ့ ပညာရေးဆိုင်ရာ အမှားကြီးတစ်ခုကတော့ အင်္ဂလိပ်စာကို ငါးတန်းကစပြီး သင်ကြားစေခဲ့ခြင်းပဲ ဖြစ်တယ်။ ဒါ့ကြောင့်လည်း ငွေကြေးမတတ်နိုင်တဲ့အတွက် အစိုးရမြူနီစီပယ်ကျောင်းမှာ တက်ရောက်ပြီး မူလတန်းပညာကို စတင်သင်ကြားခဲ့ကြရတဲ့ ကျောင်းသူကျောင်းသားတွေဟာ အင်္ဂလိပ်စာ အခြေခံညံ့ခဲ့ကြရပါတယ်။

အစိုးရမူလတန်းကျောင်းတွေက လေးတန်းအောင်တဲ့ ကျောင်းသူကျောင်းသားတွေဟာ ထိုစဉ်က အခမဲ့ပညာသင်ကြားခွင့်ရခဲ့တဲ့ အစိုးရ

အလယ်တန်းကျောင်းတွေ၊ အလယ်တန်းတွေကိုပါ တွဲဖက်သင်ကြားတဲ့ အထက်တန်းကျောင်းတွေမှာ ဆက်လက်ပညာသင်ကြားရပါတယ်။ ဒါကြောင့် အစိုးရအထက်တန်းကျောင်းတွေက ဆယ်တန်းအောင်ခဲ့ကြသူတွေဟာ (များသောအားဖြင့်) အင်္ဂလိပ်စာ ညံ့ကြပါတယ်။ ယင်းသို့ အင်္ဂလိပ်စာ အားနည်းတဲ့အတွက် အင်္ဂလိပ်စာ အထောက်အကူနဲ့ လေ့လာသင်ယူရတဲ့ အခြားဘာသာရပ်တွေမှာလည်း အားနည်းခဲ့ကြပါတယ်။

## ကွာဟမှုကြီးမားခဲ့

တစ်ချိန်တည်းမှာပဲ ဖဆပလအစိုးရခေတ်မှာ စိန့်ပေါလ်၊ စိန့်ဂျွန်း၊ စိန့်အင်ထော်နီ၊ စိန့်မေရီ စတဲ့ ခရစ်ယာန်သာသနာပြုကျောင်းတွေနဲ့ တရုတ်၊ အိန္ဒိယနဲ့ မြန်မာအလွတ်ပညာသင်ကျောင်းတွေ ရှိခဲ့တယ်။

ထိုကျောင်းတွေကတော့ ကျောင်းလခပေးရပြီး အခြားကုန်ကျစရိတ်တွေလည်း ရှိပါတယ်။ ဒါကြောင့် သာသနာပြုကျောင်းတွေနဲ့ အလွတ်ပညာသင်ကျောင်းတွေမှာတော့ သာမန်စာရေးစာချီ ဝန်ထမ်းတွေရဲ့ သားသမီးတွေနဲ့ လက်လုပ်လက်စားသားသမီးတွေ မတက်ရောက်နိုင်ခဲ့ပါဘူး။

ဒီမှာတင်ပဲ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ နှစ်ကျောင်းနှစ်ဂိုဏ်းမက ကွဲပြားပြီး ကွာဟမှုတွေ ရှိလာပါတယ်။ ကိုလိုနီခေတ်ကနဲ့ သိပ်မကွာခြားလှဘဲ ငွေကြေးတတ်နိုင်သူတွေရဲ့ သားသမီးတွေက အထက်ကို ထောင်တက်သွားခဲ့ပြီး သူဆင်းရဲသားသမီးတွေကတော့ အောက်ကို ထိုးစိုက်ဆင်းသွားခဲ့တယ်။

ဖဆပလ အစိုးရလက်ထက် တစ်လျှောက်မှာ ပညာရေးစနစ်ကို စမ်းသပ်မှုတွေ အမျိုးမျိုး လုပ်ခဲ့ပါတယ်။ ဒါကြောင့် ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဟောင်းနဲ့ ထွန်းနေ့စဉ် သတင်းစာ အယ်ဒီတာချုပ် ဦးထွန်းဖေက 'ဖဆပလအစိုးရရဲ့ ပညာရေးစနစ်ဟာ ကျောင်းသားကျောင်းသူတွေကို ဓာတ်ခွဲခန်းထဲမှာ ယုန်ကလေး၊ ပူးကလေးတွေကိုစမ်းသပ်နေသလို စမ်းသပ်နေတဲ့စနစ်ပဲ' လို့ ဝေဖန်ခဲ့ပါတယ်။

**ပိုမိုဆိုးဝါးလာခဲ့**

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီ အစိုးရတက်ခဲ့ပြီးနောက်မှာတော့ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ရှိရင်းအခြေအနေထက်ပင် ပိုမိုဆိုးဝါးသွားခဲ့ပါတယ်။

သာသနာပြုကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းအားလုံးကို ပြည်သူပိုင်သိမ်းခဲ့ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရဟာ ပွဲဦးထွက်မှာပဲ တက္ကသိုလ်အဆောက်အအုံကြီးကို ဖောက်ခွဲဖျက်ဆီးပစ်ကာ ကျောင်းသားတွေကို ဖမ်းဆီးသတ်ဖြတ်ခဲ့သလို ပညာရေးစနစ်ကိုလည်း ဖျက်ဆီးပစ်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရ (နောင်မဆလအစိုးရ) ဟာ ဆိုရှယ်လစ်ပညာရေးစနစ်လို့ ကြွေးကြော်ရင်း အခြေခံပညာအဆင့်နဲ့ တက္ကသိုလ်ပညာရေးတို့မှာ မိမိတို့အစိုးရကို ထောက်ခံသူတွေ၊ ရက်(စ)မင်း(Yes Man)တွေကိုသာ နေရာပေးခဲ့ပြီး မိမိနဲ့သဘောထားချင်းမတိုက်ဆိုင်တဲ့ ပညာရှင်တွေကို ချိုးနှိမ်ခဲ့တယ်။

ဒီလိုနဲ့ တက္ကသိုလ်ပညာရှင် ဆရာကြီး၊ ဆရာမကြီးတွေထဲက အများအပြားဟာ ဘေးထွက်ထိုင်သူတွေထိုင်ကြပြီး နိုင်ငံခြားကို ထွက်ခွာသွားသူတွေလည်း ရှိခဲ့ပါတယ်။

မဆလခေတ်မှာ ပညာရေးအထူးအရာရှိတွေခန့်ထားပြီး ပညာရေးနှီးနှောဖလှယ်ပွဲတွေ အကြိမ်ကြိမ်လုပ်ခဲ့ပေမယ့် ပညာရေးစနစ်ကတော့ ဖဆပလခေတ်ထက်ပင် ပိုမိုဆုတ်ယုတ်ခဲ့ပါတယ်။

တစ်ဖက်မှာ စီးပွားရေးကလည်း ဦးစိုက်နေတာကြောင့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်လောက်နဲ့ ကျောင်းထွက်ကြရတဲ့ ကျောင်းသူကျောင်းသား အရေအတွက်ဟာ ပိုမိုများပြားလာခဲ့တယ်။

ဖဆပလခေတ်ရဲ့ပညာရေးစနစ်မှာ အဓိကအားနည်းခဲ့တာကတော့ ပညာရေးစနစ်ကို နိုင်ငံရေးစနစ် (ပါတီ) က လွှမ်းမိုးခြယ်လှယ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

## မြင်မြင်သမျှ ပါမောက္ခ

၁၉၈၈ ခုနှစ်ကစတင်ပြီး နောက်ပိုင်းကာလတွေမှာတော့ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ကမ်းကုန်အောင် ဆိုးဝါးလာခဲ့ပါတယ်။ သူငယ်တန်းကနေ တက္ကသိုလ်အထိ ကျူရှင်ယူရတဲ့အခြေအနေသို့ ရောက်ရှိလာပါတယ်။ ပညာရေးလောကမှာ တံစိုးလက်ဆောင်ပေးရတဲ့သတင်းတွေ မပြတ်မလပ်ပေါ်ထွက်လာတယ်။

ဆရာကျင့်ဝတ်နဲ့မညီတဲ့ဆရာတွေ တိုးပွားများပြားလာပါတယ်။ နဝတ၊ နအဖခေတ်တွေမှာ အောင်မြင်မှုတွေကို ပြချင်လွန်းတဲ့အတွက် တစ်နိုင်ငံလုံးမှာ တက္ကသိုလ်ကောလိပ်တွေ အများအပြား တိုးချဲ့ဖွင့်လှစ်လာခဲ့တယ်။ (နောက်တစ်ကြောင်းကတော့ ရှိပြီးသားတက္ကသိုလ်တွေမှာ ဘော်ဒါကျောင်းဆောင်တွေ မထားလိုတဲ့အတွက် နယ်တွေမှာ ကောလိပ်တွေ တက္ကသိုလ်တွေ တိုးချဲ့ဖွင့်ခဲ့တာ ဖြစ်ပါတယ်)

ယင်းလုပ်ရပ်ကြောင့် တက္ကသိုလ်ကောလိပ်တွေမှာ အရည်အချင်းပြည့်ဆရာတွေ အလုံအလောက် မထောက်ပံ့နိုင်တော့ဘဲ အရေအတွက်ကိုသာဦးစားပေးပြီး လက်ထောက်ကထိက၊ ပါမောက္ခစတဲ့ ဆရာ၊ ဆရာမတွေကို ခန့်အပ်လာရပါတယ်။ ဒါကြောင့်ပဲ 'မြင်မြင်သမျှပါမောက္ခ' ဆိုတဲ့ပြက်လုံးဟာ တက္ကသိုလ်ပညာရေးနယ်ပယ်မှာ ခေတ်စားလာခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ရာထူးတိုးရေးကိစ္စ၊ အပြောင်းအရွှေ့ကိစ္စနဲ့ ဘွဲ့လွန်နဲ့ တစ်ဆင့်မြင့် ပညာသင်ကြားခွင့်ကိစ္စတွေနဲ့ပတ်သက်ပြီး ဆရာ၊ ဆရာမတွေရဲ့ မကျေမနပ်နဲ့ ရင်ဖွင့်သံတွေကိုလည်း မကြာခဏကြားနေရပါတယ်။

အလားတူပဲ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် ကာလအတွင်းမှာ အခြေခံပညာရေးလောကမှာလည်း ကမောက်ကမဖြစ်ရပ်တွေ ပညာရေးတံ့ဆိုင်းမှုဖြစ်ရပ်တွေကို တွေ့မြင်ကြားသိခဲ့ရတယ်။ အထက်ပုဂ္ဂိုလ်ကြီးကအကျမရှိစေရလို့ အမိန့်ပေးလိုက်တဲ့အတွက် (တက္ကသိုလ်ဝင်တန်းအထိ) တန်းလုံးကျွတ် အအောင်ပေးရတဲ့အဖြစ်တွေ၊ တက္ကသိုလ်ဝင်စာမေးပွဲတွေ

မှာလည်း အကျများတဲ့အတွက် ပြန်လည်စစ်ဆေးပေးရတဲ့သတင်းတွေကို ကြားခဲ့ရဖူးပါတယ်။

## အားနည်းချက်တွေကို မီးမောင်းထိုးပြ

အခြေခံပညာ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းတွေရဲ့ စာသင်ခန်းတွေမှာ အခန်းနဲ့မဆန့်အောင် ကျောင်းသားကျောင်းသူတွေ ပြည့်ကျပ်နေမှု၊ စာသင်ခန်းထိုင်ခုံတွေ မလုံလောက်မှု၊ အရည်အချင်းပြည့်မီတဲ့ ဆရာ၊ ဆရာမတွေ နည်းပါးမှု၊ အစိုးရကျောင်းဆရာ၊ ဆရာမတွေ (အချို့) အနေနဲ့ စာသင်ခန်းထဲမှာ သဘောလောက်သာသင်ပြီး (မိမိအတန်းထဲက ကျောင်းသူကျောင်းသားတွေကိုပဲ) ကျူရှင်ပေးနေမှု၊ အစိုးရကျောင်းတွေမှာ အမျိုးသားကျောင်းဆရာမရှိသလောက် နည်းပါးလာမှု စတဲ့ပြဿနာတွေဟာ ယနေ့ခေတ် ပညာရေးစနစ်ရဲ့ အားနည်းချက်တွေကို မီးမောင်းထိုးပြနေတဲ့ ပြဿနာတွေပဲ ဖြစ်ပါတယ်။

## တကယ်ပြောင်းချင်ရင်

မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကို ပြောင်းမယ်ဆိုရင်တော့ တက္ကသိုလ်ပညာရေးကိုရော၊ အခြေခံပညာရေးစနစ်ကိုပါ ပြောင်းလဲရမှာပါ။ တက္ကသိုလ်ပညာရေးကို ပြောင်းလဲချင်ရင်

၁။ တက္ကသိုလ်သင်ရိုးညွှန်းတမ်းတွေကို နိုင်ငံတကာအဆင့်မီအောင် ပြန်လည်ပြုပြင်ရေးဆွဲရေး။

၂။ တက္ကသိုလ်ကောလိပ်တွေကို အရေအတွက်မဟုတ်ဘဲ အရည်အချင်းပြည့်ဝပြီး အဆင့်မြင့်တဲ့ တက္ကသိုလ်ကောလိပ်တွေ ဖြစ်လာရေး။

၃။ ပညာသင်ကြားရေးစနစ်ကို ခေတ်မီအောင် ပြန်လည်ပြင်ဆင်ရေး။

၄။ တက္ကသိုလ်ကောလိပ် ကျောင်းသူကျောင်းသားတွေကို ဂုဏ်သိက္ခာရှိစွာနဲ့ ပညာသင်ကြားနိုင်အောင် ဆောင်ရွက်ရေး။

၅။ ကျောင်းသူကျောင်းသားတွေအတွက် တရားဝင်ဘော်ဒါဆောင်တွေမှာ နေထိုင်ခွင့်ရအောင် ဆောင်ရွက်ပေးရေး၊ ဘော်ဒါဆောင်တွေ တည်ဆောက်ပေးရေး။

၆။ တက္ကသိုလ်ကျောင်းသားသမဂ္ဂတွေ တရားဝင်ဖွဲ့ခွင့်ပေးရေး။

၇။ တက္ကသိုလ်အုပ်ချုပ်ရေးမှာ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်တွေ ပါဝင်ခွင့်ရရေး။

၈။ တက္ကသိုလ်အုပ်ချုပ်ရေးကို အစိုးရလက်အောက်ခံမဟုတ်ဘဲ သီးခြားလွတ်လပ်တဲ့အဖွဲ့အဖြစ် ထားရှိရေး။

၉။ နိုင်ငံတကာ အဆင့်မီတက္ကသိုလ်တွေနဲ့ချိတ်ဆက်ကာ ပညာသင်ကြားရေး။

၁၀။ တစ်ချိန်တုန်းက အာရှမှာဂုဏ်သိက္ခာကြီးမားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကို ပြန်လည်မြှင့်တင်ဖော်ထုတ်ရေး စတဲ့အချက်တွေကို မဖြစ်မနေ ဆောင်ရွက်ရမှာပါ။

ဒါ့အပြင် အခြေခံပညာရေးကို မြှင့်တင်မယ်ဆိုရင်လည်း

၁။ သင်ရိုးညွှန်းတမ်းတွေကို ခေတ်နဲ့အညီ ပြန်လည်ပြုစုရေး။

၂။ ပညာသင်ကြားရေးစနစ်ကို တိုးတက်ခေတ်မီလာအောင် ဆောင်ရွက်ရေး။

၃။ ဆရာဆရာမတွေရဲ့ အရည်အချင်းကို မြှင့်တင်ပေးရေး။

၄။ ထိုက်တန်လုံလောက်တဲ့ လစာစရိတ်တွေ တိုးမြှင့်ပေးရေး။

၅။ စာသင်ကျောင်းတွေ၊ စာသင်ဆောင်တွေကို လုံလောက်အောင် ဆောက်လုပ်ပေးရေး။

၆။ ကျောင်းသူကျောင်းသားတွေ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး။

၇။ ကျောင်းသူကျောင်းသားတွေထံမှာ အကြောင်းအမျိုးမျိုးပြကာ အလှူငွေကောက်ခံမှုတွေ မပြုရေး။

စံပယ်စာအုပ်

၈။ ပညာရေးအသုံးစရိတ်ကို ယခုထက် သိသိသာသာ ပိုမိုသုံးစွဲရေး စတဲ့ အချက်တွေကို မလွှဲမသွေပြုလုပ်ဖို့ လိုပါတယ်။
သို့မှသာ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်မယ့် ပြေးလမ်းပေါ်ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၂၁
နိုဝင်ဘာ၊ ၂၀၁၂

## အစိုးရ အဆောက်အအုံနဲ့ မြေနေရာတွေကို
## ဘယ်လို စီမံခန့်ခွဲမလဲ

လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်မှာ 'ကမ္ဘာအေးဘုရားလမ်းနဲ့ စက်မှု ၁ လမ်းထောင့်မှာရှိတဲ့ အမှတ် ၁ စက်မှုဝန်ကြီးဌာနအဆောက်အအုံဟောင်းကို ဖြိုဖျက်ရောင်းချခဲ့ရာမှာ ငွေကျပ် သိန်းတစ်သောင်းကျော်ရရှိခဲ့တယ်' ဆိုတဲ့ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။

ဆက်ပြီးထိုသတင်းထဲမှာ 'အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံကို ဖြိုဖျက်ရောင်းချဖို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တင်ဒါခေါ်ယူခဲ့ရာမှာ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီတစ်ခုက ရရှိခဲ့တယ်'လို့ ဖော်ပြထားတယ်။ သို့ပေမယ့် တင်ဒါအောင်ခဲ့တဲ့ ကုမ္ပဏီရဲ့ အမည်ကိုတော့ သက်ဆိုင်ရာကထုတ်ပြန်ခြင်းမရှိဘူးလို့လည်း သတင်းထဲမှာ ဖော်ပြခဲ့တယ်။

ဒါ့အပြင် 'စက်မှုဝန်ကြီးဌာန အဆောက်အအုံဟောင်းကို ဖြိုဖျက်ရောင်းချရာမှရရှိခဲ့တဲ့ငွေတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လက်ခံရရှိခဲ့ပြီး ပထမအရစ်အနေနဲ့ ကျပ်သိန်းပေါင်း ၇၀၀၀ ကျော်ရရှိခဲ့တယ်'လို့ ဆိုပါတယ်။

ဆက်လက်ပြီး ထိုသတင်းထဲမှာပဲ 'အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံနေရာမှာ အဆင့်မြင့်ဟိုတယ်အဖြစ် ပြန်လည်ဆောက်လုပ်

ခွင့်ကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီတစ်ခုကို ခွင့်ပြုခဲ့တယ်' လို့ ရေးသားထားတာ တွေ့ရပြန်ပါတယ်။

**အတွေးပွားစရာတွေ**

ထိုသတင်းကို အစအဆုံးဖတ်ရှုပြီးချိန်မှာတော့ ကျွန်တော့်ရဲ့ ဦးနှောက်ထဲကို စဉ်းစားစရာတွေ အတွေးပွားစရာတွေ ဝင်ရောက်လာခဲ့တယ်။ အဆိုပါ သတင်းမှာပါရှိတဲ့ အဓိကဇာတ်ဆောင်သုံးဦးကတော့ အမှတ် ၁ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ပဲ ဖြစ်ပါတယ်။

ဖြိုဖျက်ရောင်းချတဲ့ အဆောက်အအုံက အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံ၊ ဖြိုဖျက်ရောင်းချဖို့ တင်ဒါခေါ်ယူခဲ့တာက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဖြိုဖျက်ပြီးတဲ့ အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံနေရာမှာ အဆင့်မြင့်ဟိုတယ်ကြီးဆောက်ဖို့ ဗီယက်နမ်ကုမ္ပဏီတစ်ခုကို ခွင့်ပြုခဲ့သူက မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်။

နိုင်ငံပိုင်အဆောက်အအုံဖြစ်တဲ့ အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံကို ဖြိုဖျက်ရောင်းချပြီး ထိုမြေနေရာမှာ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီတစ်ခုကို ဟိုတယ်ဆောက်ဖို့အတွက် ခွင့်ပြုခဲ့တဲ့ဖြစ်စဉ် သို့မဟုတ် ဌာနဆိုင်ရာတွေရဲ့ လုပ်နည်းလုပ်ဟန်တစ်ခုကို လေ့လာသိရှိခွင့်ရခဲ့တဲ့ ကျွန်တော့်အဖို့ နောက်ဆုံးပေါ်ဗဟုသုတတွေ အတော်တိုးပွားခဲ့ရပါတယ်။

သို့ပေမယ့် ကျွန်တော်ဟာ ထိုလုပ်ငန်းဆောက်ရွက်မှုဖြစ်စဉ်တွေနဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေ၊ အဆောက်အထား စာရွက်စာတမ်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လေ့လာသိရှိခွင့်မရတဲ့အတွက် ထိုလုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး ဂျာနယ်မှာပါတဲ့ အချက်အလက်တွေလောက်ကိုသာ သိရတာပါ။

**တစ်ခါတုန်းက ဝန်ကြီးများရုံး**

ကျွန်တော်ဟာဆက်လက်ပြီး အတွေးပွားနေခဲ့မိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ကျွန်တော်ဟာ ဝန်ကြီးများရုံးအတွင်းမှာရှိတဲ့ ဘတ်ဂျက်ဌာန (ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာန) မှာ နှစ်ပေါင်းအတော်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။

ထိုစဉ်တုန်းက ဝန်ကြီးများရုံး (ယခင်အတွင်းဝန်များရုံး) အတွင်းမှာ ဝန်ကြီးဌာန (Ministry) အားလုံးနီးပါး ရှိခဲ့တယ်။ အလားတူပဲ ဦးစီးဌာန (Department) တွေလည်း အတော်များများ ရှိခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်ပွားခဲ့တဲ့အချိန်အထိ ရန်ကုန်မြို့မှာ လူထုဆန္ဒပြပွဲတွေ ပေါ်ပေါက်လာတိုင်းမှာ ဆန္ဒပြလူထုဟာ ဝန်ကြီးများရုံးဆီသို့ လာရောက်ပိုင်းပတ်ကာ ဆန္ဒပြခဲ့ကြတယ်။

ဆန္ဒပြမှုတွေ ပေါ်ပေါက်လာတိုင်းမှာ ဝန်ကြီးများရုံးရဲ့ ဝင်ပေါက်ထွက်ပေါက်တံခါးတွေကို ပိတ်ခဲ့ရတယ်။ ထိုအချိန်မျိုးတွေမှာ ပြင်ပက လူတွေကို ရုံးအတွင်းဝင်ခွင့်မပေးခဲ့သလို ရုံးဝန်ထမ်းတွေကိုလည်း အပြင်ထွက်ခွင့်မပြုခဲ့ပါဘူး။ ၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး လူထုဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ချိန်မှာလည်း အလားတူပဲ ဝန်ကြီးများရုံးရဲ့ ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ခဲ့ကြပါတယ်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံအာဏာကို ရယူခဲ့တယ်။

ဒီနောက် ၁၉၉၀–၉၁ ခုနှစ်ခန့်ကစပြီး ဝန်ကြီးဌာန အတော်များများရဲ့ရုံးတွေကို ဝန်ကြီးများရုံးရဲ့ အပြင်ဘက် (ရန်ကုန်မြို့တွင်းမှာ) ဆောက်လုပ်ခဲ့တယ်။

**ဝန်ကြီးဌာနတွေ အပြင်ဘက် ရွှေ့ပြောင်းခဲ့**

ပြည်ထဲရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရုံးတွေကို ရန်ကုန်မြို့အတွင်းမှာ

ဆောက်လုပ်ခဲ့ပါတယ်။ အဆိုပါ ဝန်ကြီးဌာနတွေ ဆောက်လုပ်ပြီးစီးတဲ့ အချိန်မှာတော့ ဝန်ကြီးဌာနအသီးသီးရဲ့ ဝန်ကြီးရုံးတွေ သက်ဆိုင်ရာ ဦးစီးဌာနတွေဟာ ဝန်ကြီးများရုံးရဲ့ အပြင်ဘက်ကို ပြောင်းရွှေ့ခဲ့ကြတယ်။

တစ်ချိန်သောအခါက အလွန်စည်ကားခဲ့ပြီး အလွန်အရေးပါခဲ့တဲ့ ဝန်ကြီးများရုံးကြီးဟာလည်း ဝန်ကြီးဌာနနဲ့ ဦးစီးဌာနအနည်းငယ်သာ ကျန်ရှိခဲ့ပြီး ကျိုးနဲ့ဖုတ်ဖုတ်ဘဝကို ရောက်ခဲ့ရပါတယ်။

ဝန်ကြီးများရုံးထဲက ဝန်ကြီးဌာနတွေကို အပြင်ကိုထုတ်ခဲ့တဲ့ အဓိက ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့မှာ လူထုဆန္ဒပြပွဲတွေ၊ လူထုအုံကြွမှုတွေ ပေါ်ပေါက်လာပြီး ရက်၊ လနဲ့ချီပြီး ဝန်ကြီးများရုံးကို ဝိုင်းပိတ်ထားခဲ့ရင် အစိုးရရဲ့လုပ်ငန်းတွေ ရပ်ဆိုင်းသွား (Defunct) နိုင်တဲ့အတွက် ယင်းသို့မဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဝေဖန်သူတွေက ဆိုကြပါတယ်။

**ဆောက်လုပ်ရေးခေတ်ကြီး**

ဆောက်လုပ်ရေးလုပ်ငန်းတွေ စန်းထတဲ့ (Boom) ခေတ်လို့ ဆိုနိုင်လောက်တဲ့ နဝတခေတ်မှာ ဝန်ကြီးဌာနအသီးသီးရဲ့ ဝန်ကြီးရုံးအဆောက်အအုံတွေဟာ ရန်ကုန်မြို့တွင်းနဲ့ ရန်ကုန်ဆင်ခြေဖုံးနေရာတွေမှာ အပြိုင်းအရိုင်း ပေါ်ထွက်လာခဲ့ပါတယ်။ နဝတနဲ့ နအဖ ခေတ်တွေမှာ နိုင်ငံတော်ရဲ့ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းတွေကို ပြည်သူလူထုသိအောင် ထုတ်ပြန်တင်ပြတာမျိုးမရှိခဲ့တာကြောင့် အဆိုပါ ရုံးတွေ တည်ဆောက်တဲ့စရိတ်တွေ ဘယ်ရွှေ့ဘယ်မျှ ကုန်ကျတယ်ဆိုတာနဲ့ ယင်းအသုံးစရိတ်တွေကို ဘယ်ခေါင်းစဉ် (ထုံးစံကတော့ ငွေလုံးငွေရင်း အသုံးစရိတ်မှ ကျခံရတာပါ)မှ ကျခံခဲ့တယ်ဆိုတာကို မသိခဲ့ရပါဘူး။

နဝတခေတ်မှာ အလုံလမ်းမှာရှိတဲ့ ပြည်သူ့လွှတ်တော် အဆောက်အအုံသစ်ကြီးနဲ့ ဝန်ကြီးဌာနအများအပြားရဲ့ ရုံးသစ်တွေကို တည်ဆောက်ခဲ့တယ်။

## နေပြည်တော်သို့ ပြောင်းရွှေ့

သို့ပေမယ့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ နေပြည်တော် တည်ဆောက်ခဲ့ပါတယ်။ နေပြည်တော်ကို တည်ဆောက်ခဲ့ခြင်းနဲ့ တစ်ပါတည်းမှာပဲ အစိုးရအဆောက်အအုံသစ်တွေ၊ ဝန်ကြီးဌာနတွေရဲ့ ရုံးအဆောက်အအုံအသစ်တွေ၊ လွှတ်တော်အဆောက်အအုံတွေကိုပါ တည်ဆောက်ခဲ့တယ်။

ဒီနောက်မှာတော့ ၂၀၀၅ ခုနှစ်ခန့်မှာ ဝန်ကြီးဌာနတွေ အားလုံးနဲ့ တကွ ဦးစီးဌာနတွေ၊ ကော်ပိုရေးရှင်းတွေဟာ နေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ကြရတယ်။

ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ ကော်ပိုရေးရှင်းတွေ နေပြည်တော်ကို ပြောင်းရွှေ့ခဲ့ကြပြီးနောက်မှာတော့ ဆောက်လုပ်ပြီးစီးတာ မကြာလှသေးတဲ့ အစိုးရရုံးအဆောက်အအုံတွေဟာ အချည်းနှီးဖြစ်သွားခဲ့ရပါတယ်။

သို့ပေမယ့် သိပ်မကြာလှမီမှာဘဲ အကွက်စေ့စေ့ အသုံးချတတ်သူတွေက အစိုးရရုံးအဆောက်အအုံတွေကို သို့မဟုတ် ရုံးဝင်းအတွင်းရှိ မြေနေရာတွေကို ငှားရမ်းတာတွေ၊ တိုက်ဆောက်တာတွေ ရှိလာပါတယ်။

## စဉ်းစားကြည့်မိတာတွေ

ကျွန်တော်ရဲ့ ယခုဆောင်းပါးအစမှာ တင်ပြထားတဲ့ အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံကို ဖြိုဖျက်ရောင်းချတာနဲ့ပတ်သက်ပြီး ကျွန်တော့်အတွက် မရှင်းလင်းတဲ့အချက်အချို့ ရှိနေပါတယ်။ ဒါ့ကြောင့်ပဲ ကျွန်တော် ဆက်ပြီးစဉ်းစားကြည့်မိတယ်။

ဆက်လက်ပြီးတော့လည်း မိမိတစ်ဦးတည်း အဖြေထုတ်ကြည့်ခဲ့မိတယ်။ အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံကို ဘယ်ဘတ်ဂျက်နဲ့ ဆောက်ခဲ့တာပါလဲ။ ဖြစ်ဖို့များတာကတော့ အမှတ် ၁ စက်မှုဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်းဘတ်ဂျက်နဲ့ ဆောက်တာပဲ ဖြစ်နိုင်ပါတယ်။ ထို့ထက်ပိုပြီး သေချာတာကတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ သို့မဟုတ် ပြည်သူတွေရဲ့ ငွေကြေးနဲ့ ဆောက်ခဲ့တယ်ဆိုတာပါပဲ။

ထိုအဆောက်အအုံဟာ ဖျက်ရောင်းတာတောင် သိန်းတစ်သောင်းကျော်ရရှိမယ်ဆိုရင် ယင်းအဆောက်အအုံကိုဆောက်တဲ့ ကုန်ကျစရိတ်ဆိုရင် ကျပ်သိန်းပေါင်း သိန်းနဲ့ချီပြီးကုန်ကျခဲ့လိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

ထိုသို့ဆိုလျှင် နဝတအစိုးရတက်ခဲ့ပြီးနောက် ဆောက်လုပ်ခဲ့ပြီး ယခုအခါမှာ အငှားချထားတဲ့ သို့မဟုတ် လက်လွှဲလက်ပြောင်း လုပ်ခဲ့တဲ့ အစိုးရရုံးအဆောက်အအုံတွေရဲ့ စုစုပေါင်းတန်ဖိုးဟာ ကျပ်သိန်းပေါင်းသန်းနဲ့ ချီ၍ပင် ရှိနိုင်ပါတယ်။

## နိုင်ငံအတွက် ပိုပြီးအကျိုးရှိအောင်

ကျွန်တော် စဉ်းစားကြည့်မိတယ်။ နိုင်ငံအတွက် ပိုပြီး အကျိုးရှိအောင် ပြည်သူတွေရဲ့ချွေး၊ သွေးတွေနဲ့တူတဲ့ ထိုငွေတွေကို အဟောသိကံ ဖြစ်မသွားအောင် ထိုငွေတွေကို နိုင်ငံအတွက် ပိုမိုပြီး အကျိုးရှိစွာ အသုံးပြုနိုင်အောင် ဘယ်လိုလုပ်နိုင်မှာလဲ။ ဘယ်လို လုပ်သင့်ပါသလဲ။

စက်မှု ၁ ဝန်ကြီးဌာနအဆောက်အအုံကို ဖြိုဖျက်ရောင်းချလို့ ရတဲ့ငွေတွေဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်ဝယ်ကို ရောက်ရှိသွားတာဟာ မှန်ကန်သင့်လျော်တဲ့ လုပ်ထုံးလုပ်နည်းပဲလား။ ထိုငွေတွေဟာ စည်ပင်သာယာရေးကော်မတီရဲ့ ဘတ်ဂျက်ထဲကို ရောက်ရှိသွားမှာလား။ ကျွန်တော်သိရှိထားတာကတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဟာ မိမိရဲ့ကိုယ်ပိုင်ရငွေ + သုံးငွေဘတ်ဂျက်နဲ့ ရပ်တည်နေတဲ့အဖွဲ့သာ ဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ဘတ်ဂျက်ဟာ နိုင်ငံတော်ဘတ်ဂျက်မှာ မပါဝင်ဘူးလို့ မှတ်သားရဖူးပါတယ်။

## ကျွန်တော် စဉ်းစားမိသမျှ

ကျွန်တော် စဉ်းစားကြည့်မိတယ်။ နောက်တစ်ချက်ကတော့ အမှတ် ၁ စက်မှုဝန်ကြီးဌာန အဆောက်အအုံမြေနေရာမှာ အဆင့်မြင့်ဟိုတယ်ကြီး

ဆောက်ဖို့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီတစ်ခုကို ခွင့်ပြုခဲ့တဲ့ ကိစ္စပါ။

တကယ်တော့ စက်မှုဝန်ကြီးဌာန အဆောက်အအုံမြေနေရာမှာ ဟိုတယ်ဆောက်တာထက် ထိုနေရာကို မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အသုံးချရင်ကော ဘယ်လိုရှိနိုင်မလဲ။ ဒါမှမဟုတ် အကယ်၍ ထိုနေရာကို ငှားရမ်းလို့ သို့မဟုတ် ရောင်းချလို့ရတဲ့ငွေကြေးတွေကို စက်မှုဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် ရင်းနှီးမြှုပ်နှံရင်ကော မကောင်းဘူးလား။ ရန်ကုန်မှာ ဟိုတယ်ကြီးတွေ နောက်ထပ်လိုအပ်နေသေးသလား။

ဗီယက်နမ်ကုမ္ပဏီက ဟိုတယ်ဆောက်ပြီးခဲ့ရင်ကော ရတဲ့ဝင်ငွေတွေဟာ ဘယ်ဌာနကို ရောက်သွားမှာလဲ။ ဟိုတယ်နဲ့ ခရီးသွားလာရေးအောက်ကို ရောက်သွားမှာလား။ တကယ်တော့ ယနေ့လို ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းကို ချီတက်နေတယ်ဆိုတဲ့အချိန်မှာ ဝန်ကြီးဌာန မြေနေရာတွေ၊ အဆောက်အအုံတွေကို စီမံခန့်ခွဲတဲ့ကိစ္စတွေမှာ ပွင့်လင်းမြင်သာတဲ့ စနစ်တကျရှိတဲ့၊ စပ်ဟပ်မှုရှိတဲ့၊ လေလွင့်ဖြုန်းတီးမှုတွေမရှိနိုင်တဲ့နိုင်ငံကို တိုက်ရိုက်အကျိုးရှိစေနိုင်တဲ့ စည်းမျဉ်းတွေ၊ စည်းကမ်းတွေ လုပ်ထုံးလုပ်နည်းတွေ ရှိသင့်ပါတယ်။

ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွေလည်း ရှိနေပါပြီ။ ဒီတော့ အစိုးရရုံးတွေ၊ စက်ရုံတွေနဲ့ အခြားအဆောက်အအုံတွေ၊ မြေနေရာတွေကို စီမံခန့်ခွဲဖို့ကိစ္စကို ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ အဆုံးအဖြတ်နဲ့သာ ဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် ယနေ့အချိန်မှာ အဆိုပါလုပ်ငန်းတွေကို စီမံဆောင်ရွက်ဖို့အတွက် လွှတ်တော်ကော်မတီတစ်ရပ် ဖွဲ့စည်းဖို့လိုအပ်နေပြီလို့ ထင်မြင်မိပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၁၅
အောက်တိုဘာ၊ ၂၀၁၂

# ပုံနှိပ်ထုတ်ဝေလုပ်ငန်း ဥပဒေကြမ်းကို
# ချက်ချင်း ရုပ်ဖို့လိုပြီ

ဖေဖော်ဝါရီ ၂၇ ရက် ၂၀၁၃ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ နိုင်ငံပိုင်သတင်းစာနဲ့ မီဒီယာတွေမှာ 'ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း' ကို ဖော်ပြခဲ့တာ တွေ့ရပါတယ်။

ထိုဥပဒေကြမ်းကို အစိုးရသတင်းမီဒီယာတွေမှာ ဖော်ပြခဲ့ပြီးနောက် ချက်ချင်းဆိုသလိုပဲ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၊ မြန်မာဂျာနယ်လစ်သမဂ္ဂ (MJU)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) နဲ့ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ စတဲ့ စာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းတွေ တညီတညွတ်တည်း ကန့်ကွက်ခဲ့ကြတာ တွေ့ရပါတယ်။

အဆိုပါ 'ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း'ကို စာနယ်ဇင်းအဖွဲ့အစည်းအသီးသီးက ကန့်ကွက်ခဲ့ရာမှာ အဖွဲ့အားလုံးရဲ့တူညီတဲ့အမြင်ကတော့ 'ထိုဥပဒေမူကြမ်းဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄(က)ပါ လွတ်လပ်စွာ ဖြန့်ချိထုတ်ဝေခွင့်ရှိတယ်ဆိုတဲ့ အချက်နဲ့ကွဲလွဲနေပြီး မဆလ တစ်ပါတီအာဏာရှင်ခေတ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို အသွင်ပြောင်းထားတာသာဖြစ်တယ်' ဆိုတဲ့ ရပ်တည်ချက်ပဲ ဖြစ်ပါတယ်။

'ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း'ကို ကန့်ကွက်ရာမှာ မြန်မာဂျာနယ်လစ်သမဂ္ဂ (MJU)က 'ယခု ဥပဒေကြမ်းမှာ မီဒီယာ

လွတ်လပ်ခွင့်ကို ထိန်းချုပ်လိုတဲ့ ရည်ရွယ်ချက်တွေ တွေ့မြင်နေရပြီး ၁၉၆၂ ခုနှစ် ပုံနှိပ်သူများ ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းဟန်ပြခဲ့ပေမယ့် ယခင်က ပြန်ကြားရေးဌာနလက်အောက်ရှိ စာပေစိစစ်ရေးဌာနက အစဉ်စွဲကိုင်ခဲ့တဲ့ စည်းကမ်းတွေကို အခန်း ၃၊ ပုဒ်မ ၇ မှာ ထည့်သွင်းရေးဆွဲထားတာကို အထင်အရှားတွေ့မြင်ရတယ်'လို့ ဖော်ပြထားပါတယ်။

အခန်း ၃၊ ပုဒ်မ ၇ မှာ ဖော်ပြထားတဲ့ အချက်တွေကတော့ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူဟာ အောက်ပါအချက်တစ်ရပ်ရပ်မှာ အကျုံးဝင်တဲ့ထုတ်ဝေစာတွေကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရလို့ ရေးသားပြီး –

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း။

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း။

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း။

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသားစာများ ထုတ်ဝေခြင်းဆိုတဲ့ အချက်ငါးချက်ကို ဖော်ပြထားပါသည်။

**ယခင်စာပေစိစစ်ရေးနဲ့မကွာခြား**

ဒါ့အပြင် မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) ကလည်း 'သတင်းစာလွတ်လပ်ခွင့်ဟာ မီဒီယာလောကသားတွေအတွက်သာမကဘဲ ပြည်သူများနဲ့လည်း သက်ဆိုင်ပြီး ယင်းဥပဒေကြမ်းဟာ ပြည်သူတွေနဲ့ သတင်းမီဒီယာ

သမားများရဲ့ ဆန္ဒသဘောထားကို တောင်းခံရယူခြင်းမရှိဘဲ တစ်ဖက်သတ် ရေးဆွဲခြင်းဟု မှတ်ယူကြောင်းနဲ့ ထိရောက်တဲ့ကန့်ကွက်လှုပ်ရှားမှုတွေကို လုပ်ဆောင်သွားမယ်'လို့ ပြောဆိုတယ်။

ဒါ့အပြင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ကလည်း 'ဥပဒေကြမ်းအခန်း ၂ နဲ့ အခန်း ၄ တို့မှာ ဖော်ပြထားချက်တွေအရ မူပိုင်ခွင့်နဲ့ မှတ်ပုံတင်ဌာနခွဲဟာ ယခင် စာပေစိစစ်ရေးနဲ့ များစွာခြားနားခြင်း မရှိတာကို တွေ့ရတယ်။ ဒါ့အပြင် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူ များ မှတ်ပုံတင်ဥပဒေနဲ့ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ) အက်ဥပဒေတို့ကို အသွင်ပြောင်းထားခြင်းတစ်မျိုးအဖြစ် မိမိတို့ရှုမြင်တယ်' လို့ သဘောထားထုတ်ပြန်ခဲ့တယ်။

ဆက်လက်ပြီး အမ်ဂျေအေ (MJA) က 'ပုံနှိပ်နှင့်သတင်းမီဒီယာ ဥပဒေဟာ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အခြေခံမူများနဲ့ ဖီလာဆန့်ကျင်နေ ပြီး ပုံနှိပ်သူတွေနဲ့ ထုတ်ဝေသူတွေကို ပြန်လည်ချုပ်ကိုင်ခြင်းအားဖြင့် သတင်းသမားများ၊ စာရေးဆရာများကို ယခင်ကအတိုင်း ပြန်လည်ချုပ်ကိုင် မယ့်အခြေအနေတွေကို တွေ့ရတယ်'လို့ ထောက်ပြထားပါတယ်။

## တစ်ခဲနက် ကန့်ကွက်ခဲ့ကြ

တကယ်တော့ ဖေဖော်ဝါရီလ ၂၇ ရက်က နိုင်ငံပိုင်မီဒီယာတွေ မှာ 'ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း'ကို ထုတ်ပြန်ခဲ့ပြီးနောက် ထိုဥပဒေကြမ်းကို စာနယ်ဇင်းလောကသားတွေ အားလုံး ညီညီညွတ်ညွတ်နဲ့ တစ်ခဲနက် ကန့်ကွက်ကြတဲ့အဖြစ်ဟာ ရှစ်လေးလုံးအရေးတော်ပုံကြီး နောက် ပိုင်းမှာ စာရေးဆရာတွေနဲ့ စာနယ်ဇင်းသမားတွေရဲ့ ကြီးမားတဲ့ညီညွတ်မှုကို ပြသလိုက်သလိုပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို စာရေး ဆရာတွေ၊ ဂျာနယ်လစ်တွေ၊ သတင်းသမားတွေအပါအဝင် စာပေလောက

သားအားလုံးက နှောင့်နှေးတုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်းဆိုသလိုပဲ တညီတညွတ်တည်း ကန့်ကွက်ခဲ့ကြတဲ့အဖြစ်က ထိုသူတွေအနေနဲ့ ယခုအခါမှာ အတိုင်းအတာတစ်ခုအထိ မိမိတို့ ရရှိနေတဲ့ စာပေလွတ်လပ်ခွင့် ပြန်လည်ဆုံးရှုံးမှာကို ဘယ်လောက်အထိ စိုးရိမ်နေကြတယ်ဆိုတာကို ပြသလိုက်တာပဲ ဖြစ်တယ်။

## စာပေလွတ်လပ်ခွင့် မှိုးမှောင်ကျခဲ့တဲ့မဆလခေတ်

တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ စာပေလွတ်လပ်ခွင့်တွေ ဆုံးရှုံးခဲ့တာဟာ ကာလတောင်တာကြာခဲ့ပါပြီ။ ကျွန်တော်တို့နိုင်ငံရဲ့ စာပေလွတ်လပ်ခွင့်ဟာ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်ခဲ့ပြီးနောက် လုံးဝကိုချုပ်ငြိမ်းသွားခဲ့တယ်။ တော်လှန်ရေးကောင်စီက နိုင်ငံအာဏာကို သိမ်းယူခဲ့ပြီးနောက်မှာ ပုဂ္ဂလိကသတင်းစာတွေအားလုံး နိုင်ငံပိုင် သိမ်းယူခြင်း ခံခဲ့ရတယ်။ ထိုသတင်းစာတွေထဲက အချို့ကို တော်လှန်ရေးကောင်စီအစိုးရအာဘော် (နောက်ပိုင်းမှာ မဆလအစိုးရအာဘော်) သတင်းစာတွေအဖြစ် ပြန်လည်ထုတ်ဝေခဲ့တယ်။

သတင်းစာအချို့ကိုတော့ ထုတ်ဝေခြင်းမပြုတော့ဘဲ ရပ်တန့်ခဲ့တယ်။

ဒါ့အပြင် နိုင်ငံရေးသမားတွေအပါအဝင် သတင်းစာဆရာနဲ့ စာရေးဆရာ အများအပြားကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့တယ်။ ထိုသူတွေထဲက အတော်များများကို ကိုကိုးကျွန်းပို့ခဲ့တယ်။

တော်လှန်ရေးကောင်စီခေတ်နဲ့ တော်လှန်ရေးကောင်စီတစ်ဖြစ်လဲ မဆလ ခေတ်တစ်လျှောက်မှာ အစိုးရ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုကို ဝေဖန်ရေးသားတဲ့စာတွေ ရေးသားထုတ်ဝေခွင့် လုံးဝမရခဲ့ပါဘူး။ ထိုခေတ်တုန်းက မဆလ အစိုးရဟာ စာနယ်ဇင်းဆိုင်ရာမူဝါဒတွေ ချမှတ်ပြီး စာပေရေးသားထုတ်ဝေမှုတွေကို နည်းမျိုးစုံနဲ့ ချုပ်ချယ်ခဲ့တယ်။

ထိုခေတ်တုန်းက အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းက နှိုးနှောဖလှယ်

ပွဲကြီးတွေမှာ 'ဘုန်းတော်ဘွဲ့တွေ ရေးဖို့မလိုဘူး'လို့ ပြောခဲ့ပေမယ့် လက်တွေ့မှာတော့ ထိုခေတ်က မင်းကပ်စိုးမြှောင်တွေက ဧင်းကို မြှောက်ပင့်ချီးကျူးကာ ရေးသားတဲ့စာတွေသာ ပေါ်ထွက်ခဲ့တဲ့အတွက် 'ဘုန်းတော်ဘွဲ့တွေ မရေးကြနဲ့၊ ဘွဲ့တော်ဘုန်းတွေပဲ ရေးကြတော့' ဆိုတဲ့ ပြက်လုံးပင်ထွက်ပေါ်လာခဲ့ပါတယ်။

မဆလခေတ်ဦးမှာ အိုးဝေ၊ ရှုထောင့်၊ ရွှေတူ စတဲ့ ဂျာနယ်အချို့ရှိခဲ့ပေမယ့် ထိုဂျာနယ်တွေထဲမှာ သူ့ကို ထိကပါးရိကပါး အရေးအသားတွေ ရေးသားနေတယ်လို့ယူဆခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ မကြာမီမှာဘဲ ယင်းဂျာနယ်တွေ အားလုံးကို ပိတ်ပစ်ခဲ့တယ်။

ထိုနည်းနဲ့ပဲ နောက်ပိုင်းမှာတော့ လုပ်သားပြည်သူ့နေ့စဉ် (မြန်မာ၊ အင်္ဂလိပ်)၊ ဗိုလ်တထောင်သတင်းစာ၊ မြဝတီ၊ ငွေတာရီ စတဲ့ အစိုးရပေါ်လစီသတင်းစာတွေနဲ့ မဂ္ဂဇင်းစာစောင်တွေသာ စာပေနယ်မှာ ကျန်ရှိခဲ့တယ်။ 'မဆလအစိုးရလုပ်သမျှကို အားလုံးကောင်းပါသည် ခင်ဗျား' လို့သာ မြန်မာ့စာပေနယ်မှာ လွှမ်းမိုးခဲ့တယ်။

လမ်းစဉ်ပါတီကထုတ်ဝေတဲ့ စာအုပ်စာစောင်တွေသာ တွင်ကျယ်ခဲ့ပါတယ်။ ထိုခေတ်က စာပေလွတ်လပ်ခွင့်ဟာ အမှောင်ဖုံးခံခဲ့ရတာနဲ့အမျှပဲ အတွေးအခေါ်ချုတ်ခြုံကျမှုတွေလည်း ရှိခဲ့တယ်။ လူငယ်တွေဟာ သမိုင်းမှန်နဲ့အဆက်ဖြတ်ခြင်း ခံခဲ့ကြရတယ်။ နောက်ပိုင်းမှာတော့ ပြည်သူတွေအကြားမှာ ဒီမိုကရေစီရဲ့အဓိပ္ပာယ်ကိုပင် မသိသူတွေ ရှိလာခဲ့တယ်။

သို့ပေမယ့် ဘယ်အာဏာရှင်ကမှ ပြည်သူတွေရဲ့သမိုင်းကို လိမ်ညာဖုံးကွယ်ခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း ပြုလုပ်လို့မရနိုင်တဲ့ သဘာဝတရားအတိုင်းပဲ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့တယ်။ ဒီနောက် နဝတ၊ နအဖခေတ်ရောက်ချိန်မှာလည်း ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့တဲ့နည်းအတိုင်းပဲ စာပေလွတ်လပ်ခွင့်ဟာလည်း မဆလခေတ်နဲ့ထူးမခြားနား အခြေအနေမှာ ရှိခဲ့တယ်။

## စံပယ်စာအုပ်

## နဝတခေတ်မှာလည်း လွတ်လပ်ခွင့်ဆိတ်သုဉ်းခဲ့

နဝတ၊ နအဖ ခေတ်တစ်လျှောက်မှာ စာအုပ်စာပေမှန်သမျှဟာ စာပေစိစစ်ရေးဌာနရဲ့ စိစစ်တည်းဖြတ်ခြင်းကို ခံခဲ့ရတယ်။ စာပေစိစစ်ရေးက ခွင့်မပြုတဲ့ ဘယ်ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ အက်ဆေးမှ ထုတ်ဝေခွင့်မရပါဘူး။ ဒ့ါအပြင် စာပေနဲ့ဆက်နွယ်နေတဲ့ ပန်းချီ၊ ကာတွန်းတွေဟာလည်း စာပေစိစစ်ရေးရဲ့ လက်သံပြောင်ပြောင်နဲ့ တည်းဖြတ်သုတ်သင်တာကို ခံခဲ့ရတယ်။

စာအုပ်စာပေမှန်သမျှ စာပေစိစစ်ရေးကို ကျော်လွှားရတဲ့ခေတ်တစ်လျှောက်မှာ စာရေးဆရာတွေ၊ ကဗျာဆရာတွေဟာ မိမိတို့ အမြတ်တနိုးနဲ့ မွေးထုတ်လိုက်တဲ့ ရင်နှစ်သည်းချာလေးတွေကို ခြေလက်တွေ ဖြတ်တောက်ပစ်သလို၊ ရုပ်အဆင်းပျက်ယွင်းသွားအောင် ပြုလုပ်ခြင်းကို ရသလိုမျိုး ခံစားရတဲ့အတွေ့အကြုံတွေကို မကြာခဏ တွေ့ကြုံကြရတယ်။

ထိုအဖြစ်ကြောင့်ပဲ အချို့စာရေးဆရာတွေဟာ စာတစ်ပုဒ်ကို ရေးနေစဉ်မှာပဲ လက်တွန့်သွားတဲ့အဖြစ်တွေ ရှိလာတယ်၊ စာရေးဆရာတစ်ယောက် စာရေးနေရင်းနဲ့ လက်တွန့်သွားရတဲ့အဖြစ်ဟာ ဆိုးဝါးလှပါတယ်။

စာရေးဆရာတစ်ယောက်ဟာ စာရေးနေရင်းနဲ့ မိမိရဲ့ 'စာ'ကို အဖြတ်အတောက် မခံရလေအောင် လျှော့လျှော့ပေ့ါပေ့ါ ရေးလာခဲ့ရင်တော့ ထိုစာဟာ စာကောင်းပေမွန် မဖြစ်နိုင်တော့ပါဘူး။ အနည်းဆုံးတော့ ထိုစာရေးဆရာဟာ ကိုယ့်ကလောင်ကို ကိုယ်သစ္စာဖောက်မိပြီလို့ ဆိုရမှာပါ။ တကယ်တော့ စာပေလွတ်လပ်ခွင့်ဟာ စာပေဖွံ့ဖြိုးမှုအတွက်ရော နိုင်ငံဖွံ့ဖြိုးမှုအတွက်ပါ မရှိမဖြစ် လိုအပ်ပါတယ်။

## နောက်ကြောင်း မပြန်သင့်တော့ပါ

ထိုအကြောင်းတွေကြောင့်ပဲ ယနေ့အချိန်မှာ စာရေးဆရာတွေ၊ စာနယ်ဇင်းဆရာတွေနဲ့ စာပေလောကသားတွေ အားလုံးက ပုံနှိပ်ခြင်းနှင့်

ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေမူကြမ်းကို တစ်ခဲနက် ပိုင်းဝန်းကန့်ကွက်နေကြတာပါ။

'စာနယ်ဇင်းတွေမှာ လွတ်လွတ်လပ်လပ်ရေးနိုင်ပြီး စာပေစိစစ်ရေးကို တင်စရာမလိုတော့ဘူးလို့ တစ်ဖက်ကပြောပြီး အခြားတစ်ဖက်မှာတော့ ဟောဒီလို ဟောဒီလိုမျိုး ငါတို့မကြိုက်တဲ့စာပေတွေကို မင်းတို့ ပုံနှိပ်ထုတ်ဝေမယ်ဆိုရင်တော့ သေဖို့သာပြင်ထား' ဆိုတဲ့သဘောမျိုး သက်ရောက်နေတဲ့ ဥပဒေမူကြမ်းမျိုးဟာ တကယ့်ကို ဒီမိုကရေစီခေတ်နဲ့ တခြားစီပဲ ဖြစ်ပါတယ်။

သမ္မတ ဦးသိန်းစိန်အစိုးရအနေနဲ့ မိမိတို့ အကြိမ်ကြိမ် ကြွေးကြော်နေသလို ဒီမိုကရေစီခရီးကို လျှောက်လှမ်းရာမှာ နောက်ကြောင်းပြန်လှည့်လိုစိတ် တကယ်မရှိဘူးဆိုရင်တော့ ယခုဥပဒေကြမ်းကို အသက်သွင်းမယ့်လုပ်ရပ်ကို ချက်ချင်း ရပ်တန့်လိုက်ရုံသာ ရှိပါတယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၃၇
မတ်၊ ၂၀၁၃

## ဒီမိုကရေစီခေတ်နဲ့ စာပေလွတ်လပ်ခွင့်

အာဏာရှင်နိုင်ငံတွေမှာတော့ စာပေလွတ်လပ်ခွင့် ရှိမရှိဆိုတဲ့ ပြဿနာဟာ ပြောနေရမယ့်ကိစ္စတောင် မဟုတ်ပါဘူး။ အာဏာရှင်နိုင်ငံမှန်သမျှဟာ အခြားသော လွတ်လပ်ခွင့်တွေနဲ့အတူ စာပေလွတ်လပ်ခွင့်ဟာလည်း အသေသတ်ခြင်း ခံကြရပါတယ်။ အာဏာရှင်တွေဟာ မဟုတ်၊ မတရားတာတွေကိုချည်း လုပ်နေကြသူတွေပီပီ သူတို့ရဲ့ မတရားမှုတွေ ပေါ်ထွက်မလာရေးအတွက် လွတ်လပ်ခွင့်မှန်သမျှကို ပိတ်ပင်ချေမှုန်းခဲ့ကြတယ်။ အာဏာရှင်တွေဟာ ယင်းသို့ ဆောင်ရွက်ရာမှာ စာပေလွတ်လပ်ခွင့်ကိုပါ တားဆီးပိတ်ပင်ဖို့ လိုတယ်ဆိုတဲ့ အချက်ကို မမေ့ကြပါဘူး။

စာပေလက်နက်ဟာ အာဏာရှင်တွေ အကြောက်ဆုံးလက်နက်တွေထဲက တစ်ခုပါ။ ဆရာကြီး ကားလ်မတ်(စ)၊ ဆရာကြီးသောမတ်(စ)ပိန်း၊ ဆရာကြီးဗော်လ်တဲယား၊ ဆရာကြီး စလေဦးပုည၊ ဆရာကြီး အချုပ်တန်း ဆရာဖေ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ ခေတ်တွေမှသည် ယနေ့ခေတ်တိုင်အောင် စာရေးဆရာစစ်စစ်တွေဟာ အမြဲတစေ ပြည်သူတွေဘက်က အမှန်တရား ဘက်ကသာ ရပ်တည်ခဲ့ကြပါတယ်။

ဒါ့ကြောင့်ပဲ အာဏာရှင်တွေဟာ ၎င်းတို့ အာဏာရနေချိန်မှာ စာပေလွတ်လပ်ခွင့်ကို အပြတ်ချေမှုန်းခဲ့ကြတယ်။ စာရေးဆရာတွေကို နာလန်မထူနိုင်အောင် နှိပ်ကွပ်ခဲ့ကြတယ်။

သို့ပေမယ့် အာဏာရှင်တွေဟာ ၎င်းတို့ရဲ့အာဏာရှင်စနစ် တည်မြဲရေးအတွက် စာပေလက်နက်ကို အသုံးချဖို့ကိုလည်း အခါအားလျော်စွာ ကြိုးပမ်းခဲ့ကြတယ်။

**ဂျပန်ခေတ်မှာလည်း စာပေကို အသုံးချခဲ့**

မြန်မာနိုင်ငံမှာ ဖက်ဆစ်ဂျပန်တွေအုပ်စိုးခဲ့စဉ်က ဂျပန်စစ်တပ်ဟာ ၎င်းတို့ရဲ့ ဖက်ဆစ်စနစ်ကောင်းကြောင်း ဝါဒဖြန့်ဖို့အတွက် စာပေလက်နက်ကို အသုံးချခဲ့ကြတယ်။ ဂျပန်ဝါဒဖြန့်ချိရေးဌာနဟာ မြန်မာစာရေးဆရာတွေကိုစုစည်းပြီး ၎င်းတို့ ထုတ်ဝေလိုတဲ့စာအုပ်တွေကို ဘာသာပြန်ခိုင်းခဲ့တယ်။ ဝါဒဖြန့်စာတွေကိုလည်း ရေးသားခိုင်းခဲ့တယ်။

သို့ပေမယ့် ထိုစဉ်က မြန်မာစာရေးဆရာတွေဟာ ဟင်းချက်နည်းစာအုပ်မျိုးကိုသာ ဘာသာပြန်ပေးခဲ့ပြီး ဂျပန်နေမျိုးနွယ်တွေကို အမွှမ်းတင်တဲ့ စာအုပ်တွေကို ဘာသာပြန်မပေးဘဲ အချိန်ဆွဲခဲ့တယ်။ ဒီလိုနဲ့ ဂျပန်တွေ စစ်ရှုံးပြီး လက်နက်ချခဲ့ရချိန်အထိ ထိုစာအုပ်တွေကို ဘာသာပြန်မပေးဘဲ ထားခဲ့ပါတယ်။

မြန်မာနိုင်ငံ ဖက်ဆစ်ဂျပန်တို့ရဲ့ အုပ်စိုးမှုအောက်ကို ကျရောက်ခဲ့ချိန်မှာ စာရေးသားမှုကြောင့် အသက်ပေးခဲ့ရသူတစ်ဦးကတော့ ရွှေနေကြီးလက်ပံတန်း ဦးဘတင်ပဲ ဖြစ်ပါတယ်။ ဦးဘတင်ဟာ ဖက်ဆစ်ဂျပန်တွေ မြန်မာနိုင်ငံကို ရောက်မလာခင်ကတည်းက ဂျပန်ဆန့်ကျင်ရေးစာအုပ်တစ်အုပ်ကို ဘာသာပြန်ကာ ထုတ်ဝေခဲ့တယ်။

ဖက်ဆစ်တွေအုပ်စိုးချိန်မှာတော့ ဂျပန်သူလျှိုတွေ သတင်းပေးတွေကြောင့် ဦးဘတင်က ကင်ပေတိုင်ရဲ့ဖမ်းဆီးသတ်ဖြတ်တာကို ခံခဲ့ရပါတယ်။

**အာဏာရှင်တစ်ပိုင်း နိုင်ငံတွေလည်း လက်သံပြောင်**

စာရေးဆရာတွေနဲ့ စာပေလွတ်လပ်ခွင့်ကို ပိတ်ပင်ချေမှုန်းရာမှာ အာဏာရှင်နိုင်ငံတွေနောက်က ရိုးစွဲနီးပါးလိုက်တဲ့နိုင်ငံတွေကတော့ အာဏာရှင် တစ်ပိုင်းနိုင်ငံတွေပဲ ဖြစ်တယ်။

အာဏာရှင်တစ်ပိုင်းနိုင်ငံတွေကတော့ အာဏာရှင်နိုင်ငံတွေမှာလို အာဏာရှင်တစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုတစ်စုက အမိန့်ကြေညာချက်တွေထုတ်ပြန်ပြီး ပြည်သူလူထုအပေါ် ခပ်ပြောင်ပြောင်ဖိုလ်ကျကာ အုပ်ချုပ်တဲ့နိုင်ငံတွေ မဟုတ်ပါဘူး။

အာဏာရှင်တစ်ပိုင်းနိုင်ငံတွေမှာ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ သဘောမျိုး ဖော်ဆောင်ထားတဲ့ ဌာနအဖွဲ့အစည်းအဆောက်အအုံတွေ သို့မဟုတ် အင်စတီကျူးရှင်း (Institution) တွေ ရှိပါတယ်။ ထိုနိုင်ငံမျိုးတွေမှာ နိုင်ငံရေးပါတီနဲ့ လွှတ်တော်တို့ရှိနိုင်ပေမယ့် အာဏာရနိုင်ငံရေးပါတီ တစ်ပါတီတည်း ရှိတတ်ပါတယ်။

ထိုနိုင်ငံမျိုးတွေမှာ နိုင်ငံရေးပါတီ သုံးလေးပါတီရှိမယ်ဆိုရင်လည်း ကျန်ပါတီတွေဟာ အာဏာရပါတီရဲ့ အဆွယ်အပွားပါတီတွေသာ ဖြစ်လေ့ ရှိတယ်။

တစ်ခါတစ်ရံမှာ အာဏာရှင်တစ်ပိုင်းနိုင်ငံတွေဟာ ၎င်းတို့ရဲ့ပုံရိပ် (Image) ကို နိုင်ငံတကာအလယ်မှာ အကောင်းဘက်က ပုံဖော်ပြသလိုတဲ့ အတွက် ပြည်သူတွေမှာ လွတ်လပ်မှုအခွင့်အရေးတွေရှိနေလေဟန် ဖော်ထုတ်ပြသလေ့ရှိတယ်။ ထိုနိုင်ငံတွေရဲ့ အုပ်စိုးသူတွေဟာ မိမိတို့နိုင်ငံမှာ စာပေလွတ်လပ်ခွင့် ရှိနေတယ်ဆိုတဲ့ပုံရိပ်မျိုးကို ထုတ်ဖော်ပြသနိုင်ဖို့အတွက် စာပေခရိုနီတွေကို လက်သပ်မွေးခဲ့ကြပါတယ်။ ထိုစာရေးဆရာတွေကို စာပေအဖွဲ့အစည်းတွေမှာခေါင်းဆောင်စေပြီး စာပေလွတ်လပ်ခွင့် အတုအယောင်တွေကိုပဲ ပေးလေ့ရှိပါတယ်။

အဆိုပါ စာပေခရိုနီတွေဟာ ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲအကျပ်အတည်းတွေအကြောင်းကို လုံးဝမရေးဘဲ သို့မဟုတ် ရေးပြန်ရင်လည်း ခပ်ဖော့ဖော့ရေးပြီး ပြည်သူတွေအတွက် တကယ်အရေးမပါတဲ့ အကြောင်းအရာတွေကိုသာ တုတ်တစ်ပြက်ဓားတစ်ပြက် ဖြစ်လုနီးပါးတတ် (သူတို့အချင်းချင်းအကြားမှာ) ရေးသားလေ့ ရှိကြတယ်။

ထိုအဖြစ်တွေကတော့ ဆိုဗီယက်ပြည်ထောင်စု မပြိုကွဲမီက အချို့သော ဆိုရှယ်လစ်နိုင်ငံတွေမှာတွေ့ရတဲ့ အခြင်းအကျင်းအချို့ပဲ ဖြစ်ပါတယ်။

**စာပေလွတ်လပ်ခွင့် အတော်အတန်ရှိခဲ့ဖူး**

ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့ချိန်ကစပြီး ၁၉၅၈ ခုနှစ် စက်တင်ဘာလအထိ ကာလအတွင်းမှာ စာပေလွတ်လပ်ခွင့် အတော်အတန် ရှိခဲ့ပါတယ်။ ထိုကာလဟာ ဖဆပလ အစိုးရအုပ်ချုပ်တဲ့ ပါလီမန်ဒီမိုကရေစီခေတ်ပါ။

ထိုကာလအတွင်းမှာ မြန်မာ၊ အင်္ဂလိပ် ပုဂ္ဂလိကသတင်းစာတွေ အပြင် တရုတ်သတင်းစာ၊ ကုလားသတင်းစာတွေပင် ထုတ်ဝေခွင့်ရခဲ့တယ်။ မြန်မာသတင်းစာတွေထဲမှာ ရန်ကုန်၊ မြန်မာ့အလင်း၊ ဟံသာဝတီ၊ ဗမာ့ခေတ်၊ ထွန်းနေ့စဉ် စတဲ့ သတင်းစာတွေဟာ ထင်ရှားတဲ့သတင်းစာတွေ ဖြစ်ပါတယ်။

နေရှင်း၊ ဘားမင်း (The Burman)၊ ဂါဒီယန် စတဲ့ အင်္ဂလိပ် သတင်းစာတွေ ရှိခဲ့တယ်။ ဒါ့အပြင် တရုတ်ဘာသာ၊ မဒရာစီဘာသာတွေနဲ့ ထုတ်ဝေတဲ့ တရုတ်သတင်းစာ၊ ကုလားသတင်းစာတွေပင် ရန်ကုန်မှာ ရှိခဲ့တယ်။

မဂ္ဂဇင်းတွေထဲမှာတော့ ရှုမဝ၊ သွေးသောက်၊ သင့်ဘဝမဂ္ဂဇင်းတွေ ရှိခဲ့ပြီးနောက်ပိုင်းမှာ မြဝတီမဂ္ဂဇင်းနဲ့ ငွေတာရီမဂ္ဂဇင်းတွေ ပေါ်ထွက်ခဲ့တယ်။ ဒါ့အပြင် အခါအားလျော်စွာထုတ်ဝေတဲ့ စာစောင်၊ မဂ္ဂဇင်းတွေလည်း ရှိခဲ့ပါတယ်။

ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရပ်တွေ အပါအဝင် လုံးချင်းစာအုပ်တွေလည်း အများအပြား ထုတ်ဝေခဲ့ပါတယ်။

ဒါ့အပြင် ပြည်သူ့ဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ လင်းယုန်ဂျာနယ် စတဲ့ ဂျာနယ်တွေလည်း ထွက်ခဲ့တယ်။ အဆိုပါ သတင်းစာတွေ၊ မဂ္ဂဇင်း ဂျာနယ်တွေဟာ ဘယ်လို စာပေစိစစ်ရေးမျိုးကိုမှ မဖြတ်သန်းခဲ့ရပါဘူး။

ထိုခေတ်တုန်းကထုတ်ဝေခဲ့တဲ့ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ရေးသားခဲ့ကြတဲ့ စာရေးဆရာတွေဟာ မိမိရေးတဲ့စာကို စာရေးနေစဉ်မှာ မိမိဘာသာတည်းဖြတ် (Self Edit) ခဲ့ကြတယ်။ အယ်ဒီတာတွေကလည်း မိမိရဲ့မဂ္ဂဇင်းစာစောင်ပေါ်လစီ၊ စာပေအယူအဆ၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုရှုထောင့်၊ ဥပဒေရေးရာရှုထောင့်တွေပေါ်မှာ အခြေခံပြီး စာရေးဆရာတွေရဲ့စာတွေကို တည်းဖြတ်ခဲ့ကြပါတယ်။

ယင်းသို့ တည်းဖြတ်ခဲ့တဲ့ကြားကပဲ တစ်ခါတစ်ရံမှာ သတိလစ်သွားခဲ့တဲ့ စာနယ်ဇင်းအချို့ဟာ အသရေဖျက်မှု (Law of Defamation)၊ ကလေးသူငယ်ဥပဒေ စတဲ့ ဥပဒေတွေနဲ့တရားစွဲဆိုခြင်း ခံခဲ့ရတယ်။ ထိုခေတ်က အချို့သောဂျာနယ်တွေနဲ့ စာရေးဆရာ အယ်ဒီတာတွေဟာ နိုင်ငံရေးကြောင့် ဖမ်းဆီးအရေးယူခံရတာတွေတော့ ရှိခဲ့တယ်။

သို့ပေမယ့် ထိုခေတ်က ယင်းသို့ အရေးယူခံရမှုတွေဟာ နှိုင်းယှဉ်မှုအရ အတော်နည်းခဲ့တယ်လို့ ဆိုရမှာပါ။

## စာပေလွတ်လပ်ခွင့် စတင်ဆုံးရှုံး

၁၉၅၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့မှာ ဖဆပလ ဦးနုအစိုးရထံမှ နိုင်ငံ့အာဏာကို စစ်တပ်ကလွှဲပြောင်းယူခဲ့ပြီး ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်တဲ့ အိမ်စောင့်အစိုးရဖွဲ့စည်းခဲ့တယ်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်မှာတော့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ ဦးနုခေါင်းဆောင်တဲ့ ပြည်ထောင်စုပါတီ (ပထစ) အစိုးရဟာ အိမ်စောင့်အစိုးရထံမှ အာဏာကို လွှဲပြောင်းရယူခဲ့ပါတယ်။

ထိုအိမ်စောင့်အစိုးရလက်ထက်မှာပဲ စာပေလွတ်လပ်ခွင့်အချို့ စတင်ဆုံးရှုံးခဲ့ပါတယ်။ ဖဆပလအစိုးရလက်ထက်က 'ပုံနှိပ်ထုတ်ဝေသူများထုတ်ဝေခွင့်' လိုင်စင်ကိုတစ်ကြိမ်ရပြီးသူတွေဟာ အဆက်မပြတ်ထုတ်ဝေခွင့်ရခဲ့ပါတယ်။ သို့ပေမယ့် အိမ်စောင့်အစိုးရလက်ထက်မှာ ထုတ်ဝေခွင့်ကို

တစ်နှစ်တစ်ကြိမ် ထပ်မံလျှောက်လွှာတင်ဖို့ ဥပဒေတစ်ရပ်ကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ထိုစဉ်က အဆိုပါဥပဒေကို ကြေးမုံ၊ ဗိုလ်တထောင်နဲ့ ရန်ကုန်သတင်းစာသုံးစောင်က ကန့်ကွက်တဲ့သတင်းတွေ၊ ဆောင်းပါးတွေကို ရေးခဲ့တယ်။ အိမ်စောင့်အစိုးရက ထိုသတင်းစာသုံးစောင်ကို ပိတ်ပစ်ခဲ့ပြီး အယ်ဒီတာတွေကို ဖမ်းဆီးအရေးယူခဲ့ပါတယ်။

## ဘုန်းတော်ဘွဲ့တွေ မလိုချင်

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံအာဏာကိုရရှိခဲ့တဲ့ တော်လှန်ရေးကောင်စီအစိုးရနဲ့ နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်မှာတော့ စာပေလွတ်လပ်ခွင့်တွေဟာ ပိုမိုချိုးဖောက်ခံခဲ့ရပါတယ်။

တော်လှန်ရေးကောင်စီခေတ်ရဲ့ စောစောပိုင်းကာလမှာပဲ စာပေရေးသားမှုတွေ၊ ပုံနှိပ်ထုတ်ဝေမှုတွေကိုစိစစ်ကာ တားမြစ်ပိတ်ပင်မှုတွေ လုပ်လာခဲ့တယ်။ ၁၉၆၄ ခုနှစ် ဧပြီလအတွင်းမှာ သတင်းစာတိုက်တွေ၊ ပုံနှိပ်လုပ်ငန်းတွေနဲ့ စာပေတိုက်တွေ အားလုံးပြည်သူပိုင် အသိမ်းခံခဲ့ရတယ်။

စာရေးဆရာတွေ၊ သတင်းစာဆရာတွေနဲ့ ပုံနှိပ်ထုတ်ဝေသူ အချို့ဟာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရပါတယ်။

လမ်းစဉ်ပါတီခေတ် တစ်လျှောက်လုံးမှာ စာပေနဲ့စာရေးဆရာတွေ၊ ဂျာနယ်လစ်တွေရဲ့ လွတ်လပ်ခွင့်တွေဟာ အကြီးအကျယ် ချိုးဖောက်ခံခဲ့ရတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက စာပေတော်လှန်ရေးကြီး ဆင်နွှဲရမယ်။ ဘုန်းတော်ဘွဲ့တွေ မလိုချင်ဘူး။ အလုပ်သမား၊ လယ်သမားတွေရဲ့ ဘဝတွေကို ဖော်ကျူးတဲ့ စာပေတွေကိုသာ ရေးရမယ်လို့ လမ်းညွှန်ခဲ့တယ်။

သို့ပေမယ့်လည်း ထိုခေတ်တစ်လျှောက်မှာ အလုပ်သမား၊ လယ်သမားတွေရဲ့ ဘဝအမှန်ကိုဖော်ကျူးတဲ့စာပေတွေ မရှိသလောက် ရှားပါးခဲ့ပါတယ်။ 'ဗိုလ်ချုပ်ကြီးနေဝင်းက ဘုန်းတော်ဘွဲ့စာပေတွေ မလိုချင်ဘူးလို့

ပြောခဲ့လို့ ဘုန်းတော်ဘွဲ့တွေတော့ မပေါ်ပေါက်ခဲ့ပေမယ့် ဘွဲ့တော်ဘုန်းစာပေတွေသာ ပေါ်ပေါက်လာတယ်'ဆိုတဲ့ လှောင်ပြောင်သရော်သံတွေ ထွက်ပေါ်လာခဲ့တယ်။

ဗိုလ်ချုပ်ကြီးနေဝင်းရဲ့အတ္ထုပ္ပတ္တိစာအုပ်နဲ့ ဗိုလ်ချုပ်ကြီးကို ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်ထားတဲ့ ဆောင်းပါးတွေ ပေါ်ထွက်ခဲ့တယ်။

လမ်းစဉ်ပါတီခေတ်ရဲ့ နောက်ပိုင်းခေတ်တွေမှာလည်း စာပေနဲ့ ပြည်သူတွေရဲ့ ဉာဏ်အလင်းဟာ အမှောင်လွှမ်းခံခဲ့ရပါတယ်။

**ခေတ်မီ တိုးတက်ချင်ရင်**

တကယ်တော့ ကျွန်တော်တို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ်သို့ ရောက်စေချင်ရင် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ၊ အိုင်တီခေတ်ကြီးမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစတဲ့ အရေးကိစ္စတွေမှာ အခြားနိုင်ငံတွေရဲ့နောက်မှာ မကျန်ခဲ့စေလိုရင် ကျွန်တော်တို့နိုင်ငံမှာ စာပေလွတ်လပ်ခွင့်အပြည့်ရှိဖို့ လိုပါတယ်။

ကျွန်တော်တို့ရဲ့ စာပေနယ်မှာ စာကောင်းပေကောင်းတွေ ထွန်းကားဖို့ လိုတယ်။

ယင်းသို့ စာကောင်းပေမွန်တွေ ပေါ်ထွန်းဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အချက်ကတော့ စာရေးဆရာတွေအနေနဲ့ လွတ်လပ်စွာတွေးပြီး လွတ်လပ်စွာရေးခွင့်ရှိဖို့ လိုပါတယ်။

စာရေးဆရာတစ်ယောက်ဟာ စာတစ်ပုဒ်ကိုရေးနေစဉ်မှာ မိမိရဲ့ စာဟာ အဖြုတ်ခံရမလား၊ အဖြတ်ခံရမလားဆိုတဲ့ အတွေးမျိုးဝင်လာမယ်ဆိုရင် ထိုစာဟာ စာကောင်းပေကောင်း ဖြစ်မလာနိုင်ပါဘူး။ သို့မဟုတ် ထိုထက် တစ်ဆင့်တက်ပြီး မိမိရေးသားလိုက်တဲ့စာကြောင့် မိမိအပေါ်မှာ အန္တရာယ်တစ်စုံတစ်ရာများ ကျရောက်လာနိုင်မလားဆိုတဲ့အတွေးမျိုး ဝင်လာခဲ့ရင်တော့ ထိုစာရေးဆရာအနေနဲ့ စာတစ်လုံးမှကို ထွက်အောင်ရေးနိုင်တော့မှာ မဟုတ်ပါဘူး။

တကယ်တော့ စာရေးဆရာတွေဟာ မိမိရေးတဲ့ စာပေအပေါ်မှာ တန်ဖိုးအထားဆုံးသူတွေပဲ ဖြစ်တယ်။ ဒါ့ကြောင့် စာရေးဆရာစစ်စစ်မှန် သမျှဟာ မိမိအပေါ်မှာ စာဖတ်ပရိသတ်က ပြုံငြင်မယ့်စာမျိုးကို ဘယ်တော့မှ မရေးကြပါဘူး။ စာရေးဆရာတွေဟာ စာတစ်ပုဒ်ကို ရေးထုတ်လိုက်တိုင်း မိမိရေးသားတဲ့စာတွေကို မိမိကိုယ်တိုင်တည်းဖြတ် (Self Edit) လုပ်လေ့ ရှိပါတယ်။ စာရေးဆရာစစ်စစ်တွေဟာ မိမိရဲ့ဂုဏ်သိက္ခာကို တန်ဖိုးထား ကြပါတယ်။

နှစ်ပေါင်းများစွာ ဒီမိုကရေစီခံစားခွင့်တွေကို မရခဲ့ကြတဲ့ မြန်မာ နိုင်ငံက စာရေးဆရာတွေဟာ ဒီမိုကရေစီကို ကောင်းစွာတန်ဖိုးထားလေးစား တတ်ကြပါတယ်။ စာရေးဆရာတွေရဲ့အထက်မှာ ဘယ်သူမှရှိဖို့ မလိုပါဘူး။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၀၈
ဩဂုတ်၊ ၂၀၁၂

## ဒီမိုကရေစီ အရေးတော်ပုံသမိုင်း ပြုစုရန် အချိန်တန်ပြီ

**မိုးတွေ အဆက်မပြတ် ရွာသွန်းနေတဲ့ ထိုနေ့က ကျွန်တော်ဟာ စာအုပ်စင်တစ်ခုကို မွှေနှောက်ကြည့်မိရာမှ လွန်ခဲ့တဲ့ ၁၉၅၄ ခုနှစ်က ထုတ်ဝေခဲ့တဲ့ စာအုပ်တစ်အုပ်ကို အမှတ်မထင် တွေ့ရှိခဲ့ပါတယ်။**

စာအုပ်အမည်က 'ဒီမိုကရေစီမှတ်တမ်းကြီး'။ အင်္ဂလိပ်ဘာသာနဲ့ 'Records For Democratic Actions' လို့ ရေးထားပြီး စာအုပ်ရဲ့ရှေ့စာမျက်နှာတစ်ခုမှာတော့ 'ဒီမိုကရေစီအခွင့်အရေးကာကွယ်မှုကော်မတီမှ တင်ပြသည်' လို့ ရေးသားဖော်ပြထားပါတယ်။

ထိုစာရဲ့အောက်မှာ ၁၉၅၄ ခုနှစ် ဇူလိုင်လလို့ ရေးထားတာ တွေ့ရတယ်။ ထိုစာအုပ်ဟာ ၁၉၅၄ ခုနှစ်အတွင်းက ဒီမိုကရေစီအခွင့်အရေး ကာကွယ်မှုဗဟိုကော်မတီက ထုတ်ဝေခဲ့တဲ့ ဒီမိုကရေစီအခွင့်အရေး မှတ်တမ်းစာအုပ်တစ်အုပ်ပါ။

ထိုအချိန်ဟာ ဖဆပလအစိုးရအုပ်စိုးနေတဲ့ကာလဖြစ်ပြီး ပမညတ (ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု) မပေါ်ပေါက်သေးပါဘူး။ အတိုက်အခံ ပမညတအဖွဲ့ကြီး မပေါ်ပေါက်သေးပေမယ့် ထိုအချိန်မှာ ဖဆပလအစိုးရကို ဆန့်ကျင်နေကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ လူထုလူတန်းစားအဖွဲ့တွေတော့ ပေါ်ပေါက်နေပါပြီ။

ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊ တို့ဗမာအစည်းအရုံး၊ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု၊ ဗမာပြည်အလုပ်သမား လယ်သမားပါတီ၊ ပြည်သူ့ညီညွတ်ရေးပါတီ၊ ပြည်သူ့လူငယ်အဖွဲ့ချုပ်၊ သိမ်ကြီးဈေးဗဟိုသမဂ္ဂ၊ မွန်တိုင်းရင်းသားများအစည်းအရုံး၊ ကရင်ကွန်ဂရက်စတဲ့အဖွဲ့တွေ ပေါ်ပေါက်နေပါပြီ။ ထိုအချိန်ကာလဟာ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်မီးကြီးအရှိန်အဟုန်ပြင်းပြင်းနဲ့ တောက်လောင်နေဆဲကာလပဲ ဖြစ်ပါတယ်။ ဖဆပလဆိုရှယ်လစ်တွေရဲ့ လက်နက်ကိုင်ပြောက်ကျားအဖွဲ့တွေဟာလည်း ရန်ကုန်မြို့လယ်ကလွဲပြီး တစ်နိုင်ငံလုံးမှာ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေတဲ့ကာလပဲဖြစ်တယ်။

ဒါ့အပြင် အာဏာပိုင်ဖဆပလအစိုးရကလည်း မိမိတို့ကို ဆန့်ကျင်နေသူမှန်သမျှကို ပုဒ်မအမျိုးမျိုးတပ်ပြီး မတရားဖမ်းဆီးထောင်ချနေတဲ့ကာလ၊ နှိပ်စက်နေတဲ့ကာလ ဖြစ်ပါတယ်။ ထိုကာလတုန်းက ဆိုရှယ်လစ်လက်နက်ကိုင်ပြောက်ကျားအဖွဲ့တွေရဲ့ မတရားသတ်ဖြတ်မှုတွေကြောင့်အသက်ဆုံးရှုံးသွားခဲ့ရသူတွေ အများအပြားရှိခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံအာဏာကို ရယူထားတဲ့ ဖဆပလအစိုးရရဲ့ဝန်ကြီး၊ ဝန်ကလေးတွေကလည်းတရားစီရင်ရေးယန္တရားနဲ့ အုပ်ချုပ်ရေးယန္တရားတွေကို ကြိုးကိုင်ခြယ်လှယ်ပြီး ပါတီအကျိုးအတွက် အသုံးချခဲ့ကြပါတယ်။

ထိုအချိန်မှာ ပြည်သူလူထုရဲ့ ဒီမိုကရေစီအခွင့်အရေးတွေဟာတောရောမြို့မှာပါ ဆိုးဆိုးဝါးဝါး ချိုးဖောက်ခံနေရတယ်။ ယင်းအခြေအနေတွေကြောင့် ထိုအချိန်တုန်းက သီးခြားစီရပ်တည်နေကြတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းအတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ လူထုလူတန်းစားအဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေဟာ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေး ကာကွယ်မှုဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကြတယ်။

ထိုကော်မတီရဲ့ ဥက္ကဋ္ဌကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစ်ကိုဖြစ်တဲ့ ဦးအောင်သန်း (ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု)၊ ဒုတိယဥက္ကဋ္ဌက တို့ဗမာအစည်းအရုံးမှ သခင်ဗမောင်၊ အထွေထွေ

အတွင်းရေးမှူးအဖြစ် သခင်လှကျွေ (သစ္စာဖောက်ဥပဒေတိုက်ဖျက်ရေး ကော်မတီ) က ဆောင်ရွက်ခဲ့တယ်။

သခင်လှကျွေဟာ ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီရဲ့ ခေါင်းဆောင်တစ်ဦး (ပေါ်လစ်ဗျူရိုအဖွဲ့ဝင်) လည်း ဖြစ်ပါတယ်။

အဆိုပါ ဗဟိုကော်မတီမှာ ဦးအရိယဝံသ (သံဃာ့ပါတီ)၊ ဦးရွှေဖြူ (ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု)၊ သခင်ဗဟန် (တလညစ)၊ ဦးလှတင် (သိမ်ကြီးဈေးဗဟိုသမဂ္ဂ)၊ မန်းထွန်းရင် (ကရင်ကွန်ဂရက်)၊ မွန်ထွန်းရင် (မွန်အမျိုးသား)၊ ဦးထွန်းအောင်ကျော် (အမှုထမ်းပေါင်းစုံသမဂ္ဂ)၊ သခင်ရှိန်ဇော် (ပြည်သူ့ပါတီ) စသူတို့ ပါဝင်တယ်။

ဒီမိုကရေစီအခွင့်အရေး ကာကွယ်မှုဗဟိုကော်မတီဟာ မြန်မာနိုင်ငံ တစ်ဝန်းမှာရှိတဲ့ ခရိုင်နဲ့မြို့နယ် အတော်များများမှာလည်း ဒီမိုကရေစီအခွင့် အရေး ကာကွယ်မှုကော်မတီတွေကို ဖွဲ့ခဲ့တယ်။ ဒီနောက် ပြည်သူလူထု အကြားမှာဖြစ်ပွားနေတဲ့ ဒီမိုကရေစီအခွင့်အရေး ချိုးဖောက်ခံရမှုတွေကို ဖော်ထုတ်ကာ တိုက်ပွဲဝင်ခဲ့ပါတယ်။

ဒါ့အပြင် ဒီမိုကရေစီအခွင့်အရေး ချိုးဖောက်ခံရမှုတွေနဲ့ပတ်သက် တဲ့ ဖြစ်ရပ်တွေကိုလည်း စာအုပ်ထုတ်ဝေကာ မှတ်တမ်းတင်ခဲ့တယ်။ ထို ခေတ်ကထုတ်ဝေခဲ့တဲ့ 'ဒီမိုကရေစီမှတ်တမ်းကြီး' စာအုပ်ထဲမှာ တရုတ်ဖြူ ကျူးကျော်မှုအန္တရာယ်ကိုတင်ပြနိုင်ဖို့ တရားပွဲတွေ ကျင်းပခွင့်တောင်းခဲ့တာ ကို အင်းစိန်ခရိုင်ဝန်က ခွင့်မပြုတဲ့သတင်းလည်း ပါဝင်တာတွေ့ရတယ်။

ချန်ကေရှိတ်တပ်တွေဟာ ၁၉၄၉ ခုနှစ်ကစပြီး မြန်မာနိုင်ငံအတွင်း ကို ဝင်ရောက်ကျူးကျော်ခဲ့ကြရာကနေ ၁၉၅၃ ခုနှစ် ရောက်ရှိချိန်မှာတော့ တရုတ်ဖြူ ကူမင်တန်တပ်တွေဟာ ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံရဲ့ နယ်မြေသုံးပုံတစ်ပုံအထိ ဝင်ရောက်နေကြပါပြီ။

ထိုစဉ်က ဖဆပလ အစိုးရကတော့ တရုတ်ဖြူတပ်အင်အားကို တစ်သောင်းနှစ်ထောင်ခန့် ရှိတယ်လို့ခန့်မှန်းခဲ့ကြပေမယ့် စာနယ်ဇင်းတွေ နဲ့ အတိုက်အခံတွေကတော့ အင်အားသုံးသောင်းလောက်ရှိမယ်လို့ခန့်မှန်း ခဲ့ကြတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ ၁၉၅၃ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ အောက်တိုဘာကျောင်းတစ်လပိတ်ရေး အရေးတော်ပုံသတင်းပါ။ တက္ကသိုလ်ကျောင်း တစ်လပိတ်ရေး ဆန္ဒပြခဲ့ကြတဲ့အတွက် ကျောင်းသားကျောင်းသူ ၃၀ ဦးကို ရာသက်ပန်ကျောင်းထုတ်ပြီး ကျောင်းသားကျောင်းသူ ၁၀ ဦးကို တစ်နှစ် ကျောင်းထုတ်ခဲ့တဲ့ဖြစ်ရပ်ကို ဖော်ပြထားပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီရဲ့ ကြွေးကြော်သံဖြစ်တဲ့ ပြည်သူ့တပ်ဦးဂျာနယ်ကို ဆောင်းပါးတစ်ပုဒ်ကြောင့် အာမခံငွေကျပ် ၃၀၀၀ အတင်နိုင်းပြီးပိတ်လိုက်တဲ့ သတင်းပါ။ နောက်သတင်းတစ်ပုဒ်ကတော့ 'ဗန်းမော်တင်အောင်အိမ် အရှာခံရခြင်း' ဆိုတဲ့ခေါင်းစဉ်နဲ့ ဖော်ပြထားတဲ့သတင်းပါ။ ၁၉၅၂ ခုနှစ် မတ်လ ၃၀ရက် နံနက်သုံးနာရီခန့်မှာ ဦးဝိစာရလမ်းနဲ့ မြေနီကုန်းဈေးလမ်းထောင့်မှာရှိတဲ့ ဆရာဗန်းမော်တင်အောင်အိမ်ကို ရဲအဖွဲ့ကဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခဲ့တဲ့သတင်းပဲ ဖြစ်တယ်။

ထိုသတင်းရဲ့အောက်မှာတော့ ဒီမိုကရေစီမှတ်တမ်းကြီးကို ပြုစုသူ အယ်ဒီတာက 'လူတစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့်ကို ဝရမ်းမပါဘဲ ညအချိန်မတော် ဖောက်ဖျက်ကျူးလွန်ကာ ရှာဖွေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖောက်ဖျက်လိုက်ရုံသာမကဘဲ တိုးတက်သည့်စာရေးဆရာများ၏ အခွင့်အရေးကို ချိုးနှိမ်ရာရောက်ကြောင်း လူတိုင်းသိရှိကြမည်ဖြစ်သည်' လို့ မှတ်ချက်ပေးခဲ့ပါတယ်။ ဒီမိုကရေစီမှတ်တမ်းကြီးစာအုပ်မှာ ဆရာဗန်းမော်တင်အောင်နဲ့ပတ်သက်တဲ့ နောက်သတင်းတစ်ပုဒ်ကိုလည်း တွေ့ရပါတယ်။

ထိုသတင်းကတော့ လင်းယုန်ဂျာနယ်ထုတ်ဝေနေတဲ့ ဆရာဗန်းမော်တင်အောင်ကို ပြည်တွင်းစစ်ဆောင်းပါးတစ်ပုဒ်နဲ့ သူပုန်ကြီးလုံးချင်းဝတ္ထုရေးသားမှု ၁၉၅၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှာ ဖမ်းဆီးအကျဉ်းချပြီး ရုံးတင်စစ်ဆေးကာ ၁၉၅၃ ခုနှစ် မေလ ၂၅ ရက်မှာ ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်တဲ့ သတင်းပါ။

ဒီမိုကရေစီမှတ်တမ်းကြီးစာအုပ်ထဲမှာ ကျွန်တော် ဖတ်ရှုရသမျှ မှတ်တမ်းသတင်းတွေကတော့ ဖဆပလ ဆိုရှယ်လစ်ပြောက်ကျားတွေက သာမန်ပြည်သူတွေကို နှိပ်စက်တဲ့သတင်းတွေနဲ့ အတိုက်အခံနိုင်ငံရေးသမား တွေကို မတရားဖမ်းဆီးထောင်ချတဲ့သတင်းတွေ၊ သေဒဏ်ချမှတ်တဲ့သတင်း တွေပဲ ဖြစ်တယ်။

လွတ်လပ်ရေးတိုက်ပွဲမှာ တက်တက်ကြွကြွပါဝင်ခဲ့ကြတဲ့ ကျွန်တော် တို့ထက် မျိုးဆက်တစ်ခု သို့မဟုတ် နှစ်ခုလောက်စောတဲ့ လူကြီးတွေက သူတို့ဖြတ်သန်းခဲ့ရတဲ့ခေတ်မှာ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ဘယ်လိုချိုးဖောက်ခံခဲ့ရတယ်ဆိုတာကို မှတ်တမ်းတင်ပြုစုခဲ့တာပါ။ ကျွန်တော် ဖတ်ရတဲ့စာအုပ်က ပထမပိုင်းပါ။ နောက်ထပ် ဒုတိယပိုင်းထွက်ဖြစ်သေး သလား၊ မထွက်ဖြစ်ဖူးလားဆိုတာကိုတော့ မသိပါဘူး။

ယနေ့ဆိုရင် ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံကြီး ပေါ် ပေါက်ခဲ့တာဟာ နှစ်ဆယ့်လေးနှစ်ကျော်လာပါပြီ။ ရှစ်လေးလုံးအရေးတော်ပုံ ကြီးမတိုင်မီကနေ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်ဆယ့်လေးနှစ် ကာလအတွင်းမှာ ကျွန်တော်တို့ပြည်သူတွေ ဒီမိုကရေစီအခွင့်အရေးတွေကို ဘယ်လောက်အထိ ချိုးဖောက်ခံခဲ့ကြရတဲ့အဖြစ်တွေကတော့ သမိုင်း တစ်စောင်စာပင် ကမယ်မထင်ပါဘူး။

တို့ဗမာအစည်းအရုံးရဲ့သမိုင်းကို တို့ဗမာသခင်ကြီးတွေ အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်နီးပါး အရွယ်တွေရောက်မှ ရေးဖြစ်ခဲ့တယ်။ ဖဆပလ ခေတ်က ဒီမိုကရေစီမှတ်တမ်းကြီးကိုတော့ ဒီမိုကရေစီအခွင့်အရေးကာကွယ်မှု ဗဟိုကော်မတီက ပြုစုခဲ့တယ်။

ယခုအချိန်မှာတော့ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ကိုယ်တိုင် ကိုယ်ကျပါဝင်ခဲ့ကြတဲ့၊ ဦးဆောင်ခဲ့ကြတဲ့ နိုင်ငံရေးသမားတွေ၊ ကျောင်းသား ခေါင်းဆောင်ဟောင်းတွေနဲ့ ပြည်သူတွေ အများအပြား ရှိနေဆဲပါ။ မဆလ အာဏာရှင်ခေတ်ကို မီခဲ့ကြသူတွေရော၊ ရှစ်လေးလုံးက စခဲ့တဲ့ ဒီမိုကရေစီ အရေးတော်ပုံမှာ ပါဝင်ခဲ့ကြသူတွေ၊ ယခုတိုင် ဒီမိုကရေစီလှုပ်ရှားမှုတွေမှာ

ပါဝင်နေဆဲဖြစ်သူတွေပါရှိနေကြတဲ့ ယနေ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီတော်လှန်ရေးသမိုင်းကြီးကို ပြုစုဖော်ထုတ်ကြဖို့ လိုပါတယ်။

မြန်မာ့ဒီမိုကရေစီတော်လှန်ရေးမှာ ပြည်သူတွေ ဘယ်အတိုင်းအတာအထိ အသက်သွေးတွေ ပေးခဲ့ရတယ်ဆိုတာနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို ပျက်ပြားသွားအောင် နောက်ဆုတ်သွားအောင် ဒီမိုကရေစီဆန့်ကျင်ရေးအင်အားစုတွေက ဘယ်လိုကြိုးပမ်းခဲ့ကြတယ်ဆိုတဲ့ အချက်တွေကို ဖော်ထုတ်ရေးသားကြဖို့ လိုပါတယ်။

နောင်နှစ်ပေါင်း သုံးဆယ် သို့မဟုတ် ငါးဆယ်ကြာမြင့်တဲ့အခါမှာ နောင်းခေတ်လူငယ်တွေအနေနဲ့ မြန်မာ့ဒီမိုကရေစီတော်လှန်ရေးကြီးရဲ့ သမိုင်းဖြစ်ရပ်တွေကို မှန်မှန်ကန်ကန် သိရှိရေးအတွက်၊ အလိမ်မခံရရေးအတွက် မြန်မာ့ဒီမိုကရေစီတော်လှန်ရေးသမိုင်းကို သက်ဆိုင်သူတွေ အားလုံးပူးပေါင်းကာ ပြုစုကြဖို့ လိုပါတယ်။

သို့မှသာ နောင်းခေတ်ပြည်သူတွေဟာ သမိုင်းလိမ်၊ သမိုင်းညာတွေရဲ့အန္တရာယ်မှ ကင်းဝေးမှာ ဖြစ်တယ်။ မြန်မာ့ဒီမိုကရေစီတော်လှန်ရေးကြီးရဲ့ ခရီးရှည်ကြီးတစ်လျှောက်မှာ ဘဝတွေ၊ အသက်တွေ စွန့်လွှတ်ခဲ့ကြသူတွေ၊ စွန့်လွှတ်နေဆဲသူတွေက ဘယ်သူတွေဖြစ်ကြတယ်ဆိုတာကို သိရှိကြမှာပါ။

ဒ့်အပြင် တော်လှန်ရေးကို သစ္စာဖောက်သူတွေ၊ ဘက်ပြောင်းခိုလှုံသူတွေက ဘယ်သူတွေဖြစ်ကြပြီး ဒီမိုကရေစီအင်အားစုတွေအကြားမှာ သပ်လျှိုသွေးခွဲသူတွေနဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ကြိုးပမ်းအားထုတ်သူတွေက ဘယ်သူတွေ ဖြစ်ကြတယ်ဆိုတာကို နောင်းလူတွေအနေနဲ့ သိရှိလာကြမှာ ဖြစ်တယ်။

ပြည်သူ့ခေတ်ဂျာနယ်၊
တွဲ ၃၊ အမှတ် ၁၁၂
စက်တင်ဘာ၊ ၂၀၁၂

## ဦးခင်မောင်မြင့် သို့မဟုတ် ရှားရှားပါးပါး သံမဏိ နိုင်ငံရေးသမား

ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီက သူ့ရဲ့ အနုပညာအောင်မြင်မှုအဖြစ် 'မိုနာလီဇာအပြုံး' လို့ လူတွေခေါ်ကြတဲ့ ပန်းချီကားကို ဖော်ပြနိုင်ပါတယ်။ ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး လီယိုတော်လ်စတွိုင်းက သူရေးသားခဲ့တဲ့ 'စစ်နဲ့ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို လက်ညှိုးထိုးပြပြီး 'ဟောဒါက ငါ့ရဲ့အနုပညာအောင်မြင်မှုကွ' လို့ ရဲရဲတင်းတင်း ပြောနိုင်တဲ့အခြေအနေမှာ ရှိခဲ့တယ်။

သိပ္ပံပညာကျော် အိုင်းစတိုင်းက 'ရီလေတီဗိတီ သီအိုရီ' စာအုပ်ကြီးကိုထောင်ပြပြီး 'ဟောဒါကတော့ ငါ့ရဲ့အောင်မြင်မှုပဲကွ'လို့ လက်မထောင်ပြီး ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။

သို့ပေမယ့် ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်ကို ယုံကြည်ချက်ခိုင်ခိုင်မာမာနဲ့ ဆင်နွှဲနေတဲ့ တော်လှန်ရေးသမားတစ်ယောက်အဖို့ကတော့ တော်လှန်ရေးကြီးတစ်ခု အောင်မြင်ခဲ့သည့်တိုင်အောင် 'ဒါဟာ ငါ့ရဲ့စွမ်းဆောင်မှုကြောင့် ဖြစ်တာကွ'လို့ မပြောနိုင်ပါဘူး။ တော်လှန်ရေးကြီးတစ်ရပ်အောင်ခြင်းဟာ ထိုနိုင်ငံရှိ ပြည်သူတွေရဲ့အောင်မြင်မှုသာ ဖြစ်ပါတယ်။

တကယ်လို့သာ မိမိပါဝင်ဆင်နွှဲနေတဲ့ တော်လှန်ရေးကြီး ကျရှုံးသွားခဲ့မယ်ဆိုရင်တော့ ထိုတော်လှန်ရေးသမားအတွက် ပြစရာအောင်မြင်မှုဆိုလို့ သူ့ရဲ့နှလုံးသားနဲ့ သူ့ရဲ့ဘဝမှာ ထင်ကျန်ခဲ့တဲ့ သေရာပါဒဏ်ရာဒဏ်ချက်တွေသာ ဖြစ်မှာပါ။

စံပယ်စာအုပ်

ကျွန်တော်သိကျွမ်းခဲ့တဲ့ ထိုသူမျိုးတွေထဲက တစ်ဦးကတော့ ပြည်သူ့တိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌဖြစ်ခဲ့သူ ဦးခင်မောင်မြင့်ပါပဲ။

ကျွန်တော် ဦးခင်မောင်မြင့်ကို ပထမဆုံး အနီးကပ်တွေ့ဆုံဖူးခဲ့တာကတော့ ဆူးလေဘုရားလမ်းထောင့်နဲ့ အနော်ရထာလမ်းထောင့်မှာရှိခဲ့တဲ့ (ထိုအဆောက်အအုံကို မကြာသေးမီက ဖျက်ပစ်ခဲ့ပြီး အဆောက်အအုံသစ်ပြန်ဆောက်ဖို့ စီစဉ်နေပါတယ်) အဆောက်အအုံမှာ ရှိခဲ့ဖူးတဲ့ ပြည်သူ့လူငယ်အဖွဲ့ချုပ်ရုံးမှာပါ။

နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း တစ်ဆယ့်လေးဖွဲ့လောက်ထဲက ပြည်သူ့လူငယ်အဖွဲ့ချုပ်ဆိုတာကတော့ ပမညတ တပ်ပေါင်းစုဝင် လူငယ်အဖွဲ့တစ်ဖွဲ့ပါ။

ထိုအချိန်တုန်းက ကျွန်တော်ဟာ ရန်ကုန်ဆေးရုံကြီးရှေ့ ဟိုက်ကျေးမှာ ကျောင်းတက်နေခဲ့တာပါ။ ပထမ ခုနစ်တန်းကျောင်းသား၊ နောက် ရှစ်တန်း၊ ဆယ်တန်းကျောင်းသား ကျွန်တော့်ရဲ့ ကျောင်းသားဘဝ တစ်လျှောက်မှာ ပြည်သူ့လူငယ်အဖွဲ့ချုပ်ရုံးကို တစ်ရက်ခြား တစ်ခါ၊ နှစ်ရက်ခြား တစ်ခါ တစ်ခါတလေမှာလည်း နေ့စဉ်လိုလို ကျောင်းသွားကျောင်းပြန် ရောက်ခဲ့ပါတယ်။

ကျွန်တော်ဟာ ပြည်သူ့လူငယ်အဖွဲ့ချုပ်ကို ရောက်လေတိုင်းမှာ ကိုသန်း (အင်းစိန်)၊ ကိုချန်ထွန်း၊ ကိုတင်အေး (တသက ဥက္ကဋ္ဌဟောင်း၊ ကွယ်လွန်)၊ ကိုအေးမောင်၊ ကိုရဲမြင့်၊ ကိုသန်းမြင့် (နောင် မိုလ်တထောင် သတင်းစာအယ်ဒီတာဟောင်း) တို့နဲ့ မကြာခဏဆုံဖြစ်ခဲ့ စကားဝိုင်းဖွဲ့ ဖြစ်ခဲ့ပါတယ်။

တစ်ခါတစ်ရံမှာလည်း ကိုအောင်ဗန်း(ထိုအချိန်က ပြည်သူ့လူငယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ကိုသိန်းလွင် (စာရေးဆရာ မောင်သာရ)နဲ့ ဦးခင်မောင်ထွေး (ခင်မောင်ထွေး၊ ပျဉ်းမနား)တို့ကို အဖွဲ့ချုပ်မှာတွေ့ရလေ့ ရှိတယ်။ တကယ်တော့ ထိုလူကြီးတွေဟာ အသက်အရွယ်အားဖြင့် ကျွန်တော့်ထက် များစွာ

ကြီးသူတွေပါ။ သို့ပေမယ့် ထိုအချိန်တုန်းက ကျွန်တော်အပါအဝင် ကျွန်တော်နဲ့ သက်တူရွယ်တူ လူငယ်တွေက သူတို့ရဲ့နာမည်တွေရှေ့မှာ 'ကို' တပ်ပြီး ခေါ်ဝေါ် ဆက်ဆံခဲ့ကြပါတယ်။

ကိုအောင်ဗန်း၊ ကိုတင်အေး၊ ကိုသန်းမြင့် စသည်ဖြင့် တရင်းတနှီး ခေါ်ဝေါ်ခဲ့ကြတယ်။ ထိုစဉ်ကဆိုရင် ကျွန်တော်တို့ဟာ အသက်အကြီးဆုံး ဖြစ်တဲ့ ဒေါက်တာမောင်မောင်ကျော်ကိုပင် ကိုမောင်မောင်ကျော်လို့ တရင်းတနှီး ခေါ်ဝေါ်ခဲ့ကြတယ်။ ထိုလူကြီးတွေကလည်း ကျွန်တော်တို့ ချာတိတ်တွေကို တပြုံးပြုံးနဲ့ တုံ့ပြန်ဆက်ဆံခဲ့ကြပါတယ်။

## ပြည်သူ့လူငယ်အဖွဲ့ချုပ်မှာ တွေ့ဆုံခဲ့

တစ်နေ့သားမှာတော့ ကျွန်တော်တို့ လူငယ်တွေ ပြည်သူ့လူငယ်အဖွဲ့ချုပ်ရုံးမှာ စုဝေးရောက်ရှိနေချိန်မှာ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ကိုသန်းမြင့်နဲ့ သူနဲ့ရွယ်တူလူတစ်ယောက် ရုံးခန်းထဲကို ဝင်လာကြပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ပခုံးဖက်ပြီး ဝင်လာကြတာပါ။

ထိုသူဟာ အသားညိုညို၊ မျက်နှာသွယ်သွယ်နဲ့ ကိုယ်လုံးကိုယ်ဟန် ခပ်ပိန်ပိန်ပါ။ ကျွန်တော့်အနားမှာထိုင်နေတဲ့ သူငယ်ချင်းက 'သူ ဘယ်သူလဲကွ'လို့ ခပ်တိုးတိုးမေးလာပါတယ်။ ကျွန်တော်က သူ့အမည်ကို ခပ်တိုးတိုးပဲ ပြန်ပြောလိုက်တယ်။ 'ကိုခင်မောင်မြင့်ဆိုတာ သူပေါ့ကွ၊ ပီကျူ(P³) ကလေ'ကျွန်တော်ဟာ သူ့ကို ဒီအရင်ကတည်းက တစ်ခါနှစ်ခါ မြင်ဖူးနေခဲ့တာပါ။

ထိုနေ့က ကိုသန်းမြင့်က သူ့ကို ကျွန်တော်တို့ ချာတိတ်တွေနဲ့လည်း မိတ်ဆက်ပေးခဲ့ပါတယ်။ ကျွန်တော်ဟာ ထိုအချိန်ကစပြီး သူ့ကို တစ်ခါတစ်ရံမှာ နီးနီးကပ်ကပ် တစ်ခါတစ်ရံမှာ ခပ်ဝေးဝေးက တွေ့မြင်ခဲ့ရတယ်။ ဆရာကြီးမှိုင်းဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး လူထုဆန္ဒပြပွဲတွေမှာ အစည်းအဝေးအချို့မှာ သူ့ကို တွေ့ခဲ့ရတယ်။ တစ်ခါကလည်း

(ကန်တော်မင်ပန်းခြံမှာလို့ထင်ပါတယ်) လူထုအစည်းအဝေးတစ်ခုနဲ့ စင်မြင့်ပေါ်မှာ စိတ်ပါလက်ပါ ဟောပြောနေတဲ့သူ့ကို တွေ့ခဲ့ရပါတယ်။

**သံမဏိ နိုင်ငံရေးသမားတစ်ယောက်**

တကယ်တော့ ဦးခင်မောင်မြင့်ဟာ 'သူ့ရဲ့ဘဝတာ တစ်ခုလုံးကို သူ့ရဲ့နိုင်ငံရေးယုံကြည်ချက်အတွက် ပေးဆပ်ခဲ့တဲ့ သံမဏိနိုင်ငံရေးသမား တစ်ယောက်'ပဲ ဖြစ်ပါတယ်။

ဦးခင်မောင်မြင့်ဟာ ၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်မှာ ဒေးဒရဲမြို့ အဘ ဦးရွှေလင်း၊ အမိ ဒေါ်စောဥတို့မှ မွေးဖွားခဲ့သူဖြစ်တယ်။ သူဟာ သားသမီးငါးယောက်ထဲက စတုတ္ထသားဖြစ်ပြီး သူ့အောက်က ညီဖြစ်သူကတော့ ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ်က တမ်းတမ်းတတ ရှိခဲ့ရတဲ့ 'ကြင်နာခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်'၊ 'တစ်ဆောင်းသစ်ပြန်ပြီ' စတဲ့ သီချင်းတွေနဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ နိုင်ငံကျော်အဆိုတော်ကြီး ကိုသန်းလှိုင် (ကွယ်လွန်)ပဲ ဖြစ်ပါတယ်။

ဦးခင်မောင်မြင့်ရဲ့ မိဘတွေဟာ ဒေးဒရဲမြို့ သဲကုန်းလေးကျေးရွာက ချမ်းသာတဲ့လယ်သမားတွေ ဖြစ်တယ်။ ဦးခင်မောင်မြင့်ရဲ့ မိဘတွေဟာ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာခဲ့ပြီးနောက် ၁၉၃၇ ခုနှစ်မှာ ဦးခင်မောင်မြင့်ကို မက်သဒစ်အမျိုးသမီးကျောင်းမှာ စတင်ပညာသင်စေခဲ့ပါတယ်။ ဦးခင်မောင်မြင့်ဟာ ၁၉၄၆ ခုနှစ် စိန့်ဂျွန်းဒိုင်အိုယောက်ဂျားလေးကျောင်းမှာ ပြောင်းရွှေ့ပညာသင်ခဲ့တယ်။ စိန့်ဂျွန်းကျောင်းကို ရောက်ရှိချိန်မှာတော့ ဦးခင်မောင်မြင့်ကျောင်းအမည်ဟာ 'ဂျော့ရွှေလင်း' ဖြစ်လာခဲ့ပါတယ်။

သူဟာ ၁၉၄၉ ခုနှစ်မှာ ဒသမတန်းအောင်ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်မှာ တက်ရောက် ပညာသင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကို ရောက်ခဲ့ချိန်မှာတော့ ဦးခင်မောင်မြင့်ရဲ့ နှလုံးသားထဲမှာ နိုင်ငံရေးစိတ်ဓာတ်ဟာ သန္ဓေတည်လာခဲ့တယ်။

သူဟာ ၁၉၄၉ ခုနှစ်မှာ ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ (ရကသ) အမှုဆောင်တစ်ဦးဖြစ်လာခဲ့တယ်။ ၁၉၅၀ ခုနှစ်မှ ၁၉၅၁ ခုနှစ် အထိ အသစ်ပြန်ဖွဲ့ခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ ချုပ် (ဗကသများအဖွဲ့ချုပ်)ရဲ့အမှုဆောင်ဖြစ်ခဲ့ပြီး ၁၉၅၂-၅၃ ခုနှစ် ရန်ကုန် တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ)ရဲ့ အမှုဆောင်တစ်ဦး ဖြစ်ခဲ့ပါတယ်။

**တော်လှန်ရေးဆက်သားကလေး**

တကယ်တော့ ဦးခင်မောင်မြင့်ရဲ့ နိုင်ငံရေးစိတ်ဓာတ်ဟာ ဂျပန် တော်လှန်ရေးကာလကတည်းက စတင်ခဲ့သန္ဓေတည်ခဲ့တယ်လို့ ဆိုရမှာပါ။ ဂျပန်တော်လှန်ရေးကာလတုန်းက ဒေးဒရဲ့ သဲကုန်းလေးကျေးရွာမှာရှိတဲ့ ဦးရွှေလင်း၊ ဒေါ်စောဥတို့ရဲ့နေအိမ်ဟာ ဂျပန်တော်လှန်ရေးတိုင်း ၂ ရဲ့ဌာန ချုပ်ဖြစ်ခဲ့ပါတယ်။ တိုင်း ၂ ဌာနချုပ်ရဲ့ နိုင်ငံရေးမှူးက သခင်စိုးဖြစ်ပြီး စစ်ရေးတာဝန်ခံကတော့ ဗိုလ်မှူးကြီးနေဝင်းပါ။

ထိုအချိန်တုန်းက အသက်တစ်ဆယ့်လေးငါးနှစ်အရွယ်သာရှိသေး တဲ့ ကိုခင်မောင်မြင့်ဟာ သခင်စိုး၊ ဗိုလ်မှူးကြီးနေဝင်းနဲ့ အခြားခေါင်းဆောင် တွေအကြားမှာ ဆက်သားအဖြစ် ဆောင်ရွက်ခဲ့ရသူပါ။

ထိုစဉ်က တယောထိုးဝါသနာကြီးပြီး ကျွမ်းကျင်မှုလည်းရှိတဲ့ သခင်စိုးတယောထိုးချင်တဲ့ဆန္ဒ ပေါ်ပေါက်လာတဲ့အခါမျိုးမှာ (ဘေးပတ်ဝန်း ကျင်က လူတွေ သခင်စိုးရှိမှန်းမရိပ်မိအောင်) ထိုနယ်မှာ နာမည်ကျော် တယောဆရာကြီး ဦးလစ်ဆိုသူကို အိမ်သို့ ဖိတ်ခေါ်ထမင်းကျွေးပြီးအိပ်နိုင်း ကာ သခင်စိုးက ဦးလစ်တယောထိုးတဲ့ပုံစံနဲ့ တယောထိုးလေ့ရှိခဲ့ပါတယ်။ ထိုအချိန်မျိုးတွေမှာ ကိုခင်မောင်မြင့်က ဦးလစ်ကို သွားခေါ်ပေးခဲ့ရပါတယ်။

ဦးခင်မောင်မြင့်ဟာ ဘီအက်စီ နောက်ဆုံးနှစ်ရောက်တဲ့ ၁၉၅၂ ခုနှစ်မှာ ဦးထွန်းဖေ၊ ဒေါ်ကျင်ရီတို့ရဲ့သမီး ဒေါ်တင်တင်နဲ့ အိမ်ထောင်ကျ ခဲ့တယ်။ ထို့နောက်မှာတော့ စာမေးပွဲမဖြေတော့ဘဲ ကျောင်းက ထွက်ခွာ လာခဲ့တယ်။

## ပီသုံးလုံးပါတီ ဗဟိုကော်မတီ

အိမ်ထောင်ကျပြီးနောက်မှာတော့ ဦးခင်မောင်မြင့်ဟာ ဘဝရပ်တည်မှုအတွက် ကျောင်းဆရာအလုပ်ကို လုပ်ခဲ့ရပါတယ်။ ၁၉၅၃ ခုနှစ်အထိ ပဲခူးအစိုးရအထက်တန်းကျောင်းမှာ အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ပဲခူးမြို့မှာ အလွတ်ပညာသင် ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။

သချာဘာသာကျွမ်းကျင်တဲ့ ဦးခင်မောင်မြင့်ဟာ မောင်စည်သူ (စာရေးဆရာ) အလွတ်ပညာသင်ကျောင်း၊ ဦးအေးမောင် အလွတ်ပညာသင်ကျောင်းတွေမှာလည်း ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့တယ်။

၁၉၅၆ ခုနှစ်အတွင်း ပဲခူးမြို့မှာ ကျောင်းဆရာအဖြစ် အလုပ်လုပ်နေစဉ်မှာ ဦးခင်မောင်မြင့်ဟာ ပဲခူးခရိုင် ပမညတရဲ့ သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီနောက် ၁၉၅၈ ခုနှစ်မှာ ငါးခရိုင်ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲကို ရန်ကုန်မှာ ကျင်းပရာမှာ ဦးခင်မောင်မြင့်ဟာ ပဲခူးမြို့မြစ်စစ်ကြောင်းကို ဦးဆောင်ချီတက်ခဲ့တဲ့အတွက် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတယ်။

ထို့နောက် ၁၉၅၉ ခုနှစ်အတွင်း ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် သခင်သင်၊ သခင်ဗမောင်တို့ဦးဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီပါတီမှာ ဗဟိုကော်မတီဝင်ဖြစ်လာခဲ့တယ်။ ယင်းပါတီရဲ့ ဗဟိုကော်မတီဝင်ဖြစ်တဲ့ ဦးခင်မောင်မြင့်ဟာ ပမညတဌာနချုပ်ရဲ့ သဘာပတိအဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။

ထိုနှစ်အတွင်းမှာပဲ ပြည်သူ့ဒီမိုကရေစီပါတီ ဦးအောင်သန်း (ဗိုလ်ချုပ်အစ်ကို)က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဦးအောင်မြင့် ခေါ် ကိုကိုကြီး (ဖျာပုံ)က အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားတိုးတက်ရေးပါတီနဲ့ ကိုခင်မောင်ဦး (၁၉၅၃ ခုနှစ်၊ အောက်တိုဘာကျောင်းတစ်လပိတ်ရေး အရေးတော်ပုံကြောင့် မန္တလေးတက္ကသိုလ်မှ ရာသက်ပန်ကျောင်းထုတ်ခံခဲ့ရသူ)နဲ့ ကိုဘုန်းလှိုင်တို့ခေါင်းဆောင်တဲ့ ရဲဘော်ပေါင်းစုံ

ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းပြီး ပြည်သူ့တိုးတက်ရေးပါတီ (People's Progressive Party)ကို တည်ထောင်ခဲ့ပါတယ်။

ဦးခင်မောင်မြင့်က ဗိုလ်ကျော်ထွဋ်အတိုကောက်ခေါ်ဝေါ်တဲ့ ဗိုလ်သုံးလုံးပါတီမှာ ဗဟိုကော်မတီဝင်ဖြစ်လာခဲ့တယ်။ ၁၉၇၈ ခုနှစ်အတွင်းမှာ ဦးခင်မောင်မြင့်ဟာ ဗကပမြေအောက်လှုပ်ရှားမှုအတွက် နောက်ထပ်ထိန်းသိမ်းခံခဲ့ရပြီး ၁၉၈၀ ပြည့်နှစ်မှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လည်လွတ်မြောက်ခဲ့တယ်။

ဒီနောက် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်မှာ ရှစ်လေးလုံးလူထုအုံကြွမှုကြီး ပေါ်ပေါက်ခဲ့တယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှာ တပ်မတော်က နိုင်ငံတော်အာဏာကိုရယူကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီနောက်မှာ ပါတီစုံရွေးကောက်ပွဲတွေ ကျင်းပရေးအတွက် နိုင်ငံရေးပါတီတွေ တည်ထောင်ခွင့်ပြုခဲ့ပါတယ်။

ဦးခင်မောင်မြင့်ဟာ ၁၉၈၈ ခုနှစ် နိုဝင်ဘာလအတွင်းမှာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ တစ်ချိန်ကရှိခဲ့တဲ့ ပြည်သူ့တိုးတက်ရေးပါတီကို ၎င်းရဲ့ ရဲဘော်တစ်စုနဲ့ ပြန်လည်တည်ထောင်ခဲ့ပါတယ်။ အသစ်ပြန်လည်တည်ထောင်ခဲ့တဲ့ ပြည်သူ့တိုးတက်ရေးပါတီမှာ ဦးခင်မောင်မြင့်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ဦးလှရွှေ (ကျောင်းသားခေါင်းဆောင်ဟောင်း) အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့တယ်။

## ကိုကိုးကျွန်းကို အပို့ခံခဲ့ရ

တကယ်တော့ ဦးခင်မောင်မြင့်ဟာ သူ့ရဲ့ဘဝကို သူ့ရဲ့ယုံကြည်ချက်အတွက် စတေးခဲ့တဲ့ပရိုဖက်ရှင်နယ် နိုင်ငံရေးသမားတစ်ယောက်၊ ပရိုဖက်ရှင်နယ် တော်လှန်ရေးသမားတစ်ယောက်ပဲ ဖြစ်ပါတယ်။

၁၉၆၃ ခုနှစ်က တော်လှန်ရေးကောင်စီနဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေအကြားမှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲတွေလုပ်စဉ်မှာ ငါးခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့တယ်။

ဦးခင်မောင်မြင့်ဟာ ရန်ကုန်မှာကျင်းပခဲ့တဲ့ အဆိုပါ ငါးခရိုင်ဆန္ဒပြပွဲမှာ ပဲခူးစစ်ကြောင်းကို ဦးဆောင်ချီတက်ခဲ့ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားခဲ့ပြီးနောက်မှာတော့ အဆိုပါ ဆန္ဒပြပွဲတွေမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ လက်ဝဲလက်ယာ နိုင်ငံရေးသမား အများအပြား ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရတယ်။

ယင်းသို့ ဖမ်းဆီးခံခဲ့ကြရသူတွေထဲမှာ ဦးခင်မောင်မြင့်လည်း ပါဝင်ခဲ့တယ်။ ထိုအကြိမ်က ဖမ်းဆီးခံခဲ့ရစဉ်မှာ ဦးခင်မောင်မြင့်ဟာ ပထမပိုင်းမှာ အင်းစိန်ထောင်မှာ နေခဲ့ရပေမယ့် နိုင်ငံရေးအကျဉ်းသားတွေကို ဒုတိယအကြိမ် ကိုကိုးကျွန်းကိုပို့ခဲ့ရာမှာ ဦးခင်မောင်မြင့်ပါ အပို့ခံခဲ့ရပါတယ်။

ပြည်သူတွေရဲ့ နိုင်ငံရေးဝိညာဉ်တစ်ခုဖြစ်တဲ့ ဦးခင်မောင်မြင့်ဟာ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီး စတင်ခဲ့တဲ့အချိန်ကစပြီး နိုင်ငံရေးနယ်ပယ်မှာ နည်းမျိုးစုံနဲ့လှုပ်ရှားခဲ့ပါတယ်။

ဦးခင်မောင်မြင့်ဟာ ၁၉၈၈ ခုနှစ်မှာဖွဲ့စည်းခဲ့တဲ့ ဒီမိုကရေစီ မဟာမိတ်များအဖွဲ့(ဒမဖ)ရဲ့နာယကအဖွဲ့မှာ ဒေါက်တာမောင်မောင်ကျော်၊ ဦးသာလှအောင်တို့နဲ့အတူ ပါဝင်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ် ဇွန်လ ၂၅ ရက် မှာတော့ ဦးခင်မောင်မြင့်နဲ့တကွ ပြည်သူ့တိုးတက်ရေးပါတီ ဗဟိုကော်မတီအားလုံး အဖမ်းခံခဲ့ကြရပါတယ်။

ထိုအကြိမ် ဖမ်းဆီးခံရစဉ်မှာ ဦးခင်မောင်မြင့်ဟာ ထောင်ဒဏ်အနှစ် ၂၀ ကျခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှာတော့ ဦးခင်မောင်မြင့်ဟာ အင်းစိန်ထောင်မှာပဲ ကွယ်လွန်ခဲ့ပါတယ်။ ထိုနှစ်အတွင်းမှာပဲ ဦးခင်မောင်မြင့်ရဲ့ ရဲဘော်တွေဖြစ်ကြတဲ့ ကိုညိုဝင်း (ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦး ဥက္ကဋ္ဌဟောင်း)၊ ကိုစိန်ဝင်း (သုံးခွ)၊ ကိုတင်မောင်ဝင်း (ခရမ်း) နဲ့ ဦးစိုးဝင်းတို့ဟာလည်း ကွယ်လွန်ခဲ့ကြပါတယ်။

တကယ်တော့ ဦးခင်မောင်မြင့်ဟာ မိမိရဲ့ဘဝတစ်ခုလုံးကို မိမိရဲ့ယုံကြည်ချက်အပေါ် အမှန်တရားအပေါ်မှာသာ တည်ဆောက်ခဲ့သူဖြစ်တယ်။

သူဟာ ဘယ်နေရာ၊ ဘယ်ဒေသကိုပဲ ရောက်ရောက် အမှန်တရားအတွက် တိုက်ပွဲဝင်ခဲ့သူပါ။ ကိုကိုးကျွန်းကို ရောက်နေစဉ်မှာပင် ငါးပိပုပ်တိုက်ပွဲ၊ ကိုယ်ထူကိုယ်ထစနစ် ဖျက်သိမ်းရေးတိုက်ပွဲတွေကို ဦးဆောင်တိုက်ပွဲဝင်ခဲ့ပါတယ်။

ကိုကိုးကျွန်းကိုရောက်စဉ်မှာ အကျဉ်းသားတွေ အခွင့်အရေးနဲ့ပတ်သက်ပြီး တိုက်ပွဲဝင်နေစဉ်မှာ ရန်ကုန်မှ အဆင့်မြင့်အရာရှိကြီးတစ်ဦး ကိုကိုးကျွန်းကို ရောက်လာခဲ့တယ်။ ထိုအရာရှိကြီးက ကိုခင်မောင်မြင့်ကို တွေ့ချိန်မှာ မာကြောင်းသာကြောင်းတွေမေးကာ ပဋိသန္ဓာရစကားတွေ ပြောခဲ့ပါတယ်။

ထိုအခါမှာ ဦးခင်မောင်မြင့်က 'ခင်ဗျားနဲ့ကျုပ်ရဲ့အကြားမှာ လူမှုရေးအရဆက်ဆံစရာ ဘာမှမရှိဘူး။ ကျုပ်တို့တောင်းတဲ့အချက်တွေ ပေးမလား မပေးဘူးလားဆိုတာသာ ပြော၊ မပေးနိုင်ရင် ပြန်တော့'လို့ ခပ်ပြတ်ပြတ်ပြန်ပြောခဲ့သူပါ။

၁၉၇၈ ခုနှစ်အတွင်းမှာတော့ ထိုအချိန်က တိုင်းပြည်ရဲ့နံပါတ်တစ်ဖြစ်သူ သမ္မတကြီး ဦးနေဝင်းဟာ ဂျပန်တော်လှန်ရေးကာလတုန်းက တိုင်း ၂ ဒေသဖြစ်ခဲ့တဲ့မြို့တွေကို ခရီးလှည့်ခဲ့ပါတယ်။

ဦးနေဝင်းဟာ ထိုစဉ်က တိုင်း ၂ ဌာနချုပ် လုပ်ခဲ့တဲ့နေအိမ်က မိသားစုဝင်တွေကို ခေါ်တွေ့ခဲ့ပါတယ်။ ဦးနေဝင်းဟာ ကိုခင်မောင်မြင့်ရဲ့ အစ်မကိုခေါ်တွေ့ပြီး နေရေးထိုင်ရေးအခြေအနေတွေကို မေးခဲ့ပါတယ်။

ဒါ့အပြင် တော်လှန်ရေးကာလက သူတို့အတွက် ဆက်သားလုပ်ပေးခဲ့တဲ့ ကိုခင်မောင်မြင့်ကိုလည်း သတိတရနဲ့ 'ကုလားရော၊ ကုလားဘယ်ရောက်နေလဲ' လို့ မေးခဲ့ပါတယ်။ ဒါ့အပြင် ဦးနေဝင်းက ဦးခင်မောင်မြင့်ရဲ့အစ်မတွေကို 'လိုအပ်တဲ့အကူအညီတွေတောင်းဖို့ ရန်ကုန်လာပြီး မိမိနဲ့လာတွေ့ဖို့' မှာခဲ့ပါတယ်။

ထိုကိစ္စနှင့်ပတ်သက်ပြီး အစ်မဖြစ်သူတွေက ဦးခင်မောင်မြင့်ထံ လာရောက်တိုင်ပင်ခဲ့ကြတယ်။

ထိုအခါမှာ ဦးခင်မောင်မြင့်က 'သူနဲ့ သွားတွေ့ဖို့ မတွေ့ဖို့ကတော့ အစ်မတို့ဘာသာဆုံးဖြတ်ပါ။ ဒါပေမဲ့ သူ့ကို သွားတွေ့ခဲ့မယ်ဆိုရင်တော့ ငါ့ကို တစ်သက်လုံးလာမတွေ့နဲ့တော့၊ ငါသေလည်း မလာခဲ့နဲ့တော့'လို့ ပြောဆိုခဲ့ပါတယ်။

သံမဏိသူရဲကောင်းတစ်ယောက်ဖြစ်တဲ့ သူ့လိုလူမျိုးတွေကို နောက်ထပ် ကျွန်တော်တို့ ဘယ်နေရာမှာ ရှာတွေ့နိုင်ဦးမှာပါလဲ။

ပြည်သူ့ခေတ်ဂျာနယ်၊
အတွဲ ၃၊ အမှတ် ၁၁၆
အောက်တိုဘာ၊ ၂၀၁၂

## ဆရာ ဝင်းထွန့်ဇော် ကိုယ်ရေးအကျဉ်း

စာရေးသူသည် အဖ ဦးဘချစ်နှင့် အမိ ဒေါ်ခင်ထားတို့မှ ၁၉၄၅ ခုနှစ် ရန်ကုန်မြို့တွင်မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးရဲထွန်း ဖြစ်သည်။

စာရေးသူသည် ၁၉၆၃ ခုနှစ်တွင် အားသစ်ဂျာနယ်၌ ဝင်းထွန်း၊ ရဲဘော်ရဲထွန်း မောင်ချစ်သဲဟူသော ကလောင်အမည်ခွဲများဖြင့် ဆောင်းပါးများကို ရေးသားခဲ့သည်။

၁၉၆၄ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း၌ ဘောဂဗေဒ ဆောင်းပါး အချို့ ရေးသားခဲ့သည်။

၁၉၇၁–၇၂ ခုနှစ်များတွင် ကြေးမုံ၊ ဗိုလ်တထောင်သတင်းစာများတွင် ရဲထွန်းမိုး ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၄ ခုနှစ်မှစတင်ကာ ဝင်းထွန့်ဇော် ကလောင်အမည်ဖြင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းများ၌ ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၉၅–၉၆ ခုနှစ်မှစတင်ကာ တော်ဝင်ဂျာနယ်၊ အတွေးအမြင်စာစောင်၊ နွယ်နီမဂ္ဂဇင်း၊ ရန်နောင်သစ်မဂ္ဂဇင်းတို့တွင် ဝင်းထွန့်ဇော် အမည်ဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၉၇မှစတင်ကာ ခေမမဂ္ဂဇင်း၊ ကုမုဒြာဂျာနယ်၊ မော်ဒန်ဂျာနယ်များတွင် ဆောင်းပါးများ၊ နိုင်ငံရေးသတင်း ဆောင်းပါးများ ရေးသားခဲ့သည်။

၂၀၁၀ ခုနှစ် ပြည်သူ့ခေတ်ဂျာနယ် စတင်ထုတ်ဝေချိန်မှစပြီး ယနေ့အထိ ယင်းဂျာနယ်တွင် ဝင်းထွန့်ဇော်၊ မင်းဟန်စော ကလောင်အမည်ဖြင့် နိုင်ငံရေးဆောင်းပါးများကို ရေးသားနေဆဲ ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဒီလိုင်းဂျာနယ်တွင် နိုင်ငံရေးဆောင်းပါးများကို ရေးသားနေဆဲဖြစ်ပါသည်။

စာရေးသူသည် ၂၀၀၆ ခုနှစ်တွင် **'ဘဝထဲသို့ ပြန်လည်ဝင်ရောက်ခြင်း'** ရသစာတမ်းဖြင့် ရွှေအမြုတေစာပေဆု (ရသစာတမ်းဆု) ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် **'ပါဝါကျဆုံးခြင်းနှင့် စက်ဘုပ္ပူဘဝရန်'** ဝတ္ထုတိုများဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်ရသဆု) ကို ရရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် **'နိဂုံးမဟုတ်သောနိဂုံး သို့မဟုတ် ရေနံ့စွမ်းအင်၏ စိန်ခေါ်မှုများ'** စာအုပ်ဖြင့် သုတစွယ်စုံစာပေဆုကို ရရှိခဲ့သည်။

ယခုအချိန်အထိ လုံးချင်းဝတ္ထုပေါင်း (၁၀) အုပ်၊ ဆောင်းပါးပေါင်းချုပ် (၂၀)အုပ် ရေးသားထုတ်ဝေခဲ့ပြီး မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ၊ အက်ဆေးများကို လစဉ်၊ အပတ်စဉ်ရေးသားလျက်ရှိရာ ယခုအခါ ဆောင်းပါးပုဒ်ရေ (၈၀၀)ကျော်ခန့်ကို ရေးသားခဲ့ပြီး ဖြစ်သည်။

စာရေးသူသည် ယခုလက်ရှိ အမှတ် (၇၈၂) နော်ခမ်းဦးလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်မြို့တွင် မိသားစုနှင့်အတူတကွ နေထိုင်ပါသည်။